
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


**Quality Publishing House** မှ ထုတ်ဝေသ

ဆည်သူခေါင်းဆောင်ဦးသော်ကောင်း၊ မောင်ခင်မင်(ဓနုဖြူ)၊ မကြွယ်ကြွယ်၊ တက္ကသိုလ်စိန်တင်၊ ခင်စောတင့်၊ အောင်ချိန်ဘွား၊ ဦးသန်းထွတ်(ဒါဝေဘူ - ငြိမ်း)၊ သုရရဖ်၊ အောင်ဇင်မင်း၊ ညွှန့်ဟံ(ကြူစေတာ)၊ ဦးကြိုင်မြင့်(ရွှေလ)၊ မြင့်ဆွေဦး၊ ခင်နှင်းဦး၊ မြင့်ကြိုင်(အောင်မိုးဆောင်း)၊ မောင်ခေတ်တွန်း၊ အောင်ကြည်ညွန့်(တက္ကသိုလ်)၊ စိုးသော်တာ၊ ရွှေလှသင်၊ သုလင်းဝေ၊ သာဇာတ်တိုး၊ ခင်ရိုးမာန်၊ ခင်အေးကြည်၊ ခင်နွဲ့မူ(အင်းစိန်)၊ ဝင်းဝင်းဝင်း၊ နီလာချစ်ဆိုင် တို့ ပါဝင်ရေးသားထားသည့်

# ဆုံတွေ့ခဲ့ဖူးသော သမ္မတကြီးဦးထင်ကျော်

သူတို့ဆုံတွေ့ခဲ့ဖူးသော

## သမ္မတကြီးဦးထင်ကျော်



| | | | | |
|---|---|---|---|---|
| ဆည်သူခေါင်းဆောင်ဦးသော်ကောင်း | အောင်ချိန်ဘွား | ဦးကြိုင်မြင့်(ရွှေလ) | အောင်ကြည်ညွန့်(တက္ကသိုလ်) | ခင်ရိုးမာန် |
| မောင်ခင်မင်(ဓနုဖြူ) | ဦးသန်းထွတ်(ဒါဝေဘူ - ငြိမ်း) | မြင့်ဆွေဦး | စိုးသော်တာ | ခင်အေးကြည် |
| မကြွယ်ကြွယ် | သုရရဖ် | ခင်နှင်းဦး | ရွှေလှသင် | ခင်နွဲ့မူ(အင်းစိန်) |
| တက္ကသိုလ်စိန်တင် | အောင်ဇင်မင်း | မြင့်ကြိုင်(အောင်မိုးဆောင်း) | သုလင်းဝေ | ဝင်းဝင်းဝင်း |
| ခင်စောတင့် | ညွှန့်ဟံ(ကြူစေတာ) | မောင်ခေတ်တွန်း | သာဇာတ်တိုး | နီလာချစ်ဆိုင် |

တန်ဖိုး - ၁၀၀၀ ကျပ်

အမှတ်-၅၀၈/၅၁၂(၂-ခ)၊ ပထမထပ်၊ ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၃၈၃၆၆၄၊ ၃၈၆၈၃၃


Quality စာအုပ်တိုက်မှ စီစဉ်သည်

Quality Publishing House


အမှတ်-၅၀၈/၅၁၂၊ ၂(ခ)ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃


www.burmeseclassic.com

www.burmeseclassic.com

Publishing House

ပထမဦးဆုံးသော ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ပြနှင့် ကာတွန်းစာအုပ်




ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ပြ

တန်ဖိုး - ၅၀၀၀ ကျပ်




ဗိုလ်ချုပ်ဦးအောင်ဆန်း

တန်ဖိုး - ၂၀၀၀ ကျပ်




ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်

တန်ဖိုး - ၅၀၀၀ ကျပ်



ဓမ္မသားကြီးဗိုလ်တေဇ

Quality စာတည်းအဖွဲ့

တန်ဖိုး - ၈၀၀၀ ကျပ်




ဗိုလ်တေဇ ဘဝကျော်

Quality စာတည်းအဖွဲ့

တန်ဖိုး - ၆၀၀၀ ကျပ်



အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံမှု စီအိုင်ဒီ အခန်းကဏ္ဍ

တန်ဖိုး - ၁၀၀၀ ကျပ်




အောင်ဆန်း၏ အောင်ဆန်း

တန်ဖိုး - ၁၀၀၀ ကျပ်



ဗိုလ်ချုပ်အောင်ဆန်းရာပြည့်မော်ကွန်း

(နတ်မောက်) မှ ထုတ်ဝေသည်

တန်ဖိုး - ၈၀၀၀ ကျပ်



Quality Publishing House

အမှတ် ၅၀၈/၅၁၂ (၂-ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

http://Quality.myanmaronlinesales.com တွင်
ဝိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

2016 NO.138

JULY


| | | | |
|---|---|---|---|
| ၁။ | အောက်ထပ်က အသံ | ဆွေလှိုင်ဦး | ၆ |
| ၂။ | နှစ်လေသူတစ်ဦး | ရဲမြတ်တင် | ၂၅ |
| ၃။ | ကြောက်ရွံ့ခြင်းရဲ့ရင်ခုန်သံ | အောင်မြတ်ဦး | ၃၉ |
| ၄။ | စီအိုင်ဒီအုံ့မောင် နှင့် တစ်ကျွန်းပြန် ဘညို | မောင်သာမန် (ဖီးကုန်း) | ၄၇ |
| ၅။ | နယ်ခြားမှ တောရိုင်းကောင်ကြီးများ | မြဝဇီ | ၆၀ |
| ၆။ | အိုင်လပ်ဖ်ယူ | ဇေယျမင်းသျှင် | ၇၀ |
| ၇။ | အချစ်ကစသော အမုန်း | ရှင်ဒေါင်းယဉ် | ၉၄ |
| ၈။ | နောက်ပြောင်ခြင်း သီးခံပါ | လှရှိန်အောင် | ၁၀၄ |
| ၉။ | ဖတ်ပျက်ည | ဝသုန်ဟိန်းထက် | ၁၂၁ |
| ၁၀။ | နရသိန်စံအိမ်တည်းခိုခန်း | ထောင်မှူးမမ | ၁၃၂ |
| ၁၁။ | နလုံးသားနောက်ကွယ်မှ အလင်း | မျိုးသစ် | ၁၇၂ |
| ၁၂။ | အငြိုး | နေမထူး | ၁၈၇ |
| ၁၃။ | ခေတ်သစ်စိတ်ညှို့ပညာရှင် တွင်းသင်းငပိုင်း | ဟိန္ဒြဖော် | ၁၉၆ |
| ၁၄။ | ဘယ်သူမှဆိုးလဲ | ကျော်စိုးဗိုလ် | ၂၀၆ |
| ၁၅။ | ဝက်ပါ ဆိုသည်မှာ | ဆွေမြင့် | ၂၂၆ |




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com




**အယ်ဒီတာချုပ်**
ကိုမြင့်ထွန်း (Quality)

**အုပ်ချုပ်အယ်ဒီတာ**
မခင်မာရွှေ

**တာဝန်ခံအယ်ဒီတာ**
ဒေါ်လှမြင့်မောင် (၀၉ ၃၁၁၁၆၉၉၉)

**အယ်ဒီတာအဖွဲ့**
ဉာဏ်လင်းထက်

**ရုံးအဖွဲ့**
ကိုမိုးသိန်း၊ ထွန်းထွန်းလွင်၊ နေခင်လတ်၊ ဝေလင်း၊ သန်းထက်ခင်၊ ထွန်းထွန်း၊
မြင့်မင်းဦး၊ ညီနွယ်၊ ဖြူဖြူသင်း၊ မြတ်နှင်းနွယ်၊ ကြည်စင်သန့်၊ အိဖြူ၊ မီမီ၊

**ပုံနှိပ်သူ**
မြို့သစ်ပုံနှိပ်တိုက် ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)

**စာအုပ်ချုပ်**
တင်အေးထွန်း

**အုပ်ရေ–၅၀၀**
**တန်ဖိုး–** ၂၀၀၀ ကျပ်

**စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း**
အမှတ်–၅၀၈/၅၁၂ (၂ခ)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့်
ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၃၈၃၆၆၉၊ ၃၈၆၈၃၃။

**ထုတ်ဝေသူ**
ဦးမြင့်ထွန်း (မြ–၀၀၅၆၂) Quality Publishing House
အမှတ်–၅၀၈/၅၁၂ (၂ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
(သရဖီကွန်ဒို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးဒီဇိုင်း**
ဉာဏ်လင်းထက်

**အတွင်းသရုပ်ဖော်**
ကံကောင်း၊ ဝင်းသိန်း၊ အောင်နိုင်လတ်၊
ကျော်စိုးညိန်း၊ မောင်နေကြည်၊ တောင်ငူ စိုးမြင့်လေး၊
လှသစ်အောင်(အင်းလျား)၊ မြတ်မင်းဟန်၊ ရန်နိုင်ဦး၊
ချစ်သူ၊ ဝေမွန်လင်း၊ ပေါ်ကာ၊ ပိုင်းမော်၊

**ကွန်ပျူတာနှင့် ဖလင်**






**NEXT**




**MONTH**




**PREVIEW**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"မိမိရေ"

"ရှင် - ကိုကို"

"လာပါကွာ - ဘာလုပ်နေတာလဲ"

"တင့်အင်းကွယ် - လာချင်ဘူး။ တော်ကြာ သူများသနပ်ခါးတွေပျက်ကုန်လိမ့်မယ်"

"မိမိတလဲကွာ - လာပါဆိုနေမှ"

ဒေါ်မြမြသည် နားကို လက်နှစ်ဖက်နှင့်ပိတ်လိုက်မိ၏။ သူတို့နှစ်ဦးအဖြစ်က သဲဝဲသဲနိုင်လွန်း။ ကောင်မလေးက ငယ်ငယ်ရွယ်ရွယ်မို့ထားတော့၊ လူကြီးက အစေအရွယ်လောက်ကြီးနှင့် ချွဲလွန်းနေသည်။ ငယ်မူပြန်ချင်နေသည်။

သူတို့နှစ်ဦးအောက်ထပ်သို့ပြောင်းလာသည်မှာ မကြာသေး။

အိမ်လခ တစ်လခြောက်ဆယ်ရလို့ သာငှားလိုက်ရသည်။ ဒေါ်မြမြသိပ်ဘဝင်မကျလှ။ သူမကိုယ်၌က လေးဆယ်ကျော်အပျိုကြီးမို့ ဒီအသံတွေကိုလည်း ကြားချင်၊ ငယ်မူပြန်ချင်သည့်စိတ်က လည်း ကုန်ခန်းနေ၏။

ဒေါ်မြမြသည် စိပ်ပုတီးကို ဂုဏ်တော်ကိုးပါး တစ်ပတ်ပြည့်အောင် စိပ်ပြီးဟု အားခဲရင်း သူမ၏အာရုံကို စုစည်းလိုက်ပါ၏။ လက်က ပုတီးလုံး တလေးများကို ဖိချနေ၏။

တခစ်ခစ်ရယ်သံက ကြမ်းခင်းကို ဖောက်၍ အပေါ်ထပ်သို့ ပျံလွင့်လာပြန်၏။ ကောင်မလေး၏အသံ။

"ကိုကိုနော် - မနက်လဲ အစောကြီး ထရဦးမယ့်ဥစ္စာ"

"သိပ်စောဖို့မလိုပါဘူး - မိမိရဲ့ ပဲရှုးကို ခြောက်နာရီကားမီရင် တော်ပါပြီ"

"ဒါပဲနော် - တစ်ညပဲ အိပ်၊ အလုပ်ကိစ္စပြီးပြီးချင်း ပြန်လာ၊ ဒီက တစ်ယောက်တည်းဆို မနေဝံ့ဘူး"

"ကြောက်ကွာ - မိမိကလဲ၊ အပေါ်ထပ်မှာ ဒေါ်မြမြတစ်ယောက်လုံး ရှိနေတာပဲ ဟာ"

"ကဲပါ - တော်ပါတော့"

"ဒါကြောင့် မိမိကို ချစ်တာ၊ သိလား"

ဒေါ်မြမြသည် စိပ်ပုတီးကို ခုတင်ခေါင်းရင်းတွင် ထချိတ်ရင်း ခပ်သွက်သွက် အိပ်ရာဝင်လိုက်ရသည်၊ သို့ပေမဲ့ မျက်လုံးတွေက ကြောင်နေ၏။

"အန်တီမြ - ဈေးသွားမလို့လား"

"ဟုတ်တယ် - မိမိ၊ ဘာမှာချင်လို့လဲ"

"ကြက်ဥ တစ်ကျပ်ဖိုးလောက်ပါ အန်တီမြ"

"အေးအေး - အန်တီမြဝယ်ခဲ့မယ်၊ ပြန်လာမှ ပိုက်ဆံပေးပေါ့၊ ဒါနဲ့ မိမိကိုကို ရော ဒီနေ့ ဆိုင်မထွက်ဘူးလား"

"ဒီနေ့ ပဲခူးသွားတယ် - အန်တီရဲ့၊ ထရန်စစ္စတာတွေ ရမယ်ဆိုလို့လေ"

"ကြော် - ကြော်"

ဒေါ်မြမြသည် ကြော်နှစ်လုံးချရင်း ဈေးခြင်းကို လက်တွင်ချိတ်၍ လမ်းထိပ်သို့ ထွက်ခဲ့သည့်တိုင်အောင် အောက်ထပ်က မိမိတို့အကြောင်းကို စဉ်းစားနေမိသည်၊ ကောင်မလေးက အသက်ဆယ့်ရှစ်နှစ်ပင် မပြည့်တတ်သေး။ လူကြီးက လေးဆယ်ကျော်ပြီ၊ စင်စစ်အားဖြင့် သူတို့နှစ်ဦး တွဲလျှောက်လို့မှ မတင့်တယ်၊ သို့ပေမဲ့ လူကြီးကပိုက်ဆံရှိသည်၊ ဝင်ငွေကောင်းသည်၊ မြို့လယ်တွင် ရေဒီယိုပြင်ဆိုင်တစ်ခု ထောင်ထားသည်၊

ခင်မိမိတွင် မိဘမရှိ၊ အဒေါ်နှင့် နေရသူဖြစ်သည်၊ မိမိ၏အဒေါ်သည် ထိုလူကြီးထံမှ ငွေအတော်များများကိုချေးငှား၍ သုံးမိ၏၊ ပြန်မဆပ်နိုင်တော့ သူ့တူမ လေးကို ဝကွက်၍ အပ်လိုက်ရ၏၊

သည်သို့ပင် သူတို့နှစ်ဦးအကြောင်း ဆက်ဖြစ်ကြသည်ဟု ဒေါ်မြမြ သိုးသိုးသံ့သံ့ ကြားဖူးသည်၊ လူကြီးနာမည်က ခပ်ဆန်းဆန်း၊ "ဦးသတ္တ" အဲ - ဦးသတ္တ၊

ဦးသတ္တသည် တစ်ခါတစ်ရံ ညဦး အိပ်ညဉ့်နေ ပစ္စည်းအဝယ်ထွက်တတ်၏၊ ဦးသတ္တ မရှိချိန်တွင် ခင်မိမိထံသို့ ဆံပင်ရှည်နှင့်ကောင်လေးတစ်ယောက် လာလည်တတ်သည်၊ ခင်မိမိကတော့ မောင်နှမတစ်ဝမ်းကွဲ ဟုတော့ ပြောသည်၊

ရော - ခက်တော့နေမှ၊ သည်လင်မယားအကြောင်း ဘယ့်နယ့်ကြောင့် စဉ်းစားနေမိပါလိမ့်၊

ဒေါ်မြမြ ဈေးက ပြန်ရောက်လာတော့ ခင်မိမိတစ်ယောက်ပြောလို့မော့လို့၊

"ကျေးဇူးပဲ - အန်တီမြရေ၊ မိမိဒီနေ့ ဒေါ်ဒေါ်အိမ်သွားမလို့၊ နည်းနည်းစိုးရှုံမယ်"

ခင်မိမိ ကြက်ဥဖိုးပေးရင်း ဆိုသည်၊

"အေး - အေး - အန်တီမြ မြတ်ခါး ဖွင့်ထားလိုက်မယ်နော်"

ဒေါ်မြမြ အပေါ်ထပ်သို့ တက်ခဲ့သည်၊

သည်ညတော့ စိပ်ပုတီး ဖြောင့်ဖြောင့်စိပ်ရတော့မည်၊

www.burmeseclassic.com

ပြီးတော့ ပိုးတဝါး ကြိမ်းဝါးသံတွေ ရောယှက်လာသည်။ ဒေါ်မြမြသည် ခုတင်ခေါင်းရင်းမှ ငါးတိုင်အားမီးကို ထဖွင့်လိုက်သည်။ အောက်ထပ်မှ အသံသည် တဒင်္ဂမျှ ငြိမ်သက်သွားသည်။ ကေနှ ခြေသံကို အောက်ထပ်က ကြားသွားပြီထင့်။ ဒေါ်မြမြသည် ခုတင်ခေါင်းရင်းတွင် မလှုပ်မယှက် ရပ်နေမိသည်။ ခေတ္တအကြာတွင် ခင်မိမိ၏ ငိုသံသဲ့သဲ့နှင့် ကြောက်ရွံ့ထိတ်လန့်ဖွယ် စကားသံအချို့က အောက်ထပ်သို့ လျှံလာသည်။

ညတိုးနာရီခွဲ သည့် တိုင်အောင် အောက်ထပ်က ခင်မိမိအသံကို မကြား

ရက်မေတ်ကိုးပါးနှင့် သူရသသတီ ယ်တော်ဂါထာ ခုနစ်ကြိမ်တောင် ပုတီး ပြီးလေပြီ။ ဒေါ်မြမြ၏မျက်တောင်တွေ မှေးစင်းလာသည်။ သူမသည် ပုတီး ကို ခေါင်းရင်းတွင် ချိတ်ပြီး အိပ်ရာဝင် လိုက်သည်။ ဩော် - စိတ်ချမ်းသာစွ၊ နား အေးပါးအေး ရှိလေစွ။ ဒေါ်မြမြသည် နှစ် ကော်စွာ အိပ်ရာဝင်လိုက်ပါ၏။

ညသန်းခေါင်ခန့်တွင် ဒေါ်မြမြ နိုး ပါ၏၊ ဝင်စစ်အားဖြင့် တစ်စုံတစ်ရ သော ပယောဂကြောင့် သူမ နိုးခဲ့ရခြင်း ပင်။ ပထမတော့ သဲသဲကွဲကွဲကြားရလေ သည်မဟုတ်၊ နောက်တော့အသံကပိုပို ပြင်ပြင်ရှိလာ၏။ ဟုတ်သည်၊ အောက် ထပ်က အသံပဲ ဖြစ်ပါ၏။

ခင်မိမိ၏အသံ၊ မိမိ ငိုရှိုက်သံ၊

ပြီးတော့ ပိုးတဝါး ကြိမ်းဝါးသံတွေ ရောယှက်လာသည်၊ ဒေါ်မြမြသည် ခုတင်ခေါင်းရင်းမှ ငါးတိုင်အားမီးကို ထ ဖွင့်လိုက်သည်၊ အောက်ထပ်မှ အသံ သည် တဒင်္ဂမျှ ငြိမ်သက်သွားသည်၊ ကေနှ ခြေသံကို အောက်ထပ်က ကြား သွားပြီထင့်၊ ဒေါ်မြမြသည် ခုတင်ခေါင်း ရင်းတွင် မလှုပ်မယှက် ရပ်နေမိသည်၊ ခေတ္တအကြာတွင် ခင်မိမိ၏ ငိုသံသဲ့သဲ့ နှင့် ကြောက်ရွံ့ထိတ်လန့်ဖွယ် စကားသံ အချို့က အောက်ထပ်သို့ လျှံလာသည်၊

"အို - မသတ်ပါနဲ့ - ကျော်ကျော် ၊ မိမိကို သနားပါဦး"

ဒေါ်မြမြသည် မျက်လုံးပြူးသွား သည်၊ နောက်တော့ တအင်းအင်းညည်း ညူသံသဲ့သဲ့နှင့်အတူ တိတ်ဆိတ်ငြိမ် သက်ခြင်းက လွှမ်းမိုးသွားသည်၊

"ဘုရား - ဘုရား"

ဒေါ်မြမြသည် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်၊ ကြောက် လိုက်သည်မှာလည်း ပြောဖွယ်ရာပင်မရှိ ၊ အော်ဟစ်ရန် နေနေသာသာ ရပ်နေ မိသည့် ခုတင်ခေါင်းရင်းမှပင် နေရာ ရွှေ့မိ၊ ဒေါ်မြမြ သတ္တိကလည်း သည်မျှ အထိ ကောင်းသည်၊

အောက်ထပ်ကအသံလုံးဝပျောက် ကွယ်သွား၏၊ ဒေါ်မြမြ၏ ခြေထောက် တွေကလည်း ထုံကျဉ်ကိုက်ခဲလာလေ ပြီ၊ ခုတင်ပေါ်သို့ အသာတက်၍ လှဲမိ သည့်တိုင်အောင် အိပ်ချင်စိတ်က ကုန် ခန်းသွားပြီ၊ အောက်ထပ်တွင် ဘာတွေ ဖြစ်တုန်းပါလိမ့်၊

နှစ်ထပ်ကြယ်တံဆိပ်နှင့် ဗီလိုရုပ် ပြာကလေးတစ်စီး အိမ်ရှေ့သို့ရပ်လာ၏၊ ရဲဝတ်စုံနှင့် လူငယ်တစ်ဦး ဆင်းလာ သည်၊ ဝင်းသိန်းထွဋ်၊

ဗောင်ကြီးဆင်း ဒုရဲအုပ်ကလေး တစ်ဦးပင်ဖြစ်သည်၊ ဒေါ်မြမြတာဝန်သိ စွာ သတင်းပေးမှုကြောင့် ရောက်လာခဲ့ ခြင်းပင် ဖြစ်သည်၊ သူတို့တစ်တွေ တံခါး ကိုဖျက်ပြီး အတွင်းသို့ ဝင်လာကြသည်၊ အိပ်ခန်းထဲရှိ ခုတင်ပေါ်တွင် မချောလေး တစ်ယောက်ကိုတွေ့ရ၏၊ အနေအထား က မိန်းကလေးတစ်ယောက်အတွက် သင့်တင့်လျောက်ပတ်သည့် ပုံသဏ္ဌာန် မျိုး မဟုတ်ပါလေ၊

သို့သော် သည်မိန်းကလေးအဖို့ ဟိရိဩတ္တပ္ပတရားကို ဘယ်သောအခါ မှ ပြန်လည်တွေးတောနိုင်လိမ့်မည် မဟုတ်၊ ပြူးအစ်နေသော မျက်စိများက အသက်ကုန်နေပြီကို အတိအကျ သက် သေပြနေပေပြီ၊

ဝင်းသိန်းထွဋ်သည် တပည့်လက် သားများအား လောလောဆယ် ဆောင် ရွက်ရမည့်ကိစ္စများကို ညွှန်ကြားပြီး အိမ် ပြင်သို့ ထွက်လာခဲ့ပါ၏၊ ဒေါ်မြမြသည် ဆိုးရွားသောစကားအချို့ကိုကြားရတော့ မည့်ပုံသဏ္ဌာန်မျိုးဖြင့် ရပ်နေ၏၊

www.burmeseclassic.com

"အသတ်ခံရတာပဲ - ဒေါ်ဒေါ်"

"ဘုရား - ဘုရား - ဖြစ်ရလေခြင်းကွယ်။ ညက အန်တီကြားရတဲ့အသံက မိမိအသံမှမိမိအသံအစစ်။ အဲဒီအချိန်က အသတ်ခံရတာ ဖြစ်မှာပါပဲ"

"ဘယ်အချိန်က ကြားရတာလဲ ဒေါ်ဒေါ် ပြီးတော့ ဘယ်လိုအသံမျိုးလဲ"

"ညသန်းခေါင်လောက်ကပဲကွယ်"

ဒေါ်မြမြသည် ယမန်နေ့ညက ကြားရသော အောက်ထပ်ကအသံများကို ခုရဲအုပ် ဝင်းသိန်းထွဋ်အား အစအဆုံး ပြောပြလိုက်သည်။

"မသတ်ပါနဲ့ - ကျော်ကျော်ရယ်၊ မိမိကို သနားပါဦးလို့ ပြောတဲ့စကားကို ဒေါ်ဒေါ် သေသေချာချာ ကြားလိုက်တာနော်"

ဝင်းသိန်းထွဋ်က မေးလိုက်သည်။

"သိပ်ကို သေချာတာပေါ့ကွယ်၊ အန်တို့နားနဲ့ ဆတ်ဆတ်ကြားလိုက်ရတာ။ ဒါပေမဲ့ - အန်တီက သိပ်ကြောက်ထတ်တာကွယ့်၊ အောက်ကိုဆင်းကြည့်ဖို့ နေနေသာသာ အိပ်ခန်းထဲကတောင် မထွက်ရဲဘူး။ ဒါကြောင့် မို့ ရဲဌာနကို မနက်တျမှ အကြောင်းကြားတာပေါ့ကွယ်"

"ကောင်းပြီလေ၊ ဒီအမှုကို ကျွန်တော်တို့အဖွဲ့မ်းကုန်ကြိုးစားပြီး လိုက်ပါ့မယ်"

ဒေါ်မြမြက သူတို့နဲ့ပတ်သက်ပြီး သိထားသမျှကို မခြွင်းမချန် ပြောပြခဲ့၏။ သူမစကားထဲတွင် "ကျော်ကျော်" ဆိုသည့်နာမည်ကို စိတ်အဝင်စားဆုံးပင် ဖြစ်သည်။

ဒေါ်မြမြထံမှ စကားကုန်သည်နှင့် ဝင်းသိန်းထွဋ်က လုပ်သင့်သည်များကို ဆက်လက်လုပ်ဆောင်ခဲ့၏။ လက်ပုံစံကူးခြင်း၊ သဲလွန်စရှာခြင်း၊ ခင်မိမိ အလောင်းကို ဓာတ်ပုံရိုက်ခြင်း စသည်တို့ပင်။

ခင်မိမိ အလောင်းတင်ထားသော ကားထွက်သွား၍မကြာခင်သုံးဘီးယာဉ်တစ်စီး ရောက်ရှိလာသည်။

လူကြီးတစ်ယောက် လက်ဆွဲတစ်လုံးကိုဆွဲ၍ဆင်းလာ၏၊ ရဲတွေ ရှုပ်ယှက်ခတ်နေသော အိမ်ကိုလည်း နားမလည်သလို ကြည့်နေသည်။ ဟုတ်နေသည်၊ ခင်မိမိယောကျ်ား ဦးသက္ကာ။

"ဘာဖြစ်တာလဲ၊ ကျုပ်အိမ်မှာ ဘာဖြစ်နေကြတာလဲ"

ဦးသက္ကအသံကြီးက အလောတကြီး နိုင်လွန်းလှသည်။

"လူသတ်မှုလေ"

"ဘာ - လူသတ်မှု ဟုတ်လား။ ဘယ်သူ့အသတ်ခံရတာလဲ"

"ခင်ဗျားမိန်းမ ခင်မိမိပေါ့ဦးသက္က"

ဝင်းသိန်းထွဋ်စကားအဆုံးတွင် သူ့သတ်ထဲမှ ဆွဲလာသော လက်ဆွဲအိတ်ကြီး လွတ်ကျသွား၏။ သူ့တစ်ကိုယ်လုံး ဆိုးဆိုးရွားရွား တဆတ်ဆတ် တုန်လှုပ်သွားသည်။ ပုံပျက်ပန်းပျက် ဖြစ်သွားသည်။ ဆံတစ်ပင်တင်း ချစ်ခြင်းမယားဆိုသည်မှာ မှန်လွန်းလှပါတကား။

🏛

ကျော်ကျော်။

သူ့ပုံသဏ္ဌာန်က ဘဝင်ကျဖွယ်ရာ ကောင်းလှ။ ခေါင်းက စ၍ပြောရလျှင် သည်တိုင်တွေ၊ နားရွက်တွေ အုပ်နေသော ဆံပင်စုတ်ဖွား။ နောက်ပြီး ကြယ်သီးတွေ နှစ်ဒါဇင်လောက် တပ်ထားသည့် သံမဏိကော်လံနှင့် အင်္ကျီလက်ကြီး ထိုမှသည် ချက်အောက်တစ်ထွာ နံ့တွင် မိန်းမလို ပတ်ချည်ထားသော ပုဆိုး။

သည်တန်ဆာပလာတွေက ကျော်ကျော်၏ သုံးဆယ့်နှစ် ကောဋ္ဌာသသော ခန္ဓာကိုယ်အစုအဝေးကို ဖုံးလွှမ်းထားပါ၏။

သည်ငနဲလေးသည် ခင်မိမိအတွဲပင်၊ ဦးသက္ကနှင့် မရမီကဆိုလျှင် သူတို့နှစ်ဦးစလုံး ရင်ခုန်နေရသော အနမ်းကလေးတွေကအစ သက်ပြင်းရှည်ကြီးတွေ ချရသော ချစ်ခန်းအဆုံး ခပ်မြုံးမြုံး လျှောက်ခဲ့ကြဖူး၏။

အဲ - ခင်မိမိတစ်ယောက် ဦးသက္က လက်သို့လုံးဝဥသုံရောက်ရှိသွားတော့လည်း သူတို့ တွေ့ကြ၏၊ ဆုံကြ၏၊ ရင်ခုန်ကြ၏၊ ဦးသက္ကအလစ်တွင် မိုးမမြင် လေမမြင်ဖြစ်ခဲ့ကြ၏။ အခုတော့ ခင်မိမိ မရှိပြီ၊ ဝိညာဉ်ကင်းမဲ့နေသော သူမ၏ ခန္ဓာကိုယ်အစိတ်အပိုင်းအချို့ကို မှခင်း ဆရာဝန်က နိုက်နိုက်ချွတ်ချွတ်စစ်ဆေးလိုက်သောအခါသည်မိန်းကလေးသည် အသတ်မခံရမီ ယောကျ်ားသားတစ်ဦးနှင့် ဒွေးရောယှက်တင်နေခဲ့၏။

သို့တစေ၊ ငြင်းပယ်ရန်းတန်သော အသွင်မျိုးမဟုတ်၊ လိုက်လျောလတ်ခံသည့်သဘောမျိုးပင်၊

ကျော်ကျော်ကား မပြေးသော်လည်း ကန်ရာရှိပြီ၊ သူ့ကို ဝင်းသိန်းထွဋ်က ခြေရာခံလိုက်နိုင်သည့် ဝင်းသိန်းထွဋ်က ကျော်ကျော်ကို ရှာ၍မရနိုင်သော

www.burmeseclassic.com

ဆေးခွန်းတွေနှင့် တုပ်နှောင်ခဲ့သည်။ ကျော်ကျော်က အထင်းရှန်းထွက်သည်။

"မင်း ဘာဖြစ်လို့ ငြင်းချင်ရတာလဲ ကျော်ကျော်"

"မင်းနဲ့ ခင်မိမိနဲ့ ငယ်ရည်းစား၊ အဘိုးကြီးနဲ့ ရပြီးတော့လည်း မင်းတို့ ကောကော နိုးပြီးတွေ့ကြတယ်၊ ခင်မိမိ အသတ်ခံရတဲ့ညက မင်းနာမည်ကို ခင်မိမိက ခေါ်တယ်၊ ဒါကို ငါ သက်သေအထိုင်အလုံနဲ့ပြမှာပါကွ"

"ဟုတ်တယ် - ကျုပ်ခင်မိမိနဲ့အဘိုးကြီးအလစ်မှာတွေ့တာမှန်တယ်၊ ဒါပေမဲ့ ကျုပ် ခင်မိမိကို မသတ်ဘူး၊ သတ်ခြင်းသတ်ရင်ကျုပ်လက်ထဲက ငွေနဲ့ လုဝယ်တဲ့လူငနွားကြီးကို သတ်မှာပေါ့"

ကျော်ကျော်က ရှစ်တစ်တစ်ဖြင့် ပြန်၍ပြောသည်။

"ဒါဖြင့်စနေနေ့ညကခင်မိမိကမင်းနာမည်ကို ဘာလို့ခေါ်ပြီး မသတ်ပါနဲ့လို့ ပြောပြီး တောင်းပန်နေတာလဲ - ကျော်ကျော်"

"ဒါတော့ကျွန်တော်ဘယ်သိမလဲ၊ အဲဒီညက တျို့ကွ ဆံ ကွင်းမှာ စိန်အောင်မင်း ကြည့်နေပါတယ်လို့ ခင်ဗျားကို ပြောပြီးပြီပဲ၊ ဒါကို သက်သေတွေ အများကြီး ပြခဲ့တယ်မဟုတ်လား"

"အေးလေ - မင်းပွဲကြည့်တာ မှန်ပေမယ့်မင်းပွဲကြည့်ရင်းညသန်းခေါင်မှာ ပွဲခင်းကလစ်ထွက်နိုင်တာပဲမဟုတ်လား၊ ကျော်ကျော်"

ကျော်ကျော် ခေါင်းငိုက်စိုက်ကျသွား၏။

သို့ပေမယ့်ခင်မိမိကိုမသတ်ဘူးဟု အနိုင်အမာ ငြင်းဆိုနေတုန်း။

ဒုရဲအုပ် ဝင်းသိန်းထွန်းအဖို့ လွယ်မယောင်နှင့် ခက်နေရ၏။ ကျော်ကျော်စကားအတိုင်း စနေနေ့ညက ပွဲအတူကြည့်သော အလီဘိုင်ကို စစ်ကြည့်ပြန်တော့ ကျော်ကျော်သည် တစ်ညလုံး ပွဲခင်းထဲတွင် ရှိနေပါသည်ဟု တိတိကျကျ ဆိုနေကြ၏။

ခက်သည်က လက်ဗွေပုံစံ၊

ခင်မိမိအခန်းမှ ရယူခဲ့သော လက်ဗွေပုံစံသည် ကျော်ကျော်လက်ဗွေပုံစံ မဟုတ်၊ ဦးသဏ္ဍ၏ လက်ဗွေပုံစံနှင့်လည်း မတူပေ၊

ဤသို့ဆိုလျှင်စနေနေ့ညက ခင်မိမိ အခန်းတွင်ရှိခဲ့သော ကျော်ကျော်တားမည်သည့် ကျော်ကျော် ပေနည်း။

သည်အဖြေကို ရှာမတွေ့ခင်တော့ နဲ့လေးကို သံတိုင်နောက်တွင် ထိန်းသိမ်းထားဦးမှ၊

ဦးသဏ္ဍ ရုပ်ရည်မှာ သည်ရက် အတွင်းယူပစ်လိုက်သလို ကျဆင်းသွားခဲ့၏၊ သောကမီး၏ လောင်မြိုက်မှုဒဏ်တသူ့မျက်နှာတွင်အထင်းသား ပေါ်လွင်နေပေသည်၊

ဝင်းသိန်းထွန်းသည် ဦးသဏ္ဍကို မသက်မသာ ကြည့်ရင်း ထိုင်လိုက်၏။

"ဘယ်နှယ့်လဲ - ကိုဝင်းသိန်းထွန်း၊ တောင်လေးက မိမိကို သတ်တဲ့ အကြောင်း ဝန်ခံလိုက်ပြီလား"

"ငြင်းတော့ငြင်းနေတုန်းပဲဦးသဏ္ဍ၊ ဒါပေမဲ့ - ကျွန်တော် မရှင်းတဲ့အချက်လေးတွေရှိနေလို့ဦးသဏ္ဍဆီ ထွက်လာခဲ့တာပဲ"

"မေးပါ - မေးပါ။ မိမိနဲ့ပတ်သက်လို့ ကျုပ်သိထားသမျှ ပြောပါ့မယ်၊ ကျုပ်အနေနဲ့ကတော့မိမိကိုသတ်တဲ့တရားခံ အပေါ်မှာတရားဥပဒေအရလက်စားချေရရင် တော်ပါပြီ"

ဦးသဏ္ဍအသံက တုန်ယင်နေ၏။

ဝင်းသိန်းထွန်းသည် ရွှေရောင် စီးကရက်ဘူးလေးကို ဘောင်းဘီအိတ်ထဲမှထုတ်၍ဦးသဏ္ဍအားတစ်လိပ်ကမ်းပေးလိုက်သည်၊

"သောက်ပါ - သောက်ပါ။ ကျုပ်တာ ဆေးတံသမား"

ဦးသဏ္ဍ စားပွဲပေါ်မှ ဆေးတံနှင့် ဆေးဘူးကို ကောက်ယူလိုက်သည်။ ဝင်းသိန်းထွန်းက သူ၏လှုပ်ရှားမှုတွေကို တစေ့တစောင်း စောင့်ကြည့်ရင်း ဆိုလိုက်၏။

"ဒါဖြင့် ဟောဒီ စီးကရက်ဘူးဟာ ဦးသဏ္ဍပစ္စည်းတော့ ဟုတ်ပုံမပေါ်ဘူး"

"ဘယ်ကရသလဲ"

"ခုတင်ကြားထဲကပဲ"

"ဟို ကောင်လေးဟာ ဖြစ်မှာပေါ့ ကိုဝင်းသိန်းထွန်း"

"ကျော်ကျော်ပစ္စည်းတော့ မဟုတ်ဘူး - ဦးသဏ္ဍ၊ ဒီစီးကရက်ဘူးမှာရှိတဲ့ လက်ဗွေပုံစံက ကျော်ကျော်နဲ့မတူဘူး"

ဦးသဏ္ဍ ရွှေရောင်စီးကရက်ဘူး လေးကို ဝေခွဲမတတ်သလို ကြည့်နေ၏။ ဝင်းသိန်းထွန်းက စီးကရက်ဘူးအစုံထဲ

www.burmeseclassic.com

www.burmeseclassic.com

ဖွင့်လိုက်သည်၊ အတွင်းဘက်တွင် အင်္ဂလိပ်စာလုံးဖြင့် "ဘီတီ" ဟု အမှတ်အသားတစ်ခု ရှိနေ၏။

"ကဲ - ဒါဖြင့် ဦးတို့အသိအကျွမ်းထဲမှာ ဘသက်ဆိုတာများ မည့်ထားတဲ့လူများ ရှိသလား"

"ဘသက်တော့ မရှိဘူး။ အဲ ဘသော်ဆိုတာတော့ ရှိတယ်၊ နေပါဦး တွယ်၊ ဦးတို့ကိစ္စထဲမှာ ဘသော်က ဘယ်လိုပတ်သက်နေလို့လဲ"

ဦးသတ္တ အံ့ဩသလို မေးလိုက်သည်၊ ဝင်းသိန်းထွဋ်အပြုံးကတောက်ပလာသည်၊

"ကျွန်တော်မေးတာကိုအရင်ဖြေပါဦး - ဦးသတ္တ၊ အဲဒီ ကိုဘသော်က ဦးရဲ့ မိတ်ဆွေလား"

"ဟုတ်ပါတယ်၊ ဦးနဲ့ အတော်ရင်းနှီးပါတယ်၊ သူနေတာက ကြည့်မြင်တိုင်မှာပါပဲ"

"ကောင်းပြီလေ၊ ကျွန်တော့်ကို ဦးဘသော်ရဲ့ လိပ်စာကလေး တဆိတ်လောက် ကျေးဇူးပြုပါ - ဦးသတ္တ"

ဝင်းသိန်းထွဋ်သည် ကိုဘသော်၏ လိပ်စာကို ရသည်နှင့် သူ၏ ဗီလီဂျစ်ကို မောင်း၍ ခပ်သွက်သွက် ထွက်သွား၏။

မကြာခင် ကားကလေးသည် "သော်တာ ရေဒီယိုပြုပြင်ရေး" ဟု ဆိုင်းဘုတ်တပ်ထားသော ဆိုင်တစ်ဆိုင်ရှေ့တွင် ထိုးရပ်လိုက်သည်၊ ဘသော်ကား နှစ်ဆယ်ကျော် အစိတ်ပိုင်း လူရွယ်တစ်ယောက်ပင် ဖြစ်ပါသည်၊

သူ့ဆိုင်ထဲသို့ဝင်လာသူယူနီဖောင်းဝတ် ရဲတစ်ဦးအား အံ့ဩစွာ ကြိုဆိုရင်း နေရာပေးလိုက်၏။

"ဆရာ - ရေဒီယိုလေး ဘာလေး ပြင်ချင်လို့လား"

ဝင်းသိန်းထွဋ်က ဘာမျှပြန်မဖြေ၊ အိတ်ထဲမှ ရွှေရောင်စီးကရက်ဘူးလေးကို ထုတ်၍ တစ်လိပ်ညှိသောက်လိုက်သည်၊ စီးကရက်ဘူးကို မြင်သော် ဘသော်၏ မျက်လုံးက ဝနာမငြိမ် ဖြစ်နေ၏။

ဝင်းသိန်းထွဋ်က သူ့ကို စီးကရက်တစ်လိပ် ကမ်းပေးလိုက်သည်၊ စီးကရက်ကို လှမ်းယူသော ဘသော်လက်က မသိမသာ တုန်နေ၏။

"ဒါ ခင်ဗျားပစ္စည်း မဟုတ်လား ကိုဘသော်"

"ဟုတ် - ဟုတ်ပါတယ်၊ ကျွန်တော် ဘယ်ကျနေမှန်းတောင် မသိဘူး"



"စနေနေ့ညက အမျိုးသမီးလေးတစ်ယောက်ရဲ့အိပ်ခန်းမှာ ကျန်ရစ်ခဲ့တာပေါ့ - ကိုဘသော်၊ဒီစီးကရက်ဘူးမှာ ဆင် ကျန် ရစ် တဲ့ လက်ဗွေ ပုံ စံ နဲ့ ကိုဘသော်ရဲ့လက်ဗွေပုံစံကိုတိုက်ကြည့်လိုက်ရင် အဖြေပေါ်လာရမှာပေါ့"

ဘသော်၏မျက်နှာ သိသိသာသာ ပျက်လာ၏၊

"ဟုတ် - ဟုတ်ပါတယ် - ဆရာ၊ ကျွန်တော်နဲ့ဦးသတ္တကအရောင်းအဝယ်တွေဆိုပါတော့၊ သူ့အိမ်ကို မကြာခဏ ရောက်ပါတယ်၊ အဲ - ခင်မိမိနဲ့လဲ သူက လိုက်လျောလွန်းလို့ မှားမိကြတာပါ"

သူ့အသံက တုန်ယင်နေသည်၊

"ဒါဖြင့် ခင်ဗျား စနေနေ့ည ခင်မိမိ အခန်းကို ရောက်တယ်ပေါ့"

"ဟုတ်ကဲ့ - ဒါကို ဦးသတ္တသိသွားသလား ခင်ဗျာ"

"ဦးသတ္တတော့ မသိပါဘူး၊ ဒါပေမဲ့ ခင်ဗျားက တောင်မလေးကို သတ်ပစ်ခဲ့တာတော့ကျုပ်တို့ရဲ့အဖွဲ့တွေသိကုန်တာပေါ့ - ကိုဘသော်ရာ"

ဘသော်၏မျက်လုံးကား အထိန်းအတွင်သာ မရှိပါက ပေါက်ထွက်လာတော့မည် ပြူးထွက်လာ၏။

"ကဲ - လိုက်ခဲ့ပါဦး - ကိုဘသော် ရေးဌာနရောက်တော့မှ အေးအေးဆေးဆေး စကားစမြည် ပြောကြတာပေါ့"

၂။

သည်သို့ဖြင့် —

ခင်မိမိ ဆိုသည့် ကောင်မလေး အသတ်ခံရမှုတွင် ယောကျ်ားသားနှစ်ဦးနှင့် ပတ်သက်ယှက်နွယ်နေ၏။

ကျော်ကျော်နှင့် ဘသော်။


သူတို့နှစ်ဦးစလုံး ခင်မိမိနှင့် ရင်းနှီးဖူးသူတွေချည်း၊ ဒါ ကိုဘသော်လည်း ဝန်ခံခဲ့၏၊ ဘသော်သည်ဦးသတ္တအိမ်သို့ အဝင်အထွက်ရှိ၏၊ ဘယ်လိုဘယ်လို သူတို့နှစ်ဦး ငြိစွန်းကြသည်ကိုတော့ ဝင်းသိန်းထွဋ်မှတ်ချက်မရေးတတ်၊ ခင်မိမိက မြူသလား၊ ဘသော်က စသလား မသိပေမဲ့ ဦးသတ္တအလစ်တွင်တော့ ဗိမာန်ဘုံလေးတစ်ခု ဖန်တီးထားကြသည်၊

သို့သော် ဘသော်က ခင်မိမိကို သူမသတ်မိပါဟု အကြောက်အကန် ဆိုသည်၊ စနေနေ့ည သန်းခေါင်အထိ ခင်မိမိနှင့် ရွှေလက်တွဲကြသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့–ဟိုနွားကြီးက မိမိကို
ကျော်ကျော်လက်ထဲက ငွေနဲ့ပေါက်ပြီး
လုသွားခဲ့တယ်မဟုတ်လား–မိမိ။
တောက်–ဘာလို့ဒါသကြီးချင်ရတာလဲ
ကျော်ကျော်။ အခုတော့ ကျော်ကျော်
သဘောရှိမဟုတ်လားလို့။ မိမိ–အခု
ချိန်ဆိုရင် ဦးသတ္တကြီး ဘယ်မှာ
ရှိမလဲဟင်။ ဘာလို့မေးတာလဲဟင်။
အခု ဆိုင်မှာ အိုဗာတိုင် ဆင်းနေ
တယ်လေ။ မနက်မှ ပြန်လာမှာ။
အို–ကျော်ကျော် ဘယ်သွား
မလို့လဲ။ မခွဲနဲ့–မိမိ။

သူ ပြန်လာတော့ ခင်မိမိ အိပ်၍ကျန်ရစ်ခဲ့သည်ဟု ပြောသည်။

အပေါ်ထပ်မှ ဒေါ်မြမြကလည်း ကျော်ကျော်နာမည်ခေါ်သံကြားပါသည်ဟုအတိအကျထွက်ဆိုထားသေးသည်။ ထိုအချိန်တွင် ကျော်ကျော်က ကျိုက္ကဆံတွင်းတွင် စိန်အောင်မင်း ကြည့်နေ၏။ ဒါကို သူပြဆိုသော အလီဘိုင်က အခိုင်အလုံ အထောက်အကူ ပြုခဲ့ကြသည်။ ခင်မိမိအခန်းထဲတွင် လက်ဗွေပုံစံများနှင့် စီးကရက်ဘူးပေါ်မှ လက်ဗွေပုံစံကလည်း ဘသော်၏ လက်ရာချည်း။

ဝင်းသိန်းထွင့် စဉ်းစား၏။

ဦးနှောက်အရည်မပျော်ခင် တစ်စွန်းတစ်စ အဖြေကို သူ တွေ့လာသည်။

ဦးသတ္တသည် ခင်မိမိ၏ တရားဝင်ကာမပိုင်။

ကျော်ကျော် ဆိုတဲ့ ရှာတိတ်ကလေးက ယခင်ကတည်းက မရှင်းမရှင်းသမား။

အဲ – ဘသော်က အရှောင်ဝင်၍ သိုက်တူးသူ။

ဝင်းသိန်းထွင့်သည် လက်ဖြောက်တစ်ချက်ကို ဖြောက်ခနဲ တီးလိုက်ပြီး တပည့်ကျော် ဘီးစိပ်ကိုခေါ်လိုက်သည်။ စပ်စပ်အားဖြင့် ဘီးစိပ်၏နာမည် အရင်းတထွန်းမြင့်။ သို့သော် အမြဲတစ်လုံးသာဆေး ကောက်ရိုးပုံတွင် ကျနေသော အပ်တလေးကအစ ရအောင်ရှာပြပေလိမ့်မည်။ ထွန်းမြင့်သည်အထိ အရှာအဖွေတော်၏။ စိတ်ရှည်၏။ သို့မို့ကြောင့် "ဘီးစိပ်" ဟူသော နာမဝိသေသနကို ရခဲ့ဟန်တူ၏။

"ဟေ့ကောင် – ဘီးစိတ်"

"ဆရာ"

"ငါ မင်းကို ပစ္စည်းတစ်ခု ရှာခိုင်းမယ်"

"ဘာပစ္စည်းလဲ – ဆရာ။ ပစိဖိတ်သမုဒ္ဒရာထဲမှာ အပိုလို ယာဉ်မှူးတွေ ကျကျန်ခဲ့တဲ့ ဓာတ်မီးခြစ်လား"

"အား – ဒါလောက် ခက်ခက်ခဲခဲ မဟုတ်ပါဘူးကွာ။ မင်းရှာရမှာက မဟာရန်ကုန်က ရေဒီယိုပြင်ဆိုင်နှစ်ဆိုင်"

"အိုကေ – အကြီးတစ်လုံး ဆရာ"

ဝင်းသိန်းထွင့်သည် ဘီးစိပ်အားပစ်မှတ်နှစ်ခု ပေးလိုက်သည်။ ငနဲက တဟဲဟဲရယ်ရင်း ထွက်သွားပါလေ၏။

။။

လူသားလေးဦးသည် ကျွန်းသားတုလားထိုင် လေးလုံးပေါ်တွင် ထိုင်နေ၏။

သူတို့ရှေ့တွင် ဒုရဲအုပ်ဝင်းသိန်းထွင့်က နေရာယူထားသည်။

"ကဲ – ဒေါ်မြမြက စပြီးပြော"

အပျိုကြီး ဒေါ်မြမြသည် ဦးသတ္တနှင့် ခင်မိမိအောက်ထပ်သို့ရောက်လာသည် မှစ၍ခင်မိမိအသတ်ခံရသည့်ညတကြားလိုက်ရသောအောက်ထပ်ကအသံအထိ အစအဆုံး ပြောသွား၏။

"မသတ်ပါနဲ့ – ကျော်ကျော်ရယ်။ မိမိကိုသနားပါဦးလို့ဆိုတဲ့ခင်မိမိရဲ့အသံကို တကယ်ပဲကြားခဲ့သလား – ဒေါ်ဒေါ်"

"တကယ်ပေါ့ကွယ်။ ပေဟာဒီနားနဲ့ ဆတ်ဆတ်ကို ကြားခဲ့တာ"

"အလကား။ဒီအသွားကြီးညာတာ။ ကျုပ် အဲဒီညတ ကျိုက္ကဆံမှာ စိန်အောင်မင်း ကြည့်နေတာဗျ"

ကျော်ကျော် ဒေါနှင့်မောနှင့် ဖြတ်ပြောသည်။

"နေဦး – ရှာတိတ်၊ မင်းအလှည့်ရောက်မှပြော။ ကဲ – ကိုဘသော် ခင်ဗျားအလှည့်"

ဘသော် သည် ဦးသတ္တအိမ်သို့ မကြာခဏ သွားရောက်လည်ပတ်ရာ ခင်မိမိနှင့် မရှောင်သာဘဲ ပတ်သက်ခဲ့ရများကို ခေါင်းငိုက်စိုက်ချရင်း ပြောသွား၏။

www.burmeseclassic.com

"တကယ်တမ်းပြောရရင် ကျွန်တော်ကစလို့ဖြစ်ရတာမဟုတ်ပါဘူးဗျာ၊ တစ်နေ့မှာ ကျွန်တော် ဦးသက္ကအိမ်သို့ ရေဒီယိုမီးလုံးကိုစွန့် သွားတယ်၊ အိမ်မှာ ခင်မိမိတစ်ယောက်တည်း၊ အဲ - ရေချိုးပြီးစပေါ့၊ ကျုပ်ကိုအခန်းထဲခေါ်ပြီး ဘာရာစီယာ ရှိတ်ရှိတ်နိုင်းတယ်ဗျာ၊ ကျုပ်ကလဲ သစ်သားနဲ့ ထုထားတဲ့ပန်းပုရုပ်မှ မဟုတ်ဘဲ"

"ဒါဖြင့် စနေနေ့ညက သန်းခေါင်အထိ ခင်ဗျားနဲ့အတူ ရှိနေခဲ့တယ်ပေါ့"

"ဟုတ်ပါတယ်၊ သူက ချိန်းထားလို့ လာတာပါ၊ ညဆယ့်တစ်နာရီလောက်မှာ အသင့်ဖွင့်ထားတဲ့ အိမ်ဘေးက ပြတင်းပေါက်က ကျော်ပြီး ဝင်ခဲ့ပါတယ်"

ဝင်းသိန်းထွဋ်ကလက်ကာပြလိုက်၏၊ ဝင်းသိန်းထွဋ်က ကျော်ကျော်ကို ဦးတည်လိုက်၏၊

"ကဲ - မင်းကလေးကရော"

"ကျွန်တော် ဦးသက္ကမရှိတုန်း ခင်မိမိနဲ့ သွားအိပ်တာတော့မှန်ပါတယ်၊ ဒါပေမဲ့ - အသတ်ခံတဲ့ညက ကျွန်တော် မသွားဘူး၊ ဟောဟို - ကိုဘသော်က သူသွားအိပ်တယ်လို့ ဝန်ခံပြီးပြီပဲ၊ ကျွန်တော်က အနေသာကြီးပါ"

"မင်းက ခင်မိမိကို သတ်မယ်ပုတ်မယ်လို့ ကြိမ်းဝါးဖူးသလား - ကျော်ကျော်"

ကျော်ကျော့်မျက်နှာကို စူးစူးဝါးဝါး ကြည့်ရင်ဝင်းသိန်းထွဋ်ကမေးခွန်းထုတ်လိုက်၏၊

"ဟင့်အင်း - မိမိကိုတော့ မကြိမ်းဖူးသေးဘူး၊ ဒါပေမဲ့ - ဟိုမှာထိုင်နေတဲ့ ဦးသက္ကကိုတော့ မိမိရှေ့မှာ ကြိမ်းဖူးတယ်"

"ဘယ်လိုများ ကြိမ်းသလဲ - ကျော်ကျော်"

"မင်းကို ငွေနဲ့ပေါက်ပြီး ငါ့လက်ထဲက လုသွားတဲ့ နွားကြီးကို သတ်ပစ်မယ်လို့"

ကုလားထိုင်တွင် ထိုင်နေသော ဦးသက္က၏ မျက်နှာကြီးမှာ နီရဲလာ၏၊ ကျော်ကျော်ကိုလည်းစားတော့ဝါးတော့ မလိုကြည့်နေသည်၊

"သည်းခံပါ - ဦးသက္က၊ မကြာခင် အဖြေပေါ်လာပါလိမ့်မယ်၊ ကဲ - ကျော်ကျော် - မင်းကဦးသက္ကကိုသတ်ပစ်မယ်လို့ ကြိမ်းဝါးတော့ ခင်မိမိ ဘာပြန်ပြောသလဲကွာ"

ဝင်းသိန်းထွဋ်ကအောင်မြင်စွာပြုံးရင်း မေးလိုက်သည်၊

"ဒါကိုတော့ကျွန်တော်အတိအကျ ဘယ်မှတ်မိပါ့မလဲ"

"အေး - မှတ်မိအောင် ပြရသေးတာပေါ့ကွာ"

ဝင်းသိန်းထွဋ်သည် အခန်းထောင့်တွင် အဆင်သင့် စောင့်ဆိုင်းနေသော တပည့်ကျော် ဘီးစိပ်အား မျက်ရိပ်ပြလိုက်၏၊ ဘီးစိပ်သည်အခန်းထဲမှတိတ်ဆိတ်ဧကက်ဒါတစ်လုံးမ,ယူလာပြီးခလုတ်ကို နှိပ်လိုက်သည်၊

လူးလွန့်သံများနှင့်အတူ ရှည်လျားသော သက်ပြင်းရှိုက်သံပြင်းပြင်းက တိပ်အတွင်းမှ ထွက်ပေါ်လာ၏၊

"ဟင်း - ဒီလိုပဲ တစ်သက်လုံး နိုးကြောင်နိုးဝှက် နေသွားရတော့မှာလား မိမိရယ်၊ ဒီလိုမနေချင်လို့ကျော်ကျော်က ဘယ်လိုများ နေချင်သေးလို့လဲ၊ ထင်ထင်ပေါ်ပေါ်လွတ်လွတ်လပ်လပ်နေချင်တာပေါ့ - မိမိ၊ အခုကော မလွတ်လပ်လို့လား - ကျော်ကျော်၊ ကျော်ကျော်ဟာမိမိရဲ့အချစ်ဦးပါ၊ မိမိရဲ့အသည်းနှလုံးနဲ့ ကိုယ်ခန္ဓာကို ပထမဆုံး ပိုင်ဆိုင်ခဲ့သူပါ ကျော်ကျော်"

"ဒါပေမဲ့ - ဟိုနွားကြီးက မိမိကို ကျော်ကျော်လက်ထဲက ငွေနဲ့ပေါက်ပြီး လုသွားခဲ့တယ်မဟုတ်လား - မိမိ၊ တောက်၊ ဘာလို့ဒေါသကြီးချင်ရတာလဲ ကျော်ကျော်၊ အခုတော့ ကျော်ကျော် သဘောရှိမဟုတ်လားလို့၊ မိမိ - အခုချိန် ဆိုရင် ဦးသက္ကကြီး ဘယ်မှာရှိမလဲ ဟင်၊ ဘာလို့မေးတာလဲ ဟင်၊ အခု ဆိုင်မှာ အိုဗာတိုင်ဆင်းနေတယ်လေ၊ မနက်မှ ပြန်လာမှာ၊ အို - ကျော်ကျော် - ဘယ်သွားမလို့လဲ၊ မထွဲနဲ့ - မိမိ၊ ကျော်ကျော် သူ့ကို သွားသတ်မယ်၊ အို - မသတ်ပါနဲ့ ကျော်ကျော်ရယ်၊ မိမိကို သနားပါဦး၊ အင် - အင် - ဟင် - မိမိကိုချစ်ရင်အခုလို သူမရှိတုန်း လာပေါ့၊ ကဲ - ကဲ - ဒီမျက်နှာကြီးပုပ်မနေစမ်းပါနဲ့၊ မိမိကျော်ကျော်ကို အမြဲတမ်းချစ်ပါတယ် - ကဲ"

ဘီးစိပ်တိတ်ပိတ်ပြန်သွား၏၊ နည်းနည်းများ နောက်ကျရင် ဘာတွေများ ကြားရလိမ့်မည်မသိ၊

ဝင်းသိန်းထွဋ်သည် ရေဒီယိုပြင်ဆိုင်ပိုင်ရှင်နှစ်ဦးကို အကဲခတ်လိုက်ပြီး တစ်လုံးချင်း အေးအေးဆေးဆေး ပြောလိုက်သည်၊

"ကျုပ်တပည့်က ခင်ဗျားတို့နှစ်ယောက်ရဲ့ရေဒီယိုပြင်ဆိုင်နှစ်ဆိုင်ကို ပိုက်စိပ်တိုက်ပြီး ရှာလိုက်တော့ လျှို့ဝှတ်





www.burmeseclassic.com

www.burmeseclassic.com

အိမ်ဆွဲတစ်ခုက ခပ်စောစောက ဖွင့်ပြတဲ့ ထိပ်ခွေတစ်ခုကို တွေ့လာတယ်၊ ကဲ ဝန်ခံမလား၊ ကျုပ်ကပဲ တရားခံဖော်ရတော့မလား”

“ဟုတ်ပါတယ်၊ ကျုပ်ကိုယ်တိုင်မိမိကို သတ်ခဲ့ပါတယ်ဗျာ”

အသက်ကြီးမှ ရမွက်မီးတောက်ခဲ့ရတဲ့ဦးသဏ္ဍ၏ဦးခေါင်းက ငိုက်ကျသွားခဲ့၏။

ဦးသဏ္ဍ ဝန်ခံရလေပြီ။

ခည်မျှဝင် အကွက်စေ့စေ့၊ အံဝင်အောင် ကြံစည်ခဲ့သော်လည်း ခွင်မကျ အခြင်တ သည်လို။

ပေဝတီသည် ခုနစ်ဆောင်တိုက်ခန်းဝယ် မီးမထွန်းဘဲ လင်း၏။

ခင်မိမိက ဒေါ်မြမြအိမ်အောက်ထပ်တွင် မီးထွန်း၍ လင်းသည်၊ သူ့ရှာတိုတ်အ ငယ်ရည်းစား ကျော်ကျော်ပင်၊ ဒါကို ဦးသဏ္ဍ ရိပ်စားမိလာသည်၊ သို့တစေ လက်စုပ်လက်ကိုင် မပြနိုင်သေးသဖြင့် ငြိမ်နေရ၏။

တစ်နေ့တွင် ဦးသဏ္ဍသည် ညဋ္ဌ အိပ်ညဋ္ဌနေ ခရီးထွက်ဟန်ဆောင်၍ စောင့်ဖမ်း၏၊ ခုတင်အောက်တွင် အသံဖမ်းစက် တပ်ဆင်၍ တိပ်နှင့်ဖမ်း၏၊ မကြာပါချေ၊ ကျော်ကျော် ဆိုသော သကောင့်သားက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာ၏။

ကိုယ်တော်ချောကလေးနှင့် မိမိ၏ ကလိသံ၊ ရီသံ၊ ဟိသံတွေကို ကြားရတော့ ဦးသဏ္ဍ အံတကျိတ်ကျိတ်မြည်အောင် ကြိတ်မိသည်၊ သို့ပေမယ့် ဦးသဏ္ဍသည် အကြံသမားတစ်ဦးဖြစ်၏၊ အလုပ်တစ်ခုကို ပေါ့ပေါ့ဒိုင်းဒိုင်း မလုပ်တတ်၊ သည်တော့ ကြံ၏၊ လူကြံ ဘာခံနိုင်မတုန်း။

အဲ - စနေနေ့ညတွင် ဦးသဏ္ဍ ပဲခူးသို့ ခရီးထွက်မည်ဟု ခင်မိမိအား အယုံသွင်းလိုက်သည်၊ ညမိုးချုပ်သည်နှင့် အိမ်ဘေးမှ ဂိုဒေါင်ပျက်ထဲတွင် ဦးသဏ္ဍ နေရာယူပြီး အဆင်သင့် ဖြစ်နေ၏၊ သူ့လက်ဝယ် ကက်ဆက်တိပ်တစ်လုံး အဆင်သင့် ပါလာသည်၊

သိပ်မစောင့်ရပါချေ၊

ညဆယ့်တစ်နာရီသာသာလောက်တွင် မည်းမည်းသဏ္ဍာန်တစ်ခု အိမ်ဘေးရှိ ပြတင်းပေါက်မှ ကျော်ဝင်သွား၏၊ ထိုလူကို အတိအလင်း မမြင်ရပေမဲ့ ကြာညိုကျော်ကျော်မှန်း ဦးသဏ္ဍ သိပါချေ၏၊ သူက ပြုံးသည်၊ မချိပြုံးမှ မချိပြုံးပေတစ်၊

သန်းခေါင်ခန့်တွင် မည်းမည်း သဏ္ဍာန်က ပြန်ထွက်သွား၏၊ အတော၀၍ နေပြန်ပြီထင့်၊ ဦးသဏ္ဍသည် ခွေးမျှ စောင့်၍ အိမ်တွင်းသို့ ပြတင်းပေါက်မှ ကျော်ဝင်လိုက်သည်၊ မချောက ခုတင်ပေါ်တွင် ပိုးလိုးပက်လက် အိပ်လို့၊ မောသည်၊ ပန်းသည် ထင်သည်၊

ဦးသဏ္ဍသည် အပေါ်ထပ်မှ ဒေါ်မြမြအသံကို နားစွင့်လိုက်သည်၊ လှုးလွန့်သံတစ်ချက် ကြားရ၏၊ တော့ ဒေါ်မြမြ နိုးနေတန်တူသည်၊ သူသည် သန်မာသော လက်များဖြင့် ချွေးသီးကလေးများ စို့နေသော ခင်မိမိ၏လည်တိုင်ကြော့ကြော့ကို အားရပါးရ ညှစ်လိုက်ပါ၏၊

ခင်မိမိသည် တအင်းအင်း ညည်းညူရင်း ငြိမ်သွား၏၊ သည်မှာတင် အပေါ်ထပ်မှ ခြေသံတရှပ်ရှပ်ကို ကြားရသည်၊ ဦးသဏ္ဍသည် အောင်မြင်စွာ ပြုံးလိုက်ရင်း တက်ဆက်တိပ်ခွေကို ခပ်ကျယ်ကျယ် ဖွင့်လိုက်သည်၊

“အို - မသတ်ပါနဲ့ - ကျော်ကျော်ရယ်၊ မိမိကို သနားပါဦး”

ထို့နောက် ဦးသဏ္ဍသည် ညည်းညူသံသဲ့သဲ့နှင့် လဲပြိုသံတစ်ခုကို ဖန်တီးလိုက်သည်၊

“ကဲ - ခွေးမသား ကျော်ကျော်၊ မင်းလည်းပင်းတော့ ကြိုးကွင်းစွပ်ဖို့ သေချာသွားပြီပေါ့၊ ငါ့ကြင်းဆီနဲ့ ငါ့ကြင်းကြော် ဆိုတာ ဒါမှအစစ်ကွ၊ မနက်ကျရင် တွေ့ကြသေးတာပေါ့ကွာ”

ဦးသဏ္ဍသည် စိတ်ထဲမှ ကျိတ်၍ ရေရွတ်လိုက်ရင်း ခုတင်ပေါ်မှ ရွှေရောင်စီးကရက်ဘူးလေးကို မြင်သွား၏၊ တော့ ကျော်ကျော် ကျန်ရစ်ခဲ့သည့်ပစ္စည်းပင်၊ သူက လက်အိတ်စွပ်ထားသော လက်ဖြင့် ရွရွကလေးကိုင်၍ ခုတင်အောက်သို့ ချလိုက်ပါ၏၊ စီးကရက်ဘူးပေါ်ရှိ လက်ဗွေပုံစံများကို ရဲတွေက ခြေရာခံကြပေမည်၊ ကဲ - မင်း ပြေးလို့လွတ်ဦးမလား ကျော်ကျော်”

ဦးသဏ္ဍသည် ပိပိရိရိလုပ်ဆောင်၍ အိမ်မှ ပြန်ထွက်သွားပါ၏၊

သို့တစေ ...

ဦးသဏ္ဍ တစ်ကွက်မှားခဲ့သည်၊

ကလျာချော မိမိသည် ကျော်ကျော် အပြင်ဘသော်ဆိုသော ယောက်ျားသား

www.burmeseclassic.com

တစ်ဦးပါ သဒ္ဒါပိုခဲ့ကြောင်း ဦးသက္ကမသိခဲ့ပါပေ။

ခင်မိမိသည် စနေနေ့ညက ကျော်ကျော်ကို မချိန်းခဲ့။ ကျော်ကျော်က ချာတိတ်ဆိုတော့ ကမူးရှူးထိုးသမားလေး၊၊ တစ်ခါတလေကျပြန်တော့ ကိုဘသော်လို သမ္မာရင့်သူနှင့် တွေ့ဆုံချင်သေးသည်။ သည်မှာတင် ...

ဦးသက္ကဆင်ထားသောအကွက် မဝင်လာတော့။ ယခုမှ ဦးသက္က ဝန်ခံရလေပြီ။

ဦးသက္ကသည်ပိရိသေသပ်စွာ စီစဉ်ခဲ့ပါ၏။ သို့စဉ်တိုင်အောင် ရာဇဝတ်မှုဟူသည့်ရောထွေးယှက်နွယ်နေလေသည် တကား။

🏛

ဒေါ်မြမြသည် ဂုဏ်တော်ပုတီးကို စိတ်အေးလက်အေး စိပ်နေ၏။

ယခုသော်အောက်ထပ်ကအသံကို မကြားရတော့ပြီ။

မိန္ဒေအမေ အပျိုကြီး မြမြဆို့

➳ ဆွေလှိုင်ဦး

## မြန်မာဆေးမြီးတိုများ

### နားကိုက်

- ကြက်သွန်နီကို မီးဖုတ်၊ အရည်နွေးနွေး နားထဲထည့်ပါ။
- မြန်မာကုက္ကိုရွက်ကို အရည်ညှစ်ပြီး မီးဖြင့်နွေးကာ နားထဲထည့်ပါ။
- တောင်မရိုးအစေးကို နမ်းဆီနှင့်ရော၍ နားကျပ်ပေးပါ။

### နားလေထွက်

တရုတ်စကားပွင့်ကို နားတွင် ပိတ်ဆို့ထားပါ။ အပွင့်ကို လက်သုပ် လုပ်စားပါ။

### နားလေထွက်

တရုတ်စကားပွင့်ကို နားတွင် ပိတ်ဆို့ထားပါ။ အပွင့်ကို လက်သုပ် လုပ်စားပါ။

### နားအူလေထွက်

သဘော်ရွက်မီးအုံး၍ အတို့အမြှုပ်လုပ်စားပါ။




www.burmeseclassic.com

www.burmeseclassic.com

**လူသည် အနည်းနှင့် အများ အားနည်းချက်တော့ ရှိတတ်ကြသည်၊ ထိုအားနည်း ချက်သည် စိတ်မထိန်းနိုင်မှု ကြောင့် စိတ်ကို လွှတ်လိုက် သောအခါ ..**

**ခင်** ခွဲမှူးသစ် မိတ်ဆက်ပွဲ။

ခန်းမထိပ်ကစားပွဲတွင် မတ်တတ်ရပ်လျက်စကားပြောနေသော တပ်ခွဲမှူးသစ်ဆိုသူကို ကျွန်တော် ငေးကြည့်နေမိသည်။ လူပုံက ညိုညိုတုတ်တုတ်၊ ဗလတောင်းတောင်း၊ အရပ်ခပ်ပုပျပ်ပျပ်၊ မျက်နှာတွင် ဝက်ခြံထူလပျစ်နှင့်၊ စကားပြောနေရင်းပရိသတ်ကိုစူးရဲသောမျက်လုံးဖြင့်ကြည့်ကာ လက်သီးဆုပ်လိုက်၊ အံကြိတ်လိုက်နှင့် ပြောတတ်သူ၊ သူ့ကိုယ်သူ စစ်တက္ကသိုလ်အပတ်စဉ်( )မှ ဗိုလ်ကြီးမောင်မောင်စန်းဟု မိတ်ဆက်လေသူ၊

"နီဂုံးချုပ်အနေဖြင့် ပြောချင်တာကတော့ ငါ့အနေနဲ့ ဒီတပ်ကို စုမှုပြောင်းလာတာဆိုပေမယ့် မင်းတို့တပ်ဟာ တိုက်ရည်ခိုက်ရည်ရှိတယ်၊ အတွေ့အကြုံများတယ်ဆိုတာကို အရင်ကတည်းက လေ့လာသိရှိထားပြီးဖြစ်တယ်၊ ဒီတော့ ရှေ့ဆက်ပြီး ငါနဲ့လက်တွဲသွားရမယ့်ကာလမှာ တာဝန်ကိုရဲရဲတင်းတင်းဆောင်ရွက်ကြပါ၊ ငါနိုင်းတာမှန်သမျှအတွက် ငါခေါင်းခံမယ်၊ တာဝန်ယူမယ်၊ ငါ့မှုကတော့ တခြားအရာရှိတွေ ခွင့်မလွှတ်နိုင်တာကို ငါက ခွင့်လွှတ်ချင် ခွင့်လွှတ်မယ်၊ ဒီအတိုင်းပဲ တခြားအရာရှိတွေ လက်ခံနိုင်တဲ့ကိစ္စကိုလည်း ငါက လက်ခံချင်မှ လက်ခံမယ်ဆိုတာပဲဖြစ်တယ်"

ဟု နိဂုံးချုပ်စကားပြောပြီးသည်နှင့် တပ်ခွဲမှူးသစ်က ကုလားထိုင်တွင် ထိုင်လိုက်လေသည်၊ ထို့နောက် တပ်ခွဲတပ်ကြပ်ကြီး မောင်သောင်းက ဆရာများကို တစ်ဦးပြီးတစ်ဦး နာမည်ခေါ်ကာ မိတ်ဆက်ပေးလေသည်၊ ကျွန်တော်တို့က မတ်တတ်ရပ်ပြကြရသည်၊ သူကတစ်ဦးချင်းစီ၏မျက်နှာကို စေ့စေ့စပ်စပ်ကြည့်လေသည်၊ ထို့နောက် တပ်ခွဲမှူးသစ် မိတ်ဆက်ပွဲ ပြီးဆုံးသွားပြီဖြစ်၍ တန်းဖြုတ်လိုက်လေသည်၊

ညနေပိုင်းတွင်တပ်တွင်းလက်ဖက်ရည်ဆိုင်၌ ကျွန်တော် တပ်ကြပ်ခင်ဖော်ဦးဆုံဝိရာ ဆရာခင်ဖော်ကပင် ဦးစွာ[illegible]လာသည်၊

"ဘယ်လိုလဲ - ကိုရဲလွင်၊ ခွဲမှူးသစ်[illegible]ခင်များ ဘယ်လိုမြင်လဲ"

"အင်း - လူပုံကတော့ ခပ်မိုက်မိုက်[illegible]တွေ့နေကျ စစ်တက္ကသိုလ်ကျောင်း[illegible]တွေနဲ့ ဒီလူက တော်တော်ကွဲပြားတယ်ဗျ၊ ကျွန်တော်ဖြင့် သူ့ဓတွေ့တော့ တိုဝဲ့ခူးရှောင်းများသစ်တောထဲက လူတစ်ယောက်ကို ပြေးသတိရမိတယ်၊ သူ့ပုံဟာ စစ်ဗိုလ်တစ်ယောက်ဆိုတာထက် သစ်ခုတ်သမားတစ်ယောက်နဲ့ ပိုတူနေသလားလို့"

"ဟား - ဟား - ခင်ဗျားကအဲလိုထင်တာပေါ့၊ ကျွန်တော်ကတော့ ဒီလူ့ကို ထက်ဝေ့သမားနဲ့ ပိုတူတယ်လို့ထင်သဗျ၊ ဘောက်ဆင်သမားလေ"

ပြောပြီး ဆရာခင်ဖော်က ဘယ်ညာလက်နှစ်ဖက်ဖြင့် လက်သီးထိုးဟန်လုပ်ပြလေသည်၊

၊၊၊

မကြာပါ၊ တပ်ကြပ်ခင်ဖော်၏ခန့်မှန်းချက် မှန်ကန်ကြောင်း အဖြေထွက်လာပါတော့သည်၊ အကြောင်းမှာ တပ်ခွဲမှူးသစ်က သူ၏ဇာတိရုပ်ကို အချိန်မဆိုင်းပဲ ဖော်ပြလိုက်ခြင်းကြောင့်ပင် ဖြစ်ပါသည်၊

ရက်အနည်းငယ်အတွင်း စစ်ဆင်ရေး ထွက်ရတော့မည်မို့ ရှေ့တန်းသို့ သယ်ဆောင်ရမည့်စစ်ဝတ်ပစ္စည်းများကိုတပ်ရင်းတန်းစီကွင်းထဲတွင် တပ်ခွဲလိုက်ခင်းကျင်းပြသကြရသည်၊ ၎င်းတွင်ကျွန်တော်တို့ တပ်ခွဲ(၄)မှ အချို့ဆရာများ၊ ရဲဘော်များမှာ အကြောင်းအမျိုးမျိုးကြောင့် ပစ္စည်းများအား စုံလင်စွာ ပြသနိုင်ခြင်း မရှိကြ၊ ထိုသူများကို တပ်ခွဲမှူးက ထန်းစီပြီး လက်သီးစာကျွေးလေသည်၊

သူ့လက်သီးကို မြည်းလိုက်ရသူတိုင်းမှာ လက်သီးတစ်ချက်ဝင်သွားတိုင်း "အင့်ခနဲ"၊ "အွတ်"ခနဲ အသံမြည်တာ အသက်ရှူမှားသွားတတ်ကြရသည်၊ ပစ္စည်းအမျိုးအတော်များများ မပြသနိုင်သော ရဲဘော်တစ်ယောက်ဆိုလျှင် တပ်ခွဲမှူးကဒေါသဖြစ်ဖြစ်နှင့်အချက်တို့ချည်း သုံးလေးချက် ဆင့်ထိုးလိုက်သည်မို့ဗိုက်ဗိုင်းလဲရသည်အထိ ဖြစ်လေသည်၊

အားလုံးကို ပညာပေးပြီးသည်နှင့် သူကတရှူးရှူးတရှဲရှဲဖြင့် ခါးကြီးထောက်ကာ ကျန်လူများကိုပါ ကြိမ်းလိုက်သေးလေသည်၊


www.burmeseclassic.com

www.burmeseclassic.com



အင်း–ရှုပုံကတော့
ခပ်မိုက်မိုက်ပဲ။ တွေ့ဖူးနေကျ
စစ်တက္ကသိုလ်ကျောင်းဆင်းတွေနဲ့
ဒီလူက တော်တော်ကွဲပြားတယ်ဗျ။
ကျွန်တော်ဖြင့် သူ့တွေ့တော့ ဟိုပဲခူး
ချောင်းဖျားသစ်တောထဲက လူတစ်
ယောက်ကို ပြေးသတိရမိတယ်။
သူ့ပုံက စစ်ဗိုလ်တစ်ယောက်ဆို
တာထက် သစ်ခုတ်သမားတစ်
ယောက်နဲ့ ပိုတူနေသလားလို့။

"မှတ်ထားကွ – ဗိုလ်သင်တန်းမှာ တောင် ဘယ်သူမှဗိုလ်မထားပဲ အားလုံး တိုးပြီးလာတဲ့ကောင်ကွ။ စမ်းရဲတဲ့ကောင် စမ်းကြည့်လိုက်ကြ"

သူ့ပုံက ကျွဲကြီးတစ်ကောင်နှင့်ပင် တူနေသေးတော့သည်။ ကျွန်တော်တို့ အားလုံး မည်သူမျှ တုတ်တုတ်မလှုပ်ရဲ ကြ။ ငြိမ်၍သာနေကြသည်။ ကိုယ်စီစိတ် ထဲတွင်မူ သည်လူကား အကြောက် တရားနှင့် အုပ်ချုပ်မည့်အရာရှိမျိုးဖြစ် ကြောင်းကိုမြင်ရရုံနှင့်ပင် သိရှိသွားမိကြ သည်သာ။

(အမှန်တော့ – တပ်ခွဲမှူးကိုချည်း အပြစ်မဆိုသာပါ။ ရဲဘော်များကလည်း ရဲဘော်များပင် ဖြစ်ပါသည်။ ရှေ့တန်းသို့ မဖြစ်မနေပါအောင်ယူရမည့်ခြင်ထောင် ကဲ့သို့ပစ္စည်းမျိုးကိုပင် ပြသနိုင်ခြင်းမရှိ သည်မှာ ကြီးလေးသောအမိန့် မနာခံမှု ဖြစ်ပါသည်။ ထိုသူမျိုးအတွက်တော့ တပ်ခွဲမှူး၏လက်သီးကိုမြည်းစမ်းရခြင်း မှာ ဖြစ်သင့်ဖြစ်ထိုက်သောကိစ္စပင် ဖြစ် ပါသည်။)

ဆိုတော့ သူ့အား ဆရာခင်ဇော်မှန် ကန်စွာ ခန့်မှန်းခဲ့သည့်အတိုင်း(ဘောက် ဆင်သမားဖြစ်ကြောင်း)ကို ကျွန်တော် ဖော်ပြခဲ့လေပြီ။ ယခုတစ်ဖန် သူ့တပ်ခွဲ မှူးအကြောင်းကိုပင် ဆက်လက်တင် ပြရန် ရှိပါသေးသည်။ အခြားမဟုတ်ပါ။



သူသည် လက်သီးအထိုးကောင်း သလောက် အဆဲအဆိုတွင်လည်း အတော်လေးယဉ်လှသူဖြစ်ကြောင်း တွေ့ရှိရခြင်းကြောင်းပင် ဖြစ်ပါသည်။

ဤနေရာ၌ ဥပမာတစ်ခုကို သာ ကျွန်တော် တင်ပြလိုက်ပါမည်။ ဆိုကြပါ စို့၊ တပ်ရင်း၌ တနင်္လာနေ့နံနက်တိုင်း စစ် သည်များ၏ ဝတ်စားဆင်ယင်မှုကို စစ် ဆေးလေ့ရှိရာ ထိုသို့စစ်ဆေးရင်းအကြပ် စစ်သည်တစ်ဦးဦး၌ အပြစ်တစ်စုံတစ်ရာ တွေ့၍ သူက ဆဲချင်စိတ် ပေါ်လာပြီး ဆဲ လည်းဆဲလိုက်ပြီဆိုအံ့။ သူ့ဆဲပုံတချို့ကို ဝင် အမြည်းသဘောမျိုး နားထောင် ကြည့်လိုက်ပါ။

"အောင်မာ – လဒ – ဒီအကျီကြယ် သီးတ ဘာလို့မတပ်ပဲ ထားတာတုံး။ အချိန်မရသေးလို့လား – ဝါ့မယားမောင် ရဲ့"

"အံမယ် – စစ်အိုကြီး – ပဲစားလာ တာလဲ ကြာလှပြီ၊ အံတွေတောင် မရှိ တော့ဘူး။ ဖိနပ်ကြိုးတောင် ခုထိမထိုး ထတ်သေးပါလား။ မှတ်ထား – ခြေသန်း ဘတ်တအပေါ်ကွ – ဝါ့မယားသားရဲ"

"ဒီကောင် သတိဆွဲတာကိုက လိမ် ညည်ညည်၊ ပိန်ရှုံ့ရှုံ့ကြီး။ မျက်ခွက်ကိုအရိုး မရှိတဲ့သတ္တဝါနဲ့ ထိုးလိုက်ရမလား – တော့ ကောင်"

စသည် စသည်။ သူ့ဆဲပုံက မှတ် လောက်သားလောက်ရှိလှသလိုကြားရ သူအဖို့ ပြုံးချင်စရာပင် ကောင်းလှသည် မဟုတ်ပါလော။

သည်လိုနှင့်ပင် သူနှင့်လတ်တွဲပြီး ကျွန်တော်တို့ စစ်ဆင်ရေးတစ်ခုကို ထွက်ခဲ့ကြရပါပြီ။ ရာသီက မိုးတာလ။ စစ်ဆင်ရေးဒေသကကော့ကရိတ်အရှေ့ ဘက်ခြမ်း။

ကျွန်တော်တို့စစ်ကြောင်းရှိုင်းမြစ် တစ်ဖက်ကမ်းသို့ မော်တော်ဖြင့် ကူးကြ စဉ် မိုးက သဲသဲမဲမဲပင် ရွာချနေသည်။ မိုးနှင့်အတူ လေကပါ စစ်ကူပါလာသည် မို့ တော်တော်နှင့် ကမ်းမကပ်နိုင်ပဲ ဖြစ် နေသည်။ အတန်ကြာမှ မော်တော် ဆလင်၏ ကြိုးစားအားထုတ်မှုဖြင့် တောင်ကြာအင်းဆိပ်ကမ်းသို့ရောရော မောမော ကပ်မိသွားသည်။

ကမ်းကပ်မိသည်နှင့် ဝန်စည် စလယ်များကိုကုန်းပေါ်သို့သယ်ကြရ သည်။ ကျွန်တော်တို့ကမ်းမိတပ်စိတ်မှ

www.burmeseclassic.com

ပစ္စည်းများကို သယ်ရပြီးသည်နှင့် တပ်ခွဲရုံးမှပစ္စည်းများကို ဝိုင်းကူပြီး သယ်ချကြရသည်။

ကျွန်တော်က ဆန်အိတ်တစ်အိတ်ကို ဝဲပုခုံးပေါ် ပစ်တင်ကာ ကုန်းပေါင်ပေါ် လှမ်းတက်လိုက်သည်။ ချောနေသော ကုန်းပေါင်ကိုသတိထားနင်းပြီးလျှောက်လာခဲ့သည်။ သို့သော်ကုန်းပေါင်ကိုချော ချောမောမော ကျော်ဖြတ်နိုင်ခဲ့သော်ငြား ခြေသားပေါ်ခြေချမိသည်နှင့် ရေအိုင်ထဲ ခြေချော်နင်းမိကာ ကျွန်တော်လဲ ပါလေတော့သည်။ လဲလဲချင်း ဆန်အိတ်ကို ရေမစိုအောင် ထိန်းလိုက်သည်မို့ ဆန်အိတ်က ဘာမျှမဖြစ်သော်လည်း လူက အကျံနာပြီး အတော်လေး အီစလံဝေသွားသည်။

"အား - ကျွတ် - ကျွတ် - တျွတ်"

"ထ - ထ - ညီလေး။ ဘယ်နားနာသွားသေးလဲ"

တစ်စုံတစ်ယောက်က ထိုသို့ပြောကာလက်တစ်ဖက်ကိုကမ်းပေးလာလေသည်။ ကျွန်တော်က ထိုလက်ကို ဖမ်းဆွဲ၍ တစ်ချက်မော့ကြည့်လိုက်မိရာ ကျွန်တော့်မျက်လုံးများ ပြူးကျယ်သွားရပါလေသည်။ အကြောင်းမှာ ကျွန်တော့်အား ထူမပေးနေသူမှာ တပ်ခွဲမှူးကိုယ်တိုင်ဖြစ်နေသောကြောင့်ပင် ဖြစ်ပါသည်။ သူ့ပခုံးပေါ်မှာလည်း ကျည်ဆန်ပုံးကြီးတစ်ခုကို ထမ်းလျက်။

သူ့လက်ကိုဆွဲကာကျွန်တော်ကုန်းထလိုက်သည်။ ထို့နောက် ဆန်အိတ်ကို သွားပို့လိုက်သည်။ ခါးက နာသွားပြီမို့ နောက်ထပ်မသယ်နိုင်တော့ပဲ တစ်နေရာမှသာ ရပ်ကြည့်နေလိုက်မိသည်။

သည်လိုဆိုပြန်တော့လည်း သူက တော်တော်ထူးနေပြန်ပါသည်။ ကြည့်ပါ၊ မိုးရွာကြီးထဲတွင် ရဲဘော်များနှင့်အတူ ဝန်စည်စလယ်များကို ကိုယ်တိုင်ဝင်သယ်နေသည်။ ပစ္စည်းတွေကိုသယ်နေရင်း နီးရာရဲဘော်ကို ဟာသပြောလိုက်၊ တဟားဟား ရယ်မောလိုက်နှင့်လည်း ရှိနေလေသည်။ ရဲဘော်တွေကလည်း သူနှင့်အတူ တပြုံးပြုံး။

ဤသည်မှာ ပွင့်လင်းပြီး ရဲဘော်စိတ်ရှိသော သူ့နှလုံးသားကို ကျွန်တော် ပထမဆုံးအကြိမ်မြင်ရခြင်းဟု ဆိုရပါလေမည်။ မကြာမီပင်သူ့ကောင်းသတင်းများကို ဆက်တိုက်လိုလိုကြားလာခဲ့ရသည်။ သူသည် အရာရှိအများစုကဲ့သို့ ကိန်းကြီးခန်းကြီးမလုပ်တတ်၊ တစ်ဆူတစ်မင်းမနေတတ်။ ဖြစ်သလိုနေ၊ ဖြစ်သလို စားတတ်သည်။ အရာရှိဆိုကာ ရာထူးကြီးအခွင့်အရေးမယူ၊ အောက်လက်ကို ညှာတာသည်။ ပွင့်လင်းပြီး ဟန်မဆောင်တတ်၊ စသည် စသည်တို့ပင် ဖြစ်ပါသည်။

ကျွန်တော်တို့က ကြားရသည်နှင့်ပင် ဝမ်းသာရပါသည်။ ယခင်က ကျွန်တော်တို့ထင်ထားသလို မဟုတ်သည့်အတွက်လည်း ဘဝင်ကျ ကျေနပ်နေပါသည်။ မည်သို့ဆိုစေ၊ အရာရှိကောင်းတစ်ဦးနှင့်အတူ လက်တွဲဆောင်ရွက်ရခြင်းကိုက ရဲဘော်တိုင်းအတွက် ပျော်ရွှင်ခြင်းတစ်မျိုးပင် မဟုတ်ပါလော။

၂။

သုံးဆယ့် သုံးရှူမှ ထွက်လာပြီး မကြာမီပင် ဘော်ဒိုင်းဘက်မှ ဘရောင်နီအတွဲလိုက် ဆွဲသံကို ကြားကြရလေသည်။ တပ်ခွဲမှူးက "ဒီကောင်တွေတို့ကို မီးခေါ်နေပြီကွ" ဟုပြောကာ ရှေ့မြင်ကွင်းတို့ မှန်ဘီလူးဖြင့် လှမ်းကြည့်လေသည်။ စက်အသေးစားလေးဖြင့်ကောင်တာဖမ်းနေသောကရင်အုန်းလှ(အလင်းဝင်)တလည်း "ဗိုလ်ကြီးသတိထားနော်၊ ဒီကောင်တွေ စောင့်နေပြီ" ဟု ချက်ချင်းပင် သတင်းပို့လေသည်။

ရိုက်ရာလမ်းကြောင်းဖြစ်သည့် လက်ကွင်းကြီးထဲမှပင် ကျွန်တော်တို့ တပ်ခွဲ(၄)က ရိုက်ခဲ့ကြသည်။ တပ်ခွဲ(၆)က အနီကောင်ချောင်းဘေးအတိုင်း စစ်မျက်နှာဖွင့်ကာ ရိုက်လေပြီး တပ်ရင်းမှူးနှင့် စစ်ကြောင်း(၁)ရုံးအဖွဲ့တစ်ခု တပ်ခွဲ(၆)နှင့် မလှမ်းမကမ်းမှ လိုက်ပါလာလေသည်။

လယ်ကွင်းအတိုင်း ကွင်းဖြောင့်ဖြောင့်မှရိုက်နေရသည်မှာကျွန်တော်တို့အဖို့ လွန်စွာသော တော့စိမ့်စရာကောင်းလှပါသည်။ တစ်ခွဲထက်၊ တစ်ခွဲထောက်ပုံစံဖြင့် ရိုက်နေရင်း စိတ်ထဲတွင် တထိတ်ထိတ် ဖြစ်နေရပါသည်။ (ထိုစဉ်ကကျွန်တော်တို့တပ်ခွဲမှာအလွန်းကောင်းခဲ့ပါသည်။ ကျွန်တော်တို့အ ထိုလယ်ကွင်းအတိုင်းရိုက်နေရသည်မှာမြေအနေအထားအရအခြားရွေးချယ်စရာလမ်းကြောင်းမရှိ၍ဖြစ်ပါသည်။ ထို့ကြောင့် အကာယ်၍သာ ရန်သူက တောစပ်မှာနေရာယူပြီး စောင့်ကြိုတိုက်ခိုက်မည်ဆိုပါက ထိုစဉ်က ကျွန်တော်တို့ အတုံးအရုံးကျဆုံးကြရမည်မှာအမှန်ပင်ဖြစ်သည်။ သို့သော်ရန်သူကမည်သည့်အ ရသည်မသိ၊ ဘော်ဒိုင်းရှေ့ဦးအထိ နောက်ဆုတ်နေရာယူ တကျင်းများတူး

www.burmeseclassic.com

ဖြစ်ချင်းချင်းမြင်ရသောလျှင် ကျွန်တော်တို့မှာအသက်ရှူရပ်သွားကြရပြီးဖြစ်ပါသည်။)

ဆိုခဲ့သည့်အတိုင်း အန္တရာယ်လယ်တွင်းကြီးအား ကျွန်တော်တို့ ချောချောမောမော ကျော်ဖြတ်နိုင်ခဲ့ကြသည်။ ထို့နောက် တပ်ခွဲက မြရာတောအတွင်းရှိ လှည်းလမ်းအတိုင်း ဘော်ဒိုင်းဘက်သို့ စစ်ချီတက်နေခွင့်တာ ဆက်လက်ချီတက်ခဲ့ကြသည်။ ထိုသို့သတိဖြင့် ဖြည်းဖြည်းချင်း ချီတက်လာကြရင်း ဆယ့်ငါးမိနစ်လျှင်မကြာလိုက်ပါ။ ဒုတပ်ကြပ်ချစ်စ၏ ရှေ့ဦး၌တပ်စိတ်က အုတ်နီနီနှင့် ဘုရားပျက်တစ်ဝိုက်ကိုတက်ရောက်ရှင်းလင်းနေဦးမှာပင် ရန်သူ၏ပစ်ခတ်မှုက စတင်ခဲ့လေပြီ။

"အုန်း - ဂျိမ်း"

"တောက် - တောက် - တောက်တောက် - တောက် - တောက်"

"ပလောက် - ပလောက် - ပလောက်ပလောက် - ပလောက်"

"ဝေါ - ဝေါ - ဝေါ - အုံး - ဂျိမ်း"

စစ်ဦးဘီလူးဆိုသည့်အတိုင်းပင် ရန်သူ့ပစ်ခတ်မှုက ပြင်းထန်လွန်းလှသည်၊ ရန်သူ၏လက်ဦးမှုရယူကာ ပစ်ခတ်နေမှုအောက်တွင် ကျွန်တော်တို့အလူးအလဲပင် ခံနေကြရသည်၊ တဖွဲဖွဲတသဲသဲဖြတ်သန်းနေသော ကျည်ဆန်များကြားမှပင် တပ်ကို ဖြန့်နိုင်သမျှ ဖြန့်ကြရသည်၊ တပ်ဖြန့်ပြီးသော်ငြား ပြင်းထန်လှသော ရန်သူ့ပစ်ခတ်မှုကြောင့် ကျွန်တော်တို့ ခေါင်းမဖော်နိုင်သေး၊ အနည်းအကျဉ်းလောက်သာ ပြန်လည်ပစ်ခတ်နိုင်သည်၊

"ဂျိမ်း - ဂျိမ်း - ဂျိမ်း"

မကြာမီပင်စစ်ကြောင်း(၁)မှလက်နက်ကြီး ပစ်ကူပေးလာသည်၊ မိမိလက်နက်ကြီးသံ ကြားရသည်နှင့် ကျွန်တော်တို့ အားတက်လာကြသည်၊

"တီ - တီ - တီ - ရဲခေါင် - ရဲခေါင်ရဲခေါင်ရှိလား"

"ရဲတင့်မှ ရဲခေါင် - ရဲတင့်မှ ရဲခေါင်ဒီကအသံကြားလား"

စက်ခေါ်သံက ထွက်ပေါ်လာသည်၊ သို့သော် ပေါက်ကွဲသံများကြောင့် တော်တော်နှင့် စက်ခေါ်မရ၊ အတန်ကြာမှ စစ်ကြောင်းမှူးစက်နှင့် ဆက်မိသည်၊

"ရဲခေါင်မှရဲတင့် - ရဲခေါင်မှရဲတင့်မင်းအသံကောင်းတယ် - ကောင်းတယ်"

"ရဲတင့်မှရဲခေါင် - ရဲတင့်မှရဲခေါင်မင်းတို့ပေးတဲ့လက်ဆောင်တွေ ဟန်းသောတွေနားမှာ ကျနေတယ်၊ တစ်ရာကိုက်ထပ်တင်ပါ၊ ရထားလား - ဒါပဲ"

တပ်ခွဲမှူးက လက်နက်ကြီးကျည်ဆန်များမိမိတပ်ရှေ့နားတွင်ကပ်ကျနေကြောင်းနှင့် ဆိုဒ်ကို ကိုက်တစ်ရာခန့်ထပ်တင်ပြီးပစ်ပေးရန် လှမ်းပြောလိုက်လေသည်၊ မကြာမီပင် လက်နက်ကြီးပစ်ခတ်မှုလမ်းကြောင်းမှန်သွားသည်ကိုတွေ့ရသည်၊

ထိုစဉ် တပ်စုမှူး ဗိုလ်ကြီးသောင်းနိုင်ဦးက ကိုယ်နှိမ့်ခါးချိုးဖြင့် ရောက်လာပြီး တပ်ခွဲမှူးအား သတင်းပို့လေသည်၊

"ဆရာချစ်စ - တပ်စိတ်တစ်စိတ်ကို ရှေ့တွင်းနေပြီ - အစ်ကိုကြီး၊ ဟိုကောင်တွေက တအားပစ်နေတာမို့ ဘယ်လိုမှ ရှေ့ထွက်လို့မရဘူး၊ ကျွန်တော်တို့ ကျားကျဖြစ်မယ်ထင်တယ်"

"ကျားထိုးလို့မဖြစ်ဘူး - ညီလေး၊ ရှည်ရှိုးတွေခံနေတယ်၊ ဒီအတိုင်းသာ ဆက်ပြီးတောင့်ခံနေဦး"

စကားသောင်းစိန်ဦး ရှေ့ပြန်တက်သွားသည်၊ တပ်ခွဲမှူးကအကြံတိအနယ်ဦးစားနေသည်၊ သည်အတိုင်းဆိုလျှင် ရှေ့တွင်ပြီးကွဲနေသော ဒုတက ချစ်စ တပ်စိတ် ရန်သူ့အမျိုးခံရတော့မည်၊ ရန်သူ့ဒဏ်နင်းခံရတော့မည်၊ ဘရောင်နီ စက်သေနတ်၏ တသောသောပစ်ခတ်နေမှုက ဆရာချစ်စတပ်စိတ်ကို မိမိဝင် တောင်နှင့် ကြားဝင်ဖြတ်တောက်ထားခြင်းပင် ဖြစ်သည်၊

ထို့နောက် တပ်ခွဲမှူးက အံကြိတ်ကာ ဆုံးဖြတ်ချက်ချလိုက်သည်၊ ပြီးလျှင် စက်လတ်သမားငြိမ်းချမ်းကိုခေါ်ကာ ရှေ့သို့တစ်ဟုန်ထိုးပြေးတက်သွားလိုက်သည်၊ ရှေ့စည်းမှ မိမိတပ်နှင့်ပူးပေါင်းမိလျှင် အခြေအနေကို အကဲခတ်လိုက်သည်၊ ဘရောင်နီသံ ထွက်ပေါ်ရာနေရာကို ခန့်မှန်းလိုက်သည်၊

ထို့နောက်ငြိမ်းချမ်းထံမှ စက်လတ်ကို ကိုယ်တိုင်ဆွဲယူကာ ရှေ့ငါးတိုက်အကွာမှ ဝါးရုံပင်တစ်ပင်သို့ ပြေးတတ်နေရာယူလိုက်သည်၊ ပြီးလျှင် - ဘရောင်နီသံလာရာသို့ စက်လတ်ကို တရကြမ်းဆွဲချလိုက်တော့သည်၊

"ဝေါ - ဝေါ - ဝေါ - ဘရော - ဘရောဘရော"

စက်လတ်၏ရေမှန်းမှုကြောင့် ဘရောင်နီသံက ရပ်တန့်သွားလေပြီ၊ ဘရောင်နီသံသာမက အခြားပစ်ခတ်မှုများပါအရှိန်ကျသွားလေသည်၊ သို့အခါ မိမိဘက်မှပစ်ခတ်မှုများက တစ်ဟုန်ထိုးပင်မြင့်တက်လာခဲ့တော့သည်၊





www.burmeseclassic.com

www.burmeseclassic.com

"ချမ်း-မြန်ဆုတ်-ပြန်ဆုတ်"

ကြောမိပင် အသက်ရှုရှောင်သွား ပြီဖြစ်သည့်ခုတပ်ကြပ်ချစ်စတပ်စိတ်က မိမိတပ်ခွဲနှင့် ပြန်လည်ပူးပေါင်းမိသွားလေပြီ။ ထို့အပြင် လက်နက်ကြီးပစ်ကူတလည်း ပစ်မှတ်ပေါ်သို့ တိကျစွာ ကျရောက်ပေါက်ကွဲလျက်ရှိသည်၊ ထိုအချိန်တွင်ကျွန်တော်တို့တပ်ခွဲ၏မြိုင်မြိုင်ဆိုင်ဆိုင် ပစ်ခတ်မှုများနှင့်အတူ တပ်ခွဲ(၆) ဘက်မှပါ ခရာသံ၊ ညာသံများပေး၍ ပစ်တက်တက်လာသောအသံများကဘဝင်ညီမျှထွက်ပေါ်လာလေတော့သည်၊

"ချကွ-ပစ်ကွ-တက်ကွ"

"ဆော်ပေးကွ-မ(ရ)တဲ့ကွ"

"ရှိုး-ရှိုး-ရှိုး-ရှိုး"

ဆော်ဒိုင်းမှ ဆုတ်ခွာသွားသည့် ရန်သူနောက်သို့ကျွန်တော်တို့တရကြမ်းလိုက်ကြရသည်။ လိုက်ရင်းနှင့်ပင် တွေ့သမျှ ရန်သူကို တိုက်သွားကြရသည်၊ မိုးတ ကြီးသည်ထက်ကြီး၊ မြစ်ချောင်းတွေက လျှံသည်ထက်လျှံ၊ တိုက်ပွဲတွေတလည်း ကြမ်းသည်ထက် ကြမ်း၊၊ ပင်ပန်းလှသည်မှန်သော်ငြား မိုးထဲရေထဲမှာပင် ကျွန်တော်တို့ ပျော်ကြသည်၊ အချို့ရဲဘော်က ကိုယ့်ကိုယ်ကိုယ်ပင်ကြံဖန်ပြီး ဂုဏ်ဖော်တတ်ပြန်သေးသည်၊ "စစ်သားဆိုတာ မိုးစိုမှလှတာကွ" ဟူ၍

သည်လိုနှင့်ပင် ရောက်ရာစခန်းတွင် ရိက္ခာဖြည့်၍လည်းကောင်း၊ ခဲယမ်းဖြည့်၍လည်းကောင်း ကျွန်တော်တို့ မနားတမ်းကြရသည်၊ အထက်မှစေညွှန်သည့်အတိုင်း လှုပ်ရှားကြရ၊ တာဝန်ကျေကြရသည်၊

တစ်ကြိမ်တွင် စခန်းတစ်ခု၌ ရိက္ခာထုတ်၊ ခဲယမ်းဖြည့်ပြီးနောက် ကျွန်တော်တို့ ဆက်လက်ချီတက်ခဲ့ကြသည်၊ ထိုစဉ်က ထုတ်ယူခဲ့သောရိက္ခာမှာတစ်ပတ်စာမျှရှိသည့်ပြင် အရံပုံးသီးများကိုပါ ခွဲတမ်းကျ သယ်ဆောင်ရသေးသည်မို့ ကျွန်တော်တို့ ထမ်းပိုးထားရသော အလေးချိန်က လွန်စွာများပြားလွန်းလှပါသည်၊ ထို့ပြင် သွားရသည့် ခရီးကလည်း ရှည်လွန်းလှပြန်သည်မို့ ရည်မှန်းရာသို့ တော်တော်နှင့် မရောက်နိုင်ပဲဖြစ်နေသည်၊ ပင်ပန်းလွန်းသောကြောင့် ကျွန်တော်တို့ရဲဘော်တိုင်းလိုလိုပင် တအီးအီး တအဲအဲနှင့် ညည်းညူမိကြသည်၊

တစ်နေရာအရောက်တွင် ရှေ့ခပ်လှမ်းလှမ်း၌ အစုလိုက်၊ အစုလိုက် လာနေကြသောကုလားများကို ကျွန်တော်တို့လှမ်းမြင်လိုက်ကြရသည်၊ ဗလီတက်ရန် (သို့မဟုတ်) ပွဲလမ်းတစ်ခုခုသို့ သွားကြဟန်တူသည်၊ အားလုံးလိုလို ခေါင်းစွပ်အဖြူ၊ ရှပ်လက်ရှည်အဖြူ၊ ပုဆိုးကွက်ထောက်များနှင့် သားသားနားနား ဖြစ်ကြလေသည်၊

တပ်ခွဲမှူးက ကုလားလူသိုက်ကို လှမ်းခေါ်လိုက်သည်၊ ကုလားများအနီးရောက်သည်နှင့် ခေါင်းဆောင်လုပ်သူကုလားကြီးအား ရဲဘော်များထံမှ ဝန်ပိုများကို ကူညီပို့ဆောင်ပေးပါရန် ပြောလိုက်သည်၊ ထိုအခါ ထိုခေါင်းဆောင်ကုလားက ခေါင်းတစ်ခါခါ၊ လက်တစ်ခါခါဖြင့် ငြင်းဆန်လျက်ရှိသည်မို့ တွေ့လိုက်ကြရသည်၊

ထိုအချိန်တွင် တပ်ခွဲမှူးက ညာဘက်လက်တွင် ပစ္စတိုကို ကိုင်ဆောင်ထားကာ ဘယ်ဘက်လက်တွင် လုံ့စွပ်တစ်ချောင်းအား ကိုင်ဆောင်ထားလေသည်၊ ထိုသို့ကုလားကြီးက ငြင်းဆန်လိုက်သည်နှင့် ထိုကုလားကြီး၏ဝမ်းဗိုက်ကို ပစ္စတိုပြောင်းဝဖြင့် ဆောင့်ထိုးကာ ခေါင်းကိုလည်း လုံ့စွပ်ဖြင့် "တိန်" ခနဲမြည်အောင် ခေါက်လိုက်တော့မည်တု ကျွန်တော်က ထင်လိုက်မိသေးသည်၊ သို့သော် သူကား ထိုသို့မလုပ်ပါ၊ ခေါင်းဆောင်ကုလားကြီးအား အခြေအနေနှင့် အခက်အခဲကို ရှည်ရှည်မွန်မွန်ပင် ရှင်းပြ၍နေလေသည်၊ ထို့ကြောင့် ကုလားကြီးကလည်း နားလည်လက်ခံသွားဟန်တူပါသည်၊ သူ့အဖွဲ့သားများကို အရပ်ပေးလိုက်ပြီးနောက် သူကိုယ်တိုင်ပင် ရဲဘော်များထံမှဝန်စည်စလယ်များအားယူငင်သယ်ပိုးပေးပါတော့သည်၊ ထိုအခါမှပင် ကျွန်တော်တို့ သက်သာရာ ရသွားပါတော့သည်၊ မိမိတပ်ဖွဲ့၏ သတ်သားချောင်ချိရေးကို မြော်မြင်ဖြေရှင်းပေးတတ်လေသော တပ်ခွဲမှူးကို လည်း ကြိုက်၍ ကျေးဇူးတင်ကြရပါသည်၊

ဤသို့ဖြင့်တစ်ရွာဝင်တစ်ရွာထွက် တစ်တောင်တက်တစ်တောင်ဆင်း မနားလှုပ်ရှားခဲ့ကြရသည်မှာ မိုးရာသီပင် ကုန်ဆုံးခဲ့ပါလေပြီ၊ ကျွန်တော်တို့လည်း ခြေကုန်လက်ပန်းကျ ... ကြပါပြီ၊ လူတိုင်း၏ကိုယ်မှ ... တွေလည်း ထူသည်ထက်ထူလာခဲ့ကြ

www.burmeseclassic.com

ပြီး ထို့ကြောင့် ကျွန်တော်တို့တပ်ခွဲအား အထက်မှ အနားပေးပါတော့သည်၊ ကြက်ဥတောင်စခန်းတွင် စခန်းထိုင် အနားယူခွင့် ပေးပါလေတော့သည်၊

ကြက်ဥတောင်စခန်း၌ စခန်းထိုင် ပြီးနောက် တစ်ရသောနေ့တစ်နေ့တွင် တပ်ခွဲမှူးက စစ်သည်များအား တန်းစီ တာအမှာစကားပြောပါသည်၊ သူ့စကား တွင် ယခုကဲ့သို့ စစ်သည်များ အနားယူ ခွင့်ရစဉ်အပန်းပြေစေရေးရည်ရွယ်ချက် ဖြင့် ကြက်ဥတောင်နံရံကပ်စာစောင် အား ဖွင့်လှစ်မည့်အကြောင်း၊ အဆင့် အတန်းအားလုံးမှ ဝါသနာအလျောက် ဝတ္ထုတို၊ ကဗျာ၊ ဆောင်းပါးနှင့် ကာတွန်း များကို တပ်ခွဲရုံးသို့ ရေးသားပေးပို့ကြရန် ဖြစ်ကြောင်း ပါရှိပါသည်၊

ထိုအစီအစဉ်ကို ကျွန်တော် အလွန် အံ့အားသင့်မိသည်၊ ထိုအစီအစဉ်မှာ အထက်ကပင် ညွှန်ကြား၍ပေလော၊ သို့ တည်းမဟုတ် သူ၏ ကိုယ်ပိုင်စိတ်ကူး စိတ်သန်းတစ်ခုပင် ဖြစ်လေသလော၊ ကျွန်တော်မပြောတတ်ပါ၊ သို့သော်ကျွန် တော့်စိတ်သက်သက်တစ်လျောက်လုံး ဤအစီ အစဉ်မျိုး၊ ဤဖြစ်ရပ်မျိုးကို ဤတစ်ကြိမ် သာတွေ့ကြုံရဖူးခြင်းကမူ အမှန်ပင်ဖြစ် ပါသည်၊

မည်သို့ဆိုစေ၊ ကျွန်တော့်အတွက် တော့ ဤအခွင့်အရေးမှာ "ရေငတ်သူ ရေတွင်းထဲကျ" ဆိုသကဲ့သို့ဖြစ်ရပါလေ ပြီ၊ ကျွန်တော့်အတွက် ကလောင်သွေး ခွင့်ကြုံလေပြီ၊ ထိုကြက်ဥတောင်စာ စောင်၌ အင်တိုင်အားတိုက်ပင် ကျွန် တော် ပါဝင်ရေးသားဖြစ်ခဲ့ပါသည်၊

ကျွန်တော့်လက်ရာများကို ဖတ်ရှု ကာတပ်ခွဲမှူးက ချီးကျူးစကားဆိုသည်၊ စာရေးဆရာလောင်းလျာတစ်ဦးဟု ဝိဂြိုဟ်ပြုသည်၊ တစ်ဖန် သူ့လက်ရာများ ကိုလည်းကျွန်တော့်ကိုပြသည်၊ ဝတ္ထုတို နှင့်ကာတွန်းလက်ရာတချို့ဖြစ်ပါသည်၊ သူ့လက်ရာများကလည်းအဆင့်မနိမ့်လှ ပါ၊ ဆိုရသော် သူနှင့်ကျွန်တော် ချစ်ခင် ရင်းနှီးမှုမှာ ထိုကြက်ဥတောင်နံရံကပ်စ စောင်မှစတင်ပြီး တစ်ဆင့်တိုးတက်ခဲ့ရ သည်ဟုဆိုပါက မှားအံ့မထင်ပါ၊

ၮ

သူသည် အရာရှိကောင်းတစ် ယောက်ဖြစ်ပါသည်၊ ဆိုခဲ့သည့်အတိုင်း တိုက်ရည်ခိုက်ရည်ကောင်းသည်၊ ရဲဘော်စိတ်ရှိသည်၊ အနစ်နာခံတတ် သည်၊ တပ်မတော်သားတိုင်းတွင် ရှိရ သည့် စွမ်းရည်(၃)ရပ်လုံး သူ့တွင် ရှိနေ သည်၊ တစ်ဖန်ကြက်ဥတောင်စာစောင် ဖြင့် သူသည် စာပေသမားတစ်ဦး၊ စိတ် ကူးသိပ်မွေ့သူတစ်ဦးအဖြစ် ထပ်မံဖော် ပြန်လေသည်၊

သူ့ကို ကျွန်တော် အထူးပင် လေး စားမိသည်၊ လက်ရုံးရည်၊ နှလုံးရည်(၂) ရပ်လုံးနှင့် ပြည့်စုံသူအဖြစ်လည်းမြတ် နိုးမိသည်၊ ထို့ထက် စစ်ခေါင်းဆောင် တစ်ဦးအဖြစ် ထိုးထွက်လာမည့်သူ့အနာ ဂတ်ကို ကျွန်တော် မျှော်ကိုးမိသည်၊

သို့သော် ကျွန်တော့် ဆန္ဒကား ပြည့်ဝခဲ့ပါချေ၊ ကျွန်တော်မျှော်လင့် သလို ဖြစ်မလာခဲ့ပါချေ၊ သူသည် လေ ကျော့်ရင်းတက်ကျိုးခဲ့၏၊ အရှိန်ကောင်း ကျန်းအညွန့်ကျိုးခဲ့၏၊ ဝမ်းနည်းဖွယ်ပေ၊ တစ်ဖန် ပို၍ဝမ်းနည်းဖွယ်ကောင်းလှ သည်မှာ ထိုသို့ဖြစ်ရန် ဖန်တီးသူက သူ ကိုယ်တိုင်ဖြစ်နေသောကြောင့်ပါတည်း၊

သူသည်စင်းလုံးချောတစ်ဦးတော့ မဟုတ်ပါ၊ သူမှမဟုတ်၊ လောက၌ ရှိရှိ သမျှလူအားလုံး ချို့ယွင်းချက်ကိုယ်စီနှင့် သာဖြစ်ပါသည်၊ သို့သော် ထိုချို့ယွင်း ချက်ကို မိမိဘာသာ "သတိတမံ၊ ဉာဏ် မြော်တတ်" ဆိုသကဲ့သို့ ထိန်းချုပ်နိုင်ရ ပေသည်၊ သူကား သူ့ချို့ယွင်းချက်ကိုတစ် ချက်ကလေး ဖက်လွှတ်ပေးမိရာမှ ဖြင်း ကောင်းခွာလိပ်ဖြစ်ခဲ့ရပါပြီတည်း၊

သူ့၌ ဒေါသအလျောက် ဖြေလွှန် လက်လွှတ် ထိုးတတ်ကြိတ်တတ်သော ဝသီ၊ တစ်နည်းအားဖြင့် အပြစ်အနာ အဆာရှိကြောင်း ကျွန်တော် ဖော်ပြခဲ့ လေပြီ၊ ယခု ထိုအနာအဆာကလေးအား ပင် သူ့ဘဝတစ်ခုလုံးကို ဖုန်းဖုန်းလဲစေ ခဲ့ပါပြီတည်း၊

ၮ

တပ်ခွဲမှူးအဖြစ် သူရောက်ရှိလာပြီး (၃)ခုမြောက်စစ်ဆင်ရေးကိုနော်တစ်ရာ တောင်ကြောတစ်လျှောက်တွင် ကျွန် တော်တို့ တာဝန်ထမ်းဆောင်ရလေ သည်၊ ထိုစဉ်ကတပ်ခွဲရုံးမှာတောင်ကုန်း အမှတ်(၁၆၂၉)တွင် စခန်းထိုင်ထား ကျွန်တော်တို့တပ်စိတ်ကတော့ အမှတ် (၅၂၈)စခန်းကို တာဝန်ယူနေရလေ သည်၊ ထိုစစ်ဆင်ရေးက ကျွန်တော်တို့ အတွက် ပင်ပန်းဆင်းရဲမှု သိပ်မရှိလှပါ၊ အများအားဖြင့် တစ်လျှောက်လုံးလိုလို စခန်းထိုင် အနားယူနေရသည်သာ ဖြစ် ပါသည်၊

တစ်ရသောနံနက်တွင် ၎င်းမှ ထပ် ကြပ်ခင်ဖော်နှင့်အဖွဲ့ လူသွားကင်းတာဝန်

www.burmeseclassic.com

ဖြင့်ကျွန်တော်တို့စခန်းသို့ရောက်လာပါသည်။ ကျွန်တော်နှင့် တွေ့တွေ့ချင်းပင် တပ်ကြပ်ခင်ဖော်က ထိုသတင်းဆိုးအား ကျွန်တော့်ကို ပြောပြတော့သည်။

“ကိုရဲလွင် - ခင်ဗျား တပ်ခွဲမှူး သတင်းကြားပြီးပြီလား”

“မကြားသေးဘူးဗျ၊ ဘာသတင်းလဲ”

“မနေ့ညနေက စခန်းမှာတပ်ခွဲမှူးနဲ့ ဆရာကျော်ဝင်းတို့ ကွိုင်တက်တယ်ဗျ။ ဝထမတပ်ခွဲမှူးက ဆရာကျော်ဝင်းတဲ ရှေ့ကို ရောက်လာပြီး သူနိုင်းထားတဲ့ မြေစည်းရိုးအာမိုကိစ္စပြီး၊ မပြီး ခေါ်မေးတယ်။ တိုတစ်လောတလက်နက်ကြီးလာတွဲပြီး မြေစည်းရိုးမှာ တော်တော်ပေါက်ပြသွားတယ်ဗျ။ အဲဒါ - ဆရာကျော်ဝင်းက ဘာပြန်ပြောလိုက်တယ်မသိဘူး၊ တပ်ခွဲမှူးတ ဒေါသထွက်ပြီး ဆရာ ကျော်ဝင်းကို ထိုးပါလေရော၊ ထိုးတာမှ တော်တော်များတယ်ဗျ။ ဆရာကျော်ဝင်း သွေးတွေ ဘာတွေတောင် ထွက်တယ်။ နောက်တော့ ဆရာကျော်ဝင်းက သူ့တဲထဲ ပြေးဝင်သွားပြီး ကာဘိုင်ကို ယူလာတယ်၊ ကာဘိုင်နဲ့ပဲ တပ်ခွဲမှူးခေါင်းကို ရိုက်ချလိုက်တာမှာ ကာဘိုင်လဲဒင်ကျိုး၊ တပ်ခွဲမှူးလဲ ပုံပုံလဲတော့တာပဲ”

“ဟာ - သောက်ကျိုးတွေနည်းကုန်ပေါ့”

“အမှန်ပေါ့၊ အဲဒါ တပ်ခွဲမှူးခေါင်း (၅) ချက်လောက် ချုပ်လိုက်ရတယ်၊ ဆရာကျော်ဝင်းကိုလဲ ဖမ်းပြီး ချက်ချင်း စစ်ကြောင်းရုံးပို့ပေါ့၊ တပ်ရင်းမှူးကတော့ ဒီလိုဖြစ်ရပ်မလားဆိုပြီး ဒေါ်တွေ ပွနေတယ်”

“ဒါဖြင့် တပ်ခွဲမှူးတော့ အရေးယူခံရတော့မှာပဲ”

“ကျိန်းသေပေါ့၊ ဆရာကျော်ဝင်းကတော့ ရာထူးပြုတ်ဖို့ အနည်းဆုံးပဲ၊ တပ်ခွဲမှူးကတော့ စစ်သက် ဘယ်လောက် အလျှော့ခံရမလဲမသိဘူး၊ ဒီလူတော့ သွားပြီဗျ၊ ရာထူးမတက်နိုင်တော့ဘူး”

“အင်း - ဒုက္ခပါပဲဗျာ”

ကျွန်တော်ကစိတ်မသက်မသာဖြင့် ညည်းလိုက်မိသည်။ ထပ်မံ၍ဆိုရသော် အထက်၌တင်ပြခဲ့သလို သူ့အပေါ် ကျွန်တော် မျှော်လင့်ချက်ထားခဲ့သမျှ ဤမှာပင် ရေစုန်မျှောရပါလေပြီ၊ တစ်ခန်းရပ်ပါလေပြီ။

သူကား နစ်လေပြီတည်း။

➳ ရဲမြတ်တင်



သရုပ်ဖော်ပန်းချီ ဝေမွန်ထင်

www.burmeseclassic.com

www.burmeseclassic.com

## မိုးမှောင်သည့်ည လေပြင်း တိုက်ခတ်ချိန်တွင် မျိုးဆက် စံအိမ်တွင် စိတ္တဇဗေဒဆန်ဆန် ဖြစ်ပွားသွားခဲ့သည့် မောင်နှမ နှစ်ယောက်၏ ကြောက်မက် ဖွယ်ဇာတ်လမ်း ..

**နှင်း** ကုန်ခါနီးကာလ။

မှောင်မည်းတိတ်ဆိတ်၍အသံဗလံများ ငြိမ်သက်နေချိန်ဖြစ်၏။ တိမ်တိုက်များ နိမ့်ကျနေသလား ထင်ရ၏။

လုံးဝ သာယာငြိမ်းချမ်းမှုမရှိသော တောလက်ဒေသတစ်ခုသို့သူဖြတ်သန်းခဲ့၏။

ညနေစောင်း နေဝင်တော့မည်။

တောင်ကုန်းတစ်ခုကို ကျော်လိုက်လျှင် စံအိမ်တစ်ခုကို ဘွားခနဲ တွေ့လိုက်ရ၏။ ယခင်က ဒီစံအိမ်ကြီး ဘယ်လိုရှိမည်မသိ၊

သူကမူ စံအိမ်ကို ကြည့်ရင်း စိတ်ညစ်ညူးသလို ခံစားရ၏။ မြင်ကွင်းက ရှင်းနေ၏။ စံအိမ်ကြီးကမူ ဟောင်းနွမ်းနေပြီ။ စံအိမ်ပတ်ပတ်လည်ရှိ မြေပြင်၊ နံရံများသည် ဟာလာဟင်းလင်းဖြစ်နေ၏။ မျက်လုံးနှင့်တူသည့် ပြတင်းပေါက်များကမူ မျက်လုံးဟောက်ပက်နှင့် ညိုရှိဝေစွာ ငေးကြည့်နေသည့်နယ် ကြောက်ဖွယ်အသွင် ဆောင်နေ၏။

မြင်ရသမျှသည် ပေါ့ပါးကြည်လင်ခြင်းမရှိ၊ အေးစက်၍ စိတ်နှလုံး မကြည်မသာသည့်ပုံပင်၊

သူသည် ယင်းစံအိမ်ကိုကြည့်ရင်း ဘာကြောင့် စိုးရိမ်ထိတ်လန့်မှု ဖြစ်နေသနည်း။ စဉ်းစားမရနိုင်ပါ၊

ကျွန်ုပ် ရပ်လိုက်၏။ ဒီအဖြစ်အပျက်တွေသည်ထူးခြားမှုတစ်ရပ်ဖြစ်လိမ့်မည်ဟုတွေးမိ၏။ ဒါက မမြင်ရသည့် လျှို့ဝှက်ချက်လား။

အဆောက်အအုံ၏ဘေး၌ မှောင်မည်းတိတ်ဆိတ်သည့် ရေကန်တစ်ခု ရှိသည်။

ရေကန်စပ်၌ မြင်းကို ရပ်လိုက်၏။ ကြောက်စရာသစ်ပင်တို့ကရေကန်တွင်းသို့ ဖောက်ထိုးမိုးမျှော် ရေကန်ပုံရိပ်ကို ကြည့်နေ၏။

အိမ်ကြီးကိုကြည့်ရင်း ဒီအိမ်ကြီး၌ ရက်သတ္တပတ်များစွာ နေရဦးမည်ဟု တွေးမိ၏။

ဝင်စစ်သည်စံအိမ်ပိုင်ရှင်နှင့်ကျွန်ုပ်တာ တစိမ်းတွေ မဟုတ်၊ ကလေးဘဝက အလွန်တရာခင်မင်သူတွေ ဖြစ်သည်၊

သို့သော် သူတို့က မတွေ့တာ အတော်ကြာပြီ၊ တစ်လောကမှ စာတစ်စောင်ရ၏၊ ကိုယ်တိုင်လာခဲ့ပါတဲ့၊ ထူးဆန်းသည်က သူ့စာထဲ၌ သူ့စိတ်ရောဂါ နေမကောင်းကြောင်း၊ ဒါကြောင့် လူကိုယ်တိုင်လာရန် အကြောင်းပါးခဲ့၏၊

စာကိုဖတ်ရင်း ငြင်းမရသောစာဟု သိလိုက်၏၊ မည်သို့ဆိုစေ၊ ကျွန်ုပ်နှင့်မိမိကြားတွင် ထူးခြားချက်ရှိ၏။ ငယ်ငယ်က ခင်မင်သည်ဆိုသော်လည်း တကယ်တမ်းကျတော့ သိပ်အကျွမ်းတဝင်ရှိသည်မဟုတ်၊

သို့စေကာမူ၊ သူတို့အကြောင်းကိုမူ သိနေ၏။ သူတို့မိသားစုက အလွန်တရာ ရှေးကျ၍ နာမည်ကြီးသူများဖြစ်၏၊

သူတို့က ငွေကြေးပြည့်စုံသော်လည်း ဆင်းရဲသားတွေကို စာနာတတ်သော သနားကြင်နာစိတ်ရှိ၏။ ဝင်စစ် သူတို့မိသားစုသည် လူများကြသည်မဟုတ်၊

သူတို့မိသားစုတွင် မျိုးဆက်သည် နည်းကြီး၏၊ အချစ်ဆုံးသူလည်းဖြစ်သောကြောင့် ဤအိမ်ကြီးကို "မျိုးဆက်စံအိမ်" ဟု အမည်ပေးခဲ့ခြင်းဖြစ်၏၊

သည်အိမ်သည် "မျိုးဆက်စံအိမ်" ဖြစ်သကဲ့သို့ မျိုးချစ်စိတ်ဓာတ် ပြင်းထန်ကြ၏၊ မျိုးချစ်စိတ်ကြောင့်လားမသိ သည်အိမ်ကို ကြည့်ရသည်မှာ စိတ်မသက်မသာနိုင်လှ၏၊

မျိုးချစ်စိတ်သည် လိုအပ်သော်လည်း လူတိုင်းက ခါးသီးသည်ဟု ထင်ကြ၏၊

ကျွန်ုပ် စဉ်းစားမရ၊

Ⅲ

ကျွန်ုပ် အတွေးများကို ခါချလိုက်သည်၊

အတွေးသစ်နှင့် သည်အိမ်ကြီးကို ပြန်ကြည့်လိုက်တော့ သူ့စိတ်တွေ ရှင်းလင်းသွားသည်၊ လောက၌ မျိုးချစ်စိတ်နှင့် မျိုးစောင့်စိတ်မရှိလျှင် ပျက်စီးဖို့သာ ရှိသည်၊ လူတွေ ဘာလို့ မသိကြသလဲ။

အမှန်ကိုဆိုသော် ဒီကနေ့ မြန်မာနိုင်ငံ ရပ်တည်နေသည်မှာ မျိုးချစ်စိတ်တွေကြောင့်ဖြစ်၏၊ ဒီအိမ်ကြီး ကာလရှည်ကြာ ခန့်ထည်နေသည်မှာလည်း မျိုးချစ်စိတ်ရှိသောလူတို့ကြောင့်ပင်။

အိုဟောင်းခြင်းသည် ကာလတစ်ခု၏ သစ်လွင်ခြင်းဖြစ်၏၊

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် အိမ်ကြီးဆီသို့ တံတားမှ ဖြတ်ဝင်ခဲ့၏။ အိမ်နားသို့ရောက်လျှင် အိမ်စေတစ်ဦးက ကျွန်ုပ် မြင်းကို ဆွဲယူသည်။

ကျွန်ုပ် အိမ်ကြီးတွင်းသို့ လိုက်ဝင်ခဲ့၏။ နောက်အိမ်စေတစ်ဦးကမူ ကျွန်ုပ်အား လက်တွဲကာ သူတို့သခင်ကြီးဆီသို့ ခေါ်သွား၏။ ဖြတ်သွားစဉ်မြင်ရသည်က အားတက်စရာချည်းဖြစ်၏။

မိန်ပျူပျူ အဖေမှာင်အောက်၌ မြင်တွင်းအချို့ကိုမြင်ရ၏။ နံရံများတွင်အရုပ်များရှိ၏။ မြန်မာမျိုးချစ်များ၏ရဲရဲတောက် နယ်ချဲ့တို့ တော်လှန်ခဲ့ပုံများ ဖြစ်၏။ ပြီးတော့ ကျွန်ုပ်တို့ ငယ်စဉ်က သုံးစွဲခဲ့သည့် အသုံးအဆောင်များကို တွေ့ရ၏။

အခန်းတစ်ခန်းဝသို့အရောက် သူနှင့် မိသားစုဆရာဝန်ကို တွေ့ရ၏။ သူ့ မျက်နှာတွင် နှစ်သက်သဘောကျသည့် အရိပ်လက္ခဏာများ တွေ့ရ၏။

သူက မျိုးဆက်ဖြစ်၏။

အနီရောင် အားနည်းသောအလင်းတစ်ခု မှန်ကိုဖြတ်ပြီး သူ့မျက်နှာပေါ်သို့ ကျနေ၏။ နက်ရှိုင်းလေးလံ ထိုင်းမှိုင်းသော၊ မလွတ်မြောက်နိုင်သော လေတစ်မျိုးကို ရှူရှိုက်ရ၏။

"ဟိုသူငယ် ရဲရင့်"

မျိုးဆက်က ကျွန်ုပ်ကိုတွေ့လျှင် ဝမ်းသာအားရ နှုတ်ဆက်၏။ နွေးထွေးသော ကြိုဆိုခြင်းနှင့် ကြိုဆို၏။

သူ့ကိုကြည့်ကာ အံ့သြသော်လည်း အမှန်ဟု သိသဖြင့် ကျေနပ်ရ၏။

"မင်း နေကောင်းတယ်နော်"

သူ ခေါင်းညိတ်၏။ ထို့နောက် ကျွန်ုပ်တို့နှစ်ယောက်သည် အချိန်အတော်ကြာသည်အထိ စကားမပြောကြ။

တစ်ခုရှိသည်က သူသည် တကယ်ပင်မျိုးဆက်လား၊ တစ်ခုခုထူးခြားသလို ခံစားရ၏။

သူ့မျက်နှာသည် ဖြူရော်နေ၏။ သူ့မျက်လုံး၊ သူ့နှုတ်ခမ်းတို့သည် တစ်မျိုးဖြစ်နေသလား။ အစုမြင်ရသည်က သူ့နဖူး၊ သူ့မျက်လုံး၊ သူ၏ဆံပင်များက လှနေသေး၏။

ပြောရလျှင် သူ့မျက်နှာသည် လွယ်လွယ်နှင့် မမေ့နိုင်သည့်မျက်နှာ ဖြစ်၏။ သို့သော် ကျွန်ုပ်နှင့် စကားပြောနေသူသည် သူမှ ဟုတ်ပါစဟု သံသယ ဝင်နေမိ၏။

သံသယဖြစ်စရာက သူ့မျက်လုံးနှင့် သူ့အရေပြားများ ဖြစ်၏။ ပြီးတော့ သူ၏ဆံပင်များသည် ဘာ့ကြောင့် ထောင်နေသနည်း။

သူ့မျက်နှာတွင် တခြားသူတစ်ဦး အသွင်အပြင်မျိုးဖြစ်နေသည်ကို စဉ်းစားရ၏။ ထူးခြားချက်က ပကတိကို ပြောင်းလွဲနေသလိုနှင့်၊ တုန်လှုပ်ချောက်ချားမှုကို ငြိမ်သက်မှုဖြစ်စေရန် ကြိုးစားခြင်းကြောင့် ဖြစ်နေသည်လား။

သူ့ပုံသဏ္ဌာန်သည် သတိထားထိန်းချုပ်ထားသည့်ပုံသဏ္ဌာန် ပေါက်နေ၏။

"အားလုံးကို သတိရနေတယ်။ မမေ့နိုင်ဘူး၊ မနေ့တစ်နေ့ကလိုပဲ"

ဟု ပြောနေသလိုပင်။

"မင်းရောဂါက ..."

"ဒီအတွက် မပူပါနဲ့ - လုံးဝပျောက်သွားမှာပါ"

သူက ပြော၏။

သူက မိုင်မာ၏။ သူက ကျွန်ုပ် နားလည်စေသည့်အတိုင်းအတာထက် ကျန်နေသည်ဟု ထင်၏။ သူ့အသွင်အပြင်၊ သူ့စကားတွေက ထူးခြားနေ၏။

သူက အရသာမရှိသောအစာတွေ စားနေရသည်၊ ပန်းရနံ့ကို ခံစားမရဟု ဆို၏။ သူ့မျက်လုံးက အလင်းရောင်ကို ခံနိုင်သလို။

သူ့တွင် ကြောက်ရွံ့မှုများ ရှိနေသည်ဟု အကဲခတ်မိ၏။

III

သူက "ငါသေရမှာပါ။ ဒီရောဂါနဲ့ပဲ ငါ သေမှာ၊ တခြားနည်းလမ်းမရှိဘူး။ ငါ စိုးရိမ်တာက ငါ့အနာဝတ်ပဲ၊ ဖြစ်ရပ်တွေကြောင့်မဟုတ်ဘူး၊ ဖြစ်စဉ်ရဲ့ရလဒ်တွေကြောင့်ပဲ၊ ကြောက်စရာဆိုရင် သေးသေးလည်း ငါ ကြောက်တယ်၊ ဒါပေမဲ့ နာကြည်းရမှာတော့ ငါ မကြောက်ဘူး။ ငါ့အမျိုး၊ ငါ့ဘာသာ ဆုံးရှုံးရမှာတို့တော့ ကြောက်တယ်၊ အခု ဘာတွေဖြစ်နေလည်း ငါ တိုက်ပွဲဝင်ချင်တယ်" ဟု ပြောသည်။

သူနှင့် စကားပြောနေရင်း သူ၏ ပြောင်းလဲမှုနှင့် အဆက်အစပ်မရှိသော စကားများ ကြားနေရ၏။ သူသည် စိတ်ဝိညာဉ် လှိမ်းမိုးမှု ခံနေရသလား။

ဝင်စစ် သူ၏ စိတ်ဒုက္ခအများစုမှာ သူ၏အဖေ၊ သူ၏မွေးချင်းဟု ထင်နေသလား။

တချို့ကမူ ဒါတွေဟာ နှလုံးရောဂါဖြစ်နေသော သူညီမကြောင့်ဟု ဆို၏။

လေပြင်းတိုက်၍ တံခါးဖွင့်ကာ
မှန်သည်တံခါးဝ၌ သီရိဖြူစင်
ရှိနေသည်။ သူမလက်၌ သွေးစွန်း
နေ၏။ လွတ်မြောက်ရန် ကြိုးစား
သည့်လက္ခဏာတွေ ပေါ်နေ၏။
ကျွန်ုပ်တို့ ပြေးသွားကြ၏။ အနား
ရောက်လျှင် သူ့အစ်ကိုလက်ပေါ်သို့
လဲကျသွား၏။ မျိုးဆက်လဲ လဲကျ
သွား၏။ ကြောက်ရွံ့စိတ်ဖြင့် မျိုးဆက်
သေဆုံးခြင်းဖြစ်သည်။

"တကယ်တော့ . . . သူသေရင်
မျိုးဆက် သွေး ဆုံးရှုံးရမှာ မှုရပဲ၊ သူဟာ
ဒါရဲ့မျှော်လင့်ချက်နဲ့ အင်အားရှိတဲ့နေ
တဲ့ဒါကို ထားခဲ့မှာ"

ထိုစဉ် သူနှမဖြစ်သူ "သီရိဖြူစင်"
ဖြတ်ဝင်လာ၏။ သူမသည် ကျွန်ုပ်ကို
မြင်ဟန်မတူ။

ကျွန်ုပ် အံ့သြစွာ ကြည့်မိ၏။

ကျွန်ုပ် သူ့ကို ကြည့်လိုက်၏။ သူ့
မျက်နှာကို လက်နှင့် အုပ်ထား၏။ သူ့
လက်ချောင်းများကြားမှ မျက်ရည်များ
စီးကျနေသည်ကို တွေ့ရ၏။

သီရိဖြူစင်ကို ဆရာဝန်များ လက်
လျှော့ထားသည်မှာ ကြာပြီ။ သူမကမူ
ဂရုစိုက်ပုံမရ။ ထို့ကြောင့် သူမသည်ယခု
တိုင် အိပ်ရာတွင်း လှဲနေခြင်းမရှိ။

သူ့ခန္ဓာကိုယ်သည် ပိန်လှီနေ၏။

သူ့အစ်ကိုကမူ သူ့ညီမတွင်အချက်
အင်အားကြီးမားခြင်းများ ရှိနေသည်ဟု
ဆို၏။

တစ်ခုရှိသည်က ဒီညက သီရိဖြူစင်
ကိုမြင်ရခြင်းသည်နောက်ဆုံးဖြစ်နေ၏။
နောက်မမြင်ရတော့။

III



တစ်ပတ်လောက်အထိသူမအမည်
ကို သူနှင့် ကျွန်ုပ်တို့ မပြောကြ။ ကျွန်ုပ်
ကိုယ်တိုင်လည်း သူ့စိတ်လှုပ်ရှားအောင်
[illegible]နေမိ၏။

ကျွန်ုပ်နှင့် သူ ပန်းချီဆွဲကြ၏။

သူ တီးမှုတ်သည့်ဂီတကို ဂီတလို
သဘောထား နားထောင်ခဲ့၏။

ဘာကြောင့်မသိ၊ ဒါတွေက သတိရ
စရာပါ။ သို့သော် ဆွေးနွေးဝေဖန်ရန်မူ
ဆန္ဒမရှိ။

ကျွန်ုပ်ကမူ သူ့အား နားလည်နေမိ
၏။ သူက ဂီတကို ဖန်တီးသော်လည်း
အများအတွက်မဟုတ်၊ တစ်စုံတစ်ဦး
အတွက်သာဟု ဆို၏။

တစ်ခါက သီချင်းတစ်ပုဒ် ရေး၏။
"အရဲခြောက်သော ရှေနန်းတော်" ဟု
ဆို၏။

သီချင်းသည် ကောင်း၏။ သူက
ရယ်လည်း ရယ်၏။ သူကမူ "ဒါတွေက
ကြောက်စရာကောင်းတဲ့ဝိညာဉ်တွေ
ထည်းတိုးဖွေခြင်းပဲ" ဟုဆို၏။

သူက "လေကလည်း ခံစားနိုင်
သည်။ သစ်ပင်တွေကလည်း ခံစားနိုင်
သည်။ သတ်မဲ့တွေ မခံစားနိုင်ဘူးလို့
[illegible]နဲ့" ဟု ဆို၏။

သူက စာဖတ်ခြင်းကို အစာကျွေး
[illegible]ဟုဆို၏။ ကျွန်ုပ်က –

"မင်း ... သီရိဖြူစင်ရုပ်ကလာဝ်ကို
ဘာဆက်လုပ်မလဲ"

ဟု မေးလျှင် "ဒီအိမ်ကြီးမှာ အခန်း
များစွာရှိတယ်၊ တစ်ခန်းခန်းကိုသူ့အပိုင်
ရစေမယ်" ဟု ပြော၏။ ရုပ်အလောင်း
သည် သချိုင်းမှာသာ ရှိသင့်သော်လည်း
သူကရှေးရိုးဆန်သဖြင့်မပြောချင်တော့။
ထို့ကြောင့် လက်ခံလိုက်သည်။

"ဒါက ရောဂါသဘာဝကြောင့်" ဟု
နားလည်လိုက်၏။

ယခုအလောင်းကို သယ်ဆောင်
သွားကြပြီ၊ သူမကိုထားသည့်အခန်းသို့
အရောက် သူ့ကို ကြည့်လိုက်မိသည်။

သူတို့က မျက်နှာဆင်၏။

ထို့နောက် အပေါ်ထပ်သို့ပြန်တက်
ခဲ့၏။ သူ့ကိုတွေ့တော့အံ့သြရ၏။ သူ့မျက်
နှာက နေမကောင်းသည့်မျက်နှာဖြစ်၏။
သူသည် မတည်မငြိမ်မရှိ ဖြစ်ရ၏။

သူ့မျက်လုံးတွေက တစ်မျိုးဝင်၏။
ကြောက်စရာ ကောင်းနေ၏။

ဒီညက ကျွန်ုပ် အိပ်မရပါ။ ထလိုက်
၏။ ထိုစဉ် သီချင်းသံ ကြားရ၏။ သီချင်း
ဆိုသူသည် မျိုးဆက်ဖြစ်၏။

ကျွန်ုပ် သူ့အခန်းဆီသို့လာခဲ့၏။ သူ
နှင့် မျက်နှာချင်းဆိုင်တော့ သူ မျက်လုံး
တွင် ရိုင်းစိုင်းသော ရယ်မောမှုကို တွေ့ရ
၏။ သို့သော် သူက –



www.burmeseclassic.com

www.burmeseclassic.com

"အတော်ပဲ – ပြတင်းပေါက် ပိတ်လိုက်ရအောင်နော်၊ ငါမင်းကို အကြိုက်ဆုံးဝတ္ထုတစ်ပုဒ် ဖတ်ပြမယ်၊ မင်း – နားထောင်"

ဟု ပြော၏၊ ဆွဲယူသည့် စာအုပ်တောင်းကြီးအမည်က "အရှုးတစ်ယောက်မှ အရှုးများဖတ်ရန်" ဟု ဖြစ်၏၊ မျိုးဆက်က "မင်း ကြိုက်ချင်လဲ ကြိုက်မယ်၊ မကြိုက်လည်း ကိစ္စမရှိဘူး" ဟု ပြော၏၊

ထိုစဉ် အပြင်၌ လေပြင်းတိုက်နေ၏၊ အသံများကို စိတ်ဝင်စားမှုမရှိ၊

စာအုပ်ကစိတ်ဝင်စားစရာမဟုတ်၊ ထိရှသွားန်များအသံကို ကြားရ၏၊ သူ့ကြည့်ရသည်မှာ တစ်မျိုး၊ ကျွန်ုပ် မသိကျိုးကျွံပြုနေလိုက်၏၊

သူ ကြည့်ရသည်မှာ တုန်လှုပ်နေသလို၊

ကျွန်ုပ် သူ့ပခုံးကို ဆုပ်ကိုင်လိုက်၏၊ သူက –

"မင်း မကြားဖူးလား – ခြေသံတွေ၊ ခြေသံတွေ – သူမပေါ့၊ ဘာမှကြောက်စရာမလိုပါဘူး၊ သူ ကြောင်နေတာ၊ သူ ရင်ခုန်နေတာ"

ဟု ပြောရင်း ထခုန်လိုက်၏၊

"ငါ ပြောမယ့်သူ တံခါးဝမှာ ရပ်နေတယ်" ဟု ပြော၏၊

သူ့စကားသံက တန်ခိုးနှင့်တူနေ၏၊ ကြည့်လိုက်မိသည်၊

လေပြင်းတိုက်၍ တံခါးဖွင့်ကာ မှန်တံခါးဝ၌ သီရိဖြူစင် ရှိနေသည်၊ သူမလက်၌ သွေးစွန်းနေ၏၊

လွတ်မြောက်ရန် ကြိုးစားသည့်လက္ခဏာတွေ ပေါ်နေ၏၊

ကျွန်ုပ်တို့ ပြေးသွားကြ၏၊ အနားရောက်လျှင် သူ့အစ်ကိုလက်ပေါ်သို့ လဲကျသွား၏၊ မျိုးဆက်လဲ လဲကျသွား၏၊ ကြောက်ရွံ့စိတ်ဖြင့် မျိုးဆက် သေဆုံးခြင်းဖြစ်သည်၊

ကျွန်ုပ်ကမူ ပြေးထွက်ခဲ့၏၊

အပြင်၌အလင်းတို့ ကျဆင်းနေ၏၊ လေက ပြင်းထန်စွာ တိုက်ခတ်နေ၏၊ လေနှင့်အတူ နံရံတို့ ပြိုလဲကျကုန်၏၊ ရေတွေ ဒလဟော ကျနေသည်၊ အလန့်တကြား အော်သံနှင့် တူနေ၏၊

ကျွန်ုပ်ခြေရင်း၌ ရေကန်က ရှိနေသေး၏၊ "မျိုးဆက် သွေးစံအိမ်" က အပိုင်းအစများက ငြိမ်သက်လျက် ....၊

စာဖတ်သူများရဲ့

➳ အောင်မြတ်ဦး



www.burmeseclassic.com

# သုံးလောင်းပြိုင်လူသတ်တရားခံ တစ်ယောက်ကို ပရိယာယ်သုံးကာ လက်ရဖမ်းပုံကို ဖတ်ရှုရမည့် ..

**ရွှေကျင် - မြည်** ရေးသား

လမ်း ကားလမ်းဆုံရာ မထင်မရှား မြို့ကလေး၏ မြို့စွန်တစ်နေရာတွင် တရုတ်လူမျိုး လောက်လူ ပိုင်ဆိုင်သော အရက်ဆိုင် ရှိ၏။ ထိုအရက်ဆိုင်သည် အချော်သပတောသာမက ခေါက်ဆွဲနှင့် ထမင်းလည်းရောင်း၏။ ထို့ပြင်ကားလမ်း နံဘေးတွင် ရှိခြင်းကြောင့် ကားသမား များသည်လည်း ကားရပ်နားကာ ဝင် ရောက်စားသောက်မြဲဖြစ်၏။ ထိပ်ပြောင် ၍ဗိုက်ပူသော လောက်လူသည် အပြော တိုတောင်းသူမဟုတ်သော်လည်း မြန်မာ စကားကို ပီပီသသဖြင့် ပြောဆိုတတ်၍ လူ့အရိပ်အကဲကိုလည်း နားလည်သူဖြစ် ၏။ ထို့ကြောင့်ပင် သူ၏ဆိုင်သည် နေ့နေ့ ညည စားသောက်သူများဖြင့် စည်ကား လှ၏။

လောက်လူတွင် မိန်းမရှိ၏၊ ထိုမိန်းမကား မြန်မာအမျိုးသမီးဖြစ်၍ ဒေါ်ခင်မိမိဟု စားသောက်သူများက တလေးတစားခေါ်ကြ၏။ ဒေါ်ခင်မိမိသည် ကောင်တာတွင်ထိုင်၍ လောက်လူကား တစ်ချိန်လုံးနီးပါး မီးဖိုချောင်ထဲက ထွက် ရသည်မရှိ၊ လောက်လူတွင် ယုံကြည်ရ သောတပည့်တစ်ဦးရှိ၏၊ ထိုတပည့်ကား ဘိန်းစား မောင်ကျင် ဆိုသူပင်၊ ဘိန်းစား မောင်ကျင်သည် လောက်လူ၏ဆိုင်၌ ကပ်၍နေပြီး လောက်လူ ခိုင်းသမျှ အကုန်လုပ်ကိုင်ပေး၏။ ထူးခြားသည်မှာ မောင်ကျင်သည် ခေါက်ဆွဲပြုလုပ်ရာ တွင် ကျွမ်းကျင်လှ၏။ ထို့ပြင် ဒေါ်ခင်မိမိ ၏တူဝမ်းကွဲဖြစ်သူ သက်ရှည်အား စားပွဲ ထိုးအဖြစ် ခေါ်ထား၏။

သူပုန်၊ ဓားပြ ပေါများသော ခေတ် ဆိုးကြီးတွင် လောက်လူသည် အရက် ရောင်း၍ စီးပွားဖြစ်နေ၏၊ ညဘက်ပိုင်း တွင် ခေတ်အခြေအနေအရ ဈေးရောင်း ပါးသော်လည်း ရပ်နီးရပ်ဝေးကားသမား များ ဝယ်ယူအားပေးနိုင်ရန် ဆိုင်ဖွင့်ထား မြဲဖြစ်၏။ ရေနံချောင်း၊ တောင်တွင်းကြီး အောင်လံမှ ကုန်ကားကြီးများသည် လောက်လူ၏ဆိုင်အရှေ့၌ ရပ်နား၍ အိပ်စက်ကြမြဲဖြစ်၏။ ထိုကားသမားများ သည် လောက်လူ၏ ဖောက်သည်များ ဖြစ်၍ ရင်းနှီးသည်နှင့်အမျှ လောက်လူ နှင့် ဒေါ်ခင်မိမိတို့ မှာကြားသောကုန် ပစ္စည်းများကို ဝယ်ယူပေးတတ်၏။ ထို ကြောင့် လောက်လူ၏ဆိုင်သည် နေ့နေ့ ညည စည်ကားလျက်ရှိ၏။

ယခုအတောအတွင်း ကားလမ်း၌ ဓားပြတိုက်လုယက်ခြင်း မကြာခဏဖြစ် သကဲ့သို့ ရထားပေါ်တွင်လည်း ရဲတပ်ဖွဲ့ ဝင်များအား စီးနင်းတိုက်ခိုက်သည်များ ရှိနေသည်၊ မြို့ကလေးတွင်လည်း လူစိမ်း သူစိမ်းဝင်ထွက်သွားလာမှုများနေသည့် အတွက် မြို့ခံရဲတပ်ဖွဲ့ဝင်များမှာ လုံခြုံရေး သတိဖြင့် အသင့်ရှိနေရ၏။ တစ်ခါတစ်ရံ တွင် မိုးမထဲ၌ရှိနေသော ဗကပများသည် မြို့ထဲသို့တိုင် ရိက္ခာဆင်းဝယ်တတ်သေး ၏။ လွန်ခဲ့သော ငါးရက်ခန့်က မြို့၏ မြောက်ဘက်၌ သုံးလောင်းပြိုင်လူသတ် မှုဖြစ်ပွားခဲ့၏။

ထိုလူသတ်မှုသည် ည(၁၀)နာရီ ခန့်အချိန် ဖြစ်ပွားခဲ့သော်လည်း လူသတ် သမားတို့ဖမ်းမိခြင်းမရှိခဲ့ပေ။ သေဆုံးသူ များမှာ အသက် ငါးဆယ်အရွယ်အမျိုး သားတစ်ဦး၊ အသက်လေးဆယ်အရွယ် အမျိုးသမီးတစ်ဦးနှင့် လူငယ်တစ်ဦးပင် ဖြစ်၏။ လူသတ်သမားသည် ထိုမိသားစု အားသေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်ခြင်း ဖြစ်၍ အနီးအပါးအိမ်များမှလည်း ဓားပြ တိုက်သည်ဟုယူဆ၍ ချက်ချင်းမထွက် ရဲကြပေ။ အိမ်ရှိပစ္စည်းများ လက်ရာမြေ ရာမပျက်သည်ကိုကြည့်၍ပစ္စည်းလိုချင် ၍ လူသတ်သည်မဟုတ်ပဲ လူကို သတ် ချင်၍သာ သတ်လိုက်ခြင်းဖြစ်ကြောင်း ထင်ရှားနေ၏။ မည်သည့်အကြောင်း ကြောင့်လူသတ်သည်ကိုမည်သူမျှမသိ ရှိကြပေ။

ညနေငါးနာရီခန့်အချိန် လောက်လူ တို့၏ခေါက်ဆွဲဆိုင်ကလေးတွင် လူစည် ကားနေ၏၊ နေ့စဉ်ရက်ဆက်မပျက်လာ ၍ယမကာမှီဝဲသည့်ထွန်းဖေသည် ဆိုင် ထဲသို့ ဝင်ရောက်လာ၍ လောက်လူကို တွေ့သည်နှင့် သတင်းမြန်လေ၏။

"ကိုလောက်လူ - ခင်ဗျား ကြား ပြီလား၊ မြောက်ဘက်တရပ်ကွက်မှာ ဖြစ် သွားတဲ့လူသတ်မှုကိစ္စ"

"အလားလား - ဝ တ ဈေးသည် လေ၊ ဈေးရောင်းနေတာ၊ လူသတ်မှုကိစ္စ ဘယ်လိုလုပ်သိမှာလဲ"

"ကိုလောက်လူ မသိသေးဆိုတာ ကျွန်တော် သိပါတယ်၊ ဝထာရက်တွေ က တရားခံမပေါ်သေးဘူး၊ အခုလည်း ပေါ် သလား၊ ဆိုတော့ မပေါ်သေးဘူးပြန်ပြော အသတ်ခံရတဲ့မိသားစုတာ ဘယ်သူမှ မသိလို့ပဲ၊ တော်တော်ဆိုးသောတာပဲ

www.burmeseclassic.com

တျှန်တော်သိသလောက်က သူတို့မှာ ဘိုးဘွားလက်ထက်က ပိုင်ဆိုင်ထားတဲ့ မြေထဲစ်ကွက်ရှိတယ်၊ အဲဒီမြေကို ရန်ကုန်က သူဌေးက ဝယ်ဖို့ကြိုးစားတယ်၊ ရန်ကုန်ကသူဌေးလို့သာပြောတာ ဘယ်သူမှန်းတော့မသိဘူး၊ ကြားလူနဲ့ဝယ်တာ၊ ပထမတော့ ရောင်းမယ်ဆိုပြီး ဈေးတွေ ဘာတွေ ပြောပြီးသား၊ နောက်ဆုံး ရန်ပေးပြီး စာချုပ်ချုပ်မယ့်နေ့ကျမှ မရောင်းတော့ဘူးပြောတော့ စကားများကြတာပေါ့ဗျာ၊ မကြာပါဘူး၊ တစ်လလောက်အလိုမှာ မြေပိုင်ရှင်မိသားစု အသတ်ခံရတာပဲ"

တိုလောက်လူသည် သူနှုတ်ဆိုသူ ရှိတ်လျက် -

"ဝါး - တယ် မလွယ် ပါလား၊ မြေမရောင်းတော့ဘူးဆိုတာနဲ့ လူသတ်ရတယ်လို့၊ မိုးနတ်မင်း - ကယ်တော်မူပါ"

ဆိုင်ထဲတွင်အရက်သောက်နေသူများမှာ ကိုလောက်လူ၏ အာမေဋိတ်ကြောင့် ဝါးခနဲ ရယ်မောလိုက်တော့၏။

၂

ညကိုးနာရီခန့် ရှိပေပြီ၊ လောက်လူ၏ဆိုင်တွင် လူကျဲပါးစ ပြုပြီဖြစ်၏၊ စားဖောင်ဖွဲ့သည့် အရက်သမားတွန်းဖေသည်လည်း ပြန်သွားပေပြီ၊ မှောင်မိုက်သောညကာလသည်လွန်စွာတိတ်ဆိတ်နေ၏၊ မည်းနက်သော မိုးကောင်းကင်တွင် ဂနာမငြိမ်သောကြယ်ပွင့်လေးများ လင်းတစ်ခါ မှိန်တစ်လှည့်ဖြင့် ရှိနေကြ၏၊ တစ်ခါတစ်ရံ ပေတစ်ရာလမ်းမပေါ်တွင် ကားတစ်စီး နှစ်စီး ဖြတ်သန်းမောင်းနှင်နေသည်ကိုမြင်နေကြားနေရ၏၊ အများအားဖြင့် ငြိမ်သက်နေသည်သာ၊

လောက်လူ၏ဆိုင်ကလေးသည် အမှောင်ထုထဲမှ ပိုးစုန်းကြူးကဲ့သို့ ဆိုင်ထဲတွင်မီးရောင်မှိန်ပျပျထွန်းလင်းနေ၏၊ လောက်လူသည် သူထိုင်နေကျကောင်တာပေါ်မှ နေရှင်နယ်ရေဒီယိုကြီးကို ကလိနေ၏၊ ဒေါ်ခင်မိမိကား သနပ်ခါးပါးကွက်ကျားဖြင့်ကောင်တာနားမှပက်လက်ကုလားထိုင်တွင် ယပ်တောင်တဖျတ်ဖျတ်ခပ်၍အကျသားထိုင်နေ၏၊ ဆိုင်အပြင်ဘက်ရှိ မျောက်ထိုင်ခုံပေါ်တွင်ဘိန်းစားမောင်ကျင်သည်ဘိန်းမှိန်းမှိန်းနေ၏၊ သက်ရှည်သည်ကား စားပွဲများကို သုတ်နေ၏၊ ထိုသူများသည် အရက်သမားပြောသွားသောလူသတ်မှုကိစ္စနှင့်ပတ်သက်၍ ပြန်လည်စဉ်းစားတွေးတောရင်း စိတ်မချမ်းမသာဖြစ်ကြရ၏၊

ထိုစဉ် အောင်လံ တောင်တွင်းကြီး ...မှ ဆင်းလာသော ကြက်သွန်ကား ...သည် ဆိုင်ရှေ့မြေကွက်လပ်သို့ ...ိုက်လာ၏၊ မကြာပါချေ၊ ကား ...များ ဆိုင်ထဲသို့ ဝင်လာကြ၏၊ ...ရှိန်ဘာ ကံမြင့်ဆိုသူမှ ဒေါ်ခင်မိမိ ...လောက်လူတို့အား -

"ပြောကို မပြောချင်တော့ဘူး ...ရာ၊ စကားတောင်ကိုးတွေနဲ့ ပြည် ...ွတ်တောင်ကြီးကွေ့တွေမှာ ဓားပြ ...တတ်လွန်းလို့ လမ်းတစ်လျှောက် ...တော်တိုးပါး ရှုတ်လာခဲ့ရတယ်၊ ...ကြားထဲ မောင်မင်းကြီးသား မောင် ...ရေဆူနေလို့ရေကိုမနည်းရှာ ...ရင်ထထိတ်ထိတ်နဲ့ဗျာ၊ ဓားပြ ...ချုံထဲက ထွက်လာမလဲဘုရား ...ိတ်ရတာ အမေ"

ရေဒီယိုအိုကြီးအား ကလိနေသော ...လူသည် ကံမြင့်၏စကားကို နား ...ပြီး -

"ညည်းလိုဖြစ်နေရင်လည်း ကား ...နေပါတော့ - ကံမြင့်ရယ်"

"ညည်းလိုတော့လည်းမဟုတ်သေး ...ချစ်တို့မှာက သားနဲ့မယားနဲ့၊ ...ည်း ရှိသေးတယ်ဗျ၊ သက်စွန့် ...ရပေမှာပေါ့ဗျာ"

"ဒါနဲ့များ ..."ဟု လောက်လူသည် ရေရွတ်လျက် ရေဒီယိုကို ဆက်လက်ကလိနေ၏၊ ထိုသို့ကလိနေရင်းမှမည်သို့မည်ပုံ လိုင်းမိသွားသည်မသိ၊ တရှုတ် အဆိုတော်မ၏တညှဲညှဲအသံထွက်လာ၏၊ လောက်လူသည် တရုတ်သီချင်းသံကို မည်သို့ချန်ဝင်စားသည်မသိ၊ ရုတ်ရည်တလည်လည် ရှိနေတော့၏၊

ကံမြင့်တို့ကားသမားလေးယောက်သည်ယမကာမှီဝဲ၍သောက်ကြစားကြရင်းစကားအလုအယက်ပြောနေကြ၏၊ ဒေါ်ခင်မိမိမှ ကံမြင့်အား -

"ဟဲ့ - မောင်ကံမြင့် - ငါမှာတာ ပါရဲ့လား"

"ပါတယ် - မမမိ၊ မောင်ရွှေ - သနပ်ခါးတုံးတွေ သွားယူလိုက်ဦး၊ ဒေါ်မိတို့ပေးရအောင်"

စပယ်ယာ မောင်ရွှေမှာ လိုင်တီယိုင်တီယိုင်ထိုးဖြင့် ဆိုင်ပြင်၌ရှိသော ကားဆီသို့ထွက်သွား၏၊ မကြာမီ သနပ်ခါးတုံးများနှင့်အတူ ပြန်ရောက်လာ၏၊

"ဟဲ့ - ငါ - ဘယ်လောက်ပေးရမလဲ ကံမြင့်"

"ဘာမှမပေးရပါဘူးဗျာ၊ ကျွန်တော် တစ်လောကပစ္စည်းဘက်သွားရင်းလမ်း

www.burmeseclassic.com

www.burmeseclassic.com

ကြုံတာနဲ့ ဝယ်လာခဲ့တာ၊ ဘာမှမပေးရပါဘူး”

ကားသမားများနှင့် ဒေါ်ခင်မိမိ အပေါက်အလမ်းတည့်၏။ မည်သို့ဖြစ်စေ၊ ဒေါ်ခင်မိမိနှင့် အဆင်ပြေဖို့ အရေးကြီးသည်။ မိမိတို့အတွက် ထမင်းဖိုး၊ အရက်ဖိုး စသည်တို့ကို အကြွေးလည်းပေး၏။ တစ်ခါတစ်ရံ ပိုက်ဆံပင် ချေးလိုက်သေး၏။ ကားသမားများမှလည်း တတ်သိတည်၏။ မိမိလိုအပ်သောပစ္စည်းများမှာပါက ကားသမားများသည် မဖြစ်စေနေဝယ်လာပေးမြဲဖြစ်သည်။ ထို့နောက် တံခြင်မှ -

“တဲ - ကျွန်တော်တို့လည်းသောက်စားပြီးပြီ၊ ထမင်းပွဲပြင်ပေးပါတော့၊ ထမင်းစားပြီး အိပ်တော့မယ်၊ မနက်မိုးမလင်းခင် ကားထွက်မှာမို့လို့ မမမိရေ”

ထိုစဉ် ကားလမ်းပေါ်မှ မောင်းနှင်လာသော ဝီလီဂျစ်ကားလေးသည် ဆိုင်ရှိရာသို့ ကွေ့ဝင်လာပြီး ဆိုင်ကို ကားမီးများထိုးလျက်စက်ရပ်သွား၏။ ကားပေါ်မှ ကားဒရိုင်ဘာနှင့်အတူ လူတစ်ယောက်ဆင်းလာပြီး ဆိုင်ထဲသို့ဝင်လာ၏။ ထိုလူသည် ကုတ်အင်္ကျီအနက်ကို ဝတ်ဆင်ထား၍ သူ၏လည်ပင်းတွင်မာဖလာတစ်ထည်ပတ်ထား၏။ ဘန်ကောက်ပုဆိုးကို သပ်ရပ်စွာ ဝတ်ထားပြီး သားရေခါးပတ်အနက်ကို ပတ်ထားသေး၏။ ခန့်ညားသောလူ၊ တည်ကြည်သောလူဟု ဆိုရပေမည်။ ထိုပုဂ္ဂိုလ်ကိုလှမ်းကြည့်မိသော ဒေါ်ခင်မိမိသည် သူ့ဘဝတစ်သက်တာတွင် ပထမဆုံး ရင်ခုန်ခဲ့ရ၏။ ဒေါ်ခင်မိမိသည် ကိုလောက်လှကိုလက်ထပ်ပေါင်းသင်းနေသော်လည်း ထိုသို့ ရင်မခုန်ဘူးခဲ့၊ သူမ၏ဖြစ်ရပ်ကို လောက်လှ မသိပါ၊ အရက်ချက်၍သာ ရှိနေ၏။

တည်ကြည်ခန့်ညားသော အနီ ထိုပုဂ္ဂိုလ်သည် ကားဒရိုင်ဘာနှင့်အတူ လွတ်နေသော စားပွဲဝိုင်းတွင် ဝင်၍ထိုင်လိုက်၏။ ကောင်တာတွင် အကျအန ထိုင်နေသောဒေါ်ခင်မိမိသည်သက်ရှည်ကိုမေးငေါ့လိုက်၏။ သက်ရှည်သည် ထိုပုဂ္ဂိုလ်ထိုင်သည့်စားပွဲဝိုင်းသို့သွား၍ -

“ဘာသုံးဆောင်မလဲ ခင်ဗျာ”

ထိုပုဂ္ဂိုလ်ကပင် တည်ကြည်သော မျက်နှာဖြင့် -

“ငါ - လောလောဆယ် စီးကရက်သောက်ချင်တယ် - ဂိုလ်းဖရိတ်ရှိလား”

“ဂိုလ်းဖရိတ်တော့ မရှိဘူး ခင်ဗျ၊ ကျောက်ဆူးတော့ ရှိလိမ့်မယ် ခင်ဗျ”

“အဲဒါပဲ ပေးကွာ၊ နောက်ပြီး ဂျေးနီဝါးကားရှိလား”

“အဲဒါလည်း မရှိဘူး ခင်ဗျ၊ ရိုးရိုးအရက်ကို ဆေးနဲ့စပ်ထားတဲ့အရက်ရှိတယ်၊ ဝီစကီတို့လိုပဲ”

“အင်း - တောမှာဆိုတော့ ငါရွတ်ပြလေသမျှ မရှိလောက်ဘူးဆိုတော့ ထင်တော့ထင်သား”

“မင်းပြောတဲ့ဟာ ချကွာ၊ နောက်ပြီး အခေါက်ကင်တစ်ပွဲ၊ နောက်ပြီး - ဘီလပ်ရည်တစ်ပုလင်းပေး”

အော်ဒါရသည်နှင့် လောက်လှဘိန်းစား မောင်ကျင်နှင့်အတူ မီးဖိုချောင်ထဲတွင် အလုပ်ရှုပ်နေတော့၏။ ထိုပြင် ကားသမားများ ထမင်းစားဖို့ ပြင်ဆင်ပေးရ၏။ ထိုအခိုက် လူခန့်ညားကြီးသည် ကောင်တာ၌ထိုင်နေသော ဒေါ်ခင်မိမိအား စိတ်ဖြင့် ပြစ်မှားနေ၏။ ဒေါ်ခင်မိမိသည်လည်း ထိုလူ၏အကြည့်ဒဏ်ကို ကြည်နူးစွာ ခံစားလျက် လောက်လှကို မေ့နေ၏။

ထိုအတောအတွင်းကားသမားများသည် လူသတ်သည့်ကိစ္စ အရေးအတင်ပြောနေကြသည်ကို ထိုလူသည် နားစွင့်နေလိုက်ပြီး ခေါင်းတညိတ်ညိတ် ရှိနေ၏။ ထို့ကြောင့်စိမ်ထားသောအရက်ကိုစိမ်ပြေနပြေသောက်ရင်းတရားသံဝေဂရသည့်စကားများ ပြောလေ၏။

“အော် - လူတွေလူတွေ - လောဘဒေါသ၊ မောဟ တယ်ကြီးကြပါလား။ သည်လိုစေတသိက်တွေထားနေကြလို့ မလိုလားတဲ့ ပြည်တွင်းစစ်တွေဖြစ်နေတာ။ တော်တော်ဆိုးပါတယ်။ ဓားပြတိုက်လုယက်၊ လူသတ်၊ မုဒိမ်းကျင့်နဲ့လူတွေဟာ ဟုတ်ပါလေစ၊ တော်တော်လေးတို့စိတ်ပျက်ဖို့ကောင်းတယ်၊ အရင်းရှင်တွေရော၊ အာဏာရှိတဲ့သူတွေရော၊ သူခိုးဓားပြတွေရော ဘာထူးလို့လဲ၊ လူတွေလည်းမကောင်း၊ခေတ်လည်းမကောင်း။ ခံရတာက ပြည်သူတွေ”

ထိုသူပြောသောစကားများကို နားထောင်လျက်ဒေါ်ခင်မိမိသည်ထိုပုဂ္ဂိုလ်အားအထင်ကြီး၍နေ၏။ ဗိုလ်အောင်ဆန်ပုံစံဖမ်းနေသော လူခန့်ညားကြီးသည် စကားပြောတိုင်းပြောတိုင်းဒေါ်ခင်မိမိထံသို့ မျက်စိရောက်နေရ၏။ ဒေါ်ခင်မိမိသည် ထိုသူနှင့် အကြည့်ချင်းဆုံ၍ စိတ်၏ဖောက်ပြန်ခြင်း၌ခံစားနေကြစဉ်ဆိုင်အရှေ့လမ်းပေါ်၌ မော်တော်ဆိုင်ကယ်တစ်စီးသည် အင်ဂျင်သံပေါက်ကွဲရှည်လျက် ဆိုင်အရှေ့၌ ထိုးရပ်လာပါ၏။ မိနစ်ပိုင်းအတွင်း မော်တော်ဆိုင်ကယ်မောင်းနှင်သူသည်ဆိုင်ထဲသို့ဝင်လာပြီး၏။ ထိုသူစိမ်းသည်ဆံပင်ရှိုသေသပ်စွာ





www.burmeseclassic.com

www.burmeseclassic.com

စီးသင်ခြင်းမရှိသကဲ့သို့ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့သည်လည်း ရှည်လျားလျက်ရှိ၏။ စစ်ဘောင်းဘီ (OG) ကိုဝတ်ထားပြီး ဖျက်တက်ကို ဝတ်ဆင်ထား၏။ ထိုသူသည် လည်ရှည်စစ်ဖိနပ်ကို ဝတ်ဆင်ထားခြင်းကြောင့်လည်း ဆိုင်ထဲတွင် တဒေါက်ဒေါက်ဖြင့် ဖိနပ်သံ ဆူညံသွားရ၏။

ထိုသူသည်ဆိုင်ထဲသို့မျက်စိကစားလိုက်ပြီး ဆိုင်ထောင့်တစ်နေရာရှိ စားပွဲဝိုင်း၌ ဝင်ထိုင်လိုက်ပါ၏။ သူသည် မည်သည့် အစားအစာမျှ မှာယူခြင်းမရှိ၊ မှောင်မည်းနေသည့် ဆိုင်ပြင်သို့သာ အာရုံထား၍ငေးကြည့်နေ၏။ ငေးကြည့်နေစဉ် သူ၏လက်များသည် အငြိမ်မနေနိုင်၊ စားပွဲကို လက်ဖြင့် တဒေါက်ဒေါက် ခေါက်နေလေ၏။ သက်ရှည်သည်ထိုလူစိမ်းနားသွား၍ -

"ဘာသုံးဆောင်မလဲ - ဆရာ၊ ထမင်းလည်း ရှိတယ်၊ ခေါက်ဆွဲလည်း ရတယ်၊ နောက်ပြီး အရက်လည်းရောင်းပါတယ် - ဆရာ"

လူစိမ်းသည် အပြင်သို့ ငေးကြည့်နေရာမှ သက်ပြင်းချလိုက်ပြီး -

"မင်းတို့ဆိုင်မှာ ရေနွေးကြမ်းရှိလား၊ ရေနွေးကြမ်းရှိရင် ချပေးကွာ"

လူစိမ်းမှာသော ရေနွေးကြမ်းကို ကောင်တာတွင် သွားရောက်ယူ၍စားပွဲပေါ်၌ တင်ပေးလိုက်၏။ လူစိမ်းသည် မည်သို့မျှစကားမပြောတော့ပဲငြိမ်သက်၍နေလေ၏၊ ဒေါ်ခင်မိမိသည် ထိုလူစိမ်း၏ပုံသဏ္ဌာန်ကို သဘောမကျ၊ သူမသည် လောက်လူကို လက်တို့၍ သတိပေးထားရ၏၊ ထမင်းစားနေသောကံမြင့်တို့ ကားသမားအဖွဲ့သည်လည်း ထမင်းစားလျက်မှ အကဲခတ်ကြည့်နေ၏၊ လူခန့်ညားကြီးသည် မုတ်ဆိတ်မွေး ထူထဲဖျစ်နှင့် လူစိမ်းအား မသိမသာ အကဲခတ်လျက် -

"ခေတ်အခြေအနေမကောင်းတော့ လူလူချင်းလည်း စိတ်မချရဘူး၊ သတိတော့ထားကြပေါ့ဗျာ၊ လူလူချင်း တနာထောက်ထားမှု မရှိသရွေ့ ဘယ်သူ့ကို မဆို စိတ်ချလို့မရဘူး"

လောက်လူသည် ထိုလူစိမ်းနားသွား၍ -

"ဆရာကီး - ရေနွေးကြမ်းလည်း သောက်ပြီးပြီ၊ ဘာမှာချင်သေးလဲ ဆရာကီး၊ "ဝ" တို့ဆီမှာ အစုံရှိပါတယ်"

"ဘာမှမစားချင်ပါဘူး၊ ကျုပ်ကို ကူညီတဲ့အနေနဲ့ ကျုပ်ကို စကားလာ မပြောပဲ နေပေးပါ၊ ကျေးဇူးတင်ပါသတယ်"

လောက်လူသည်စဉ်းစားမရသည့် မျက်နှာဖြင့်ခေါင်းကုတ်ကာကောင်တာဘက် လှည့်သွားတော့၏။

လူခန့်ညားကြီးသည် လူစိမ်းကို ခေတ္တအကဲခတ်ပြီးနောက်ဒေါ်ခင်မိမိနှင့် လောက်လူတို့အား လှမ်း၍ သတိပေး၏။

"အခုတလော မြို့ထဲမှာ လူစိမ်းအဝင်အထွက် များတုံ့ရတယ်၊ မနက်က မြို့ဈေးထဲမှာ လူစိမ်းနှစ်ယောက်တွေ့လို့ မေးမြန်းကြည့်တော့ ဘယ်ဟုတ်လိမ့်မလဲ၊ အဲဒီလူစိမ်းနှစ်ယောက်က ရိုးမက ဆင်းလာတာတဲ့၊ ဗကပတွေနဲ့ တူပါရဲ့"

ထိုလူ၏ ပြောစကားကို ဒေါ်ခင်မိမိ ထောက်ခံလိုက်၏။

"ဟုတ်တယ်ရှင့်၊ ကျွန်မတို့ဆိုင်ကို လည်း နေ့နေ့ညည ဆိုသလို လူစိမ်းတွေ လာတတ်တယ်"

လူခန့်ညားကြီးမှာ အတော်အတန် အရက်သောက်ထားသည်မို့ နှုတ်ရှင်လာပါ၏။

"ခုမနက်ပဲကြည့်လေ - မြို့ထဲမှာ လူသတ်မှုဖြစ်တာ လူစိမ်းတွေ ခြေရှုပ်တာနဲ့ ပတ်သက်နေသလားမသိဘူး၊ ဒါပေမဲ့ အကြောင်းမဲ့သက်သက် လူသတ်တာတော့ မဖြစ်နိုင်ဘူး၊ အကြောင်းတော့ ရှိရမယ်၊ တစ်ခုသေချာတာကတော့ ရွှေငွေကြောင့်မဟုတ်ရင် လယ်ကြောင့်သာကြောင့် ဖြစ်နိုင်တယ်၊ သည်ကိစ္စတွေ ပါလီမန်အမတ် ဦးကျော်ထွန်း မသိသေးဘူးထင်တယ်၊ သိအောင်တော့ သတင်းပေးရမှာပဲ"

လူစိမ်းသည် လူခန့်ညားကြီးနှင့် တခြားသူများ ပြောဆိုနေကြသည်ကို ကြားသော်လည်း မကြားချင်ယောင်ဆောင်နေ၏၊ ဒေါ်ခင်မိမိတို့ဆိုင်အဖွဲ့နှင့် ထိုလူခန့်ညားတို့ ပြောဆိုနေကြစဉ် ဆိုင်ရှေ့သို့ ဒေါ်ဂျစ်တစ်စီး ထိုးဆိုက်လာပြန်၏။

■

ဒေါ်ဂျစ်ပေါ်မှ ဆင်းလာသောလူသည် ဘေးလွယ်အိတ်တစ်လုံးကို ဆွဲလာ၍ ဆိုင်ထဲသို့ဝင်လာ၏၊ ဆိုင်ပေါက်ဝ၌ရပ်လျက် ဆိုင်ထဲမှ လူများကို အကဲခတ်လိုက်ပြီး ဆံပင်ညှင်းသိုးသိုး မုတ်ဆိတ်မွေးနှင့် လူစိမ်းရှိရာ စားပွဲသို့ လျှောက်သွားပြီး သွက်လက်စွာ စကားပြောပါ၏။

"ဆရာရောက်နေတာ ကြာပြီလား၊ အားနာလိုက်တာ - ဆရာရယ်၊ ကျွန်

www.burmeseclassic.com

ဘညို၏တပည့်ဖြစ်သူ
ကားဒရိုင်ဘာသည် သေနတ်ကို
ပြေးကောက်ရန် ကြိုးစားပါ၏။
ငွေထုတ်လာပို့သောလူသည်
သေနတ်ပြေးကောက်ရန် ကြိုးစား
သည့် ကားဒရိုင်ဘာအား ခြေထိုး
ခံလိုက်၏။ မှောက်လျက်လဲသွား
သော ဘညို၏တပည့်အား လက်ကို
လိမ်ချိုးလိုက်ပြီး လက်ထိတ်
ခတ်လိုက်နိုင်၏။

တော့သူဌေးက စရိုးလွန်နေလို့ကြာသွားတာ၊ စိတ်မရှိနဲ့နော် - ဆရာ၊ ဟောဒီမှာ သူဌေးက ပေးခိုင်းလိုက်တဲ့ငွေ၊ သူဌေးကအခုလိုတူညီတဲ့အတွက် ကျေးဇူးတင်တဲ့အကြောင်း ပြောလိုက်ပါတယ်"

ပြောပြောဆိုဆိုဖြင့် ငွေများ ထည့်ထားသော သားရေလွယ်အိတ်အား စားပွဲပေါ်တင်ပေးလိုက်၏။ ထိုလူစိမ်းမှ -

"ဒါနဲ့ - မင်းတို့သူဌေးဦးအောင်ဒွန်း နေရော ကောင်းရဲ့လား"

"နေကောင်းတာမှ - ဒေါင်ဒေါင် မြည်နေတာပဲ - ဆရာ၊ သူ့ဆီကိုလည်း လာခဲ့ဖို့ ဆရာ့ကို ဖိတ်လိုက်သေးတယ်၊ ဆရာ့အတွက် အားလုံးစီစဥ်ထားတယ်တဲ့"

လူစိမ်း၏ နှုတ်ဖျားမှ ဦးအောင်ဒွန်း ဟူသော အမည်နာမကြောင့် တစ်ဖက်တွင် သူ၏လူနှင့် ထိုင်နေသောလူခန့်ညားကြီးသည် လှုပ်လှုပ်ရှားရှားဖြစ်လာ၏။ ထိုလူသည် ထိုင်ရာထ၍ လူစိမ်းနှစ်ဦး စကားပြောနေရာသို့ လျှောက်လာပြီး နောက် ငွေထုပ်လာပေးသောလူအား -

"ဟေ့လူ - ဦးအောင်ဒွန်းက ဒီငွေတွေကို ဘယ်သူ့ပေးခိုင်းတာလဲ"

လူစိမ်းနှစ်ဦးသည် လူခန့်ကြီး၏ အမေးစကားကြောင့် အံ့အားသင့်သွား ကြ၏။ ငွေထုတ်ယူလာသောလူမှ လူခန့် ညားကြီးအား -

"ကျုပ်တို့သူဌေး ဦးအောင်ဒွန်းက ဆရာတို့ဘညိုကိုငွေပေးခိုင်းလိုက်တာ၊ နောက်ပြီး - ဒီကိစ္စ ခင်ဗျားနဲ့ ဘာဆိုင်လို့ လဲ"

"ကျုပ်ကို ဘာဆိုင်လို့ ညာဆိုင်လို့ ပြီး ပြန်မေးစရာမလိုဘူး၊ ကျုပ်မေး တာ ဖြေပါ၊ ခင်ဗျားဆရာ ဦးအောင်ဒွန်း က ဘညိုကို ငွေပေးခိုင်းတာလား"

"ဟုတ်တယ်လေ - တစ်ကျွန်းပြန် ဘညိုကို ပေးခိုင်းတာ"

လူခန့်ကြီးသည် ထိုလူ၏ အိုးတိုး အတအုံ ကြည့်၍ ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။

"ခင်ဗျားဟာ တော်တော်နုံတဲ့သူပဲ၊ သူဌေးဦးအောင်ဒွန်းကလည်း ဘယ်လို ခေါက်တတ်ကရတွေခေါ်ပြီး ခိုင်းနေတာ လည်း မသိဘူး၊ တော်တော်လေးကို စိတ်ပျက်ဖို့ကောင်းတယ်၊ ဟော့ - ဒီမှာ တစ်ကျွန်းပြန် ဘညိုဆိုတာ တခြားသူ မဟုတ်ဘူး၊ ငါကွ - ငါ"

တစ်ကျွန်းပြန် ဘညို ဟူသော အမည်ကို ကြားဖူးကြသည့်သူများမှာ လှုပ်လှုပ်ရွရွဖြစ်သွားကြ၏။ လောက်လူ ငွေခေါင်းမိမိတို့မှာ မျက်လုံးပြူးမျက်ဆံ ပြူးဖြင့် ထိုင်ရအခက်၊ ထရအခက် ဖြစ် ကြရ၏။ တစ်ကျွန်းပြန်ဘညို ဟူသော လူခန့်ညားကြီးမှာ စားပွဲပေါ် တင်ထား သောငွေထုတ်အားလှမ်းယူလိုက်သည်။ ထိုသို့ လှမ်းယူလိုက်စဥ် မုတ်ဆိတ်မွေး နှင့် လူစိမ်းသည် ငွေထုတ်ကို လှမ်းယူ သည့် တစ်ကျွန်းပြန် ဘညို၏လက်အား လျင်မြန်စွာလက်ထိတ်ခတ်လိုက်သည်။ ဘညိုသည် ထိုလူစိမ်းအား -

"မင်းတို့က ဘာတွေလဲ၊ ဘာဖြစ်လို့ လက်ထိတ်ခတ်တာလဲ" ဟုဆိုကာ ကျန် လက်တစ်ဖက်မှ ကုတ်အကျႌအတွင်း၌ ရှိနေသော ခြောက်လုံးပြူးသေနတ်အား ဆွဲထုတ်လိုက်၏။ ဆွဲထုတ်လာသော သေနတ်ကိုင်လက်အား လူစိမ်းသည် လျှပ်တစ်ပြက် လက်ဝါးစောင်းဖြင့် ရိုက် ချလိုက်၏။ ဘညိုကိုင်ထားသောသေ နတ်မှာ အဝေးသို့လွင့်စဥ်သွား၏။ ဘညို ၏တပည့်ဖြစ်သူ ကားဒရိုင်ဘာသည် သေနတ်ကို ပြေးကောက်ရန် ကြိုးစားပါ ၏။ ငွေထုတ်လာပို့သောလူသည် သေ နတ်ပြေးကောက်ရန် ကြိုးစားသည့်ကား ဒရိုင်ဘာအား ခြေထိုးခံလိုက်၏။ မှောက် လျက်လဲသွားသောဘညို၏တပည့်အား လက်ကို လိမ်ချိုးလိုက်ပြီး လက်ထိတ် ခတ်လိုက်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုကာလအတွင်း ဘညိုသည် လူစိမ်းအား လက်သီးဖြင့် ထိုးရန် ကြိုးစား၏။ လူစိမ်းသည် လက်ထိတ်ခတ်ထားသော ဘညို၏လက်ကို လိမ်ထားလိုက်ပြီး ဇက်ကိုနှိပ်ထားလိုက်၏။ ဘညို တစ်ယောက် မည်သို့မျှ မလှုပ်ရှားနိုင်တော့။ ထိုစဉ် ရဲတပ်ဖွဲ့ဝင်များ ဆိုင်ထဲသို့ ရောက်ရှိလာပြီး တစ်ကျွန်းပြန်ဘညိုနှင့် သူ၏တပည့်အား ဖမ်းချုပ်ထားလိုက်၏။

ထိုအဖြစ်အပျက်ကိုမျက်မြင်ကိုယ်တွေ့ မြင်တွေ့ရသော လောက်လူနှင့် ဒေါ်ခင်မိမိတို့အဖွဲ့အပြင် ကားသမားများသည်ကြက်သေသေလျက် မယုံနိုင်ဖွယ်ထအံ့တသြဖြစ်ရပေ၏။ တရားခံများကို ဖမ်းမိသွားစဉ်လူစိမ်းသည်လောက်လူနှင့် ဒေါ်ခင်မိမိတို့အား တောင်းပန်၏။

“အခုလိုတရားခံကိုအသွင်ပြောင်းပြီး ဖမ်းနိုင်ဖို့ ကျွန်တော်တို့ ကြိုးစားခဲ့ရတာနဲ့ပတ်သက်ပြီး ကိုလောက်လူတို့ကို တောင်းပန်ပါတယ်၊ ဘညိုကို ဖမ်းနိုင်ဖို့ဆိုတာ မလွယ်ပါဘူး။ သူ့ပုံ သူ့ဟန်ပန်ကို ကြည့်ရင် လူသတ်သမားလို့ ထင်စရာ အကြောင်းမရှိပါဘူး။ ဒီမြို့က သုံးလောင်းမြိုင်လူသတ်မှုကိုဘညိုကျူးလွန်ခဲ့တယ် ဆိုတာ ကျွန်တော်တို့ရဲ့အဖွဲ့က အစက မသိခဲ့ပါဘူး၊ ဒါပေမဲ့ - အခင်းဖြစ်ပွားတဲ့ နေရာမှာသူသောက်နေကျဂိုးလ်ဖရိတ်စ်စီးကရက်အစီခံရယ်၊ သူ့လက်ဗွေရာတွေက ဘညိုဆိုတာကို ညွှန်ပြနေတယ်၊ အဲ - တစ်ခုတော့ရှိတယ်။ တစ်ကျွန်းပြန် ဘညိုဟာအဆက်အစပ်မရှိပဲလူမသတ်ပါဘူး။ တရားခံ ဘယ်သူဆိုတာသိပေမယ့် သူ ဘာကြောင့်လူသတ်တာလည်း ဆိုတာလေ့လာကြည့်လိုက်တော့ ဘညို တစ်ယောက်အိန္ဒိယဘက် သွားဖို့ငွေလိုနေတယ်ဆိုတာ သိရတယ်။ ငွေလိုတဲ့ အတွက် လူသတ်ငှားသူရှိလို့ လူသတ်တယ်ဆိုတာ အဖြေပေါ်လာတာပါပဲ၊ လူသတ်ခိုင်းတဲ့လူကလည်း ရန်ကုန်မှာ အမိကရထင်ရှားတဲ့သူဌေးတစ်ယောက် ဆိုတာ သိရပြီးတဲ့နောက် အဲဒီသူဌေးကို လည်း ဖမ်းလိုက်နိုင်ပါပြီ၊

လူစိမ်း၏ ပြောစကားကြောင့် လူစိမ်းသည် ရဲအရာရှိတစ်ယောက်ဖြစ်မှန်း သိလိုက်သည့် လောက်လူသည် ထိုလူစိမ်းအား -

“ရက်ရက်စက်စက် လူသတ်ချင်လောက်အောင် သည်သူဌေးက ဘာအကြောင်းရှိလို့လည်းဗျာ”

“ဒါကတော့ ကိုလောက်လူရယ် လူ့လောဘဗျ။ သူဌေး ဦးအောင်ခွန်းက မြို့တွေမှာရှိတဲ့ခြံတွေ လယ်ယာတွေကို ဈေးနှိမ်ပြီး ဝယ်နေကျလေ၊ အသတ်ခံရတဲ့မိသားစုက ပထမတော့ သူ့မြေကို ရောင်းမယ်လို့ ပြောခဲ့မှာပေါ့။ ဒါပေမဲ့ ရောင်းမယ့်ခြံမြေကအမွေဆိုင်ခြံဖြစ်တာ တစ်ကြောင်း၊ မိသားစုပြဿနာဖြစ်နေတဲ့အကြောင်းကြောင့် မရောင်းတော့ဘဲ ရပ်ထားလိုက်တာ။ လောဘ၊ ဒေါသ၊ မောဟတွေဖုံးလွှမ်းနေတဲ့ဦးအောင်ခွန်းဟာ ခေတ်ဆိုးခေတ်ပျက်ထဲမှာ ရောသုတ်ပြီးလူသတ်ခဲ့တာပဲ၊ ဒါပေမဲ့ - သူ သတိမထားမိတာက ဘယ်လောက်ပဲ ခေတ်ဆိုးခေတ်ပျက်ဖြစ်နေပါစေ၊ တရားဥပဒေဆိုတာက တည်မြဲနေတယ်၊ ရှိနေတယ်ဆိုတာပဲ၊ ကဲ - ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး”

လူစိမ်းမှ သူတို့အား ကျောခိုင်း၍ ဆိုင်မှထွက်မည်အပြု ဒေါ်ခင်မိမိမှ -

“ဒါနဲ့ - ဆရာ - ဆရာ ရဲအရာရှိမှန်း သိပါပြီ၊ ဆရာ့နာမည်က ဘယ်သူပါလဲရှင်”

လူစိမ်းသည် ခေတ္တရပ်လိုက်ပါ၏။ သူသည် လှည့်မကြည့်ပဲ ဖြေခဲ့ပါ၏။

“ကျွန်တော့်နာမည် အံ့မောင် — စီအိုင်ဒီ အံ့မောင်” ဖြေပြီးသည့်နောက် အမှောင်ထဲသို့ဝင်ရောက်သွားတော့၏။ မကြာပါချေ။ ဘီအက်(စ်)အေ အမေရိကန်လုပ်မော်တော်ဆိုင်ကယ်၏အင်ဂျင်သံ တဗုန်းဗုန်းဖြင့် ကားလမ်းပေါ်တွင် ညာသံပေးလျက် တောင်ဘက်ဆီသို့ ထွက်ခွာသွားသည်ကို ဆိုင်ကယ်အင်ဂျင်သံနှင့် မီးရောင်ကြောင့် ဆိုင်တွင်းရှိလူများ မျက်စိတစ်ဆုံး မြင်ခဲ့ ကြားခဲ့ရပါ၏။

➣ မောင်သာဇန် (ဇီးကုန်း)

**မြန်မာဆေးမြီးတိုများ**

**မျက်ခန်းစပ်ရောဂါ**

- ကြိတ်မှန်ရွက်ယို ဆေးစားပါ။

**မျက်စိစွန်**

- ဝဲချိုအရွက်စိမ်းအရည်ညှစ်၍ ခတ်ပါ။ လိမ်းပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်အရှေ့
မြောက်ဘက်တွင် ကျား၊ နွားနှင့်
ကျွဲရိုင်းများကို သက်စွန့်ဆံဖျား
ရင်တမိုမို ပစ်ခတ်ပုံ ..

ညဉ့်(၁၀)နာရီထိုးပြီးသည်နှင့် ...င်ကြောပေါ်မှ သစ်ကိုင်းလှုပ်ရှားသံ ...ကိုကြားလိုက်ရသည်၊

"လာပြီ - လာပြီ"

ဝေါ်ရခါး လူငယ်ကလေးတစ်ဦး ...ချမ်းသာလာ၍ ပြောပါသည်၊

ကျွန်ုပ်တို့ တဲအပြင် ထွက်၍ ...မှောင်မိုက်ထဲ ထိုင်ကာ စောင့်နေလိုက် ...အေးစိမ့်သောလေက တသိမ့်သိမ့် ...အောင် တိုက်ခတ်နေသလို နှင်းပွင့် ...ထင်လိုက် ကြွေဆင်းနေပြီဖြစ်၏၊ ...ခဲစောစောက သစ်ကိုင်းများ လှုပ် ...များသည် ပို၍ကျယ်လောင်လာ ...များလည်း ကြားနေရ၏၊ ကျွန်ုပ် ...လာရာဆီသို့ အာရုံစိုက်ကာ ...များအသင့်ပြင်ထားကြသည်၊ ...အကြီးဆုံး မျောက်သင်းအုပ် ...င်အပြင်မျောက်ထီးသုံးကောင် လောက်သာ ရွေးပစ်ရန်နှင့် ကလေးရှိသော မျောက်မကြီးများကို လုံးဝမပစ်ရန် မှာကြားထားရသည်၊

"ကွိကွိ - ကွိကွိ"

"ကွိကွိ - ကွိကွိ"

နှင်းမှုန်မှုန် နှင်းတံတိုင်းကို ဖောက်၍ မည်းနက်သော သတ္တဝါများသည် တောင်စောင်းတောင်ကြောမှ လျင်မြန်သောအဟုန်ဖြင့် ခုန်ဆင်းလာကြသည်ကို တွေ့လိုက်ရ၏၊

"တုံတုံ - တုံတုံ"

"တုံတုံ - တုံတုံ"

ရုတ်တရက်ဆောဖနီရွာထိပ်တင်းတဲများဆီမှ အုန်းမောင်းခေါက် အချက်ပေးသံပေါ်ထွက်လာပါသည်၊ ထိန်လင်းသောမီးပုံကြီးများကို ရွာမြဲစည်ရိုးဝတ်လည်တွင် တွေ့လိုက်ရသည်၊

ကျွန်ုပ်၏စိတ်ထဲတွင် မျောက်ဝံများလာသဖြင့် ခြောက်လှန့်ခေါက်သည်ဟု ပထမ ထင်မိသည်၊ နောက်မှ ဝေါ်ရခါး တစ်ဦး "ဗီး(လ်) ဗီး(လ်)" ဟု ထိတ်လန့်တကြား အော်လိုက်သည်၊

ဝေါ်ရခါး လူငယ်ကလေးတစ်ဦးက -

"ဗိုလ်ကြီး - ဒါဟာ ရွာထဲကို ကျားဝင်လို့ ခြောက်လှန့်တာပါ"



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါမှ ကျွန်ုပ်တို့မှာ ရွာထဲသို့ ကျားဝင်ကြောင်း သိရတော့၏။ မျောက်ဝံများကို နှိမ်နင်းရသည်မှာ လွယ်ပါသည်။ ကျားကို ရုတ်တရက် နှိမ်နင်း၍ရနိုင်မည်မဟုတ်သဖြင့် ကျွန်ုပ်မှာ ရွာထဲတွင်ရှိသော်များ ချမထားမိသဖြင့် စိတ်မကောင်းဖြစ်မိတော့၏။

ရွာနှင့်ကျွန်ုပ်တို့တောင်စောင်းယာထဲကြီးမှာ ပေ(၂၀၀)ခန့် ဝေးပါမည်။ ကျွန်ုပ်တမျောက်ဝံကြီးများကိုတပ်ကြပ်ကိုကြီး ဦးဆောင်သော တပ်သားကျော်မောင်မြနှင့်မောင်ဟန်တို့က နှိမ်နင်းစေပြီး ကျွန်ုပ်က တပ်ကြပ်ကလေး ကိုမြင့်ခေါ်ကာ ရွာဆီသို့ ဂေါ်ရခါးလူငယ်နှစ်ဦးနှင့်အတူ အမြန်ပြေးလာပါသည်။

ကျွန်ုပ်က လေးတောင့်ထိုး လက်နှိပ်ဓာတ်မီးကို ဂေါ်ရခါးလူငယ်ကလေးအား ပေးထားပြီး ကျားနှင့် ရင်ဆိုင်မိသောအခါမှ ထိုးရန် ပြောလိုက်ပါသည်။ နန်းမောတောင်ကျားများသည် အတင့်ရဲလှပါတကား။

ရွာနှင့်ကိုက်ငါးဆယ်ခန့်ရောက်ချိန်တွင် ရွာသားများ၏ အော်ဟစ်သံ၊ အုန်းမောင်းသံတို့ ဆူညံနေပါသည်။ ဂေါ်ရခါးလူငယ်ကလေးက သူတို့စကားဖြင့်လှမ်း၍ကင်းသမားများကိုမေးလိုက်ပါသည်။

"ကျား ဘယ်မှာလဲ၊ ကျား ဘယ်မှာလဲ"

ကင်းသမားက ဒူးလေးကိုင်ရင်းရွာတောင်ဘက်ကို လက်ညှိုးထိုးပြသည်။

"အဲဒီဘက်ခြံစည်းရိုးက နိမ့်တယ်။ ဒီက ဝင်လာပြီး နွားတစ်ကောင်ကို အတင်းဝင်ဆွဲနေတယ်"

"ကျား ဘယ်နကောင်လဲ"

"နှစ်ကောင်"

ကျွန်ုပ်တို့သည် ရွာတောင်ဘက်သို့ ခြံစည်းရိုးပတ်ကာ ပြေးခဲ့စဉ် ကျွန်ုပ်တို့ စခန်းချထားသော ယာယီတဲဆီမှ သေနတ်သံများကို ဆူညံစွာ ကြားလိုက်ရပါသည်။

ရွာတောင်ဘက် တံခါးပေါက်သို့ မရောက်မီမည်းမှောင်သောသတ္တဝါကြီးတစ်ကောင်သည် ခြံစည်းရိုးမှ ခုန်ထွက်လာသည်ကို တွေ့လိုက်ရပါသည်။ သူ၏ပါးစပ်တွင်သတ္တဝါတစ်ကောင် ဆွဲချီလာသည်ကို တွေ့ရ၏။ ကျွန်ုပ်က လက်နှိပ်ဓာတ်မီးကိုင်ဂေါ်ရခါးအမျိုးသားကလေးအား "မြန်မြန်မီးထိုး" ဟု ပြောလိုက်မှ ကောင်လေးမှာ အထိတ်တလန့်ဖြင့် လက်နှိပ်ဓာတ်မီးကို ဖွင့်လိုက်ပါသည်။

အမြီးမှတိုင်းလျှင် ဦးခေါင်းအထိ ကိုးတောင်နီးပါးရှိသော "ကျွန်းပတ်တောင်စဉ်စုနစ်ရှိုင်" ကျားများအရွယ်ရှိသော တရုတ် မြန်မာနယ်ခြားရှိ "အန်းသီ" ခေါ် ကျားကြီးသည် နွားပေါက်တစ်ကောင်အား ကိုက်ချီလျက် တွေ့ရခြင်းပင်။

"အန်းလီ" မှာ လောအမျိုးသားနှင့် အမျိုးသားအချို့ခေါ်သော စကားပင် ဖြစ်သည်။ ဂေါ်ရခါးအမျိုးသားတလေးက ဓာတ်နှိပ်ဓာတ်မီးဖွင့်လိုက်သောအခါတွင် လက်နှိပ်ဓာတ်မီးရောင်တွင် နယ်ခြားကျားကြီးသည် သားတောင်ကို ချီလျက် ကျွန်ုပ်တို့ဘက်သို့ မျက်နှာမူကာ "ခေါင်း" ခနဲ ဟိန်းလိုက်သည်။

အတော်ပင်။

ကျွန်ုပ်သည် တုံ့ဆိုင်းမနေပါ။ ဒသမ (၁၂)ရိုင်ဖယ်ဖြင့် နှာခေါင်းနှင့် မျက်စိကြားချိန်ရွယ်၍ပစ်ထည့်လိုက်သည်။ ကျွန်ုပ်၏ ကျည်တစ်တောင့်တည်းဖြင့် ဖုန်းခနဲ လဲကျကာ အသက်ပျောက်သွားလေ၏။

"မေးစမ်းပေ့ - ရွာထဲမှာ ကျားတစ်ကောင် ရှိသေးသလဲ"

ကျွန်ုပ်တပြောလိုက်သဖြင့်ဂေါ်ရခါး ကလေးက မေးလိုက်ရာ တစ်ကောင်ရှိကြောင်းပြန်၍ပြော၏။

အထူးသဖြင့် ဂေါ်ရခါးနှင့် ဟိန္ဒူအမျိုးသားအစရှိသော အမျိုးသားများမှာ ရိုးသားလှသလို ဖြတ်သျှတပ်မတော်တွင် ထင်ရှားသော စစ်သူရဲကောင်းများလည်း ဖြစ်ပါ၏။

တောင်ဘက်ရွာတံခါးမှ ကျွန်ုပ်တို့အား ဖွင့်ပေးသဖြင့် ဝင်ခဲ့စဉ် ကျားဟိန်းသံကြီးတစ်သံကိုကြားလိုက်ရ၏။ ကျွန်ုပ်သည် အနောက်ရိုးမ၌ ငယ်စဉ်တတည်းကပင် ကြီးပြင်းခဲ့ရသူဖြစ်၍ ယင်းကျားသည် ကျားအိုတစ်ကောင်ဟုသာ ဆုံးဖြတ်ကာ လမ်းပြရွာသားအချို့နှင့်အတူ ပြေးလာခဲ့ကြပါသည်။

ရွာခြံစည်းရိုးအချို့မှာတား ပျက်စီးနေသဖြင့် ကျားများ ဝင်နိုင်ခြင်းပင် ဖြစ်၏။ ကျွန်ုပ်သည်တပ်ကြပ်ကလေးမောင်မြင့်နှင့်အတူ ကျန်နေသောကျားရှိရာသို့ ထွက်လာစဉ်ရွာသားသုံးဦးလည်းပါလာကြ၏။

"အာဝု - ဝေါင်း"

ဂေါ်ရခါးလူငယ်ကလေးက လက်နှိပ်ဓာတ်မီးဖြင့်ထိုးကာ ထိုးကာ ကြည့်လိုက်စဉ် ကျွန်ုပ်တို့သွားရာလမ်းမှာဝင်တဲအိမ်ကြီးတစ်အိမ်မှ ပြေးထွက်လာသော အဝါတွင် အနက်အစင်းကြီးများနှင့် ရင်တွင် အဖြူရောင်အမွေးများရှိသော အသက်ကြီးသည့် ကျားအိုကြီးတစ်ကောင်နှင့် ရင်ဆိုင်မိကြ၏။

www.burmeseclassic.com

ဂေါ်ရခါးရွာသားများသည် ခပ်ဝေးဝေးလျှမ်းတောမှမီးတုတ်များကိုင်ကာ ရှုညံနေကြ၏။ ယင်းကျားကြီး၏ပါးစပ်တွင်အမျိုးသမီးတစ်ဦးအားကိုက်ချီထားပါလေသည်။ မီးရောင်တွင် ကျားအိုကြီး၏မျက်လုံးများတဝင်းဝင်းလင်းနေ၏။ အကိုက်ခံရသော အမျိုးသမီးမှာ အော်ဟစ်နေ၏။ ကျားအိုများမှာအစွယ်တုံး နေပြီဖြစ်၍လူကိုသေအောင်မကိုက်နိုင်ကြခြင်းသို့သော် လက်ဖြင့်ပုတ်ပါက တစ်ချက်တည်းဖြင့်အသက်ပျောက်သွားနိုင်ပါသည်။ အိပ်နေစဉ် ဆွဲသွားကြောင်း ထင်ရှားလှ၏။

ကျွန်ုပ်တို့၏လက်နှိပ်ဓာတ်မီးရောင်တွင်ကျားအိုကြီးသည်မိန်းကလေးကိုချတာ ခေါင်းခနဲ မာန်ဖီကာ ဟိန်းလိုက်သည်။ ကျွန်ုပ်တသူ၏နှာရောင်နှင့်မျက်စိအကြားကို (၃၇၅)ရိုင်ဖယ်ကျည်ဆန်ဖြင့် ချိန်ရွယ်ပစ်လိုက်၏။

"ဒိုင်း..."

ကျည်ဆန်ပေါက်ကွဲ အားသည်ဖြင့်းထန်သလောက် ကျားအိုကြီးမှာလည်းတုံးခနဲလဲကျကာအသက်ပျောက်သွားလေတော့သည်။

ဂေါ်ရခါးမိန်းကလေးမှာ အသက် (၁၈)နှစ်ခန့်လုံးကြီးပေါက်လှတည်။ သူ၏လည်ကုပ်တွင် ပွန်းပဲ့သောဒဏ်ရာမှလွဲ၍ အခြားဒဏ်ရာမတွေ့ရပါ။ အသက်ချမ်းသာရာ ရသွားတော့သည်။

ဂေါ်ရခါးလူကြီး ချန်မားနှင့် ရွာသားများ မိန်းကလေး၏မိဘများက ကျေးဇူးတင်လှကြောင်းပြောဆိုကြ၏။ ဤအချိန်မှာပင် ရွာအပြင် တောင်စောင်းယာတဲမှ တပ်သားကျော် မောင်ဟန်နှင့် ဂေါ်ရခါးလူငယ်ကလေးက လာရောက်သတင်းပို့ပါသည်။ ကြီးမားလှသောမျောက်ဝံကြီးနှစ်ကောင်အပြင်မျောက်ဝံမသုံးကောင်၊ မျောက်ညိုတစ်ကောင်ကို ပစ်ခတ်ရလိုက်ကြောင်းပင် ဖြစ်သည်။

ရွာလူကြီး ချန်မားအား -

"ခင်များတို့ရွာကိုနောက်ထပ်ကျားရော မျောက်ဝံတွေပါမလာတော့ပါဘူး"

ချန်မားက -

"အလွန်ကျေးဇူးတင်ပါတယ် - ဗိုလ်ကြီး၊ ဒီနေ့ညမှာ ဂုဏ်ပြုပါရစေဦး"

ကျွန်ုပ်က လက်မခံပါ၊ မနက်ဖြန်တွင် ကျွဲရိုင်းများကို လိုက်လံပစ်ခတ်လိုသေးကြောင်းပြောလိုက်ပါသည်။ ကျွန်ုပ်တို့အတွက် ကျားသားရေနှင့် ကျားစွယ်များ လာပို့ရန် မှာကြားလိုက်ရ၏။



ထိုနေ့ညတွင် လေက တဖြူးဖြူး တိုက်ခတ်နေသလောက် အအေးဓာတ်လည်းလွန်ကဲနေပါ၏။ ရွာလူကြီး ချန်မားက ကျွန်ုပ်တို့အတွက် ဂုဏ်ပြုသောအားဖြင့် အစားအသောက်နှင့် ဆိတ်ချိုနှင့်ချက်ထားသည့်အရက်များကိုလာ၍ပို့ကြ၏။

ညဉ့်သုံးနာရီလောက်တွင် အိပ်ရာဝင်ကာ အိပ်ပျော်သွားစဉ် ဂေါ်ရခါးလူငယ်တစ်ဦးနှင့်ရဲဘော်မောင်ဟန်တို့ လာ၍နှိုးကြ၏။

ကျွဲရိုင်းနှင့် နွားရိုင်းများသည် နန်းတောင်တန်း "နန့်မား" တောင်ကြောတွင် ရောက်နေကြောင်း သတင်းပို့လာပါသည်။ ကျွန်ုပ်အိပ်ရာမှထသောအချိန်တွင်နံနက်(၆)နာရီရှိနေပြီဖြစ်၍အလင်းရောင်များ သမ်းစပြုနေ၏။ နှင်းများကမှုန်မှိုင်းအတိုင်း တဖွဲဖွဲ ကျဆင်းနေလျက်ရှိသော နှင်းပွင့်များမှာ လေထဲတွင် လွင့်မျောလျက် နေကြလေသည်။

ကျွန်ုပ်နှင့်ရဲဘော်များသည်လိုအပ်သော မီးတွာအခြောက်နှင့် အသားဘူး၊ ... များယူကာ လမ်းပြရွာသား ... အမျိုးသားတစ်ဦးခေါ်၍လာခဲ့ကြ ... လူငယ်မှာညက "ဇီး(လ်)ဇီး(လ်)" ... သော "ဆာမိ" အမည်ရှိလူငယ် ... သည်။

သူသည် ဂေါ်ရခါးရွာတွင် ကာလသားအမျိုးသားမိသားစုမှ ပေါက်ဖွားသောလူငယ်ဖြစ်၍ကာလသားစကားဖြင့်အော်လိုက်ခြင်း ဖြစ်သည်။

ကျွန်ုပ်တို့သည် သုံးမိုင်ခန့်သွားမိသောအခါတွင် ထိုနေရာမှာ တောင်ခေါင်းတုံးများနှင့်မြက်ရိုင်းကြီးများထူထပ်လှသည့်ကြမ်းတမ်းသောမြေနေရာဖြစ်ကြောင်း သိလာရ၏။ နောက်ဆုံး ကျွန်ုပ်တို့သည်လမ်းပြကလေး ဆာမိ၏ညွှန်ပြချက်ဖြင့် အရှေ့ဘက် တောင်တန်းများဘက်သို့ (၂)မိုင်ခန့် ဆက်၍လာခဲ့ကြပါသည်။ မြက်ရိုင်းတောကြီးမှ သည်မြက်နုများနှင့် သစ်ပင်ချုံပိတ်ပေါင်းထူထပ်သည့်ဒေသသို့ ရောက်ရှိလာကြ၏။


နန့်မားတောင်ကြော "ဇွေ" အလယ်သို့ ကျွန်ုပ်တို့ရောက်လာစဉ် ချောင်းကြီးတစ်ချောင်းကို တွေ့လိုက်ရသည်။ ကျွဲရိုင်းခြေရာများကို စတင်တွေ့ရပါလေပြီ။ သို့သော် ကျွဲရိုင်းများကို မမြင်ရသေး။

"ဗိုလ်ကြီး၊ ဟိုဘက်ကိုကြည့်ပါဦး"

ကျွန်ုပ်က လမ်းပြကလေး ညွှန်ပြသောမြောက်ဘက်ဆီသို့ကြည့်လိုက်ရာ မြက်ရိုင်းတောဘက်မှမြက်ရိုင်းများလှုပ်ခါနေသည်ကို တွေ့ရ၏။ ... တိုက်သကဲ့သို့ ယိမ်းခါကာ တလှုပ်လှုပ် ရှိနေသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ပ်တို့၏ ဖက်နိုပ်ဓာတ်မီး ရောင်တွင် ကျားအိုကြီးသည် မိန်းကလေးကိုချကာ ဝေါင်းခန် မာန်ဖီကာ ဟိန်းလိုက်သည်။ ကျွန်ုပ်က သူ၏ နာရောင်နှင့် မျက်စိအကြားကို (.၃၇၅) ရိုင်ဖယ်ကျည်ဆန်ဖြင့် ချိန်ရွယ်ပစ်လိုက်၏။

ခြောက်မီ မည်းမှောင်သော ကိုယ် လုံးကြီးများနှင့် ဦးချိုကားကား သတ္တဝါ များသည်မြက်ရိုင်းတောကြီးမှ ပေါ်ထွက် လာတော မြက်နခင်းများပေါ်သို့ ရောက် လာကြလေသည်။

"ဪ - ဒီအကောင်တွေဟာမြက် ရိုင်းတောထဲမှာ ဝင်နိုနေပြီး မြက်နစား ကြမှာကိုး။ ပြီးမှ ရေသောက်ဆင်းကြ မယ်"

ကျွန်ုပ် ထင်သည့်အတိုင်းလည်း မှားပါ၊ မြက်နခင်းထဲသို့ ရောက်လာ သောအခါတွင်ကောင်ရေတစ်ရာကျော် ခန့်ရှိသော ကျွဲရိုင်းနှင့် နွားရိုင်းများသည် မြက်နများကို စားသောက်လျက် နေကြ တော့၏။

သတ္တဝါတို့၏ သဘာဝအလျောက် နွားရိုင်းနှင့်ကျွဲရိုင်းများသဟဇာတဖြစ်ပြီး တွဲနေသည်မှာ မဆန်းတော့ချေ။

"ဗိုလ်ကြီး - မြန်မြန်လာပါ။ အလွန် ကြောက်စရာ ကောင်းပါတယ်"

လမ်းပြသူက သစ်ပင်ကြီးတစ်ပင် ညွှန်ပြကာ အမြန်ဆုံး ပြေးတက်သွား သွားတာ ခွဆုံတွင် ထိုင်၍ ကျွန်ုပ်တို့ကို ...ျက်ရှိပါသည်၊

ထစ်နာရီခန့် ကြာသောအခါတွင် ...ွန်ကြီးမားသော ကျွဲရိုင်းထီးကြီးက ...ခေါင်းဆောင်လျက် ချောင်းဆီသို့ ဆင်း ...လေသည်၊ သူတို့၏ ခြေသံမှာ ဆူ ...ပြီး တောချုံများလည်း ပြားထွက် ...၏၊

ကျွဲရိုင်းများကား ရန်သူမြင်လျှင် ...လိုက်ချီ၍ တိုက်ခိုက်ကြသည်မှာ ...တ်စရာကောင်းလှတော့သည်၊

"ဗိုလ်ကြီး - ဟိုဘက် ကြည့်ပါဦး"

လမ်းပြကလေးက တောင်ဘက်သို့ ...ပြလိုက်ရာ ကောင်ရေ ငါးဆယ် ...ခန့်ရှိသော ကျွဲရိုင်းနှင့် နွားရိုင်းအုပ် ...သည်ချောင်းဆီသို့လာနေကြသည် ...တွေ့ရသဖြင့် ကျွန်ုပ်နှင့် ရဲဘော်များ ...ည် အန္တရာယ်အခွေ့အသက်ကို ရှုမိ ...ပြီ။

ထို့ကြောင့် လမ်းပြကလေးရှိသော ...ပင်အောက် ချုံကြီးကို အကာ ...ယ်သူတာ ရဲဘော်များကို သစ်ပင် ...အမြန်ဆုံးတက်စေပြီး ကျွန်ုပ်က ...ကို အတာအကွယ်ယူကာ နေခဲ့ ၏၊ ပထမကျွဲရိုင်းအုပ်ကြီးသည် ချောင်း ထဲသို့ ဆင်းပြီး ရေသောက်ကာ ရေစိမ် ကာ မြူးနေကြ၏၊

ကျွန်ုပ်က ကျွဲရိုင်းအုပ်ခေါင်းကြီးဖြစ် သည့်ဗွယ်ကားကြီးအား (.၃၇၅) ရိုင်ဖယ် ဖြင့် ပစ်ခတ်ရန် ပြောင်းဝညွှန်လိုက်စဉ် မှာပင် ဒုတိယကျွဲရိုင်းများနှင့်နွားရိုင်းများ ချောင်းထဲသို့ ရောက်လာကြပြီဖြစ်၏၊ သူတို့သည် တောင်ယာသမားများ စိုက် ပျိုးခင်းများအား ဝင်ရောက်ဖျက်ဆီးစား သောက်နေကြသည်မှာ ကြာလေပြီ၊

ကျွန်ုပ်က ရိုင်ဖယ်မောင်းတံ ဆွဲချ လိုက်၏၊ ဒိုင်းခနဲ မြည်သံနှင့်အတူ ယမ်း ခိုးများ ထောင်းခနဲ လွင့်စဉ်ထွက်လာ သည်၊ ကျွဲရိုင်းကြီးသည် ရေစပ်မှာပင် တုံးခနဲ လဲကျသေသွား၏၊

ရုတ်တရက် ကျွဲရိုင်းများ ခေါင်း ထောင်၍ လှုပ်လှုပ်ရှားရှား ဖြစ်သွားစဉ် တပ်ကြပ်ကလေးမောင်မြင့်နှင့်တပ်ကြပ် ကိုကြီးတို့၏ ရိုင်ဖယ်ပစ်သံများ ဆက် တိုက်ပေါ်ထွက်လာသည်၊

ကျွန်ုပ်တို့၏ ရိုင်ဖယ်အသံများ ဆူ ညံသွားပြီးနောက် ကျွဲရိုင်းများနှင့်နွားရိုင်း များသည် ဝရုန်းသုန်းကားဖြစ်၍ ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com

ဆီသို့ တဝုန်းဝုန်း ပြေးလာသည်မှာ မြေ ရှုန်များ တထောင်းထောင်း ဖြစ်နေတော့၏။

"ဗိုလ်လေး - မြန်မြန်လာပါ"

တစ်ကြွပ်ကိုကြီးက ကျွန်ုပ်အား လက်ကမ်း၍ ခေါ်နေသဖြင့် ကျွန်ုပ်မှာ မနေသာတော့ပဲ သစ်ပင်ပေါ်တက်လိုက်ပြီး ခွဆုံတွင် ထိုင်လိုက်ရ၏။ ကျွဲရိုင်းများသည် ဒေါသတကြီးဖြင့် တောချုံများနင်း၍ တရကြမ်း တိုးလာကြသည်မှာ ကြောက်စရာ ကောင်းလှတော့သည်။

ကျွန်ုပ်တို့၏ သစ်ပင်နှင့် ဆယ်ပေခွာမှ ဖြတ်သန်းပြေးသွားစဉ် ကျွန်ုပ်က ရိုင်ဖယ်ကျည်များကို တစ်တောင့်ပြီး တစ်တောင့် ပစ်လွှတ်ခဲ့ရာ ကျွန်ုပ်လက်ချက်ကြောင့်ကျွဲရိုင်းကြီးငါးကောင်လက်ဖြင့်ထိတာ လဲကျသွားတော့၏။

ကျွန်ုပ်၏ရဲဘော်များပစ်လိုက်သော တောင်ရေနှင့်ပါဆိုမှ ဆယ့်နစ်ကောင် တိတိစင်ဖြစ်သည်။ ကျွဲရိုင်းဆယ်ကောင်နှင့် နွားရိုင်းနစ်ကောင်ပင်ဖြစ်တော့သည်။

တဝုန်းဝုန်းနှင့် ပြေးလွှားသွားကြသည်မှာ မြေပြင်သိမ့်သိမ့် တုန်ခါလျက်၊ မြက်ရိုင်းတောကြီးမှာ လှိုင်းလုံးများ သဖွယ် ဖြစ်နေတော့သည်၊ ထို့နောက်

တောင်ပေါ်သို့ တက်သွားကြလေတော့ ၏။

ကျွန်ုပ်က အနီးဝန်းကျင်ရွာများသို့ အကြောင်းကြားကာ အသားများကို ဝေ ငှယူရန်နှင့် ကျွန်ုပ်တို့တပ်များအတွက် နွားရိုင်းနစ်ကောင်ကို ဖျက်၍ လှည်းဖြင့် ပို့ရန်လမ်းပြကလေးအားပြောဆိုပြီးတပ် သားနစ်ဦးထည့်၍ ပြန်လွှတ်လိုက်ရပ် သည်။

ကျွန်ုပ်နှင့် တစ်ကြွပ်နစ်ဦးတို့သည် သစ်ပင်အောက်တွင် အနားယူကာ ရိက္ခာခြောက်နှင့် အသားဘူးများထုတ် ကာစားသောက်ရင်းအပန်းဖြေနေလိုက် ကြပါသည်။

နေ့လယ်ချိန်တွင် ဂေါ်ရခါးလူကြီး ချန်မား ခေါင်းဆောင်သော ရွာသားများ အပြင် ရှမ်းတရုတ်ရွာသားများ တစ်ရာ ကျော်ခန့် ရောက်လာကြ၏။ သူတို့နှင့် အတူ ဝန်တင်မြင်းပုကလေးများ နွားများ ကိုပါ ဆွဲယူလာကြသည်၊ ဂေါ်ရခါးလူ ကြီး ချန်မားက ကျေးဇူးတင်လှကြောင်း ပြောပြပါသည်၊

မိန်းမနှင့်ကလေးများသည်ကျွဲရိုင်း နှင့် နွားရိုင်းအသေကောင်များကိုင်က ဝမ်းသာနေကြသည်၊ သူတို့ရွာများတို့

နှုတ်ပေးခဲ့သောသတ္တဝါများကို သူတို့ တစ်ဝ စားသောက်ကြရတော့မည် ဆတ္တဝ်ပါလား၊

ကျွန်ုပ်တို့ အမဲပစ်အဖွဲ့မှာ ရွာသား များရောက်နေသည်ကိုကောမျှစောင့်ကြည့် ပျော် ဂေါ်ရခါးလူကြီးနှင့်အတူ ဆာဖရီ ရွာသို့ပြန်ခဲ့ကြ၏၊

ထိုနေ့ညတွင် ဂေါ်ရခါးလူကြီးက ကျွန်ုပ်တို့ မုဆိုးအဖွဲ့ကို ဂုဏ်ပြုညစာ ကျွေးခဲ့ပါသည်၊ နောက်တစ်နေ့နံနက် တွင်ကျွန်ုပ်တို့ထံသို့ ကျွဲရိုင်းဦးချိုများကို လာ၍ပို့ကြသည့်အပြင် လှည်းသုံးစီးဖြင့် ထိုက်၍ပို့ကြ၏၊

လှည်းနစ်စီးတွင် နွားရိုင်းသားများ နှင့်အတူ ကျွဲရိုင်းဦးချိုများကိုတင်ဆောင် လာခဲ့ပါသတည်း၊

➵ မြဝတီ

မြန်မာဆေးမြီးတိုများ

မီးယပ်ရောဂါ
ဝှည်းဆန်ကို
ထန်းလျက်နှင့်
ယိုထိုးစားပါ။

မီးယပ် (ကျက်)
ကြိတ်မှန်ရွက် ယိုထိုးစားပါ။

မီးယပ် (ချည်)
စိန္နတော်အမြစ်ပြုတ်ရည်ကြင်
ခွေးတုတ်ခြင်း ရေကျိုခြင်း
ပြုလုပ်ပါ။

မီးယပ်(ထိမ်)
ကြိတ်မှန်ရွက်
တစ်ဆယ်သားလောက်ကို
ထန်းလျက် နစ်ကျပ်သားနှင့်
ကျိုပြီးသောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

သူ့ဝလသံ လေပေါက်ကဖြင့် အံ့အဲ ရောတ်ရက် ထိတ်လန့်တကြားကြီး။

တတယ်တမ်းကား ကျားခင်စိန်ဟု တစ်တောင်လုံးက နှတ်ကျိုးနေကြသည့် တပ်ကြပ် ဒေါ်ခင်စိန်သည် တောင်ဖြူ ပေါ်က သာနွေဝန်ထမ်းမဟုတ်၊ တပ်မ တော်ဆက်သွယ်ရေးတပ်မှ အသွင်ကူး ပြောင်း၍ အကျဉ်းဦးစီးဌာနဝင် ဝန်ထမ်း ဖြစ်လာသည့် စစ်သည်ရဲမေတစ်ဦး၊ အရပ် တောင်တောင်မောင်းမောင်း ခေါင်းတည်မောင်းတည် ဆိုးဆိုးဆတ် ဆတ်ဆတ်ဆတ်ကြဲထဲကဖြစ်၏။ အများ သူတတာ တောင်ဝါဒါမတွေ၊ ဝန်ထမ်း တွေတာ လွတ်လပ်ပေါ့ပါး ချပ်ရပ်လှပ သည့် အမျိုးသမီးဝတ် ယူနီဖောင်းကိုမှ တင်မတ်စတ်စတ် စုံရေမက်က ဝတ်နေ ကြချိန်တွင် သူကြီးက ဘောင်းဘီရှည်၊ တွန်ဘတ်ဘွတ်(တ်)နှင့် ယောကျ်ား သသားများ ဝတ်ရသည့် အကျဉ်းဌာန ယူနီဖောင်းကြီးကိုဝတ်စုံပြည့်အပီအပြင် တျာတျနနဝတ်နေတတ်သူလည်းဖြစ်နေ သေး၏ ခင်ဗျ။

ဒေါ်ခင်စိန်၏ ပင်မတာဝန်က မန္တ လေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး လက်အောက်ခံအကျဉ်းဦးစီးဌာန၊ ကျွမ်း ကျင်မှုဆိုင်ရာ သင်တန်းကျောင်း၏ အမျိုးသမီးသင်တန်းသူများဆိုင်ရာ စစ် ရေးပြနှင့်ကိုယ်ကာယကြံ့ခိုင်ရေးနည်းပြ P.T ဆရာဖြစ်၏။ သင်တန်းဆရာတစ်ဦး ဟုပဲ ပြောကြပါစို့။ အဲ - အမျိုးသမီးသင် တန်းသူများ ပါမလာတတ်သည့် သင် တန်းအပတ်စဉ်များ၌မန္တလေးထောင်ရှိ တယ်လီဖုန်းအော်ပရေတာတစ်ဦးအဖြစ် ခများကြီးမှာ ကျွမ်းကျင်ရာ လိမ္မာတာဝန် ထမ်းရရှာတတ်ပါသေးသည်။

သူ့တာဝန်၊ သူ့အလုပ်များက တကယ့်ထောင်ဝတ္ထုရားတွေနှင့် လား လားမျှမဆိုင်။ ထောင်နှင့် လုံးလုံးမနွယ် သည့် သီးသန့်ကျွမ်းကျင်မှုအလုပ်တွေ ချည်းသာလျှင်ဖြစ်၏။ သို့တိုင်ယောကျ်ား ကြီးတစ်ယောက်လို ဘောင်းဘီရှည်နှင့် ဘွတ်ဖိနပ်နှင့် ကျားစီးဖားစီး ခေါင်းတည် မောင်းတည်ကြီးနှင့်ပေမို့ မိန်းမထောင် ရှာဖွေရေးတို့ ခပ်ကြမ်းကြမ်း တလာစီရ သည့်အလုပ်တို့ ထောင်တံခါးမဘူးကြီး အတွင်း အမျိုးသမီးအုပ်ချုပ်သူ၊ အကျဉ်း သူများအား ခန္ဓာကိုယ်ရှာဖွေရေး (Body Searching) တို့လို စေ့စေ့စပ်စပ်၊ ဖြန်း ဖြန်းကွဲ အလုပ်တွေမှာ ကျားခင်စိန်တို့ နိုင်းရတတ်ကြစမြဲ။ အသုံးလည်း တည့် လှပါဘိတောင်း။ စေ့စပ်သေချာလွန်းရုံ မှုတ မည်သူမည်ဝါမျက်နှာမျှမငဲ့ကွက် ခတောက်ထား။ သူ့အလုပ် သူ့ဝတ္တရား သဲ၌သာပဲ စုန်းစုန်းနစ်၍ တိတိပပ လုပ် တတ်သူပေမို့ထောင်အရာရှိ၊ တာဝန်မှူး ကိုယ်တော်များက သဘောခွေ့နှလုံး တွေ့ခေါ်ပြား အကျဉ်းသူ အချုပ်သူ ရှေ့တာ ဗွာစိလန်၊ ဖံဖံကျဲတို့တစ်တွေ၏ မျက်စောင်းတခဲခဲ၊ မကြားနိုးနား၊ ဆဲသံ ကြိမ်းသံ ကလော်တုတ်သံတို့ကိုပန်းနှင့် ပေါက်သလောက်နီးနီး၊ ထောင့်မေတ္တာ ခံယူနေရပြန်သူကြီးလည်းဖြစ်လေသေး သည်။

ထို့ကြောင့် တာဝန်မှူးကျသည့်နေ ချိန်း ဗိုဗိုပြားပြား စေ့စေ့စပ်စပ် အလုပ် လုပ်တတ်သော ဒေါ်ခင်စိန်ကို တံခါးကြီး ရှာဖွေရေးအဖွဲ့၌မိန်းမထောင်အပိုင်းအား ခေါင်းဆိုင်းတတ်ရာခများမလည်းမညည်း ညူ ဝင်ဝင်ကူလေ့ရှိမြဲ၊ အထူးသဖြင့် မိန်းမထိုးမင်းတဲ၊ အီကင်းတို့လို ဒုစရိုက် မှုကြီးသူတွန်ပေါင်းတွေ ထွေးထွေးရှုပ်နေ သည့်အမှတ်(၄)နယ်မြေရုံးထုတ်ရုံးပြန် ရုံးချုပ်လမ်းကြောင်း ကားပြာကြီးတွေ ဆင်းလာတတ်သည့် ညနေပိုင်း ဘူးတံခါး ကြီး ထလာစီခန်းအတွင်းမှာ သူမနှင့် တပ်သားကြည်ကြည်ဆွေတို့ ကိုသာ ယုံ၍ပုံအပ်ထား၊ နောက်လှည့်မကြည့် နှင့်တော့။ အေးရာ အေးကြောင်း။ ဟုတ် ပေ့ကို ဖြစ်လို့။

ယခုပဲကြည့် ...။

ဘာတွေတွေ၊ ဘာတွေဖြစ်၍များ သူလိုမိန်းမဘာသားကြီးနှတ်က ထိတ် လန့်တကြား အသံစုံတွေ မြည်တိန်းလာ ရပါရိုမ့်။

"ဆရာ - ဆရာ - လာ - လာပါဦး ဆရာ - လာကြည့် ကြပါဦး။ အယ် - မဟုတ်သေးပါဘူး။ ဟဲ့ - ဟဲ့ကောင်မ လေး - နင်ပဲ လိုက်လာခဲ့။ ဒီမှာ မိန်း ကလေးတွေ တစ်ပြုံကြီးရယ်။ နင်လို မိန်းမလုံးမဟုတ်တဲ့တကယ့်မိန်းမအစစ် တွေချည်းဟဲ့။ လာ - လာ - နင်ပဲ ထောင် မှူးကြီးဆီ လိုက်ခဲ့ပေတော့။ ငါ့နယ်မြေ ကြံ့ပဲ ကြံ့ရတတ်ပလေ၊ ဘာတွေမှန်းတို့ မသိတော့ဘူး၊ သေချင်တယ် ရှေ့ရှင်ရယ် လို့ပဲ အော်လိုက်ချင်ပါရဲ့"

ကျားခင်စိန်၏ တစ်ချစ်တောက် တောက်ပေါက်ပေါက်ဖောက်သံတွေတို သာပဲအတိုင်းသားကြားနေရသည်။ မျော ကဲ့သို့သော အရေးတော်ပုံမှန်း သိရ သည့်တိုင် ကျားခင်စိန်လို နိုင်လားတဲ့၊





www.burmeseclassic.com

www.burmeseclassic.com

ပါလားတဲ့" ဆတ်ဆတ်ကြဲမိန်းမကြမ်းကြီးဝင်လျှင် ရင်တုန်ပန်းတုန်ဖြစ်နေရပြီ ဆိုနေမှဖြင့် - အင်း၊ ကျေနွတော့ ကျေနွပဲ။

"ဆရာ - ဆရာရေ"

"ရှာရေ"

"ခေျာ် - စိတ်တွေရော၊ လူတွေရော တစ်လုံးတစ်ခဲကြီး ညစ်နေရတဲ့အထဲမှာ ဆရာတလည်းတစ်မျောင့်"

"အီဘူးလေရှာ၊ ခင်ဗျားကသာ တစ်ယောက်တည်းလောင်မီးကျနေတဲ့ အရေးတော်ပုံတာဘာမှန်းမှမသိတဲ့ဥစ္စာ၊ ဒီမယ် ဆရာမကြီး ကျားခင်စိန်၊ တောင် ဆိုတဲ့အရပ်ဟာလေမိုးကိုမီးလောင်နေ တယ်ဆိုရင်တောင်မှပဲ ရေခဲတောင်ကို ခင်ရာထိုင်ပြီး ကြည့်နေနိုင်တဲ့စိတ်မျိုးမွေး ထားမှခင်ဗျားရဲ့နှီမဟုတ်ရင်အသက်တို မယ်၊ အရွယ်တျမယ်၊ တဲ - ဆိုစမ်းပါဦး ဆရာတိတ်"

"ဟိုအင်း - အတုလေ - အဲ"

"တော - လုပ်ပြီ - ခင်ဗျားကြီးဟာ"

"ဟို - အင်း - ဒီလိုဆရာရေ့၊ ယောဒီ အကောင်မ - အဲလေ - အကောင်၊ ဟယ် ဟုတ်သေးပါဘူး၊ ဟဲ့ - နှင့်နာမည် ဘယ်သူ"

"ဇေဒါပါရှင့်"

"အောင်မယ်မင်း - သင်းက အရုထိ အရိုးတွန်နေတုန်း။ သေတာတောင် ရေး ပန်းမရစ်တဲ့အစားထဲကပါလား။ ရှင့်တဲ့ ဟုတ်စ၊ တယ်လေ - ဖါပါးဝိတ်တီးလိုက် ရလို့ သွားရေးယိုးဒယားက သွားရော့မယ်"

"အလိုလေး - မြတ်စွာဘုရား။ ကြိမ်း လှရေျလား"

ဆရာမကြီး ကျားခင်စိန်နှင့် သူ့နောက်က ကပိုကရိုသနရုပ္ပနှင့် ဖဝါးခြေထပ် ကပ်ပါလာသော သူ့သမီးတော်တို့ စုံတွဲကို မော့မကြည့်ဘဲ မည်သို့မျှ မနေနိုင်။

ကလေးမလေးက သနားကမား ကလေး။ ယောက်ျားလိုလို၊ မိန်းမလိုလို ဘာမှန်းမရေရာသည့် ဆံပင်ရှည်ကုပ်ဝဲနှင့် အသားအရေ စိုစိုဝင်းဝင်းကလေး။ ရုတ်တရက်ကြည့်လျှင် ကောင်တလေး တစ်ယောက်ပဲ ထင်ရနိုင်သည်။ သွားပုံလာပုံကအစ မာရေကြောရေကလေး။ ထောင်ထဲ၌ ဓဏခဏ ကိစ္စများ အမှုမွေတတ်ကြသည့် ယောက်ျားလျာကလေး မျိုးပဲ ထင်သည်။ မိန်းမဘသား ကျားခင်စိန်နှင့် ဘယ်လိုတွေ ပြဿနာတက်လာကြပြန်ပါလိမ့်။



"နေပါဦး - ဆရာမကြီးရဲ့၊ ခင်ဗျား ဆရာတပည့်သားအမိတွေ ဘယ်လို ကြပြန်တာတုံး။ ဟိုတလာစီခန်းမှာ တည်းက လောင်မီးကျနေတာဟာ ပဲမပြီးနိုင်တော့ဘူး"

"အောင်မယ်လေးတော် - ဒီဟာ နဲ့တော့ဖြင့် ဆရာတပည့်လည်း တော်ပါရစေနဲ့၊ သားအမိလည်း မဖြစ်စေနဲ့။ အကြောင်းမသိသေးလို့ဆရာ အကြောင်းစုံများ သိလို့ကတော့ ဥာမရဲ့သားရေကိုတောင် ခင်းချင်ဘူးဆိုတဲ့အတိုင်း ဖြစ်နေပြီ ...

"တဲတဲ - ဟုတ်ပါပြီ - ဟုတ်ပါပြီ၊ တွေ ဒေါနတွေကို နည်းနည်း များလည်း လျှော့ပါဦးတော့၊ ထဲ၊ ဘီလူးမ မယ်ကုဝဏ် သံပုရာ ထားတဲ့မျက်နှာကြီးလိုကိုဖြစ်နေ လိမ်လို့၊ ကိုင်း - ပြောကြစမ်းပါဦး၊ တွေ ဘယ်လိုဖြစ်"

"ဒီလို ဆရာရေ့ - ဒီလို"

"ရှာ - ဘယ်လို"

အညီအရှိ အသည်းတွေ အူကလီ ဖြတ်ထွက်လုခမန်း အံ့အားကြီး မှာ သင်းတို့မဟုတ်လေပြန်၊

"ငါးတကာ ယိုတဲ့ရေး ပုစွန်ဆိတ်ခေါင်း ပုံ" ဆိုဘိသို့ထောင်ကြီးတစ်ထောင်လုံး၏ ပြဿနာပူလိနတ်စတွေလီကေလာတွေ အလုံးစုံကိုတာဝန်ခံထားရသူထောင်မှူး ကြီးမှလွဲ၍ မည်သူဖြစ်ရအံ့နည်း။

"ဘယ့်နယ့်ဗျာ - ဘယ်လိုဖြစ်တာလဲ၊ ရှင်းအောင် လင်းအောင်များလည်း ပြန်ပြောစမ်းပါဦး - ဆရာမကြီးရယ် - တစ်ဆိတ်"

"ရော် - ခက်တော့နေပါပြီ ဆရာတလည်းကျားကိုက်ပါတယ်ဆိုမှအပေါက် ကလေးနဲ့လား လုပ်နေပြန်ပါပြီ၊ တဲ - ဆရာရေ့ - ဆရာရှေ့က ယောဒီသတ္တဝါ ဟာ မိန်းကလေးအစစ် မဟုတ်ဘူး။ ကလျာနွဲ့နွဲ့နောင်းယောင်ဆောင်ထားတဲ့ မိန်းမလုံးကြီးရှင့် - မိန်းမလုံးကြီးတိုင်း - သိပလား"

"ဟောဗျာ"

"ဒုက္ခနဲ့လှလှရေ..." တုံ့ပဲတစ်ချက်သာ အော်လိုက်ချင်မိတော့သည်၊ ဘယ့်နယ် ခင်ဗျာ၊ ကုဋ္ဌိယမိန်းမတွေချည်းသုံးလေး ငါးရာ တစ်စုတစ်ပုံကြီး တစ်မိုးအောက် တည်းမှာ ရှိနေကြသည့် အမျိုးသမီး ထောင်ထဲသို့ ပုရိသစစ်စစ် ယောကျ်ား သတ္တဝါတည်းဟူသော အဓိုးသားကြီးတ

www.burmeseclassic.com

အရှင်လတ်လတ် အကောင်လိုက်ကြီး ရောက်သွားခဲ့သည်ရှိသော်၊ အံမာလေးလေး ဆက်၍မျှ မတွေးရဲစရာ၊ ကမ္ဘာပြို့ရည့် ရောမကိစ္စဆိုးကြီးပါကလားဟဲ့၊ ကြုံလာရသည့် ကိုယ့်ကံကိုသာပဲ ပျစ်ချွစ်နှစ်နှစ် ကလော်ဆဲပစ်ချင်စရာကြီး တော့တ်ပေလား - ဗျာတို့။

"သေရာရဲ့လား - ဗျာ၊ခင်ဗျားညွှာ"

ညောင်နာနာ ချည့်နဲ့နဲ့ ကိုယ့်အသံတို့ တိုယ့်နားတဝင် မြင်ဖြင်းကတ်စရာ လှူတ်တောင်းနေတော့၏၊ ကောင်းကင်တို့ လက်ဝါးနှစ်ဖက်နှင့်ကာဖို့ ကြိုးစားကြည့်နေမိခြင်း။

"သေရာလိုက်တာမှရှင်၊ အုတ်နံရံတို့ ခေါင်းနဲ့ ပြေးဆောင့်တာကမှ လွဲချင်လွဲနေဦးမယ်၊ ဒီကောင်မ - အဲလေ - ဒီကောင်တာအထီးကြီးဆိုတာ ဘယ်လိုမှလွဲမချော်ဘူး"

"ခက်တော့တာပဲ - ဆရာမကြီး ကျားခင်စိန်ရယ်၊ တယ်သေရာနေလိုက်ပါလား၊ တိုင်း - ဘယ့်နယ်ကြောင့်"

ချက်ပိရွှေမှာအထီးကောင်၊ အဲလေ နိုသတ္တဝါဟု ယိုးစွပ်ခြင်းခံနေရရှာသော ကောင်မလေး၊ (အဲ - ဟုတ်သေးပါဘူး) ကောင်ကလေး (ဟာ - ရှုပ်နေတော့တာပဲ) ကောင်မလေးအယောင်ဆောင်ထားသည့်လုံးပြားကောင်ကလေး (ကိုင်းဟဲ့ - မှတ်ကရော - ဒါ့ထက်တိကျတာ ရှိဦးမလား) အင်း - အနီးကျားတစ်ပိုင်း၊ နွားတစ်ပိုင်း သတ္တဝါကလေးသည် ရှက်ကိုး ရှက်ကန်းအမူအရာဖြင့် မျက်နှာကြီးတွေ ရဲရဲတွတ်လျက်၊ ငိုက်စိုက်ဖောက်ထိုးချကာ တုန်တုန်ရီရီဖြစ်နေလေပြီ။

ပန်းခက်ပန်းနွယ်ကလေးတွေ၊ တစ်ခက်နှင့်တစ်ခက် လိမ်ယှက်နေသည့်ပန်းပွင့်နုပ်နုပ်များ ဝေနေသော ဖက်ဖူးရောင်ကဲသည့် ပါတိတ်ဆင်ဟာ ဝေယံရှပ်အင်္ကျီနှင့် အထက်ဆင်မပါသော ကချင်ပုဆိုးအကွက်စိပ် စိမ်း၊ ပြာ၊ နီကလေးအားမိန်းမပတ်ပတ်၍လျော့တိလျော့ရဲဝတ်ထားသည့် သင်းကလေးသည် ကိုယ်နေပါးပါး၊ လုံးတန်ရပ်တန်ခပ်နွဲ့နွဲ့မို့မိန်းကလေးဆိုလျှင်လည်း ယုံချင်စရာ၊ သို့တိုင်း အဆက်အပေါက်နှင့် ကိုယ်နေဟန်ထားတွေအရတွေ့နေမြင်နေကျ ပျော့စိပျစ်ချွဲ မိန်းမလျာ ဂန်ဒူး အခြောက်မဒီလုံးတွေနှင့် တစ်ဘာသာ အဆင်ကွဲနေမှန်း အသိသာကြီး၊ ကေ့ ဒီသတ္တဝါဟာ အဝှာကြီး တိုးလိုးတွဲလောင်းနှင့် ပုရိသစစ်စစ်ကြီးများဖြစ်နေလေလား။

"ခက်လိုက်တာနော်၊ ဟောဒီဆရာကောင်မှူးကြီးတစ်ယောက်ဟာလေ၊ သေရာပါတယ်ဆိုရင်ပြီးပြီပေါ့၊ ဘာတွေယောက် စစ်စစ်ပေါက်ပေါက် တစ်တစ်ချွေချွက်မေးနေရတာတုံး၊ မဟုတ်ဘဲ သေရာဘဲနဲ့ ဒီလိုကိစ္စကြီးမျိုးကို ကျွန်မအထင်ထွင်ပြီးပြောစရာလား"

"ဟုတ်ပါပြီ၊ ဒါပေမဲ့ - ဘာကြောင့် အဲသလောက် သေရာနေရတာလဲဗျ ဆရာကြီးရဲ့၊ ကျုပ်က အဲဒါကိုသိချင်နေတာ"

"အင်း - အဲဒါက ဒီလိုလေ - ဟိုဒင်း - (၄)နယ်မြေ ရုံးပြန်ကားတွေ ဝင်လာတော့ အချုပ်သစ်ရော၊ အချုပ်ဟောင်းသားတွေရော စုစုပေါင်းအချုပ်သူချည်း (၃၀)လောက်ပါလာတယ်၊ (၄)နယ်မြေဆိုတာကလည်း ဆရာသိတဲ့အတိုင်း စော်ဝနီ ဇော်ဂနက်တွေနဲ့ ဆယ့်နှစ်ကြိုးတွေ ချည်းကိုး၊ လစ်ပြီဆိုရင် တိုက်ပြီသာမှတ်ပေတော့၊ အဲဒါနဲ့ ချွန်းရယ်၊ ကြည်ကြည်ဇွေရယ်၊ သင်းသင်းဇွေရယ် သုံးယောက်သား ကျားစီးလာစီကြပါရော၊ ကျားစီးဖားစီး ချစ်လို့တလည်း မဖြစ်ဘူးလေ၊ မိန်းမထောင်တစ်ထောင်လုံးမှာ နာမည်ပုတ်လောက်ကြီး ဟည်းဟည်းထနေခဲ့တဲ့ နာမည်ကျော် ငရဲမင်းသမီး ခင်မွှဲလည်း ပါလာတယ်လေ၊ ခင်မွှဲဆိုတာ ဘိန်းဖြူရာဇာ အဲဘာရာဟ်ကြီးနဲ့ အဲကင်းမောင်မောင်တို့ရဲ့လက်ရုံးမဟုတ်လား၊ လျှောတွက်လို့မရတဲ့အစားထဲကလေ၊ ဆရာသိတယ်ဟုတ်"

"ကဲပါဗျာ - သိပါတယ်၊ ခင်ဗျားရဲ့ သေရာတဲ့ဟိုဒင်းကြီးကိစ္စကိုပဲ ခပ်သွက်သွက် လိုရင်းတိုရှင်းအချုပ်ပြောပြစမ်းပါဦး၊ ရှည်လျားပေများ ဇာတ်ကြောရှည်မနေစမ်းပါနဲ့"

"လောလိုက်ပါ - တိုယ့်ဆရာရယ်၊ အဲဒီ ကျွန်မ တလာစီရတဲ့ ခင်မွှဲတို့မိန်းမအုပ်ထဲမှာမှ ဒီဇုံမတော့စ် ဝတ်တော့တ် ကုလီကုမာ လုံးပြားကောင်က တစ်ခါလာတယ်လေ - ကိုင်း"

"နေဦးဗျ - သူက ချုပ်သစ်လား၊ ချုပ်ဟောင်းလား"

"ချုပ်ဟောင်း - ဆရာရဲ့၊ ငွေအရင်တစ်ပတ်ဆေးယ်ရက်လောက်တတည်းက ဗိုးတွမ်တီးနဲ့ မင်းတဲ - အဲကင်း၊ ရှော့ မဥ္စူရဲ့ကင်းက ချုပ်သစ်အနေနဲ့ ရောက်လာတာ၊ မ - အချုပ်မှာ ဗန်းနေ၊ တနင်္ဂနွေ

www.burmeseclassic.com

နှစ်ရက်ကြီးများတောင် ညဉ့်အိပ်ညဉ့်နေ နေခဲ့ပြီးပတဲ့၊ တနလာနေ့ကမှ ရုံးထွက် သွားရင်း အာမခံယူ သွားတာ၊ ဒီတနေ့ တစ်ခေါက်ပြန်ပါလာပြန်တာတဲ့ ဆရာရဲ့"

"အဲဒီတော့ ..."

"အယုတ်တမာကောင်ပါ - ဆရာရယ်၊ တာလနာမြွေပွေးကိုက်က သူ့ဘာသာ အထီးဆိုလည်း အထီးဖြစ်တဲ့ အကြောင်းကြီးကြီးတင်တင်ပြောပါတော့လား၊ အခုတော့ ပြောတော်မမူဘူးရှင့်၊ ရှေ့နေ့တစ်ပိတ် ခပ်မဆိတ်လုပ်နေခဲ့သေးတာ - မသာသေချင်းဆိုး"

"ဒါနဲ့ ..."

"ကျွန်မလည်း ဘယ်သိပမတုံး၊ သင်းပါလာတဲ့ပစ္စည်းထုပ်ကလေးကိုမွှေနှောက်လှန်လှောပြီး ရှာဟဲ့ဖွေဟဲ့ပေါ့၊ မိန်းမလုံးမို့ပဲ - ဆရာရေ့မိန်းကလေးများ သုံးတဲ့ အလှပြင်ပစ္စည်းတွေနဲ့ ရေမွှေးဗူးလင်းတွေဟာဖြင့် အပျံစားအကောင်းစားချည်းပါပဲကလား၊ အကြော်အလှော်စားကောင်းသောက်ဖွယ်တွေကလည်း စုံတကာစေ့လို့၊ ဒန်ပေါက်ထုပ်က ပါသေး၊ ကော်ဖီမိတ်တွေ၊ ပြောင်းဖူးမိတ်တွေကလည်း၊ ဖောချင်းသောချင်း



မဟုတ်မှလွဲရော - သင်းတစ်ဝမ်းခါးစာဖြင့် မကတာအမှန်"

"အင်း - အင်း - အဲဒါနဲ့"

"နောက်ပိတ်ဆုံးတော့ သူ့ကိုယ်ကိုဘော်ဒီဆပ်ရဲ့လုပ်ရတော့တာပေါ့၊ အဲဒီအထိ ရှေ့ကိုယ်တော်မြတ်က အရိပ်အယောင် အကင်းအညှာ ပြတော်မမူသေးဘူး၊ ကျွန်မကလည်း ဒင်းကိုတကယ့်မွေစစ်မိန်းမဟုတ်လို့ ဟိုနှိုက်ဒီနှိုက် အကြိုအကြားတွေအထိ နှိုက်ချွတ်ရှာရပါလေရောလား၊ ဘုရား - ဘုရားအဲဒီတော့မှပဲ"

"အင်း - အင်း - ဟုတ်ပြီ၊ တကယ့်ကောင်းခန်းတော့ ရောက်ပြီဗျို့၊ အဲဒီတော့မှ ဘာဆက်ဖြစ်တာတုံး"

သိချင်စိတ်တွေအလိပ်လိပ်ထလာလျက် စိတ်ထဲ ယားကျိယားကျိ ကလိကလိကြီးဖြစ်၍ လာတော့သည်။ ကျားခင်စိန်နှင့် မိန်းမလုံးကောင် မောင်မစွကတို့ ဘတစ်ပြန် ကျားတစ်ပြန်၊ ဖွက်ကြသိမ်းကြ၊ ရှာကြ နှိုက်ကြဖြစ်နေကြမည့်ပုံကြီးကို စိတ်မျက်စိထဲ ဓာတ်ရှင်ရိုက်သလို အကွင်းလိုက် အကွင်းလိုက် မြင်ယောင်လာပြီး ရယ်ချင်ပက်ကျိ ပြုံးစိစိကြီးလည်းဖြစ်လာမိသည်။

"အဲဒီမှာပဲ ဘာသားရှောက ပေါင်နှစ်လုံးကို စွတ်လိမ်ပြီး ဖေ့ထားသရှင့်၊ ဒင်းအဲသလိုကြီးလုပ်ထားလေလေကျွန်မစိတ်ထဲ အဲဒီနေရာမှာ ဒင်း ဘာတွေများဖွက်ထားသလဲ၊ ဘာတွေကိုဘယ်လိုကျကျနမှာလုပ်ထားပြန်သလဲလို့ သံသယကြီးဖွဲ့လေတောက်လေပေါ့ - ဆရာရဲ့ - ဆရာဆိုရင်ရော မဖြစ်ဘဲ နေနိုင်မလား"

"နေပါဦး - ခင်ဗျားက ဘာကြီးထင်နေလို့တုန်း - ဆရာမကြီးရဲ့ - ဟဲဟဲဟဲ"

"ရယ်မနေစမ်းပါနဲ့ ဆရာရယ်၊ အခုပြောရင်အခုနလုံးတုန်တယ်၊ ကျွန်မတင်တောမိတာက သင်းတို့ဟာ နာမည်ကြီး(၄)နယ်မြေကမဟုတ်လား၊ ဆရာကြီး ခင်းသမီး ခင်မဲ့နဲ့ တစ်ကားတည်းမျှ လာတာလေ၊ အဖြူပဲ ပါမလား၊ အလုံးပဲ ပါမလားနဲ့ ပူရပြီပေါ့၊ ခင်မဲ့ရဲ့ ညီအစ်မတွေကိုသင်းတို့လိုအရိုးခံကလေး ဖား စားစခံလုပ်ပြီး သွင်းလာလေ ရော့လား တွေးမိတာပေါ့၊ ပေါင်ရင်းမှာပဲ ရေကြိုးနဲ့ ပတ်စီးပြီး သွင်းခဲ့မလား၊ တွင်းခံဘောင်းဘီထဲပဲ လျှောင်ထည့်ထားခဲ့မလား၊ တွေးမိလိုက်တာ"

"အဲဒီတော့ ..."

"ရော - ဟောဒီဆရာတစ်ယောက်ဟာလေ - ဒီစကားကိုပဲအတော်ရှည်ရှည်ဖြင့်တပ်နေတော့တာပဲကိုး၊ အကျိုးနည်းတော်"

ဆရာမကြီး ကျားခင်စိန်၏မျက်နှာ အရေပြားပေါ်၌ အမျိုးအမည်မသိ၊ ဘာမှန်းလည်း မရေရာသည့် လျှပ်ရောင်ကလေးတစ်ပြက်ဖျတ်ခနဲဖြတ်ပြေးသွားသည်။ အိုးတိုးအမ်းတမ်း မျက်နှာကြီးနှင့်လို့၊

"အဲဒီမှာတင်မသာကောင်ရှောတ်မောင်းမသားရဲ့အဝှာကို ဖွဲ့ခနဲ တောဒီလက်ကြီးနှစ်ဖက်နဲ့ဖျစ်ပိပါလေရောလား၊ အောင်မယ်လေး - တိုယ့်လက်နှစ်ဖက်ကို ကိုယ့်ဘာသာတောင် မသတီချင်တော့ပါဘူးဆို - တကတဲမှ"

"ဘာကြီးကိုတဲ့တုံးဗျာ"

သိသလိုလိုရှိသားနှင့် သတ်သတ်မဲ့ ကလိလိုက်မိ၏။

"ပျော့စိစိကြီး တော်ရေ့ - ရှော့စိစိကြီး"

ကိုင်းသေဟဲ့နန္ဒယား၊ လယ်တွင်းဖြင့်တလင်းပြောင်ပြောင်၌ဘိုးရင်းနွားလေ ယာဉ်ကြီး ဝုန်းခနဲ ပျက်ရှေ့ဘီသို့ အထုံး



www.burmeseclassic.com

www.burmeseclassic.com

လိုက် အတစ်လိုက်ကြီး ဟင်းလင်း ပွင့်လင်းကျင်းသွားပါလေတော့၏တည်း။

"ကိုင်း - ဌါလူ - ဟောဟို ကုလားထိုင်မှာ လာထိုင်၊ အဲဒီဖျော်ထားပေးတဲ့ တော်ဖီကို သောက်။ ပြီးရင် - ကို ရင့်နာရည်အမှန်တာစလို့ မင်းရဲ့ဖုန်းကညာထစ်ပါးလုံးရောကပြောခဲ့ရတဲ့အဖြစ်သနစ်စုံကို ရေးခါးအုမ မကျန် အိတ်သွန်ဖာမှောက် ပြောပြဖို့ အဆင်သင့်တွေးထား၊ ထောထား။ စကားလုံး စီထားပေရော့။ ခင်းလှုပ်ပုံကြီးက ရာဇဝတ်အိုး တုတ်နဲ့ ထိုးဆိုသလိုပုဒ်ထီးပုဒ်မတွေတစ်ပြုံတစ်ခေါင်းကြီးနဲ့ နောက်မှကပ်ဖို့ကဖြင့် ပစ်လေ့ဘဲလူရေ။ အဖြစ်မှန်သိမှ ငါလည်း ခင်းတို့ကြီးတဲ့အမှု ငယ်စေ ကြိုးစားပေးနိုင်လိမ့်မယ် - ကြားလား"

"ဟုတ်"

ကျလည်း ကျသည့် ငတိကလေး။

တံခါးကြီးတာဝန်ကျ တပ်သား မောင်ကံနှင့် တပ်ကြပ်ကြီး အဘဦးထွန်းမြင့်တို့အတွဲဖြင့် သင်းကလေးကို နိုက်နိုက်ချွတ်ချွတ် ကိုယ်လုံးပြည့် တလာစီ (Body Searching) လုပ်ပြီးသည့်အခါတွင်ကား သင်းကလေးသည်ယောက်ျားထီး စင်စစ်ကောန်ဖြစ်ကြောင်း ဘွင်းဘွင်းကြီး ပေါ်လာခဲ့လေပြီ။

သင်းက မည်ကဲ့သို့သော ကလိမ်ကကျစ် ညာကိနိုညာကိနက်တွေ ဝင်စားလျက် မိန်းမထောင် အဝန်းအဝိုင်းထဲကို ပေါင်ကျော်စော်ကားဝင်ဖို့ကြိုးစားခဲ့တာလဲ။ အဲ - နစ်ရက်နဲ့နစ်ညကြီးများတောင် မိန်းမထောင်မအချုပ်မှာညအိပ်ည္ဆနေနေခဲ့ပြီးသားတဲ့။ ဘာတွေဖြစ်ခဲ့ပြီလဲ၊ ဘာကြောင့်လဲ၊ ထောင်မှူးကြီး၏ ငယ်ထိပ်ပေါ်တက်စွဲသည့်မီးတောက်ဖြစ်လာမည်ပေမို့သင်း၏ဇာတ်ကြောင်းကိုမှခြေခြေမြစ်မြစ် တိတိပပ သိမထားလေက သည်မီးငြိမ်းအောင် မည်သို့မျှ အစီအမံမပြုနိုင်။

ခက်တော့ဖြင့် ခက်သည်။

"မမြင်ဝံ့ ရာသည် ဆေးသမား၊ မကြားဝံ့ရာသည်ရှေ့နေ" ဟုလူကြီးသူမတို့ ပြောရိုးရှိသည်။ သူတို့ထက် ပိုဆိုးသည်က ထောင်အမှုထမ်း၊ အရာထမ်းများဖြစ်၏။ မမြင်ဝံ့သည်များကိုလည်း ငုတ်တုတ်ပစ်နားဆင်ရ၊ ဘယ်သူ့ဘယ်သူတွေမျှ မကြုံရနိုင်သည့် သေဒဏ်အပြစ်သားကို လူကောင် အရှင်လတ်

[...]ကြီးအတိုင်း ကြိုးပေးစီရင်တွပ်[...]ရသည့်ခေါင်ခေါင်ခါးခါး၊ ရှားတောင့်[...] အလုပ်မျိုးတွေလည်း အိပ်ရာ[...]တ် ရေဝင်၊ ဆွမ်းခံရင်း ငှက်သင့်[...]နေရသည့် ဟောသည့် လုံးပြားမယ်[...]၏ အရေးတော်ပုံမျိုးကို မတွေ့ချင်[...]လျက်သားဖြစ်နေရလေသည်မှာ[...]ဆန်း။

မောင်မင်းကြီးသား ပြောရဲဆိုရဲရှိရ[...]အောင် ကော်ဖီမစ်တစ်ထုပ် အရင်း[...]သည့်ကျော်တပ်သား စန်းအောင်[...] ဖျော်တိုက်စေပြီး အသာကလေး[...]ကြည့်အကဲဖမ်းနေရသည်။ ကိုယ်[...]ကလေးက ကော်ဖီပူပူကိုတဖူးဖူးမှုတ်[...]သတ်လျက် ငြိမ်နေ၏။

"[...]ည်းပြည်းသောက်ပေါ့၊ လျှာအပူ[...]င်သွားလို့မပြောနိုင်၊ မဆိုနိုင်ဟုတ်[...]နေဦးမယ်"

[...]သည်၊ သကောင့်သားက ပြုံး[...]သည်။

ထို့နှယ် ပြုံးလိုက်တော့လည်း ပါး[...]လေးများပင် ခွက်ဝင်သွားလျက်[...]ကလေးတစ်ဦးနှယ် မိန်းမချော[...]ဖြစ်သေး။

မျက်လုံးမျက်ဖန်နှင့် သုန်မှုန်ရေး အုံ ရေအရဖြင့် ကောက်ကောက်တျစ်တျစ်၊ လော်လော်လည်လည်ပုံပန်းမျိုးတော့တ်၊ တွေးရခက်ကြီး ဖြစ်ရပ။

ကြုံခဲ့ဖူးသည်၊ သည်နှယ်အဖြစ်မျိုး ထောင်လောကမှာ ကြုံခဲ့ဖူးသေးသည်။ လက်တွေ့မျက်တွေ့ တော့တော့တင်တင် ကြုံတွေ့ခဲ့သူက မိမိတို့ဆရာကြီး ဦးချန်အောင်မောင်မောင်၊ (ဟုတ်ပ - နိုင်ငံကျော် ထောင်စာရေးဆရာပဝေးကြီးရန်အောင်မောင်မောင်ပါ ခင်ဗျ) ဆရာကြီး၏ မာစတာပိစ်ဟု ဆိုအပ်သော ဝတ္ထုဝင်လက်ရာ "ထောင်တစ်သတ်အတွေ့အကြုံ" "ကလျာမဂ္ဂဇင်း အခန်းဆက်ဆောင်းပါးစဉ်ကြီး၌ ထိုအကြောင်းတို့ အသေးစိတ် ဖော်ပြခဲ့ဖူးပါသည်။

အဲ သည်တုန်းတလည်း အဆိုပါ အကျင် (ခေါ်) ကျင်ကျင်သန်း (ခေါ်) ချော်နီ (ခေါ်) ကျင်ထွန်းဆိုသည့် မောင်မစ္စကကို တလာစီ ရှာဖွေခဲ့သူတလည်း တပ်သားကြူကြူ ရွှေပါ ခင်ဗျား ထောင်မှူးကြီး ဒေါ်ဘော်ဘီအေးတို့၊ ဒေါ်တင့်တင့်သန်းတို့၊ ထောင်မှူးကြီး ဒေါ်တင်ရှိတို့လက်ထက်၊ ထောင်ပိုင်ကြီး [...]ဦးချန်အောင်မောင်မောင်၊ ထိန်း[...]၊ သိမ်းမေရ





www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းဆုံးသည်နှင့်
သင်းကလေးက သူ့မျက်ဝန်းရွဲကြီး
တွေဖြင့် ဖျတ်ခနဲ မော့ကြည့်သည်။
မျက်ဝန်းများသည် တဒင်္ဂမျှ
တဖျပ်ဖျပ် တောက်လက်လာလိုက်
ပြီးကာမှ ညှိုးခနဲ စိုက်ကျသွား၏။
စိတ်အထင် မမှားခဲ့ဟုဆိုလျှင်
မျက်ရည်ကြည်တွေ ငွေ့ရည်ဖွဲ့လျက်
အိုင်လာသလို မြင်လိုက်ရ၏။

မိန်းမထောင်တစ်ထောင်လုံး အုန်းအုန်းကျွတ်ကျွတ် ပွက်လောရိုက်သွားခဲ့ရသော တစ်ရံရောအခါက ထိုအဖြစ်အပျက်ကို ရယ်ရအခက်၊ ငိုရအခက်၊ မျက်စိထဲမှာ ဘယ်လိုမှမထွက်။ မိန်းမထောင်အတွင်း ကမ္ဘာပျက်သည့်နေ့ဟု ခေါ်ရှင့်ရှင့်ခေါ်သောသောပြန်ပြောင်းရေးဖွဲ့ထားခဲ့သည်။ ငိုအားထက် ရယ်အားသန် ဖန်လာပုံဆန်းသည့် ထိုဇာတ်လမ်း၏ ဇာတ်လိုက်ကျော်အကျင်ကို ဆရာကြီး ရေးဖွဲ့စာပန်းချီ ခြယ်ထားပုံက အပီအပြင်ကြီး ခင်ဗျ။

"အပြင်ပန်းအနေနှင့်လူပုံသဏ္ဍာန်ကို ကြည့်တော့လည်း ... တကယ့်ပီဘိမိန်းကလေးအစစ်နှင့် ဘာမျှမခြား။ ဆံပင်အရှည်ကို တစ်ပတ်လျှိုထုံးလို့၊ မျက်နှာပေါ်မှာလည်း သနပ်ခါးမိတ်ကပ်အဖွေးသားနှင့် ညကတည်းက ဆိုးထားသော နှုတ်ခမ်းနီနှင့် မျက်ခုံးဆေးနှင့် ဆွဲထားပုံမှာလည်း သုံးရက်လ နံ့မျက်စ၊ နံ့နက်အိပ်ရာထ တခြားအမျိုးသမီးတွေ ထုံးစံအတိုင်း အတွင်းက ဘာတွေခုံထားသည်မသိ၊ အဖုအထစ် အဖောင်းအကြွပေါ်မှာဘော်လီအင်္ကျီခံကာအပေါ်က မြန်မာဖြစ် ပါတိတ်ဝမ်းဆက်ဝတ်လျက်။ ခြေသည်းလက်သည်း ရဲရဲနီ။ အသားအရောင်ကမဖြူမညို။ ကိုယ်လုံးကိုယ်ထည် သေးသေးသွယ်သွယ်။

သတ်အားဖြင့် သုံးဆယ်တစ်ဝိုက်"

"ကြုံ(လေ ဘုံဘွေ ရစ်ပလေ၏ Believe or not) တဲ့။ ယုံချင်ယုံ မယုံ ချင်နေဆိုတာလို ထူးခြားဆန်းကြယ်လှ ခဲ့ လူ့လောကဇာတ်ခုံကြီးပေါ်မှာ ပြော ထုံ ကြုံဖူးမှ သိ၊ ရှိတော့ ရှိတယ်၊ ရှား သယ်" ဇာတ်လမ်းတစ်ပုဒ်၊ လန်ကြုတ် သုတ်၊ ဇာတ်ရှုပ်ပကတိ၊ အရှိကို အရှိ အတိုင်း မေ - အကျွန်ုပ်သည်၊ ဇဝ် - ဤ ... သုတံ - ကြားလိုက်ရ၏။ ဥပမာရိုတ ... ဟင်လိုက်ရ၏" ဆိုသကိုး။

ဆရာကြီး၏ အကျင်နှင့် ယခု ... င်စိန်၏ ပျော့စိစိကြီးတို့ကား ဘာ ... ဆိုင်၊ အရွယ်ချင်းလည်းကွာ၊ ဥပမိ ... လည်း ဝမ်းခြားစီ၊ သင်း မိန်းမ ... င်ထဲ ခိုးဝင်ဖြစ်ဖို့ အကြောင်းရင်း (Cause) နှင့် စေ့ဆော်စိတ် (Motive) ... အဘယ်နည်း။ ကြံရွယ်ချက်(aim) ... ရာ ဘာလဲ။

"နေပါဦးကွ ... မင်းနာမည်က ... ဘယ်လို"

"ပေါ်ပါ"

"ထယ် - နားပန်းထတီးပစ်လိုက်ရ ... ရာ မကောင်းရှိတော့မယ်။ မင်းရဲ့ ... ရင်းမှာပါတဲ့ နာမည်ရင်းကို မေး နေတာကွ၊ ရိုးတဲ့မှ ယီးတီးယားတား ဗရီးဗရားနဲ့"

"ဟုတ် - ဟုတ်ကဲ့ ခင်ဗျ။ ဟို - အဲ - စန်းအောင်လွင်ပါ"

သူ့မျက်နှာကလေးမှာ ခူးဆွတ်ပြီး ခါစ စတော်ဗယ်ရီသီးကလေးလို နီမြန်းမြန်း ကလေးနှင့် ကတုန်ကယင် တသုတ် ကရက် ဖြေရှာလေ၏။

"အသက် ဘယ်လောက်ရှိမလဲ"

"(၂၀) ပါ"

"အဖေနာမည်"

"ဦးအောင်လွင်ပါ"

"တတတ်လား"

"တက္ကသိုလ်တတိယနှစ်တက်နေတုန်းပါ"

"ဟေ - အဲဒါဆိုမင်းတကောက်တတ်ကရအခြောက်မအစစ်တော့မြင့်တော့တ်ဘူးပေါ့"

"မဟုတ်ပါဘူး ခင်ဗျ။ ပြီးတော့ တိုတကယ်ပြောရရင် ဘယ်တုံးကမှလည်း အခြောက်မ မဖြစ်ခဲ့ဖူးပါဘူး"

"အမ် - ဘယ်လို - ဘယ်လို"

လယ်ပုစွန်လုံးကို တော့ာက်ခဲနှင့် ဖိထားလိုက်သလို အံ့ဩလွန်းသည့်အတွက် မျက်စိကြီးနှစ်လုံး တင်းသွာခန် ပြူးထွက်လာမိသည်ထင်၏ သတောင့်

www.burmeseclassic.com

သားက သူ့ကိုယ်သူ အစစ်အမှန် ဂန်ဒူး မဟုတ်ဟု အတိအလင်း ကြေညာနေပါ ရောလား။ ဤသို့ဆိုလျှင် ....။

"နေ - နေစမ်းပါဦး။ ဒါဆို - မင်းဟာ အရေးပေါ် ခါတော်မီ အလုံးက အပြား ဖြစ်လာခဲ့တာပေါ့ - ဟုတ်စ"

"ဟုတ်ကဲ့ - အဲဒီလို ပြောလို့လည်း ရပါတယ် ခင်ဗျ"

"တယ် - နင့်မေကလွှားတဲ့မှ၊ အဲဒီ လို ပြောလို့ရတာမဟုတ်ဘူး - မသာရဲ့၊ အဲဒီအတိုင်းကြီးကို အဟုတ် မှတ်စမြဲဖြစ် နေတာ။ ဒီအခြေအထိ ဆိုက်နေတာ တောင် မင်းက ဘွာတေး ဘွာတေး လုပ် ချင်သေးလို့လား အစုတ်ပလုတ်ကောင် ရဲ့—"

"—"

သင်းထံမှ စကားပြန်မရ၊ ခေါင်းကြီး ကို ဖွတ်ငုံ့ထားသည်၊ စိတ်ချဉ်ပေါက် ဒေါသဖြင့် တုန်းအော်လိုက်မိသလို ဖြစ် သွားလေ၍ကြောက်အားပိုသွားပုံလည်း ရ၏။

"နေပါဦးကွာ - မင်းကို ငါမေးစမ်းပါ ဦးမယ်၊ မင်းပြောပုံအရဆိုရင် မင်းဟာ အရင်တုန်းက ယောကျ်ားစစ်စစ်အဖြစ် ကြီး ဖြစ်ပါလျက်နဲ့ ဘယ်လို ရွှေဥကျ တော်တွေများ စူးရောက်ပြီး ဒီပုံဒီနည်း မိန်းမလုံးပုံစံဖန်တီးပြီးဒီပုံမျိုးပြသနာကို မီးခွက်ထွန်းရှာခဲ့ရတာလဲ - ဟင်း အဲဒါ ကလေးကိုတစ်ဆိတ်လောက်ရှင်းတော် မူပါဦး - ကျေးဇူးရှင်"

မေးခွန်းဆုံးသည်နှင့် သင်းကလေး က သူ့မျက်ဝန်းရွဲကြီးတွေဖြင့် ဖျတ်ခနဲ မော့ကြည့်သည်။ မျက်ဝန်းများသည် တဒင်္ဂမျှ တဖျက်ဖျပ် တောက်လက်လာ လိုက်ပြီးကာမှ ညှိုးခနဲ စိုက်ကျသွား၏။ စိတ်အထင် မမှားခဲ့ဟုဆိုလျှင် မျက်ရည် ကြည်တွေ ငွေရည်ဖွဲ့လျက် အိုင်လာ သလိုမြင်လိုက်ရ၏။

"ကဲ - ငါမေးတာ ဖြေပါဦးကွ။ သဘာဝအလျောက် နဂိုကတည်းက သူ့ ဘာသာ လုံးနေတဲ့ပစ္စည်းကို ဖွတ်ချည်း အခမွှမပြားပြားအောင် နသားပါ ရကြိတ် ခဲ့ရတယ်ဆိုမှဖြင့် အဲသလိုလုပ်ရလောက် အောင် နိုင်လုံတဲ့အကြောင်းရင်းတော့ ဖြင့် ရှိရမှာပေါ့ - မှတ်ဖူးလား"

"ဟုတ်ကဲ့ - ဟုတ်ကဲ့"

"အေးလေ - အဲဒါကြောင့် အဲဒီ အကြောင်းပြချက်က ဘာကြောင့်လဲလို့"

"အင်း - အဲ - အဲဒါက - ဒီလို ပါ ဆရာ"

"အဲ - အဲဒါက - ကျွန်တော့်ကောင် လေးနဲ့ တွေ့ဖို့ ကြံမိကြံရာ ကြံမိတာပါ ဆရာ"

"ဟေ"

သည်တစ်ခါလည်း ဟေရပြန်လေ ပြီ။ ဟေရဖန်များသည့် မျက်စိနှစ်လုံးမှာ ...ည်း ကျွတ်ထွက်ဖို့ တည်းတည်း ...လေးသာ လိုတော့၏။ ခက်လှပါဘိ။

"တဲ့ကောင်ရဲ့ - နင့်ကောင်မလေးနဲ့ ...ရဖို့ကိစ္စဟာ ငါတို့မိန်းမထောင်နဲ့ ...ယ်လိုပတ်သက်နေလို့တုံး - စပ်စပ် ...သုက်"

"ကျွန်တော့်ကောင်မလေးက ဆရာ ...မိန်းမအချုပ်ထောင်မှာ အချုပ်ခံနေရ ...တယ် ခင်ဗျ"

"—"

"တိုင်း - သေစမ်းဟဲ့ - အရုပ်ထဲက ...ကြီးတွေ"

ဆိုသလို သင်းဇာတ်ရှုပ်ကဖြင့် ပို၍ ...သဖွတ်အူလိုက်လာနေပါသကော။ ...သူ၊ သူ့အသည်းနှလုံးကလေးက ...မိန်းမထောင်ထဲမှာတဲ့ ခင်ဗျာရေ့ ...နိုး။

"ဘယ်သူတုံး၊ ဘယ်တုန်းကတုံး၊ ...ပုံတုံး"

ရည်ရွယ်မထားဘဲ မေးခွန်းတွေ အတွဲလိုက်ကြီး စက်သေနတ်ပစ်သလို ခုန်ထွက်လာတော့၏။

"နှင်းဆီဖြူတဲ့ - လွန်ခဲ့တဲ့ တစ်လ လောက်က မန္တလေးမြို့ပေါ်က ဖြူတီဖါ လာတွေဟာဟိုကိစ္စဒီကိစ္စသောင်းကျန်း လွန်းလို့ဆိုပြီး ရဲက ပိုက်စိပ်တိုက် ဆွဲခဲ့ပါ ရောလား၊ အဲ - အဲဒီမှာတင် အလှပြင် ဆိုင်တစ်ဆိုင်မှာ အလှပြင်သင်တန်း တက်နေတဲ့ ကျွန်တော့်ကောင်မလေးပါ ကန့်လန့်ကန့်လန့်နဲ့ပါသွားခဲ့တယ်လေ။ ငါးညဆိုလား၊ (၁၈၈) ဆိုလား"

ဟုတ်သည်၊ ဟုတ်သည်။

ဟိုတလောကလေးက ဖြူတီဖါလာ များကို ဖမ်းပြ၍ အပြာကိစ္စ တရားခင် ရောင်းဝယ်ဖောက်ကားနေကြသည့် အေအိုင်ဒီအက်စ်ကုန်သည်၊ မကြီး မမလေးများကို နိုင်ငံတော်စရိတ်ဖြင့် ထောင်ထဲမှာ ခေတ္တရပ်ဆိုင်း ဟတ်စ် တိုင်းမ်ပေးဖို့အရေး ဒုစရိုက်နှိပ်နင်းရေး အထူးအဖွဲ့များက ဒလမန်းကြမ်းဆွဲ လျက် မန်းထောင်ရိပ်မိစေခဲ့သည်မှာ တော်တော်များသည်။ မြို့လုံးပတ်လည် နာမည်ဟိုးဟိုးကျော်နေသည့် လေဒီ တွေ (၃၀၊ ၄၀) ကျော် (၅၀) နီးပါး။ ပုဒ်မတာ

www.burmeseclassic.com

အရေးပေါ်စီမံမှုအက်ဥပဒေ ၅(ည) တပ်ထားသည်။ လောလောဆယ်ထောင်ဝင်တာဝင်ပေးမတွေ့သေး။ ပစ္စည်းပစ္စယ စားစရာ သောက်စရာတွေပဲ စစ်စစ်စီစီ သွင်းပေးနေရသဲ။

ထိုသည့်မွှေးပါနှင့်စီးပွားရာကြီးပွားနေကြသည့် မြူတီမမတစ်သိုက်ထဲ၌ သင်း၏ မရွှေစာက ပါတော်မူလာခြင်း ဖြစ်ပေလိမ့်ညည်။ အင်း – မျိုးကောင်း ရိုးကောင်းထဲတပေတို့။

"အဲဒီတော့ – သူ့အိမ်သူ့အိမ်သား မိသားစုတွေ ရှိနေရဲ့နဲ့ မင်းက ကျူးကျူး ကျော်ကျော် ကြံကြီးစည်ရာတွေကို လုပ်ရောဆိုပါလို့ – ဟုတ်စ"

"မဟုတ်ပါဘူး – ဆရာ၊ သူက တမူးအတ်တယ်။ ဒီမှာ အသိမိတ်ဆွေရယ်လို့လည်း တစ်ယောက်မှမရှိဘူး၊ အဲ – ကျွန်တော်က လွဲရင်ပေါ့၊ သူ အခုလိုဖြစ်ရရှာတာကို သူ့မိသားစုတွေက မသိကြသေးဘူး။ သူကလည်းအသိမပေးရအကြောင်း ပြောရာဘူးတဲ့"

"ကောင်းကွာ"

ပြဿနာထုပ်ကြီးသာမက စနက်နှရိ အတ်ထဲကလို ကိန္နရာချောင်းခြား လွမ်းချင်းတစ်ပုဒ်နှင့်ပါဒါရိုက်ဟစ်ကြီးလာတိုးနေရပြန်သေး။

"မင်းနဲ့က ဘယ်လို ..."

"ကျွန်တော်က သူတို့ဆိုင်နားမှာ နေတာလေ – ဆရာ၊ ဒီလိုပဲသွားရင်းလာရင်းရင်းနှီးကြပြီးအဆင်ပြေသွားကြတာ၊ ဒါပေမဲ့ – သူကအဖြေမပေးရသေးပါဘူး၊ အဖြေပေးဖို့ ချိန်းထားတဲ့နေ့မှာ သူ အဖမ်းခံလိုက်ရတာပဲ၊ အဲဒါကြောင့် ..."

လုပ်လိုက်ဟ၊ တဖြည်းဖြည်းနှင့် ဖာတ်ရှိန်က မြင့်သထက် မြင့်လာပြီး ရင်နင့်ချင်စရာ သောကပင်ကြီးကိုတမင်ပျိုးနေတော့၏။

"ဖြစ်မှ ဖြစ်ရလေကွာ၊ မင်းတို့အဖြစ်နယ်၊ ကဲ – အဲသလိုတွေ ဖြစ်ကြပြီပဲထားပါဦး၊ မင်းမို့ ခေါင်ခေါင်ခါးခါး ရွှေညာက်တော်ရှုးရောက်ပြီးမိန်းကလေးအယောင်ဆောင်၊ ရဲအချုပ်ထဲ၊ ထောင်ထဲအထိဝင်တွေ့ဖို့များကြံ၊ ကြံစည်ဝံ့ပလေ၊ ကြံလာရမယ့်ပြဿနာတွေ တစ်လှေကြီးကို မစဉ်းစားမိလေရော့သလား။ မိုက်လည်း မိုက်တဲ့ကောင်"

"ပြောချင်သလိုပြော၊ ဆူချင်သလိုသာ ဆူတော့ – ဆရာ၊ သူ အဖမ်းခံလိုက်ရပြီလည်းဆိုရော ငယ်ထိပ် မြွေပေါက်ခံရသလို မွှန်ထူသွားတာပဲ၊ ဘာလုပ်လို့ ဘာကိုင်ရမှန်းလည်း မသိ၊ သူ့အတွက်လည်း စိုးရိမ်တယ်၊ သနားလိုက်တာလည်းအလွန်၊ အဲ – ရဲအချုပ်မှာ ချုပ်ရိမန်ရှုံ့ပဲ၊ ကောထားပြီး ထောင်ကြီးချုပ်ကို တန်းပို့လိုက်တော့ ကမ္ဘာပျက်ပြီတောင် ထင်လိုက်မိတာ – ဆရာရဲ့"

ဖြစ်ရမည်လေ၊ သူ့သူ့ကိုယ်တိုယ် တစ်သက်မှ တစ်ခါဖြင့် သည်နယ် ဒိန်းအလိန်း နတ်ဖမ်းစားခြင်းကို တစ်ချိန်ဆတုတ် တစ်ရှိန် ကြုံရမည်မှုချပေကိုး။

"ထောင်ဝင်စာပစ္စည်းတွေဘာတွေ ခိုလို့ရနေတာပဲကွ၊ မှတ်ဖူးလား။ ပြီးတော့ အဲဒီအဖွဲ့တွေက တစ်ပတ်တစ်ခါ ရုံးချိန်း ရှုတ်ကြတယ်လေ၊ တရားရုံးအချုပ်မှာ တွေ့ရင်လည်း အရသားနဲ့၊ မင်းနယ် – ခေါက်ပေါက်ရှာရှာ"

"သူ့ခမျာ နဂိုက နလုံးအားနည်းတဲ့ အစံတာ ရှိနေတော့ စိတ်ထောင်းကိုယ်ကြေဖြစ်ပြီး လဲနေရှာသတဲ့ ဆရာရဲ့၊ ရုန်းထွက်နိုင်ရှာဘူး၊ ကဲ – အဲသလိုလည်း ဆိုရောဖြစ်တာဖြစ်ပါစေတော့၊ သူ့လက်ကလေးကို ကိုင်ပြီး သူ့မျက်နှာကလေး ကြည့်ပြီးအားပေးခွင့်ရရင်ပဲ သေပျော်ပါပြီ လို့တုံးတုံးချလိုက်မိတာပဲဆရာ၊ ဘာလုပ်ရလုပ်ရ၊ ငရဲပဲ သွားရသွားရ၊ အဝီစိပဲ ရောက်ထိုးဆင်းရ ဆင်းရ"

"မိန်းမလုံးကြီးလို လံကြုတ်လုပ်ပြီး ထောင်ထဲအထိ ဝင်ဖို့များ မင်း ဘယ်လို စိတ်ကူးရခဲ့သတုံး။ ငါ့ကောင်ရ – ကြံကြံဖန်ဖန် ခဲခဲကတ်ကတ်ကြီးကို"

"အဲဒါမျိုး ဖြစ်ဖူးတယ်လို့ ဝတ္ထုတစ်ပုဒ်ထဲမှာ ဖတ်ခဲ့ရဖူးတယ်လေ၊ စာရေးဆရာက ဆရာတို့လိုပဲ ထောင်မှူးကြီးလား၊ ထောင်ပိုင်ကြီးလား မသိဘူး။ တကယ့်အတွေ့အကြုံကို ပြန်ရေးတာတဲ့"

အလို လေး – ကျားသားမိုးကြိုး။ အရင်းစစ်တော့ အမြစ်မြေက၊ သင်း၏ ကူလီကူမာ အကြံတော်မဟာ၏ ရေသောက်မြစ် လတ်သည်ကြီးကားမိမိတို့ ဆရာ စာရေးဆရာ ထောင်ပိုင်ကြီးရန်အောင်မောင်မောင် ဖြစ်နေပါရောကလား။ ဆရာကြီးရေ့ – ရင်ဖိ၍သာ နေပါလေတော့၊ စာပေ၏ ဖမ်းစားလွှမ်းမိုးနိုင်မှုကား အံ့မကုန်၊ အဲမကုန်ကြုံရလေသတုံ့ဖွေပင်တည်း။

"ရဲဖမ်းတုန်းက စစ်စစ်ပေါက်ပေါက် များ မရှာခဲ့ကြဖူးလားကွာ – မင်းတို့"

"သာမန်ကာ လျှံကာပဲ ဆရာရဲ့၊ ပြီးတော့ ကျွန်တော်တို့က (၃၆) လမ်းသတ်က၊ ကျွန်တော်ကိုယ့်ဘာသာအမှုနဲ့ပြီး အဖမ်းခံဝင်လာခဲ့တာက မင်းအဲဒီတင်း

www.burmeseclassic.com

တလေ၊ ကျွန်တော့်ကို သိပ်မသိကြဘူး၊ ပြီးတော့ - ကျွန်တော့် သူငယ်ချင်းတစ်ယောက်က မိတ်ကပ်ဆရာ၊ ဓာတ်ပုံဆရာလေး၊ တကယ့်ရိုက်ကောင်ကသူပဲ၊ ကျွန်တော့်ကို မိန်းမလိုနေတတ်၊ သွားတတ်အောင်ဟာ (၁၄၊ ၅)ရက် သူနဲ့ သူ့ဘော်ဒါ လှလွင်ကျော်တို့က ထရိန်နင်းပေးခဲ့ကြတာ၊ ဩော် - လှလွင်ကျော်ဆိုတာ မနွယ်လေး ဆေးကျောင်းနောက်ဆုံးနှစ်တက်နေတဲ့အမှန်တကယ် ဂန်ဒူးစစ်စစ်ကြီးလေ - ဆရာရဲ့၊ အပြင်ပန်းကယောက်ျားပုံ အတွင်းစိတ်က မိန်းမစိတ်"

"တုတ်ဝေ့တွာ၊ ကဲ - ပထမအကြိမ်ချစ်သစ်အဖြစ် ထောင်ကိုဝင်တဲ့နေ့တုန်းကရော သေသေချာချာ တလာမစီခဲ့ကြ ဘူးတဲ့လား၊ ရဲအချုပ်တုန်းကလို အဲဒီလောင်ဝါးပဲလား"

"တံများ ကောင်းချင်တော့ အဲဒီနေ့က ကျွန်တော်တို့ အချုပ်ရုံးပြန်လမ်းကြောင်းတားတွေ ဝင်လာတုန်း နယ်ရဲ့ဘတ်ထုတ်ဗိုကလည်း ရှိနေတာနဲ့ ဘူးခံခါးကြီးထဲမှာ လူစစ်ရုံပဲ စစ်တော့တယ်၊ တလာစီတာက မိန်းမထောင်ထဲမှာပဲ လုပ်ရတော့တာလေ၊ ဆရာသိတဲ့အတိုင်းပဲ၊ မင်းတဲ - အီကင်းက နာမည်ကြီး အစ်မ မခင်မဲ့ကို ကပ်ချွဲပြီး သူနဲ့

ဘောက်ရှာတွဲလိုက်တော့ အီးဖီးဂိုးရင်းကိုဖြစ်လို့၊ ဘာမျှအရှာအဖွေမခံခဲ့ရဘူး၊ နှစ်ရက်လုံးလုံး အေးရာအေးကြောင်းပဲ"

"အင်း - ဖြစ်ရမယ်လေ၊" လှချစ်ရင်မှုပစ်၊ လူမုန်းတော့ မှုသုံး" ဆိုတဲ့ စလေ့ဆိုးဟာတို့များ ထောင်ထဲမှာ ရှိုးကပ်နေပြီဟာကို၊ ကော်ဇီမစ်တစ်ထုပ်၊ ဆေးပေါ့လိပ် သုံးလေးလိပ်ကပေမယ့် လည်းတော်ရုံတန်ရုံအခက်အခဲလောက်တော့ ကျော်ပြီးလွှားပြီးသားပဲ၊ အဲဒါမျိုးတွေကြောင့် အစ်နဲ့ ထွင်းရမယ့် နေရာမှာ ပုဆိန်နဲ့ ပေါက်ရတဲ့အထိ ပြဿနာကြီးတွေ ကြီးထွားလာရတာ ရှိးတဲ့မှ ..."

ထောင်ဆိုသည့် အရပ်ဒေသကား အဲသလိုပါဆို၊ ခတ်ချင်လျှင်လည်း ချေးယိုလျှင် သေးမပေါက်ရဟု အဆမတန်ပညတ်ထားလားပညတ်ရဲ့၊ အဲ - သူ့နည်းသူ့ဟန်နှင့် သူ့အတာ ညက်နေကြပြန်လျှင်လည်း ဆင်တစ်ကောင်လုံးတောင် ပုံစံပုဆိုးနှင့်ပတ်သွင်း၍ရချင် ရနေတတ်ပြန်သေးသည်၊ ခက်ပ ခက်ပ၊

"အေး - အဲဒီတော့ မင်းကောင်မလေး နင်းဆီဖြူနဲ့ကော တွေ့ခဲ့ရဲ့လား"

"မြင်ရုံပဲ မြင်ခွင့်ရခဲ့ပါတယ် - ဆရာရယ်၊ ကျွန်တော် အဲသလောက် ခဲခဲယဉ်း

ယဉ်းမိန်းမဆောင်ထဲရောက်လာခဲ့တယ်ဆိုတာကိုတောင် သူ့ခမျာ သိခွင့်မရခဲ့ရှာဘူး"

"ဟော - ဘာဖြစ်"

"စောစောကပြောခဲ့ပြီးပြီလေ ဆရာ၊ ခင်တိုက နလုံးအားနည်းတာရယ်၊ ချောလင့်ဘဲ ကြဲလိုက်ရတဲ့ အဖြစ်ဆိုးကြီးကြောင့် စိတ်ထောင်းကိုယ်ကြေဖြစ်တာရယ်တွေကြောင့် အားပြတ်လဲနေတယ်ဆိုတာလေ၊ အဲဒါ လွတ်ငြိမ်းကြီးတိုက်ခန်းမှာ ယာယီပြောင်းပြီး ဆေးကုပေး၊ အရစ်ရှိန်ပေးနေတာတဲ့၊ အဲဒါကြောင့်လည်း အနုတစ်ခါလောက်ထပ်တစ်ကြိမ် တွေ့ဖို့ ကြိုးစားရင်းလို့၊ အဲဒီမှာပဲ ..."

"မင်းကောင်မလေးကတိုက်ခန်းထဲရောက်သွား"

"အဆောင်ဘက် ပြန်ရောက်နေပြီ ဆရာရဲ့၊ ရုံးထွက်လာတဲ့ သူ့ဘော်ဒါကိုတို့ လှလွင်ကျော်သွားပြီး စုံစမ်းကြည့်မှသိရတာ"

"အေး - မင်းတို့ဟာနဲ့ မင်းတို့တော့ အိပ်တုတ်နေကြတာပေါ့လေ၊ မြွေကြောက်၊ တင်းမကြောက်၊ ဆင်ကန်းတိုးတဲ့ - မင်းကောင်မလေးနဲ့တွေ့ချင်တဲ့၊ အရေးတကြီး လုပ်စရာ

အလုပ်၊ ပြောစရာစကားများက ဘာရှိလို့တုန်း၊ အဲသလောက်အသည်းအသန်ဖြစ်နေရအောင်ဟာ ..."

"ဟာ - ရှိပြီကော ဆရာ၊ သေချာပေါက် ရှိတာပေါ့"

"အင်း - အင်း - ပြောပါဦး"

"သူနဲ့လည်း တွေ့ရမယ်၊ တောင်းကင်က ကြယ်ကို တက်ခြွေပေးတာမဟုတ်ပေတဲ့ ဒီပုံစံအခြေမျိုးအထိတော့ ကုတ်ကျားခဲ ကြိုးစားလာရတာနဲ့တန်အောင် သူ့ကလေးဆီက အခြေတောင်းရဦးမယ်လေ - ဆရာရဲ့"

"အယ် - ခွေးကောင်လေး - ငါ့တာဘာများတုံးလို့"

သင်း၏ခေါင်းထက်သို့ ထောင်ချမှတ်ပုံတင်စာအုပ်အထူကြီးဖြင့် ဘုန်းခနဲဘုန်းခနဲပစ်၍ထုနေမိမည်ကိုပြောဖြစ်စရာမလိုတော့ပါ ခင်ဗျာ၊


။

"အဲဒီတော့ စန်းအောင်လွင်ဆိုတဲ့ အဲဒီကောင်လေး အမျိုးသမီးအချုပ်ဆောင်ထဲအထိရောက်လာခဲ့ပြီးနှစ်ရက်နဲ့ နှစ်ည ညဥ့်အိပ်ညဥ့်နေ ခုတွစ်သွားတာကိုတောင်သမီးနည်းနည်းလေးမှ မသိခဲ့ဘူးပေါ့ - ဟုတ်လား သမီး"




www.burmeseclassic.com

www.burmeseclassic.com



အေးကွယ်–ဟောဟောဆယ်တော့ ရဲစခန်းမှာ အမှုဖွင့်ပြီး အရေးယူ ဆောင်ရွက်ဖို့ တာဝန်မှူးနဲ့အတူ အမှတ်(၁၁)ရဲစခန်းကို သွားကြ လေရဲ့၊ တရားတော့ စွဲရဦးမှာပဲ။ တရားရုံးမှာကျမှပဲ နားလည်အောင် သူ ရှင်းပြပေတော့ပေါ့။ တရားရုံးက ချမှတ်တဲ့အမိန့်အတိုင်း ဖြစ်လာ မှာပေါ့လေ။ ဘာမှ ကြိုပြောလို့ တော့ဖြင့် မရဘူးကွယ့်။

နှင်းဆီဖြူဆိုသည့် ကလေးမလေး၊ ကတော်တော်ချောသည်၊ အရပ်မြင့်မြင့်၊ ဖြူဖြူသွယ်သွယ်ကလေး၊ အသားအရေ တား နီ့နှစ်ရောင်နယ် ဆွတ်ဆွတ်ဖြူ သည်၊ သွေးရောင်ကလေး လျှမ်းနေ သဖြင့် နှင်းနှင့် နှင်းဆီနီတစ်ပွင့် ရော သမွှေထားသလိုမျိုးဖြစ်သည်၊ အသက် အရွယ်ကလည်း ဖူးငုံပွင့်သစ်ကို ကျော် လာသည့်အလှပန်းများပွင့်စလန်းစနစ် ဆယ်ဝန်းကျင်၊

မကိုပုရကာ သည်းနွယ်သဖြင့် နာတံ ရှွန်းရှွန်း၊ မျက်ဝန်းကျယ်ကျယ်၊ ထူးထူး ခြားခြား သိသာနေသည်မှာ မည်းနက်ပြီး ထူထဲလွန်းသည့် မျက်ခုံးတန်းတန်းနှင့် ကြည်ကြည်စင်စင် လဲ့လဲ့လင်းနေသော မျက်ဝန်းအိမ်၊ ဖြူနုနေသည့် မွေးညင်းနု ကလေးများ၊ လေတစ်ညင်း လှုပ်ခတ် လိုက်သလို၊ နှင်းဆီပွင့်ဖတ်ကလေးတစ် ချက်၊ ကြွေလွင့်သွားသလို တိုးတိတ်ညင် သာလွန်းသည့် သူမ၏ လှုပ်ရှားမှု၊ ဘယ် လိုပဲပြောင်ပြောင် စန်းအောင်လွင်ဆို သည့် အုကြောင်ကြောင် မောင်မစွက ငတိကလေး စွဲမိပေါ့ ခင်ရယ်၊ ရူးမတတ် ဖြစ်ရလောက်အောင် လှသည်ဆိုခြင်းကို မှုဝန်ခံလိုက်မှာ တရားသဖြင့် ကျပေလိမ့် မည်၊

"သမီး – လုံးဝကိုမသိခဲ့တာပါဆရာ ကြီး၊ သူ – သူ – သမီးအပေါ် အလေး အနက်ထားပြီး ဒီလောက်စွဲစွဲလမ်းလမ်း ကြီး စွန့်စားလိမ့်မယ်လို့လည်း မထင် ထားခဲ့ဖူးလေ၊ ဒါပေမဲ့ ..."

"အင်း – ပြောပါဦး"

"သမီးကြီးတိုက်ကနေ အိပ်ဆောင် ကို ပြောင်းလာတော့ အစ်မ မခင်မွှဲဆိုတဲ့ မေတ အမျိုးသမီးသုံး အလှပြင်ပစ္စည်း တွေရယ်၊ ရေမွှေးပုလင်းတွေရယ်၊ စား သောက်စရာတွေရယ်ကိုလာပေးတယ်၊ သိမ်လည်မှုနဲ့ ဆောင်ကြီးချုပ်ကိုရောက် လာတဲ့ ဗေဒါဆိုတဲ့ အမျိုးသမီးချုပ်သစ် ချောချောကလေးက ပေးထားခဲ့တာတဲ့၊ သမီးလည်း အစတုန်းကတော့ ဗဝေဗဝါ ပဲ၊ ဒီမြို့မှာ သမီးနဲ့ ရင်းနှီးပြီး သံယောဇဉ် အမျှင်တန်းလန်းရှိနေတာဆိုလို့လည်း သူတစ်ယောက်ပဲရှိတာကိုး၊ ဗေဒါလည်း မသိဘူး၊ ရွှေကြာလည်း မသိဘူး၊ ဘယ် သူပါလိမ့်ပေါ့"

"ဒါနဲ့ ..."

အချုပ်ဆောင်၊ အဆောင်မှူး၊ ဆောင်မှူးကြီး ဒေါ်တင့်တင့်သန်းက သူ ကလေး၏ စကားကို ဝင်ထောက်ပေး သည်၊ ဆရာမကြီး ကျားခင်စိန်တို့၊ ထောင်မှူး ဒေါ်မြင့်မြင့်သွယ် (မဖြူ)တို့ ခမျာမှာလည်း သိချင်စိတ်စောတွေဖြင့် လည်ပင်းကြီးတွေ ရှည်လို့၊

"ပစ္စည်းတွေ ထုပ်ထားတဲ့ ဝါ ကလေးကိုတွေ့လိုက်တော့မှပဲ ဒီပစ္စည်း တွေကို သူပို့ပေးလိုက်တာပါလားလို့ သိ လိုက်တော့တာ၊ ဒါတောင် လူကြုံနဲ့ ပေး လိုက်တာပဲလို့သာ ထင်ထားခဲ့မိတာနော် ဆရာ၊ ဒီလိုကြီး အချုပ်ထောင်ထဲအထိ သူရောက်လာခဲ့လိမ့်မယ်လို့ ထင်မထား ဘူးလေ၊ ပြီးတော့ – သုံနိုင်စရာကြီးမှ မဟုတ်တာပဲဟာကိုးလေ – နော့"

"ပဝါက ဘာဖြစ်လို့လဲ"

"ဩော် – အဲဒီပဝါက သမီးတာသူ့ကို လက်ဆောင်ပေးထားခဲ့တာလေ၊ အဲဒီနှိုထ နိုင်ငံ၊ မိုးရေးဘက်က ဝယ်လာခဲ့တဲ့ ရှမ်း သားပဝါကလေး၊ နေကြာပန်းပွင့်ကြီး တွေ အဆုပ်လိုက် ပွင့်နေတဲ့ပုံပါတဲ့ ပဝါ ကလေးလေ၊ ပြီးတော့ – ပဝါပေါ်မှာ အစ် ချည်အံနီနဲ့ စာလုံးကလေးတွေ ရေးထား သေးတယ်လေ၊ ဒီမှာပါ ဆရာကြီး"

လှလိုက်သည့် ပဝါကလေး၊ ရွှေ ရောင်အလင်းပြင်ကျယ်ကြီးကို ဖက်ရှု စိမ်းအနားသတ်မျဉ်းအတူကြီးဖြင့် တွစ် ထားလျက် အိညက်နေသည်၊ အလို –





www.burmeseclassic.com

www.burmeseclassic.com

ဘာတဲ့၊ ဘာတဲ့၊ အိုင်လပ်ဗ်ယူ ဆိုပါတလား။ အင်္ဂလိပ်စာလုံးကလေးများကို ရေးချတတ်၊ ချုပ်တတ်ဖြင့်ပုရွက်ကြောင်းလိုက် ရေးထိုးထားၿပီ။

ရင်ထဲကို စမ်းချောင်းကလေးတစ်စင်း ဖလျှာတိုက်စီးဆင်းသွားလေသလား။ အေးခနဲ စိမ့်ခနဲ၊ "ဘြော် - ချစ်ထယ်လိုက်ကြပုံများ။ အကျိုးနည်းအမြင်ကတ်စရာကို တောင်းရော့" တိတ်တိတ်ကြိတ်၍ ပင်ညည်းမိလိုက်ရ၏။

"ဟို - လေ - ဆရာကြီး"

"အေး - ပြော"

"သူ - သူ - ဘယ်လိုဖြစ်သွားပြီလဲ ဆရာကြီး။ သူ့ကို ဘယ်လိုအပြစ် ပေးထားကြသလဲ။ သူ့ထောင်တွေတန်းတွေများ ကျဦးမလား - ဆရာကြီးရယ်"

"အေးကွယ် - လောလောဆယ်တော့ ရဲစခန်းမှာ အမှုဖွင့်ပြီး အရေးယူဆောင်ရွက်ဖို့ တာဝန်မှူးနဲ့အတူ အမှတ် (၁၁)ရဲစခန်းကို သွားကြလေရဲ့၊ တရားတော့ စွဲရဦးမှာပဲ၊ တရားရုံးမှာ ကျမှပဲ နားလည်အောင် သူ ရှင်းပြပေတော့ပေါ့။ တရားရုံးက ချမှတ်တဲ့အမိန့်အတိုင်း ဖြစ်လာမှာပေါ့လေ၊ ဘာမှ ကြိုပြောလို့တော့ ဖြင့် မရဘူးကွယ့်"

"အို - ဒုက္ခပါပဲ၊ ကျွန်မအတွက်ကြောင့်"

ဝဲခနဲ အိုင်ကျလာသည့် မျက်ရည်ဥလေးများက တပေါက်ပေါက် လိမ့်ဆင်းလာတော့သည်။ အံ့မယ် - အံ့မယ် - ဘာမဆိုင် ညာမဆိုင် ကျားခင်စိန်ကြီးကလည်း တရှုပ်ရှုပ် လုပ်နေပြန်သေးခင်ဗျ။ ဖြစ်မှဖြစ်ရလေ၊

"ဟို - ဆရာကြီး"

"အေး"

"သူ့ကို ဒီပဝါလေး ပို့ပေးလို့ဖြစ်မလားရှင့်။ ကျေးဇူးပြုပြီးမဖြစ်ဖြစ်အောင် ပို့ပေးပါလား - ဆရာကြီးရယ်"

ပြောနေရင်း ပြောနေရင်း အသံက အရှား၌ တိမ်ဝင်သွားပြီး တစ်ရှိုတစ်လော ရွှေမျက်ရည်ပုလဲဥတွေ ကျပြန်ပါလေသည်။ ဟုတ်ကဲ့၊ ထင်ထားသည့်အတိုင်း ဆရာမကြီး ကျားခင်စိန်လည်း မပါမပြီးပေ၊

"အေးကွယ်"

ယူသာ ယူလိုက်ရသည်၊

ပဝါကလေးပေါ်မှာ အိုင်လပ်ဗ်ယူစာတမ်းကလေးနှယ် အဖြေရှိုရှိုကလေးရဖို့ အရေးအသေးအလဲကြီး ပမ်းရင်းအချုပ်ခန်းထဲ၌ ငုတ်တုတ်ကလေး ရှိနေရှာဦးမည့် သကောင့်သားကလေး စန်းအောင်အွင်ခရာကို တရေးရေး မြင်ယောင်ရင်း သတိရမိ၏။

"အိုင်လပ်ဗ်ယူ" တဲ့လား၊ အဲဒီအိုင်လပ်ဗ်ယူကြီးကြောင့်သင်းလည်း ထောင်ကျမလား၊ တန်းကျမလား။ တစ်ခုခုတော့ ဖြစ်သေချာနေပေပြီ။ ပေါ့ပေါ့ဆဆလျှော့တွက်လျှော့ရဲလပေါ်သရေနေနေခဲ့ကြသည့် မိန်းမအချုပ်ဆောင်မှ တာဝန်ခံ အရာထမ်းအမှုထမ်းတွေလည်း အခြောက်တိုက် လောင်မီးကျကြဦးမည်၊ ထောင်မှူးကြီး ထောင်ပိုင်ကြီးတို့လည်း စက်တွင်းလွတ်လိမ့်မည်မဟုတ်၊

"အောင်မလေးဟဲ့" အိုင်လပ်ဗ်ယူ"၊ နင်တို့ဘာသာ နင်တို့ ဒီလောက်တောင် ယူချင်သပဆိုလည်း ထောင်အပြင်မှာ ယူခဲ့ကြပါတော့လား။ အခုဖြင့် ထောင်ထဲအထိ တော်လော်တန်းလန်းကြီးလာပြီး "အိုင်လပ်ဗ်ယူ" နေကြတော့ ဘာမဆိုင် ညာမဆိုင် ပဲလော်ကြား၊ ဆားညှပ်ပြီး အကုန်ဒုက္ခများကုန်ကြရပြီတဲ့"

စကားသံအဖြစ် ထွက်မလာဖြစ်တော့သည့် တိုညည်းလုံးကြီးကို ဖွတ်ရှိုချလိုက်မိလေရာ "ဂလု" ခနဲ မြည်သံကြီးမှာ လက်ပစ်ဖုံးကွဲသလောက် နီးနီးမြည်ဟိန်းသွားသည်ဟု ထင်မိရတော့၏။

➳ ဇေယျမောင်ချွင်

## မြန်မာဆေးမြီးတိုများ

**ဖန်ရည်ဆေးရန်**

- အနာပေါင်းများကို ကောက်ရိုးနွယ်ပြုတ်ရည်ဖြင့် ဖန်ရည်ဆေးပေးနိုင်ပါသည်။

**မောက်ပျောက်ဆေး**

- ဦးခေါင်းတွင်စွဲသော မောက်နာ ဒန္တသုခပင်လုံးပြုတ်ရည်ဖြင့် ခေါင်းလျှော်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# အချစ်ကစသော အမုန်း



အလုပကို မက်ပြီး အိမ်ထောင်ဘက် ရွေးချယ်မှားမိခဲ့သည့် လူငယ်တစ်ယောက်၏ ဘဝနိဂုံး ..

**ကျွန်မ** သည် မိဘနှစ်ပါးစလုံး ကွယ်လွန်ပြီးနောက်ပြည်ပလုပ်ငန်းဆောက်အသွယ်ဖြင့် စက်ာပူနိုင်ငံတွင် သေးနှစ်တိုင်တိုင် အမှုထမ်းခဲ့ရသည်။ ပါရှိသောအခါ ဆွေမျိုးသားချင်းတို့ နှင့်လည်းတရင်းတနီးအရောတဝင်နေ လေ့မရှိသော ကျွန်မ၏ ပင်ကိုဗီဇအရ ထားခဲ့သော တစ်ထပ်တိုက် အလေးတွင်တစ်ယောက်တည်းနေလေ့ရှိသည်။

ကျွန်မအတွက် ဝေယျာဝစ္စမှန်သမျှ ဆောင်ရွက်ရန် အခကြေးငွေဖြင့်တာဝန် ပေးထားသော သက်ကြီးရွယ်အိုလင် မယားသည် ကျွန်မမရှိလျှင် ခြံစောင့်၊ အိမ်စောင့်အဖြစ်တာဝန်ယူလေ့ရှိသည်။ ကျွန်မပြည်ပမှပြန်ရောက်လာသောအခါ ၎င်း နောက်ဖေးခန်းတွင် နေထိုင်ကြသည်။

အဖွားကြီးက ချက်ရေးပြုတ်ရေး လျှော်ဖွပ်ရေး၊ အိမ်တွင်းသန့်ရှင်းရေးတို့ကို တာဝန်ယူ ဆောင်ရွက်လေ့ရှိပြီး အဘိုးကြီးက ခြံတွင်းသန့်ရှင်းရေးနှင့် ပန်းဥယျာဉ်တွင်းရှိပန်းပင်များကိုပြုစုမျိုး ထောင်၊ ပေါင်းသင်ရေလောင်း စသည်တို့ဖြင့် အလိုက်သိစွာဆောင်ရွက်တတ်သောကြောင့် ကျွန်မ၏ တိုက်အိမ်လေးမှာ အလွန်တရာထည်ဝါခမ်းနားခြင်းမရှိသော်လည်း သပ်သပ်ရပ်ရပ်၊ သန့်သန့်ပြန့်ပြန့်နှင့် ကျွန်မတို့သို့သော တစ်ယောက်တည်းသမားအဖို့ စိတ်ဘဝင်ချမ်းမြေ့သာယာရွှင်ပျစွာ နေနိုင်ခဲ့ပါသည်။ အထူးသဖြင့် ဤဒေသသည် ဆိတ်ငြိမ်ရပ်ကွက်တစ်ခုလည်းဖြစ်သောကြောင့် သီးသန့်လွတ်လပ်စွာ နေထိုင်ကြသောကြောင့် ဝန်းကျင်အနှောင့်အယှက်ကင်းရှင်းနေသည်။

ကျွန်မ၏မိတ်ဆွေအပေါင်းအသင်းတချို့သည် ကျွန်မ ပြည်ပသို့ မထွက်ခွာခင်က မကြာခဏ လာရောက်လည်ပတ်လေ့ရှိသော်လည်းယခုပြန်လည်ရောက်ရှိနေခြင်းကိုစကားမစပ်မိကြခြင်းကြောင့် မည်သူတစ်ဦးတစ်ယောက်မှ မလာကြပါချေ။

မည်သို့ပင်ဖြစ်စေ ...



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မသည်မြို့ပြည်ပ၌အလုပ်အကိုင် အဆင့်မြင့်မြင့်ရရှိဆောင်ရွက်ခဲ့ပြီးအသုံး အစွဲ ဆင်မြင်ခဲ့သောကြောင့် လေးနှစ်တာတာကာလအတွင်း စုမိဆောင်းမိခဲ့သော ဒေါ်လာများကို ယုံကြည်စိတ်ချရသော မြည်တွင်းပုဂ္ဂလိကစီးပွားရေးလုပ်ငန်း တစ်ခုတွင် အစုရှယ်ယာထည့်သွင်း အရင်းအနှီးပြုထားခဲ့သည်။

ထို့ကြောင့်ကျွန်မဘဝတွင်စားဝတ် နေရေးနှင့်ပတ်သတ်၍ အခက်အခဲဟူ၍ လုံးဝဖြစ်မနေ ဝရောက်နေသည်။

မြန်မာနိုင်ငံသို့ကျွန်မပြန်ရောက်ပြီး ရက်သတ္တသုံးပတ်မျှအကြာတွင် ကျွန်မ၏ငယ်သူငယ်ချင်းထဲတွင် အရင်းနှီးဆုံး ခေါင်း၍သင်း၍ အကောင်းဆုံးဟု ဆိုရမည့်ဖြစ်သောမိထွန်းဖုံရောက်လာတော့သည်။

ထုံးစံအတိုင်းကျွန်မအိမ်တွင်လွတ်လွတ်လပ်လပ် နေထိုင်စားသောက်သည်။ မိထွန်းဖုံသည်လည်းကျွန်မနည်းတူ မိဘနှစ်ပါးစလုံး မရှိကြတော့ပဲ တစ်ယောက်တည်းသမားဖြစ်နေလေပြီ။ ယခင်အခါက တစ်ဦးတည်းသော မွေးချင်းဖြစ်သူ ကျော်ထွန်းဖုံဟူသော မောင်ငယ်ရှိခဲ့ဖူးသည်။ သို့သော် ကျော်ထွန်းဖုံ အိမ်ထောင်ကျသွားခဲ့သည်။ ထိုနောက် ကျွန်မသည်လည်း ပြည်ပသို့ အလုပ်အကိုင်ဖြင့် ရောက်သွားခဲ့သည်။ ထိုအချိန်မှစ၍လေးနှစ်တာကာလပတ်လုံး သူတို့မောင်နမနှင့်သာမက အခြားသော ဆွေမျိုးသားချင်းအပေါင်းအသင်းများပါ အဆက်ပြတ်နေခဲ့ရသည်။

အထူးသဖြင့် ကျွန်မ၏ ပင်ကိုစိတ်ထားအရ တစ်ဦးနှင့်တစ်ဦး မည်မျှပင်ရင်းနှီးခင်မင်စေကာမူ စာတစ်စောင်ပေတစ်ဖွဲ့ ရေးသားလေ့ မရှိပါချေ။

မည်သို့ပင်ဖြစ်စေ၊ မိထွန်းဖုံသည် ကျွန်မနှင့် လေးနှစ်တိုင်တိုင် အဆက်အသွယ်မရှိ ကင်းကွာခဲ့သော်ငြားလည်း ကျွန်မ၏မျက်မှောက်သို့ ရောက်ရှိပြီး နောက်လေးမိနစ်အတွင်းယခင်ကမူလ အခြေအနေအတိုင်း နေသားတကျပြန်လည်ဖြစ်သွားသည်။ စင်စစ်အားဖြင့် မိထွန်းဖုံသည် ပွင့်လင်းသူတစ်ယောက်ဖြစ်နေသောကြောင့်ပါတည်း။

ııı

မိထွန်းဖုံနှင့် ကျွန်မ ရင်းနှီးရသော အကြောင်းတစ်ခုခုကို ရမည်ရှာ ရှိးမယ်ဖွဲ့၍ပြောရမည်ဆိုလျှင် သူမ၏မောင်ဖြစ်သူကျော်ထွန်းဖုံနှင့်ပတ်သက်ခဲ့ဖူးသည်။ ကျော်ထွန်းဖုံက ကျွန်မကို ရိုးတိုးရိပ်တိပ် အဖွာစကားစရန် မကာမဖျိုးသည်။ သူ့အပေါ်မှာ သံယောဇဉ် ဖြတ်လို့မရသူ၊ အချစ်ဆုံးသူငယ်ချင်းဖြစ်သော ကျွန်မအတွက်အချစ်ဆုံးအချစ်ဦးသူဖြစ်သိုသော ဆန္ဒရှိသည်မှာ အမှန်။

သို့ရာတွင် ထိုအကြောင်းနှင့်ပတ်သတ်၍ ... ချက်ဆိုလျှင် နားရွက်ကမီးတောက်လေ့ရှိသော မိထွန်းဖုံက ရိပ်မိသွားသည်နှင့်တစ်ပြိုင်နက် ကျွန်မနှင့်နှစ်ယောက်ချင်းတွေ့ခိုက် ခါးခါးသီးသီးငြင်းဆန်သည်။

"တကယ်လို့ငါ့မောင် ကျော်ထွန်းဖုံဟာ တခြားအမျိုးသမီးတစ်ယောက်ကို ချစ်သူဖြစ်ဖို့ကြိုးစားရင်ငါမသိချင်ယောင်ဆောင်ပြီး မျက်နှာလွှဲနေလို့ရတယ် ... နှယ်၊ ဒါပေမဲ့ – ဓိကျော်ထွန်းဖုံအကြောင်းကိုငါက အမြဲရေးခါမကျန် သိထားတယ်၊ ဒါကြောင့် ... ငါ့အချစ်ဆုံး သူငယ်ချင်းနဲ့ ချစ်သူရည်းစားမဖြစ်ချင်ဘူး။ ပွင့်ပွင့်လင်းလင်းပြောရရင် ဒီကောင်က အင်မတန် နှာဘူးများတဲ့ကောင်၊ မိန်းကလေးမြင်ရာလေးတွေ့ တွေ့တိုင်း ရည်းစားထားချင်တဲ့ကောင်၊ ဒါပေမဲ့ – ငါ့မှာ အရင်းနှီးဆုံးဆွေမျိုးသားချင်းအရင်းခေါက်ခေါက်ဆိုလို့ဒီကောင်ပဲ ရှိတယ်၊ ဒါကြောင့် သူ ဘယ်လိုပဲ ဆိုးသွမ်းနေပစေ၊ ငါ သူ့အပေါ်မှာ သံယောဇဉ် ဖြတ်လို့မရဘူး သူငယ်ချင်း။ ဒါကြောင့်ငါအခလေးအနတ်ပြောပါရစေ၊ ကျော်ထွန်းဖုံရဲ့အချစ်ကို ဘယ်လိုအကြောင်းကြောင့်မှ လက်မခံပါနဲ့၊ ဒါဆိုမင်းနဲ့ငါတို့သူငယ်ချင်းဘဝမှာ အရှည်ကြာဆုံး တည်မြဲမှာပဲ"

မိထွန်းဖုံက အကျိုးသင့်အကြောင်းသင့် ရှင်းပြသည်။

ကျွန်မအနေနှင့် ထိုအချိန်မှစ၍ ကျော်ထွန်းဖုံ၏အချစ်ကို လက်ခံလုဆဲဆဲအခြေအနေတွင် မျက်စိစုံမှိတ်တာဦးခေါင်းတွင်တွင်ခါလျက် ထထာလုပ်ခဲ့ရသည်။

ııı

ကျွန်မ၏ တစ်ထပ်တိုက်လေးတွင် မိထွန်းဖုံနှင့်အတူ နံနက်စာ စားသောက်ပြီးနောက် နေ့လယ်နေ့တွင် တစ်ရေးနှစ်ကြသည်။ ညနေစောင်းတွင် တိုက်ရှေ့မျက်နှာစာရှိမွေးပုံရှုဝသောပန်းခြံလျှောင်ထဲတွင် ပက်လက်ကုလားထိုင်တို့ယ်စီဖြင့် တွေ့ရာလေးပါး စကားစမြည်ပြောရန် ရည်ရွယ်ခဲ့သည်။ သို့ရာတွင်မိထွန်းဖုံက မဲမျှော်လင့်သော စကားတစ်ခွန်းကို ဆိုင်းမဆင့် ဗုံမပါပဲ လွှတ်ခနဲပြောချလိုက်သည်။

www.burmeseclassic.com




"ငါ့မောင်လေး ကျော်ထွန်းဇံ ... တွယ်လွှန်ခဲ့တာ မင်း ကြားပြီးရောပေါ့နော်"

သူမ၏အသံက တုန်တုန်ယင်ယင် ဖြစ်နေသည်။

"ဘာ - ကျော်ကျော် ဆုံးသွားပြီ၊ ဟုတ်လား၊ ဘာဖြစ်လို့ ဆုံးတာလဲ"

ကျွန်မကစိတ်လှုပ်ရှားစွာမေးလိုက်သည်၊ ထိုအကြောင်းကို ကျွန်မ လုံးဝကြားသိခြင်း မရှိခဲ့ပါချေ၊ ထို့ကြောင့် အသည်းအသန် စိတ်လှုပ်ရှားသွားခဲ့ရသည်၊

"လွန်ခဲ့တဲ့နှစ်နှစ်တုန်းက ဆုံးသွားတာ၊ သူ့မယားက သတ်လို့ ..."

မိထွန်းဇံက တုံးတိတိ ပြောလိုက်ခြင်းဖြစ်သည်၊ စင်စစ်အားဖြင့်ကားအက်ဆီးဒင့်ကြောင့် မိဘနှစ်ပါးကွယ်လွန်ကြပြီးနောက် မိထွန်းဇံသည် သူမ၏မောင်လေးဖြစ်သော ကျော်ထွန်းဇံအပေါ်တွင် အစ်မတစ်ယောက်အဖြစ်နှင့်သာမက မိခင်တစ်ဦးအနေနှင့်ပါ ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်၊ မိထွန်းဇံသည် ကျွန်မနှင့် ငယ်ပေါင်းပီပီ ပွင့်ပွင့်လင်းလင်း မကွယ်မဝှက် ပြောပြသည်၊

အရွယ်ရောက်လာသောအခါ ကျော်ထွန်းဇံသည် မျက်မှောက်ခေတ် ၌ လူငယ်လူရွယ်တို့လောကတွင် တော်စားနေသော မော်ဒယ်လ်ဘွိုင်း တစ်ယောက် ဖြစ်ချင်လာသည်၊ အစ်မ သူက ဖြည့်ဆည်းသည်၊ ငွေကုန်လွင်၏ ဒယ်လ်သင်တန်းသို့ ပို့ပေးသည်၊ ညည်နှင့် ကိုယ်လုံးကိုယ်ပေါက် အချိုး ား ကျနပြေပြစ်သည်၊ ထိုသင်တန်း ဆုံးသည်အထိ တက်ရောက်အောင် ခဲ့ပြီး သင်တန်းသားများအားလုံးထဲ ၌ ဒုတိယအဆင့် ရှိတ်သည်၊ ဂျာနယ် င်းများတွင် ကျော်ထွန်းဇံ၏ အသွင် ဘ္ဘာန်က အထိုက်အလျောက် ပေါ် ၌ထင်ရှား လူကြိုက်များလာသည်၊

CAT WALK လျှောက်လမ်းပေါ် ၌ ဖွဲ့ခက်စရာမော်ဒယ်လ်ဘွိုင်းအဖြစ် ၌ဆိုင်ရှိ၍စတားဖြစ်လာသောကျော် န်းဇံကို ပန်းရှိဆရာမ ရောဟဏီက ်စိတ်ချသည်၊ ရောဟဏီသည် ချမ်း ကြွယ်ဝသောအပျိုကြီးတစ်ယောက် သည်၊ အသက်အားဖြင့် ကျော်ထွန်း ထက် ဆယ်နှစ်မျှကြီးသော်လည်း ငွေ ချေလိုသုံးနိုင်သူတစ်ယောက်အဖို့ ဝီ ဝလတ်စတစ်ဆာဂျရီနည်းဖြင့် ပြုပြင်ထားသောကြောင့် မျက်လုံး အိမ်ထောင့်နှစ်ဖက်တွင် အရေးအစင်းများမမြင်ရပါချေ၊ ပါးရေနားရေတို့လည်း လျော့ရဲပျော့တွဲခြင်း အလျဉ်းမရှိ၊ တင်းရင်းနေသည်၊ ဂျပန်နိုင်ငံသို့သွား၍ ရင်သားနှင့် တင်ပါးကို ခွဲစိတ်ကာ ရာဘာ အမြှုပ်များ (RUBBER FOAMS)ဖြင့် ဖြည့်သွင်းထားကြောင်း သူမကိုယ်တိုင်က ဂုဏ်ယူဝင့်ကြွားစွာ ထုတ်ဖော်ပြောပြခဲ့သည်၊

ဂုဏ်တုဂုဏ်ပြိုင် အလျှံပယ်ဖြုန်းသုံးနိုင်သော လက်ထပ်မင်္ဂလာပွဲအချို့တွင် ကျော်ထွန်းဇံတို့သို့သော မော်ဒယ်ဘွိုင်း TOP TEN တရင်းဝင်များကို လူပျိုရန်အဖြစ် ကြေးကြီးပေး၍အသုံးပြုလေ့ရှိသောကြောင့်ထိုမင်္ဂလာပွဲတစ်ခုမှ အစပြု၍ ရောဟဏီနှင့် ကျော်ထွန်းဇံတို့ ဆုံစည်းခဲ့ကြသည်၊ အတယ် တန္တု ... ရောဟဏီသည် အသက်အားဖြင့် ကျော်ထွန်းဇံထက် ဆယ်နှစ်သာသာ ကြီးသော်လည်း နှစ်ယောက်သား ဘေးချင်းယှဉ်၍ ရပ်မိကြသောအခါ အသက်အရွယ်ချင်း မတိမ်းမယိမ်းဟု ထင်ရသည်၊

အထူးသဖြင့် ခေတ်နှင့်ညီပေါင်တန်းရုံမှုမကခေတ်ရှေ့သို့ပြေးနေသော





www.burmeseclassic.com

www.burmeseclassic.com

ရောဟဏီ၏သက်တန့်ရောင်စုံခြယ်မှုန်း ထားသောမျက်နှာလေးမှာအလွန်တရာ နုဝင်းစိုလျှက်ရှိသည်။ ဝိဘိ - ဆယ် ကျော်သက်မိန်းမပျိုတစ်ယောက်နည်း တူ၊ လှပသွယ်ရည်များ၊ တောက်ပလျက် ညီညွတ်နိုင်စွမ်းရှိသည်၊ မြင်ပါများတော့ ယဉ်ယဉ်ပါများတော့မင်းမင်းပါများတော့ ကြင် တူသော ဆိုရိုးစကားအရ ကျော် ထွန်းဖုံနှင့် ရောဟဏီသည် မကြီးမငယ် စုံတွဲလေးတစ်တွဲအဖြစ်သို့ တစ်မဟုတ်ချင်း ရောက်ရှိသွားကြသည်။ တကယ်တမ်း စဝေါတာတ်မညာ စောကြောသုံးသပ် အကဲခြတ်ရပါမူ တစ်သက် တာ သုံး တွေ့နိုင်းမြန်မာစကားထားစရာနေရာ မရှိ လောက်အောင် ချမ်းသာကြွယ်ဝနေ သော အမျိုးကြီးမ ရောဟဏီသည်သူမ အတွက် ငြေဖျော်ဖို့ သက်ရှိကစားစရာ အရုပ်လေးတစ်ရုပ် ဝယ်လိုက်ခြင်းဖြစ် သည်။ ထိုနောက်ဆက်လက်၍မိထွန်းဖုံ တာ တစ္ဆေမအား ပြောပြရာတွင် -

"အဲဒီအချိန်ကာလအတောအတွင်း မှာ ငါတို့မောင်နမဟာ လူ့ရှုတ္တရှုရှာဆို ရင် ဟိတ်ဟန်ထုတ်ပြီး ရွှီးအပြည့်ဖြစ်နေ ပေမယ့်ကိုယ့်ဝမ်းနာကိုယ်သာသိဆိုတဲ့ စကားလို အတွင်းကျကျ အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် မနတ်စာနဲ့ ညစာကို အလျှင်မီအောင် မနည်းစားနေရလို့ အဝို သုံးစွဲစရာ ငွေပိုငွေလျှံဆိုလို့ လုံးဝမရှိ၊ ဗလာနတ္ထိ ဖြစ်နေခဲ့ကြတယ်၊ ဒါကြောင့် ငါ့မောင် အရှောအလှ လှပျိုစစ်စစ်၊ နုနု ထွတ်ထွတ်လေးကို ငွေကြေးအလျှံပယ် ကြွယ်ဝချမ်းသာနေသူ အပေါ်ယံ ရွှေမှုန် ကြဲ၊ အထဲက နောက်ရှေးစံထားတဲ့ ခုနစ် ခွေးရှုစ်ခွေးအမျိုးတိုင်းကြီးတစ်ယောက် လက်ထဲကိုဝကွက်ပြီး အပ်လိုက်ရတော့ တာပါပဲ - ချီနွယ်ရယ်"

မိထွန်းဖုံက နာနာကြည်းကြည်း ဆွေးဆွေးမြည့်မြည့်ပြောနေလေသည်။

စစချင်းတော့ ငါ့မောင် ကျော်ထွန်း ဖုံဟာ အိမ်ထောင်ဘဝမှာ တော်တော် လေး ပျော်ခဲ့တယ်လို့ ထင်ခဲ့တယ်။ တကယ်တော့ ငါ့မောင်လေးက ငါ့ရှေ့မှာ အပျော်မျက်လုံး အပြုံးမျက်နှာနဲ့ မပူတဲ့ ရုပ်မျိုး ဟန်လုပ်ပြခဲ့တာကိုး၊ တကယ် တော့ ရောဟဏီဟာ တိတ်တခိုး မူးယစ် ဆေးဝါးစွဲနေတာကို။ အထူးသဖြင့် ကျိုကျိုတတ် သုံးမကုန် ဖြုန်းမကုန် အောင် ချမ်းသာကြွယ်ဝနေတဲ့ လူတန်း စားတချို့ဟာ လောကစည်းစိမ်မှန်သမျှ မခံစားဖူးတာ မရှိအောင် အမျိုးမျိုး အထွေထွေနဲ့ သူတို့ကိုယ်သူတို့ဖြေဖျော် ခံသာပ်ကြည့်ကြရာက မသုံးစွဲပဲ မနေ နိုင်တော့ဘူး။ သုံးစွဲတဲ့ဆေးအမျိုးအစား အလဲ တစ်စတစ်စနဲ့ အရင့်စားဖြစ်လာ တယ်၊ ရောဟဏီအနေနဲ့ ငါ့မောင်ကိုပါ သူ့လိုမျိုး ဘဝတူ ဆေးရူးကြည့်ဖို့ မြူ ဆွယ်ပါသေးတယ်၊ ဒါပေမဲ့ - ကျော်ထွန်း ဟာ လုံးဝလက်မခံဘူး၊ ပြတ်ပြတ်သား သား ငြင်းဆန်တယ်၊ မြူဆွယ်လို့မရတဲ့ အဆုံးမှာ အတွေးမှားယွင်းနေတဲ့ ရောဟဏီကသူမဘာသာစဉ်းစားကြည့် ပါလိမ့်မယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကျော်ထွန်းဖုံဟာ သူနဲ့ အဆင်မပြေခဲ့ရင် သူမူးယစ်ဆေးစွဲနေတာကိုဖော်ထုတ် ပြသနာရှာတော့မှာပဲဆိုတဲ့အတွေး ငါ့မောင်လေးရဲ့ညစာထဲမှာ အိပ်ဆေး တယ်၊ အိပ်မောကျနေချိန်မှာမျက်နှာ ပြင်လုံးကို ခေါင်းအုံးနဲ့ ဖိထားလိုက် တော့ အသက်ရှူလို့မရပဲ မွန်းကြပ်ပြီး သေဆုံးသွားခဲ့ရတာပါ"

မိထွန်းဖုံသည်ကြေကွဲဝမ်းနည်းစွာ ပြောနေရာမှ ရှိုက်သံ ဗလုံးဗထွေးဖြင့် ထွက်လာသည်။

"ဒါဆို - အဲဒီ့လူသတ်မှုကို ရဲက စုံစမ်းမပေးဘူးလား"

"အရေးယူလို့မရအောင်ရောဟဏီ တို့ဘက်က ဆွေမျိုးသားချင်း အပေါင်း အသင်းတွေက ကူညီပြီး ထွက်ချက်ပေး ကြတယ်၊ ရောဟဏီကဝယ်စဉ်ကတည်း ကဦးခေါင်းမှာပြင်းပြင်းထန်ထန်အက်ရာ ရလို့စိတ်ကျန်းမာရေးချို့ယွင်းနေသူတစ် ယောက်ဖြစ်နေသတဲ့၊ ဒါကြောင့် အိမ် ပျော်ရာက မကြာခဏ ယောင်ယမ်းပြီး ထသွားတတ်ကြောင်း၊ အဲဒီလိုတယောင် ကတမ်း လျှောက်သွားစဉ်မှာ မှားမှား ယွင်းယွင်းတစ်စုံတစ်ခုပြုလုပ်ခဲ့လေ့ရှိပြီး သူပြုခဲ့သမျှကိုလည်း လုံးဝပြန်လည် သတိမရတော့ကြောင်း ဆိုပြီး ငယ်စဉ် အခါက ကုသခဲ့တဲ့ဆေးမှတ်တမ်းတွေ သက်ဆိုင်ရာဆရာဝန်တွေရဲ့ ဆေးစစ် ချက်၊ တွေ့ရှိချက်၊ ကုသချက်တွေအား လုံး ပြည့်ပြည့်စုံစုံ တင်ပြနိုင်ခဲ့တယ်၊ ရောဟဏီနဲ့ အတူတူနေဖူးတဲ့ ဆွေမျိုး သားချင်းတွေ၊ အပေါင်းအသင်းတွေ အားလုံးကလည်း တစ်ညီတစ်ညွတ် တည်း သက်သေခံထွက်ချက်ပေးကြ တယ်၊ ဒါကြောင့် ကွင်းလုံးကျွတ် လွတ် မြောက်သွားခဲ့တယ်"

စကားအဆုံးတွင် မိထွန်းဖုံတစ်ယောက် ကြီးတငင်ငိုကြွေးနေရှာသည်။ ဤအချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com

အတတ်နိုင်ဆုံး နှစ်သိမ့်ဖျောင်းဖျ ရှော့ ရောရသည်။

"ဒါများတာပါ - သူငယ်ချင်း၊ အစ ကြီးကတည်းက ဝါ့မောင်ကို မင်းနဲ့သာ ချစ်သူအဖြစ်နဲ့ လက်ထပ်ပေးခဲ့ရင် ဝါ့မောင် ဒီလိုအဖြစ်ဆိုးနဲ့ကြုံကြိုက်ရမှာ မဟုတ်ဘူး"

မိထွန်းဖံသည် အကြီးအကျယ် နောင်တစကားကို တုန်ယင်လိုက်မော မှာ ရွတ်ဆိုနေသည်။ ကျွန်မသည် မိထွန်းဖံ၏ဝေဒနာတစ်နင့်တစ်ပိုး ခံစား နေမှုကို လျော့ပါးသက်သာလာသည် အထိ စောင့်ဆိုင်းနေမိသည်။

၂

ဆည်းဆာချိန် လွန်မြောက်သော အခါ ကျွန်မသည် မိထွန်းဖံ၏ဝန်းကို တော်၍ ထူမသည်။ အိမ်ထဲသို့ ဝင်ခဲ့ပြီး ညစာကို တိတ်ဆိတ်စွာ စားသောက်ခဲ့ ကြသည်။ ညအိပ်ရာမဝင်မီ ဧည့်ခန်းတွင် ခေတ္တသက်သောင့်သက်သာ နားနေစဉ် ကျွန်မ၏နှုတ်များမှ အမှတ်မထင် လွှတ် ခနဲ မေးခွန်းတစ်ခု ထွက်သွားသည်။

"အခု - အဲဒီ့ ရောဟဏီ၊ အခု ဘယ် မှာလဲ"

"ဝါ့မောင် ကျော်ထွန်းဖံသေပြီး တ
နှစ်အကြာမှာ အိမ်ဖော်မနဲ့အတူ မဟုရ
ကျွန်းကိုစရီးထွက်သွားတယ်။ အဲဒီ့ကျွ
ပေါ်က ဘိုတဲမှာ တည်းခိုကြတယ်၊ ကျွ
အစွန်အဖျားက ပေသုံးရာလောက်မြ
တဲ့ ကျောက်တောင်ပေါ်မှာ နေ့စဉ်တ
ယောက်တည်း သွားထိုင်ပြီး အင်မတ
လှပတဲ့ရှုခင်းတွေကို ပန်းချီဆွဲ သတဲ
တစ်ညမှာ အိပ်ပျော်နေစဉ် တစ်ယော
တည်း လမ်းထလျှောက်သွားတယ် ထ
ပါရဲ့ နောက်တစ်နေ့မနက်ကျတော့ သူ
ရဲ့အလောင်းကို ပင်လယ်ကျောက်အ
စွန်းတွေကြားမှာ တွေ့ရတယ်၊ ကျော
တောင်ပေါ်က ကျပြီး ကျောက်ဆော
ကျောက်စွန်းတွေနဲ့ ပြင်းပြင်းထန်ထ
ထိခိုက်မိလို့ ကျကျချင်းသေတာ ... လ
မှုခင်းဆရာဝန်က ဆေးမှတ်ချက်
တယ်၊ မအိပ်ခင်က မူးယစ်ဆေး သုံးစွဲ
သေးတယ် ... လို့လည်း စစ်ဆေးတွေ
ကြောင်းဆရာဝန်မှတ်ချက်မှာ ပါသတဲ့
ရောဟဏီ သေရတာဟာ မတော်တဆ
အက်ဆီးဒင့် ကြောင့်သာ ဖြစ်တယ်
အဲဒီလို အက်ဆီးဒင့်ဖြစ်ရတဲ့ အဖြေ
အကြောင်းအရင်းကလည်း ငယ်စ
ကတည်းက အိပ်ပျော်နေစဉ် လမ်းထ
လျှောက်ပြီး တစ်ခုခုဖြစ်လေ့ရှိတာရယ

အိပ်စီတာလည်း မူးယစ်ဆေး အသုံးပြု ခဲ့တဲ့လက္ခဏာ တွေ့ရှိရတာရယ်၊ အဲဒီ့ အချက်တွေကြောင့်ကျောက်တောင်ပေါ် က မတော်တဆကျပြီး သေရတာဖြစ် တယ်၊ တခြားသံသယဖြစ်စရာ ဘာ အကြောင်းမှမရှိလို့ ဖော်ပြထားသတဲ့"

မိထွန်းဖံကစကားအဆုံးတွင်သက် ပြင်းမောတစ်ချက်ကို လေးလေးပင်ပင် ချလိုက်သည်။

"ရောဟဏီ - ကျောက်တောင်ပေါ် ကကျလို့သေရိုန်မှာရှင်ဘယ်မှာရှိသလဲ မိထွန်းဖံ"

"ပင်လယ်ထဲက ကျွန်းတစ်ကျွန်း ပေါ်မှာ ရှိနေတာပေါ့ - ချိုနွယ်ရယ်" ဟု၍ မိထွန်းဖံက ကျွန်မ၏လျှပ်တစ်ပြက်မေး ခွန်းကို မရေမရာ ဖြေလိုက်ပါတော့ သည်။

➳ ရှင်ဒေါင်းယဉ်

**မြန်မာဆေးနည်းတိုများ**

[illegible]

ဒူးခေါင်းကြီးနေရင် ခရာရွက်ကို ဆီသုတ်၍ မီးကင်ပြီး ခပ်နွေးနွေးတင်၍ စည်းပေးပါ။

[illegible]

ဒူးနာစိမ်းဆေး
သစ်ရင်းကြီးမြစ်၊ ဥသျှစ်မြစ်၊ ခင်ပုပ်မြစ်၊ သနပ်ခါးမြစ်တို့ကို ဆတူစပ်၍ ငါးခွက်ပါစ်ခွက် တင်၍ ထန်းလျက်ဖြင့် စိမ်သောက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဆိုးသွမ်းသောလင်ကို အဆိပ်ကျွေးသတ်ရာမှ နောက်ဆုံးဖြစ်ပေါ်လာသည့် နောက်ဆက်တွဲပြဿနာများကို ဟာသဆန်ဆန် ရေးသား ထားခြင်းဖြစ် ..

## လက်ပံပင်ကြီး တွင် ...

ဂီလာနအရက်ဆိုင်လေးရှိ၏။ လက်ပံပွင့်တို့ထားစိတ်လေစွာဖြင့် ဖွံဖွံကြွေနေလေ၏။ အရက်ဆိုင်အတွင်းမှ ဘာဝပေါင်းစုံတို့၏ အသက်ရှူသံများသည် သောက်ထားသည့်ထက် ပိုယစ်ပိုမူးနေကြလေ၏။

အရက်ဆိုင်၏အပေါက်ဝတွင်ရှိတဲ့ ရုပ်ဖြစ်နေသော ညိုမြသည် ဆိုင်အတွင်းသို့ ငေးကြည့်၏။ ပြီးနောက် ခပ်လှမ်းလှမ်း လက်ပံမြစ်ဆုံကြီးပေါ်တွင် သွားထိုင်၏။ အိမ်ပေါ်မှနင်ချခံနေရသော လက်ပံပွင့်ကြွေများကိုငေးကာ ကရုဏာ ကြီးသက်ပြင်းကို အခါခါချ၏။

ရွာဘက်ဆီသို့ ရင်ခုန်စွာ ငေးမိပြန်၏။ လမ်းယောင်ယောင်လေးအတိုင်း၊ လှည်းတစ်စီးသာ ကျော်ခဲ့ရသော်လည်း ရင်ခုန်ရတာ ဖတ်ဖတ်မော၊ ကြာရင် ညိုမြ မလွှယ်ပါ။ ရင်ခုန်ပြီး ဘတ်ခနဲ ရှေ့သွားနိုင်ပါ၏။

အရှိန်ရလာသော၊ ပြင်းထန်သော၊ ချက်ချေအောင်ပိုင်းဆန်သော စတွားလုံး ကြမ်းကြမ်းကြီးများသည့် ဂီလာနအရက်ဆိုင်ကလေး၏ တံခါးကိုပိတ်ထားလိုက် ကြလေပြီ။ ညိုမြ ဝင်လို့မရတော့ပေ။

အလင်းစတို့သည် ဖျာလိပ်ကာအိမ်ပြန်လေပြီ၊ အမှောင်သည် လောကကို အနိုင်အမာ တပ်စွဲထားလေပြီတကား။ ဂီလာနအရက်ဆိုင်လေးထဲမှ စိတ်မနိုင်သောနီကျင်ကျင်အလင်းရောင်တို့သည် ထရံပေါက်အကြိုအကြားများကြားမှ အပြင်သို့ ဆန့်ထွက်ကာ အမှောင်တောက်ဖို့ ကြိုးစားနေကြလေ၏။ အဲ့မှာပဲ -

အရက်ဆိုင်ထဲမှ အဘိုးအိုတစ်ယောက်ထွက်လာ၏။ ယိုင်တိုင်တိုင်နှင့် တိုင်ပတ်နေပြီတကား။

"ဖေဖေ"

ဟုဆိုကာ ညိုမြက အဘိုးအိုအား သိုင်းကာ ဖေးကူ၏။

"ဝေ့"

"ရှာလိုက်ရတာ - ဖေဖေရယ်"


www.burmeseclassic.com

www.burmeseclassic.com

"ဒါက ဒီလိုရှိတယ် - သမီးလေးရဲ့ ဇေ့"

အဘိုးအိုး၏စကားလုံးတို့သည် ခြေ လှမ်းမမှန်တော့၊ ဟိုယိုင်ဒီယိုင်နှင့် တိုင် ထိတ်နေပြီ။

"ရှုပ်တီကမကောင်းဘူး။ အလကား လည်း မရဘူးတဲ့၊ အာဒကေမရှိတော့ ပန်းတန်ဆေးငွေမောင်းပေါ့၊ လုပ်အားနဲ့ ရှပ်တီလည်းနေရတာ - ဇေ့၊ သူများ ထိုက်မှ မူးရတဲ့သဝဆိုတော့ - ဇေ့"

ညိုမြသည် ခေင်အား ရွာဘက်ဆီ သို့ပွဲခေါ်လာခဲ့၏။ လေသရမ်းမှုကြောင့် တိုင်းတောအုပ်သည် နန့်နန့်လှုးနေလေ ၏။

မိုးသည် ရွာတော့မယောင်နှင့် တိုယ်ထင်ပြလျက်ရှိ၏၊ မှောင်သော ကောင်းကင်တွင် လျှပ်စီးအက်ကြောင်း တို့သည်ကြောခဏအရောင်တောက်ပြ နေလေ၏။

တိုင်းတောအုပ်လွန်သည်နှင့် ဆင်း ရဲနွမ်းတို့နှင့်ဘတ်လဘိုင်လိုက်နေသော ရွာကလေးကိုပါးတားတားတွေ့ရလေပြီ။ စီးတင်းတဲ့အနားအရောက် -

"ဖေဖေ"

"ပြော - သမီးလေး"

"ဟိုလေ - ဖေဖေ့ကို ပြောထားတဲ့ ဟို - ဟိုကိစ္စ"

"ဟေ"

ယိုင်တိုင်ရီဝေနေသောအဘိုးအို၏ ခေါင်းသည် မတ်ခနဲဒတ်ခနဲဖြစ်သွား၏။

"ဟို - ဟိုကိစ္စလား - သ - သမီး"

"ဟုတ်"

"မ - မလောနဲ့နော် - သမီးလေး"

ညိုမြက နှုတ်ခမ်းကို ပြတ်မတတ် ကိုက်ကာ -

"မရတော့ဘူး - ဖေဖေ၊ လက်လွန် သွားပြီ"

"ဟေ - ဘုရား"

မိုးကြိုးပစ်သံကို အနီးကပ်ကြား လိုက်ရသည့်အလား၊ အဖိုးအို ခါထွက် သွား၏၊ မီးကင်းတဲတိုင်ကို ဖမ်းကိုင်ကာ ကင်းတဲပေါ်သို့ တက်ထိုင်၏။

သွားပြီ၊ သောက်ထားတာတွေကုန် ပြီ၊ အဘိုးအိုပကတိလူသားပြန်ဖြစ်သွား ၏၊ အဘိုးအို၏စိတ်ထဲမှာ ကြောက်စိတ် တို့၏ရယ်သံကိုကြားရလေ၏၊ သက်ပြင်း ကို သတိရတိုင်း ချကာ နားကြားမှ ဆေး လိပ်တိုကို မီးညှိဖွာရှိုက်နေလေ၏။

"လောလိုက်တာ - ငါ့သမီးရယ်"

"သမီး ဆက်ပြီးတော့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ မခံချင်တော့ဘူး - ဖေဖေ၊ အားကိုးချင်လို့ လင်ယူတာ၊ ဒင်းက လုပ် တိုင်မကျွေးတဲ့အပြင် အရက်ကလေး ထမြမြနဲ့ နှိပ်စက်သေး၊ သမီး သည်းမခံ နိုင်တာက အဖေ့ကိုနင်ပဲဝဆဲတာပဲ"

လူသွားလူလာမရှိသဖြင့် ဝန်းကျင် သည် တိတ်ဆိတ်ခြင်း၏အောက်တွင် ငြိမ်းကပ်နေလေ၏၊ ရွာဘက်မှ အသံ ဗလံတို့သည် လေကြောသင့်လျှင် ကပ် ပါလာတတ်၏။

"ဒါတော့ ဒါပေါ့ - သမီးရယ်"

အဘိုးအို၏ သောကစကား ညိုမြ တ -

"မစိုးရိမ်ပါနဲ့ - ဖေဖေရယ်၊ သမီး သေသေချာချာ လုပ်ခဲ့တာပါ"

"ပြီးစလွယ် ပြောလို့မရဘူးကွဲ့၊ လူဆိုးဖြစ်ဖြစ်၊ လူကောင်းဖြစ်ဖြစ် သတ် လို့မရဘူး၊ ဥပဒေက ရှိပြီးသား"

လက်ထိတ်၊ အချုပ်ခန်း၊ ထောင် စသည်တို့ကိုမြင်ယောင်မိပြန်၏၊ အဘိုး အိုသည် ကြက်သီးဖျန်းဖျန်း ထမိ၏၊ ချွေးစေးတောင် ထွက်ချင်လာ၏။

အသက်ကြီးမှ ဗျေးအောင်းရမည် ဆိုလျှင် ဘဝက မတွေးဝံ့စရာကြီး။

"သမီးလည်းတတ်နိုင်သမျှစိတ်ကို ထိန်းပါတယ်၊ ဒင်းက ထုံးစံအတိုင်း မူး ပြန်လာတာ၊ ဆဲလိုက်တာ မိုးမွှန်လို့၊ အမဲသားပြုတ်တွေ ပါလာတယ် - သုပ် ပေးတဲ့"

ညိုမြသည် အမှောင်ထုကိုငေးတော ရှင်းပြနေ၏၊ အဘိုးအိုသည် မီးသေနေ သော ဆေးလိပ်ကို ထပ်ကာထပ်ကာ ဖွာ၏၊

"သမီးလည်း အကြံရတာနဲ့ သုပ် ပေးလိုက်ပါတယ်"

"အမဲသားသုပ်စားတာနဲ့ နင့်လင် သေရောလား"

"ကြွက်သတ်ဆေးပါတယ်"

"ဟေ"

ပါးစပ်ပေါက်မှ ဆေးလိပ်တို ပလောက်ခနဲပြုတ်ကျသွား၏၊ အဘိုးအို ၏ သောကများသည် အမှန်ဝင် တရား ဝင်ခဲ့လေပြီတကား၊ လူတစ်ယောက်ကို သတ်ဖြတ်ခြင်းသည်လွယ်ကူသောအရာ မဟုတ်၊ ဥပဒေကလက်ပိုက်ကြည့်နေမှာ မဟုတ်၊

သမက်ဆိုးတာ၊ မိုက်တာ၊ အားလုံး အသိ၊ ဒါပေမဲ့ - အဆုံးသတ် သည် ဒီလောက်မြန်ဆန်လိမ့်မည်ဟု မထင်ခဲ့၊ ခုတော့ - သမက် သေလေပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com

ကြွက်သတ်ဆေးက စိတ်ချရပါ
တယ်...ဖေဖေ့ရဲ့ရုံလောက်ဆိုသင်းကာလဲ
...ကိုက်နေပြီ"

"ဟိုးဟိုးပြောပါကွယ်၊ လူသတ်မှ
...ထောင်ကျမှာကွဲ့"

...လင်တို့ ကြွက်သတ်ဆေးကျွေးခဲ့
...ညီမြသည် ထောင်ကိုတော့ ကျွတ်
...မြင်၏။

"သမီး"

"ရှင်-"

အသံတွေ တုန်နေကြပါပြီ၊

"ထေ့တော့ပါဘူးကွယ်"

"ဖေဖေ-ဘယ်လို လုပ်ကြမလဲ
ဟင်"

"ဖြေကြာက်နဲ့"

"ဟုတ်"

"အမူအရာပျက်စေနဲ့"

"ဟုတ်ကဲ့"

အမှောင်ထုတွင် ပျံဝဲနေသော
...ကြီးတလေးများကို တွေ့လိုက်ရ
...ငြင်းသားအဖနှစ်ယောက်ဟာခနဲဖြစ်
သွား၏။ သူတို့ကို ကြည့်နေတဲ့မျက်လုံး
တွေလားပေါ့၊

"သူ့အလောင်းကို တွေ့တာနဲ့ အိမ်
နီးချင်းတွေ ကြားအောင်-အော်ငို"

"ဟုတ်"

"အဆိပ်မိပြီးသေတာဆိုတော့-အဲ
တစ်ခုတော့ သတိထားရမယ်ကွဲ့"

"ဘာများလဲ-ဖေဖေ"

"မသာကမျက်လုံးကြီးပြူး၊ လျှာကြီး
ထွက်နေမှာ၊ အမြှုပ်တွေလည်း တစီစီ
ထွက်နေမှာကွဲ့၊ ဒီတော့..."

အဘိုးအိုက လေသံယုံ့ယုံ့ဖြင့်ပြော
၏၊ ညီမြ ကြောက်စိတ်ပိုနေပါပြီ၊ သူ
သတ်ခဲ့သော သူ့လင်မသာကြီးကို ရင်
ဆိုင်ရဲပါ့မလား၊

"အမြှုပ်တွေ သုတ်ပြီးတာနဲ့ အော်
ငို၊ အကျယ်ကြီးနော်-သမီးလေး"

ညီမြက အသံတုန်တုန်လေးဖြင့်-

"ဟုတ်"

သားအဖနှစ်ယောက်ရှာထဲဝင်လာ
ခဲ့ကြ၏၊ အိမ်ကလေးသည် အမှောင်ထဲ
မှာ ငုတ်တုတ်ကလေး ထိုင်နေရှာ၏၊
တိတ်ဆိတ်လို့၊ တောရပ်တောရွာမို့တစ်
မြို့နှင့်တစ်မြို့ တော်တော်လေး အလှမ်း
ဝေးလှ၏၊ ဝါးရုံပင် လေတိုးသံမှအပ
ဘာသံမှ မကြားရ၊

သားအဖနှစ်ယောက်ခြံထဲဝင်လာ
ခဲ့ကြ၏၊ ရင်တွေ ဒိတ်ဒိတ်ခုန်လို့၊ မသာ
ကြီးကပြေးဖက်လိုက်လျှင်မတွေးဝံ့စရာ၊
အဘိုးအိုက-



"နောက်ဖေးပေါက်က တက်ပြီး
...ချောင်းလိုက်"

"သ-သမီး ကြောက်-ကြောက်"

"အဖေ ရှိပါတယ် သမီးလေးရယ်"

"ဟုတ်"

ဆိုကာ ညီမြသည် နောက်ဖေးဆီ
သို့ ထွက်လာခဲ့သည်၊ ခန္ဓာကိုယ်တစ်ခု
လုံး ဆတ်ဆတ်တုန်လို့နေလေ၏၊

မီးဖိုချောင်အမှောင်ထဲတွင် မီးခွက်
နှင့် မီးခြစ်ကို စမ်းသည်၊ တွေ့ပြီ၊

"ဖြောက်"

မီးညှိလိုက်၏၊ ညီမြရင်တွေ ဗုန်း
...ဗုန်း ခုန်နေပါသည်၊

"ဘုရား-ဘုရား"

အသံမဲ့စွာ ဘုရားတ၏၊ ရောနေပြီ
...သော ညီမြရဲ့လင်သည် ကြမ်းပြင်ပေါ်
မှာ ပက်လက် ဆန့်ဆန့်ကြီး၊ လျှာကြီး
...ထွက်လို့၊ အမြှုပ်တွေကမြင်လို့မကောင်း
...အောင်း၊ ရုတ်တရက် အဲ့လိုကြီး တွေ့
...လိုက်ရလျှင် ညီမြကိုယ်တိုင် လိပ်ပြာ
...လွင့်သွားကာ အသက်ပါသွားမှာ သေချာ
၏၊

ညီမြသည်စိတ်ကိုတင်းကာမီးခွက်
...ကိုင်ထားသော ညာလက်ကိုအိမ်ရှေ့ဆီ
...သို့ ...ခန့်လှမ်းတ၏၊ မျက်လုံးကို လုံးဝမဖွင့်
...

"မသာရော"

ဖခင်ဖြစ်သူ၏အသံကြောင့် ညီမြ
မျက်လုံးကို ဖွင့်ကြည့်လိုက်၏၊

"ဟင်"

ဟုတ်ပ၊ မသာမရှိ၊ ကြမ်းပြင်ပေါ်မှာ
ဖန်ခွက်တစ်ခွက်နှင့် အရက်ပုလင်းတစ်
လုံးသည် ငုတ်တုတ်ကလေးထိုင်လို့၊
စိတ်မရှည်သောမသာသည် ...
ကိုယ်စားကာ ဖုတ်ဝင်ပြီး သုသာန်သို့
သွားသောလေပြီလား၊

"မ-မသာရော-သမီး"

"မ-မသိ"

အဖိုးအိုသည် နားခေါင်း...ကို ...လိုက်
...ပွလိုက်လုပ်ကာ-

"ဘာနဲ့လဲ-သမီး"

မွှေးပျံ့သောဟင်းနံ့သည်မီးဖိုချောင်
မှ ထွက်လာခြင်းဖြစ်လေ၏၊

"သွားကြည့်စမ်းကွယ်"

ကြောက်စိတ်မွှန်နေသော ညီမြ
သည် ဘာကိုမှ သတိမထားမိပါ၊ မီးဖို
ချောင်ထဲဝင်လာခဲ့၏၊ မီးဖွင့်မှာဟင်း
အိုးတစ်လုံးကို တွေ့ရ၏၊ ...
နေဆဲ၊

"ဘာသားတွေ ချက်ထားတာလဲ
မသိဘူး-အဖေရဲ့ ဆိုးအဲ့မြည်...
ဒန်အိုးကို ယူလာခဲ့...

www.burmeseclassic.com

"ဟိုကောင်ရော..."

"ကြွက်သတ်ဆေးဒဏ် မချိမဆန့် ခံစားပြီး တစ်နေရာမှာ သွားသေနေတာ နေမှာပေါ့"

မသာက ရောက်ရာပေါက်ရာ လျှောက်သွားနေလျှင် သောက။ အဘိုးအိုသည် ဓာတ်မီးကိုကိုင်ကာ မြုံထဲသို့ ဆင်းလာခဲ့၏။ ပျောက်ချက်သားကောင်းနေသော သမက်မသာကို လိုက်ရှာနေခြင်းပင်။ မတွေ့။ လုံးဝကို မတွေ့။

သားအဖနှစ်ယောက်သည် ဟင်းအိုးတို ထိုင်ကြည့်လို့။ စိတ်ပျက်လက်ပျက်။ အဲ့မှာပဲ -

"ရောက်နေကြတာ ကြာပြီလား၊ တီး"

ရုတ်တရက် ထွက်ပေါ်လာသော အသံ။

"ဟင် - သ - သရဲ"

ညိုမြသည် ခေါင်းအားထဖော်၏။

"ဟင် - မင်း - မင်း"

မချော်လင့်ပဲ ပေါက်ခနဲ ပေါ်လာသူကား အခြားမဟုတ်။ ပျောက်ဆုံးမသာ (သို့မဟုတ်) ညိုမြရဲ့လင် အရက်သမား ဖိုးထောင်။

သားအဖနှစ်ယောက် အော်လိုက်ကြတာ အိမ်အမိုးပွင့်မတတ်ပါပဲ။ ညိုမြက ထစ်ထစ်ငေါ့ငေါ့ဖြင့် -

"ရှင် - ရှင်"

ဖိုးထောင်က တင်းတဲ့အထာဖြင့် -

"နင့်လင်ပါ - မိန်းမရဲ့။ အဖေ ကြည့်ပြောပါဦးဗျာ"

အဘိုးအိုသည် စိတ်ကိုထိန်းကာ သမက်အရက်သမားကို အကဲခတ်၏။ ပြောပုံဆိုပုံတို့သည် ဘာမှမထူးခြား၊ တစ်နေရာရာမှာတော့ မှားနေပြီဟု သိလိုက်၏။ လေသံမာမာဖြင့် -

"ဟေ့ကောင်"

"ဗျာ - အဖေ"

"ဘယ်က ပြန်လာတာလဲကွ"

အဲဒီတာယောက္ခမက သမက်ကို ဟောက်စားလုပ်တာပါ။ ဖိုးထောင်က -

"သချိုင်းက..."

"အဖေရဲ့ - သချိုင်းကတဲ့တော့"

ကိုယ့်လင်ကိုယ် ကျွတ်စဉ်ဖြစ်နေရတဲ့ဘဝပါတကား။

"ကွိုင်ပဲ - မိန်းမရာ - ငါက နင့်လင် အစစ်ပါဟ - ဟွန်း"

ဖိုးထောင် ဖုလေပြီ။ အဘိုးအိုက -

"သချိုင်းကို ဘာသွားလုပ်တာလဲကွ"

"နေ့ခင်းကဖဲရိုက်ရင်းဖိနပ်မေ့ကျန်ခဲ့လို့အဖေရဲ့။ ဟောဒီမှာမဆလာတောင်ပါသေး။ ဂွက်ထော်မတို့ဆီက တောင်းလာတာ။ ကြောင်သားဟင်းထဲ ခတ်ဖို့"

ကြောင်သားဆိုပါလား ဖိုးထောင် ည်အန်အိုးကိုဖွင့်ကာ မဆလာခတ်၏။ မွှေးရနံ့က ထောင်းထောင်းထလို့။ ကြောင်သားကြိုက်တဲ့အသားအဖ သွား ည်ကျနေကြပြီ။ အဖိုးအိုက -

"ဘယ်ကကြောင်လဲကွ"

ဖိုးထောင်က မီးဖိုထဲဝင်ကာ ထမင်းချ၏။ ပြန်ထွက်လာရင်း -

"ဘယ်ကကြောင်မှန်းမသိပါဘူး အဖေရယ်၊ အရက်သောက်ရင်း ဆေး ဝယ်ဖို့ဖြတ်လျှောက်နေတာနဲ့ ရွာထဲ သွားဝယ်တာ၊ ပြန်လာတော့ ဒင်းက ဆန့်ငင် ဆန့်ငင်နဲ့ အကျုံ့လည်းသနားတာနဲ့ ရိုက်သတ် ချက်လိုက်တာ"

မှတ်တောင် ထားရဦးမယ်၊ သနား ရိုက်သတ်ချက်လိုက်တာဆိုပဲ။

"လာ - မိန်းမ - ဆွဲရအောင်"

ညိုမြ မငြင်းပါ၊ ယုန်သားထက် ကြောင်သားက ကောင်းတာကိုး၊ ကြောင် ပလုတ်ပလောင်း ဆွဲသည်၊ ဖော်၊ အဖေကိုတောင် သတိမရ

အရက်သောက်ဖို့သာ ခေါင်းထဲရှိ ဖိုးထောင်သည် ကြောင် ဘာ ကြောင့်သေရတာလဲဟု မစဉ်းစားခဲ့ပါ။ ကြောင်သည်အမဲသားထုပ်ကိုအလစ်ဝင် တွယ်စဉ် ကံဆိုးလက်မှတ်ပေါက်သွားခြင်းပင်တည်း။

အကယ်၍များ အမဲသားသုပ် အနည်းငယ်ကို ဖိုးထောင် စားခဲ့မိပါက ကြောင်သားတောင်စားခွင့်ရမှာမဟုတ်။ ကွိုင်နေတာတစ်ပေါက်တော့ရှိပါတယ်။ အမဲသားသုပ်ပန်းကန် ပျောက်နေခြင်းပင်တည်း။

ညိုမြ ထမင်းဝသွားသဖြင့် နောက်ဖေးထွက်ကာ ပန်းကန်ဆေးနေလေ၏။ ဖိုးထောင်က ကြောင်နှိုးတို့မြွတ်မြွတ်ရှုပ်ရင်း -

"အဖေ - ဝင်စားလိုက်ပါလားဗျ"

အဖိုးကြီးရဲ့မျက်လုံးတွေက ပြူးပြင်ပေါ်ငုတ်တုတ်ထိုင်သော အရက်ပုလင်းဆီမှာ မျက်တောင်မခတ်ငေးလို့။ ဖိုးထောင်က -

"အဖေကစ်ချင်ကစ်လေ - ကျုပ်တော့ရပြီ"

ခွင့်ပြုချက်ရသည်နှင့် အရက်တို ခွက်ထဲငှဲ့သည်။ ရေမရောတော့။ မော့ချလိုက်၏။ အိုး - ကောင်းမှကောင်း။ အဖေတို့သည် လည်ချောင်းတစ်လျှောက် ဖြတ်နှင်းသွား၏။

www.burmeseclassic.com

"ကြော်-မေ့လို့"

ဟုဆိုကာ ဖိုးထောင်သည် ကြော်
အိမ်ကို "ကျွီ" ဖွင့်ကာ -

"အမေ့အတွက် တမင်ချန်ထားတာ"

"ဟိုး"

အဖိုးကြီး ရှုပ်ကိုသီးလေပြီ။ ပျောက်
ဆုံးနေသော အမဲသားသုပ်ပန်းကန်
လေး။

"တာလေချာ-ဟီး"

ဖိုးထောင် ရှပ်စက်သခေဘာကောင်း
နေပါလား အတိုးအိုသည် အမဲသားသုပ်
ပန်းကန်ကို မျက်တောင်မခတ်စတမ်း
စေကြည့်နေ၏။ လက်ကို ဆန့်လိုက်၏။

ကြောပါရေ။

"ဝှန်း"

အဖိုးအို လဲကျသွား၏။

သတေ်ဖြစ်သူ၏ ရယ်သံကို ကြားမိ
လိုက်သလိုလို။

🏛

"ဟင်-အမေ-အမေ"

ညီမြပြေးထွက်လာကာ -

"ရှင်-ရှင်-ဘာလုပ်လိုက်တာလဲ"

ဖိုးထောင်က ဆန့်ဆန့်ကြီးဖြစ်နေ
သော ဇော်ကွဲမကြီးအား ကြောက်လန့်
တကြားကြည့်ကာ -

"ငါထမင်းစားနေတာပါမိန်းမရယ်။
ဘာမှမလုပ်ပါဘူး။ သူဟာသူ ထသွားတာ
ရင်နဲ့ လဲကျသွားတာ"

"အမေ-အမေ"

ညီမြက အမေဖြစ်သူရဲ့ခေါင်းကို
လက်ဖြင့် တွေ့ကြည့်၏။ အသက်မရှူ
တော့။ ရင်ဘတ်ကို နားအပ်ကာ နား
ထောင်၏။ နလုံးခုန်သံ မကြားရတော့။

"အမိလေး-အမေ-လုပ်ပါဦး
ကိုဖိုးထောင်ရဲ့-ဟင့်-အီး-ဝါး"

ဖိုးထောင်တာ ယောက္ခမကြီးကို ဟို
ဝမ်းဒိဝမ်း လုပ်၏။ တစ်ကိုယ်လုံး အေး
စက်တောင့်တင်းနေလေပြီ။ ဖိုးထောင်
ခေါင်းနားပန်းကြီးသွား၏။

"သေ"

"ဟင်-အမေ-တင့်-ဝါး"

"ပြောနေတာလည်း ဖြစ်နိုင်တာပဲ
ကွ"

"ဘယ်လိုလုပ်ကြမလဲ ဟင်း ဟင်"

"မင်း စောင့်နေ..."

"ရှင်..."

"ငါ ဆေးဆရာ သွားပင့်မယ်"

ညီမြသည် ဆန့်ဆန့်ကြီးဖြစ်နေ
သော ဖခင်အား မရိုတရကြည့်ကာ -

"ကျုပ် ကြောက်တယ်တော့"

"မင်းကလဲကွာ၊ ကြောက်စရာလား"

"ဒါဆိုလည်း သွား-မြန်မြန်ပြန်လာ
ခဲ့-တင့်"

"အေး-အေး"

ဟုဆိုကာ ဖိုးထောင်သည် မာတ်မီး
ကိုယူပြီး ဆေးဆရာအိမ်သို့ ထွက်သွား
သတော့၏တကား။

🏛

နှင်းတွေ ကဲကဲကျနေပြီ။ ငွေလမင်း
သည် တိမ်မည်းညိုအကြိုအကြားတွေ
ကြို့ထွက်စို့ လုပ်နေ၏။ သုသာန်ဘက်
မှ -

"ခေါင်း-အု-အူ-အူး"

ခွေးအူသံများကို အတွဲလိုက် ကြား
၏။ ဆေးဆရာကြီး ဦးစံပေါက ကြက်
သေတာန်ဖြင့် -

"ဒါး..."ခနဲ သမ်းဝေ၏။ စောင်ကြမ်း
ကို ခြုံကာ -

"တုတ်လို့ လားကွာ-နေ့ခင်းက
ကောင်းကြီးပါဟ"

ဖိုးထောင်က ဆေးအိတ်ကို လွယ်
၏ -

"တုတ်ပါတယ်ဆို..."

"သွားမယ်ဟ-မြန်မြန်"

နှစ်ယောက်သား လမ်းလျှောက်
လာခဲ့ကြလေ၏။ ဆေးဆရာကြီးဦးစံပေါ
က ကွမ်းကို မြုံမြုံဝါးရင်း -

"ကွေးသောလက် မဆန့်ခင်း ဆန့်
သောလက် မကွေးခင်ဆိုတဲ့စကားဟာ
မှန်ပါ့ကွာ"

ဟု ဆိုကာ ရှတ်တရက် မှောင်သွား
သော ကောင်းကင်ကို မေးကာ -

"ဒို့သူငယ်ချင်းရဲ့အသက်ကို ကယ်
နိုင်ကောင်းပါရဲ့ကွယ်"


ပြောရင်းနှစ်ယောက်သားခပ်သွက်
သွက် လျှောက်လာခဲ့ကြလေ၏။ ခြံသို့
ရောက်လာကြ၏။ ရေနံ ဆီမီးခွက်မှ
နီကျင်ကျင် အလင်းရောင်သည် သိမ်း
တိမ်းတိမ်းနဲ့။ အိမ်ပေါ်သို့တက်ခဲ့ကြလေ
၏။

"ဟင့်-ဟင့်-ဟင့်"

ညီမြသည် ငုတ်တုတ်ထိုင်၊ စောင်
ခြုံကာ အင့်အင့်ရှိုက်နေလေ၏။ ဝတ်
လက်ဖြစ်နေသော အဘိုးကြီးကို စောင်
ပါးလေး လွှမ်းပေးထား၏။ မျက်နှာကိုပါ
အုပ်ထား၏။

"ဟင်း..."

www.burmeseclassic.com



မသာအိမ်သို့ဆက်ပျောက်ခဲ့ကြလေ၏။ ခဏအကြာ အိမ်သို့ရောက်သွားကြလေ၏။ ရေနံဆီမီးခွက်ကလေးသည် လင်းဆဲ။ ပင်ပန်းလို့ ထင်ပါရဲ့ ဖိုးထောင်သည် ညိုမြ၏ အလောင်းဘေးတွင် ခေါင်းမီးခြုံကာ အိပ်ပျော်နေလေပြီ။ နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ထိုင်လိုက်ကြ၏။ သတ္တိကောင်းသောအဘိုးကြီးသည် စိုင်ရာမှထကာ ညိုမြမျက်နှာကိုဖုံးအုပ်ထားသော စောင်ပါးလေးကို ခွာကြည့်၏။

ဟုဆိုကာ ဦးစံပေါ်သည် အဘိုးကြီး၏ဘေးတွင် ဝင်ထိုင်၏။ ကြောင်တက်တက်ဖြစ်နေသော ဖိုးထောင်ထံမှ ဆေးလွယ်အိတ်ကို ယူ၏။ အဖိုးကြီးမျက်နှာကိုလွှမ်းထားသောစောင်ပါးကိုခွာလိုက်စဉ်-

"နန့်ကလွှား"

ဟု လိပ်ပြာလွင့်မတတ် ငယ်သံပါအောင်အော်ကာ၊ မတ်တတ်ရပ်နေသော ဖိုးထောင်အပေါ်ခုန်တက်၊ ခွထားရင်း-

"လူ-လူနာက-ဘ-ဘ-ဘယ်သူ"

"အ-အဘိုးကြီးလေ"

ဦးစံပေါ်က အသားတွေ ဆတ်ဆတ်တုန်ရင်း-

"ကျို-ကြည့်-ကြည့်ပါဦး-ဟင့်"

ဖိုးထောင်အား ခွကာ နားနားကပ်ပြော၏။ ဖိုးထောင်က ဦးစံပေါ်၏မျက်နှာကို ကျော်ကာ ကြည့်၏။

"ဟင်း…"



အဘိုးကြီးမဟုတ်၊ ညိုမြပင်တည်း။ နှစ်ယောက်သားမှာ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ၊ အံ့မှာပဲ-

"ဟင့်-ဟင့်-ဟင့်"

ရှိုက်နေသော အသံရှင်သည် မျက်နှာစောင်ကို ခွာလိုက်၏။

"အောင့်မျက်လေး"

"အား…"

နှစ်ယောက်သားမှာ ငယ်သံပါအောင် အော်မိကြလေ၏။ မတ်တတ်ရပ်ထားသော ဖိုးထောင် ဝုန်းခနဲ လဲကျသွားလေ၏။ နှစ်ယောက်သား တဲထောင့်မှာ ထိုင်ကာ ကြက်သေသေကာ ကြည့်နေကြလေ၏။

အင့်-အင့်ရှိုက်နေသော အဘိုးကြီးသည် ပက်လက်ကလေး ညိုမြထံသို့ လှမ်းတိုက်သွားကာ-

"သ-သမီးလေးရယ်-ဟင့်ဟင့်"

ဟု ငိုကာ ငုတ်တုတ်မေ့နေသော ဆေးဆရာကြီးတို့ဘက် လှည့်ကြည့်ကာ-

"ဒါ-ဒါ့သမီးလေးကို ကယ်ပါဦး ဆေးဆရာ-ဟင့်-ဟင့်"

ဆေးဆရာကြီး ဦးစံပေါ်က-

"ခင်း-မင်း-ဘယ်လိုဖြစ်"

အဘိုးကြီးက အင့်ခနဲ ရှိုက်ရင်း-

"ငါမူးပြီး အိပ်ပျော်သွားတာဟ။ ငါနိုးတော့ ငါ့ရဲ့သမီးလေးက ပက်လက်ကလေးကွာ။ ကယ်ပါဦး-သူငယ်ချင်းရာ ဟင့်-ဟင့်"

ဦးစံပေါ်က "ဟူး" ခနဲ သက်ပြင်းကို ချ၏။ ဖိုးထောင်ကို ကြည့်၏။ ကြောက်စိတ်ပြယ်စ ဖိုးထောင်ကလည်း-

"အဖြစ်ဆိုးလိုက်တာ-မိန်းမရဲ့ အီး-ဝါး"

ဆေးဆရာကြီး ဦးစံပေါ်က ညိုမြကို စမ်းသပ်၏။ ခဏအကြာ ခေါင်းကိုခါကာ-

"ဆုံးရှာပြီကွဲ့"

ဟု ပြောသည်နှင့် ဖိုးထောင်နှင့် အဖိုးကြီးသည်-

"သမီးလေးရဲ့…"

"မိန်းမရဲ့-အီး-ဝါး"

ညိုမြ၏ နံဘေးတွင် ကြုံကြုံပါအောင် ငိုကြလေတော့၏။ ဦးစံပေါ်က ကွမ်းရာဝါးရင်း-

"ဖြစ်ပြီးရင် ပျက်တတ်တာပဲလေ။ ကဲကဲ-ငိုနေလို့မပြီးသေးဘူး။ ဒီကိစ္စကို သူကြီးဆီ အကြောင်းကြားရမယ်ကွဲ့"

အဖိုးကြီးက အင့်ခနဲ ရှိုက်တာ-



www.burmeseclassic.com

www.burmeseclassic.com

"ဖိုးထောင် ..."

"ရှာ - အဖေ"

"ခင်းဒီမှာ စောင့်နေ ..."

"ဟုတ် ..."

"ငါတို့ သူကြီးကို သွားအကြောင်း ကြားမယ်"

"ဟုတ်ကဲ့ - အဖေ"

အဘိုးကြီးနှင့် ဦးစံပေါ်တို့သည် သူကြီးအိမ်သို့ ထွက်သွားကြလေတော့ ၏။ အိမ်ပေါ်မှာ ကျန်ခဲ့တာကတော့ ဖိုးထောင်ရယ်၊ နောက်ပြီး ပက်လက် တလေး ညီမြရယ်၊

"ဦး ..."

အိမ်ခေါင်မိုးအပေါ်မှ ဖြတ်ပျံသွားသော ငှက်ဆိုးထိုးသံကို ကြားရလေ၏။

သူကြီးကတော်ကြီးက -

"ဖြစ်မှဖြစ်ရလေ ညီမြရယ်၊ နေ့ခင်းတထောင် အိမ်မှာ အဝတ်လာလျှော်ပေး သွားတာယ်ဟဲ့"

ဟုဆိုကာ လင်တော်မောင် သူကြီးမင်းအား ကြည့်၏။ သူကြီးမင်းက -

"ဝါး ..." ခနဲသမ်းကာ တုတ်ကောက်ကို ဆွဲပြီး -

"သွားကြစို့"

သူကြီးမင်း၊ သူကြီးကတော်၊ ဆေးဆရာကြီး၊ အဘိုးကြီး လေးယောက်သားသည် ရွာလမ်းအတိုင်း လျှောက်လာခဲ့ကြလေ၏။ လကလေးက ဖုန်ဖုန်လေးသာလို့ နှင်းတွေကျကောင်းဆဲ။ လမ်းခုလတ်တွင် ညီမြ၏အဖေက -

"သူကြီး"

"ဘာလဲဟ"

"နီးစပ်ရာအမျိုးတွေ ဝင်နှိုးလိုက်ဦးမယ်"

"အေး - ငါတို့ သွားနှင့်မယ်"

"ဟုတ်"

အဘိုးကြီး လမ်းသွယ်အမှောင်ကြားသို့ တိုးဝင်သွားသည်နှင့် -

"အု - အူ - အူး"

ခွေးအူသံများကို အဆက်မပြတ်ကြားရပြန်လေ၏။ သူကြီးကတော်က သူကြီးမင်း၏လက်မောင်းကို အားကိုးတကြီး ဖမ်းဆုပ်ထား၏။ သူကြီးမင်းက -

"သွားမယ်"

သောအိမ်သို့ ဆက်လျှောက်ခဲ့ကြလေ၏။ ကောအကြာ အိမ်သို့ရောက်သွားကြလေ၏။ ရေနံဆီမီးခွက်ကလေးသည် တင်းဆဲ။ ပင်ပန်းလို့ ထင်ပါရဲ့။ ဖိုးထောင်သည် ညီမြ၏ အလောင်းဘေးတွင် ခေါင်းငြိမ့်ကာ အိပ်ပျော်နေလေပြီ။

သုံးယောက်သားတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ထိုင်လိုက်ကြ၏။ သတ္တိကောင်းသော သူကြီးသည် ထိုင်ရာမှထကာ ညီမြမျက်နှာကို ဖုံးထားသော စောင်ပါးလေးကို ခွာကြည့်၏။

"ညင် ..."

ကြက်သေသေကာ နောက်လှည့်ကြည့်ပဲ -

"သေတာက - ဘာသူ - ဘယ်သူ"

ဆေးဆရာကြီးက -

"ညို - ညီမြလေ - သူကြီး"

သူကြီးမင်းက အားတင်းကာ အလောင်းကို ပြန်ကြည့်၏။

"တ ..."

ဖိုးထောင်သည် မျက်လုံးကြီးပြူး သူကြီးအား စိုက်ကြည့်နေ၏။

"သောက်ခွေး ..."

ဟုဆိုကာ သူကြီးမင်း ပက်လက်လန်ကျသွားလေ၏။ သူကြီးကတော်ကြီးက -

"ဟင် - သေ - သေတာက ညီမြ မဟုတ် - ဖိုးထောင်ပါလား။ အောင်မလေးတော့"

သေးဖျန်းဖျန်းထကာ သူကြီးမင်းအား ထဖက်လေတော့၏။ ကြက်သေသေနေသော ဆေးဆရာကြီးသည် ဖိုးထောင်၏အလောင်းနံဘေးမှာ စောင်ခြုံကွေးနေသောလူကို ငေးကြည့်နေ၏။ မျက်တောင်ခတ်ဖို့ဝင် သတိမရ။

သူကြီးမင်းတို့ လင်မယားမှာ ကြောက်စိတ်လွန်ကာ အိမ်ထောင့်တွင် ကပ်နေကြပြီး မျက်လုံးတို့စုံမှိတ်ထားကြလေ၏။ ဆေးဆရာကြီးမှာ သတ်ခဲ့လူသားတစ်ယောက်နယ် ဖြစ်နေရှာ၏။ စောင်ခြုံထားသောလူကို ငေးလို့။

စောင်ခေါင်းမြီးခြုံထားသောလူသည် -

"ဝါး" ဟုဆိုကာ ခြေထောက်နှစ်ဖက်ကို ဆန့်ထုတ်၏။

"အား .."

"အမလေးတော့"



www.burmeseclassic.com

www.burmeseclassic.com

သူကြီးတို့လင်မယား သွေးပျက်နေ ကြောက်စိတ်မွန်ကာ ထွက်ပြေးဖို့လည်း သတိမရကြ၊ သူကြီးကတော်၏ ထဘီမှာ သေးတွေ ရွှဲရွှဲစိုလို့၊

ခေါင်းမြီးခြုံထားသောလူသည် စောင်ကို ခွာလိုက်၏၊ သူကြီးကတော်က -

"ညီ - ညီမြ - အမလေး - လေး"

တုတ်၏ ညီမြပါပဲ၊ ဆံပင်ဖားလျား နှင့် ညီမြသည် ကုန်းရုန်းထကာ -

"ဝါး - ဟား - ဟား"

အသံဆိုးကြီးနှင့် ရယ်လေတော့၏၊ ဆက်တိုက်ဆိုသလို -

"ဝီး - ဝီး - ဝီး"

ငှက်ဆိုးထိုးသံများ၊

"အ - အ - အား"

တိုးမြည်သံများ၊

"အု - အု - အူး"

ခွေးအူသံများ ကြားရလေတော့၏၊ ဆံပင်ဖားလျားနှင့် ညီမြသည် -

"ဝါး - ဟား - ဟား"

အသံဆိုးကြီးနှင့် ဆက်တိုက်ရယ်မော ခါယမ်းနေ၏၊ ပြီးတော့ -

"ဂါး"

ဟုအာခေါင်ကိုကုတ်ခြစ်အော်ကာ ကြောက်စရာ မျက်လုံးကြီးများဖြင့် စိုက်ကြည့်၏၊

"အား ..."

"ဘုရား - ဘုရား"

ဆံပင်ဖားလျားနှင့် ညီမြသည် သူ့ လင်ဖိုးထောင်၏အလောင်းအား ပွေ့ရှိ နေစဉ် သူကြီးက -

"ပြေး - ပြေး - ပြေး"

သုံးယောက်သား အိမ်ပေါ်မှ ပြေးဆင်းလာခဲ့ကြ၏၊ ခြံဝသို့အရောက် -

"ဟင်"

"ဟာ"

"ဟယ်"

မီးတုတ်ကိုင်ထားသော လူတစ် ယောက်ကို တွေ့လိုက်ရလေ၏၊ အခြား မဟုတ်၊ ရွာအပြင် တောင်ယာစိုက်ခင်း တွင်နေသော စံကွန်းပင် ဖြစ်၏၊ သူကြီး က -

"စံ - စံ - စံကွန်း - မင်း - မင်း"

"တောင်ယာတဲမှာ ညီမြတို့သား အဖတွေ အဆိပ်သောက်ပြီး သေနေလို့ သူကြီး"

"ဟေ ..."



သူကြီးမင်းသည် စံကွန်းလက်ထဲမှ မီးတုတ်ကိုယူကာ အိမ်ထဲ ပြန်ဝင်ကြည့် ၏၊

"တာ ..."

တစ်ယောက်မှမရှိတော့၊ သူကြီး သည် မီးတုတ်ကိုအိမ်ထဲသို့ပစ်သွင်းကာ ပြေးထွက်လာခဲ့လေတော့၏တကား၊

Ⅲ

သေခြင်းတရားဆိုတာ နောက် ပြန်လှည့်လို့ကောင်းတဲ့အရာမဟုတ်ပါဘူး၊ မြတို့တကယ်သေတာပါ၊ယုံဘူးလား၊ တောင်ယာတဲဆီ သွားကြည့်လိုက်ပါ၊

➳ လှရှိန်အောင်

မြန်မာဆေးမြီးတိုများ


နားမြည်ယို
ကျီးအာသီးကြိတ်ဖတ်ကို
အုန်းဆီနှင့်ရော၍
နားကြပ်ပေးပါ။


ရှူး
ကြက်သွန်ဖြူတစ်လုံးကို
ခင်မှလိုး၍ ထွက်လာသော
အစေးအရည်နှင့် အနာကို
ကြောခက ပွတ်သိပ်ပေးပါ။

စားရောင်
ခရာနွယ်ကို
ရေနွေးဖျော၍
သုပ်စားပါ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ထင်ယောင်မြင်မှား ပိုးတဝါးဖြင့် နောက်ဆုံး အဆုံးသတ်တော့ ..

## ဇာတ်ကိုယ်လျှိုး ကိုစိတ်

တိုင်းကျ ခြယ်မှုန်းပြင်ဆင်ပြီးသည်နှင့် တိုယ်လုံးပေါ်မှန်ရှေ့မှာ ဘယ်လှည့်၊ ညာလှည့်ခြင်း အကြိမ်များစွာ ကြည့်ရှုလိုက်ပြီးတိုင်းစ္စာဝင်ခင်ပွန်းဖြစ်သူ၏အသံကို "ခင်မိမိသစ်" ကြားလိုက်ရ၏။

"မပြီး သေးဘူးလားကွာ၊ မြန်မြန်လုပ်ပါ၊ အချိန် နောက်ကျနေပြီ ခင်"

"လာပါပြီ - လာပါပြီ၊ တကတဲ့မှပဲ လောနေလိုက်တာ - တကယ်ပဲ"

ခင်မိမိသစ် ဆိုတဲ့မိန်းမဟာ အလှအပကြိုက်တယ်ဆိုတာ ဒင်းတကယ်ပင် သေသိရဲ့၊ ဒီအတွက် ကျွန်မမှာ ခင်ပွန်းဖြစ်သူတို့ စိတ်ချက်မိ၏၊ သူနဲ့ ကံတောက်တဆ ဖြစ်ရသည်မှာလည်း ခဏခဏ၊ အိမ်ထောင်သက်သာ တစ်နှစ်ပြည့်ခဲ့တယ်၊ ကျွန်မရဲ့စိတ်နေစိတ်ထားကို နားမလည်တဲ့ ခင်ပွန်း၊ အသုံးမကျတဲ့ ယောကျ်ား။

မိန်းမဆိုတာ အလှပမကြိုက်သူဆိုလို့ ရှိခဲ့လို့လား၊ လှလို့ပဲ ဒင်းတို့တစ်တွေက ကြိုက်ခဲ့ကြတာပဲ၊ မပြင်မဆင်ပဲ ...ကြည့်ပါလား၊ ဒင်းတို့ယောကျ်ားတွေ... သူတို့ကို အားကိုးတယ်ဆိုတာ သိတ... ရောင့်တက်ကုန်ရော၊ "ငါကအိမ်ထော... ဦးစီးကွ" ဆိုပြီး လက်မ ထောင်ကုန်... ရော၊

ကျွန်မကတော့ ခပ်ပြတ်ပြတ်... ယောကျ်ားဆိုပြီး အားကိုးတကြီးနဲ့ ... မှတ် ကိုးကွယ်တဲ့အထဲမှာ ကျွန်မ လုံ... မပါ၊ ကျွန်မတို့မျိုးရိုးတစ်ခုလုံးမှာလည်... ဒီလိုရာဇဝင် မရှိဘူး၊

အခုလည်းကြည့်လေ၊ အပြင်ထွ... ပြီး ထမင်းသွားစားဖို့ကိစ္စမှာ ဒီကပြင်... မပြီးသေးဘူး၊ သူက လောနေပြီ၊ မိန်း... တို့သဘာဝကို လုံးလုံးနားမလည်... ယောကျ်ား၊ တော်ပြီ၊ ထပ်ပြောနေ... ရှည်တာပဲရှိမယ်၊ လက်ကိုင်အိတ်ကို... ယူပြီး ကမန်းကတန်း ထွက်လာခဲ့... သည်၊

သူကတော့ကျွန်မကိုမကြည်သ... ကြည်သလိုနဲ့ကြည့်ပြီး အိမ်တံခါး သေ... ခတ်နေလေရဲ့၊

ကျွန်မကိုတော့ ဘာမှထပ်မပြေ... ထပ်ပြောရင်လည်းကျွန်မရဲ့ခံပက်တ... တဲ့အကျင့်ကို သိလို့ငြိမ်နေတာပေါ့၊ ဒီ... နစ်ယောက်သားထွက်လာခဲ့တယ်...

အနီးဆုံးထမင်းဆိုင်ကလည်း အတော်လျှောက်ရဦးမည်၊ လမ်းတွေကလည်း လူက ခပ်ပြတ်ပြတ်၊ ဒီကြားထဲ လမ်းမီးတွေက မလာတော့ ပိုဆိုးတာပေါ့၊ သုံးရက်လခြမ်းကွေးလေးရဲ့မစို့မပို့ အလင်းရောင်လေးပဲ ရှိတယ်၊ သစ်ပင်ကြီးတွေ အုပ်ဆိုင်းနေတဲ့လမ်းပေါ်မှာ လူသွားလူလာဆိုလို့ ကျွန်မတို့မိန်းမသားတွေဟာ ကြောက်စိတ်တော့ ဝင်လာကြရတာပဲ၊ တကယ်တော့ မိန်းမဟာ မိန်းမပဲ၊ လူသွားလူလာမရှိတဲ့ ခပ်မှောင်မှောင် လမ်းထဲကို လျှောက်မိတော့ ကျွန်မလည်း ဘာကို ကြောက်မှန်းမသိ ကြောက်လာတာတော့ အမှန်ပဲ၊ ဒါကြောင့်လည်း ခင်ပွန်းသည်ရဲ့လက်မောင်းကိုတင်းတင်းဆုပ်ကိုင်ထားလိုက်ရတယ်၊

ကြည့်လေ၊ တကယ်ဆိုကိုယ့်မိန်းမ တို့တွဲခေါ်သင့်တာပေါ့၊ အခုတော့ကျွန်မ ကပဲသူ့ကိုစတွဲရတာပဲကြည့်၊ မခက်ဘူးလားလို့၊

တစ်ယောက်နဲ့တစ်ယောက်စကား ဆိုမိပဲလျှောက်လာခဲ့မိတယ်၊ လမ်းချိုးတစ်ခုအရောက်မှာတော့ ကျွန်မတို့ရဲ့ အရှေ့ခပ်လှမ်းလှမ်းမှာ လူတစ်ယောက်၊ မှုန်ဝါးဝါးနဲ့ မသဲမကွဲရှိပေမယ့် အတော် ထွားကျိုင်းတဲ့လူတစ်ယောက်ဆိုတာ တော့ ခန့်မှန်းလို့ရနေတယ်၊ ပြီးတော့ သူ လမ်းလျှောက်လာပုံကလည်း ဟိုယိမ်း ဒီယိမ်းနဲ့ - ကေ့ွ - အရက်မူးလာတာဖြစ်မယ်၊


ဒီအချိန် ဒီလိုနေရာမျိုးမှာ အရူးသမားတွေကိုသတိထားရမည့်အကြောင်းတွေက လုမိုက်လုဆိုးတွေ၊ တမ်းတုန်အောင် မိုက်ရိုင်းတဲ့ကောင်တွေ၊ အခုလည်းကျွန်မတို့လင်မယားကိုအန္တရာယ် မပေးဘူးလို့ ဘယ်သူပြောနိုင်မလဲ၊ ခါးကြားက ဓားမြှောင်ထုတ်ပြီးတော့ပဲ ပိုက်ဆံအိတ်ကို လုမှာလား၊ တုတ်နဲ့ ခြိမ်းခြောက်ပြီးတော့ပဲ လုမှာလား။

"ဘုရား - ဘုရား" တွေရွတ်ရင်း ကျွန်မကြောက်လာမိသည်၊ ခင်ပွန်းသည်၏ လက်မောင်းကို ပို၍ တင်းတင်းကျစ်ကျစ်ဖက်တွယ်ထားမိ၏၊ ရှေ့ကကိုယ်နှစ်ခု ပူးကပ်သွားမတတ် တိုးကပ်ထားမိသည်၊

အခုတော့ ကျွန်မလည်းမိန်းမသားပီသစွာ ကြောက်လန့်နေပါပြီ၊

လင်ယောကျ်ားကိုလည်း အားကိုးတတ်နေပါပြီရှင်၊

www.burmeseclassic.com




ရုံးက ပြန်လာတော့ ဗိုက်ကလည်း ဆာလာနဲ့ “ထမင်းစား” ဆိုတော့ “ထမင်း ချက်ထားဘူး” တဲ့၊ ကျွန်တော် အံ့ဩသွားတယ်၊ “နေပါဦး - ဘာလို ထမင်း ချက်ထားတာလဲ” လို့မေးလိုက်တော့ ဇနီးဖြစ်သူက ထိမထင်တဲ့ပုံစံနဲ့ “အို - လူမှုရေးကိစ္စတွေလေ၊ မနတို့အိမ်မှာ လှူလုပ်မလို့သွားကူလုပ်ပေးနေရတယ်” တဲ့။

သူ့အဖြေကို ကျွန်တော် လက်မခံနိုင်၊ ကူလုပ်တာပဲတစ်နေကုန် လုပ်နေရသလား၊ လင်ယောက်ျား မောမောပန်းပန်းနဲ့ ပြန်လာမှာကို ထည့်မတွက်ဘူး။ တကယ်တော့လည်း ကူလုပ်တယ်ဆိုတာလူကြားကောင်းအောင်ပြောနေတာ ကျွန်တော် သိပါတယ်၊ ဝိုင်းဖွဲ့ထိုင်ပြီး အတင်းအဖျင်း ပြောတတ်တဲ့မိန်းမတွေ အကျင့်ကို သိပြီးသား။

အိမ်ထောင်သက်တစ်နှစ်ရှိပေမယ့် ကလေးကမယူဖြစ်ကြသေး။ ဒါကလည်း သူ့ဆန္ဒအရပါ။ အလုပ်မှာစိုးလို့ မယူသေးတာတဲ့။ ကြည့်ပါဦး၊ ဘယ်လောက် စိတ်ပျက်ဖို့ကောင်းလဲလို့။

ကျွန်တော် ရုံးက ပြန်တော့ ညနေ ခြောက်နာရီခွဲရှိပြီ။ “အပြင်မှာပဲ သွားစားရအောင်” ဆိုလို့ကျွန်တော်ရေချိုးခန်းထဲ ဝင်ပြီး ရေချိုးလိုက်တယ်၊ ဒီအချိန် တည်းကအလှပြင်နေတာ။ ကျွန်တော် ရေချိုးပြီးတဲ့အထိ မပြီးသေးဘူး။ အပျို တစ်ယောက်ရှုံးအောင်ပြင်လို့မပြီး၊ ဆင် မပြီး။

ကျွန်တော် ဒီမိန်းမကို အတော် ည်းခံနေရတယ်၊ ခဏခဏလည်း ားမများချင်ဘူး၊ သူမရှက်ပေမယ့် ကျွန်တော် ရှက်တယ်၊ တကယ်ပါ။ ဒင်း တော့ယောက်ျားကို အိမ်ထောင်ဦးစီး ဖြင်ရဲ့လားမသိ၊ တစ်ခွန်းပြောလိုက် နှစ်ခွန်းခံပက်တတ်တဲ့မိန်းမကို စိတ် ပ်မိတာ အမှန်ပင်၊

ဒါနဲ့ပဲ - ကျွန်တော်တို့ လင်မယား ယောက် ထမင်းစားဖို့ အပြင်ထွက် ကြတယ်၊ ဇနီးမယားတစ်ယောက် မှီရုက်နဲ့ ထမင်းဆိုင် သွားစားရတဲ့ တိုပဲကြည့်။

အပြင်မှာ လမ်းမီးတွေက ပျက်လို့ နေလေရဲ့၊ လရောင်ကလည်း မှုန် လူသွားလူလာကလည်း မရှိတဲ့ မှာ ဒင်း ကြောက်စိတ်ဝင်လာမယ် တွေးမိပါရဲ့၊ ထင်ထားတဲ့အတိုင်း ကျွန်တော့်လက်မောင်းကိုလာ တွဲတော့တာပဲ၊ ဘာတတ်နိုင်သေးလဲ၊ ကျွန်တော့်စိတ်ထဲမှာ ပြုံးနေမိသည်၊ မိန်းမဆိုတာ မိန်းမပါပဲ၊

ဒီပုံစံကို လူတစ်ယောက်က မြင်ရင် “အော် - ယောက်ျားကို တော်တော်ချစ်တဲ့မိန်းမပဲ” လို့တွေးမှာ၊ အမှန်တ ချစ်လို့ မဟုတ်ဘူးဗျို့၊ ကြောက်လို့ကြောက်လို့၊

ထမင်းဆိုင်က အတော်လှမ်းသေးတာမို့ ဆက်လျှောက် လာကြတယ်၊ လမ်းချိုးတစ်ခုအရောက်မှာတော့ ကျွန်တော်တို့ရဲ့ အရှေ့ခပ်လှမ်းလှမ်းမှာ လူတစ်ယောက်၊ ဟိုယိမ်း သည်ယိမ်းနဲ့ အရက်သမားဖြစ်ပုံရတယ်။

ဒီအမူးသမားတွေက ဗိုက်ရှိုင်းနဲ့ ဝန်လေးတဲ့ကောင်တွေမဟုတ်တာထောင် ဖြစ်မှုကျူးလွန်ဖို့လည်းဝန်မလေးတဲ့သူ၊ ဒီအချိန် ဒီလိုနေရာမျိုးမှာ သတိထားနေရသည်၊

ကျွန်တော့်ဇနီးလည်း ဒါကိုတွေ့ပြီး ဒီလိုပဲ တွေးမိပုံရသည်၊ ကျွန်တော့်ကို ဖက်တွယ်ထားလိုက်တော့ လူချင်း ပူးကပ်နေတော့တာပဲ၊ အခုတော့လည်း မိန်းမပီသလိုက်တာလို့တစ်ကိုယ်တည်း တွေးနေမိပါသည်၊

www.burmeseclassic.com

ပြောသာ ပြောရတာ၊ ကျွန်တော် လည်းနည်းနည်းတော့ လန့်နေမိသည်၊ အရေးအကြောင်းဆို ကျွန်တော့်မှာ ခုခံစရာ ဘာလက်နက်မှမပါ၊ အမူးသမားတ ကျွန်တော့်ထက် အများကြီး ထွားကျိုင်းနေတယ်၊

အနားရောက်မှ ဓားထောက်ပြီး လေုယက်ပါဘူးလို့ ဘယ်သူပြောနိုင်မလဲ၊ ဒီလိုကောင်တွေက ယုံရတာမဟုတ်၊ ကျွန်တော်လည်း အားကိုးစရာ လက်နက်တစ်စုံတစ်ရာကို ရှာဖွေကြည့်လိုက်မိတယ်၊ လိုရမည်ရပေါ့၊

တော - တွေ့ပါပြီ၊ ချုပ်ပုတ်နံဘေးမှာ အုတ်နီခဲတစ်လုံး၊

ကျွန်တော်လည်း အုတ်နံရဲကိုကုန်း ကောက်ယူလိုက်တယ်၊ ဟုတ်တယ် လေ၊ သတိဆိုတာ ပိုတယ်လို့မှမရှိတာ၊ ကြိုတင်ကာကွယ်မှုလုပ်ထားတာ မမှားပါဘူး၊

မြစ်လာမှ ရှိစုမဲ့စုလေးတွေ ပါသွားရင် ဘယ်လိုလုပ်မလဲ၊ ကျွန်တော့်မိန်းမ ကတော့ ဘာအသံမှ မထွက်တော့၊ ကြောက်ဒူးတုန်နေတာနေမှာပေါ့၊ ကျွန်တော့်ကို အခုချစ်နေလိုက်တာ၊ ကြည့်ပါဦး၊ ဖက်ထားလိုက်တာ သမီးရည်းစား ဘဝတုန်းကလိုပဲ၊

လျှောက်ရင်း လျှောက်ရင်းနဲ့ တဖြည်းဖြည်း နီးကပ်လာတယ်၊ ကျွန်တော်တို့ ရှေ့က အမူးသမား ဆက်မလျှောက်တော့ပဲ ရပ်သွားတယ်၊ ကျွန်တော်တို့ကိုစိုက်ကြည့်နေတာတွေ့တော့ ထိတ်ခနဲ ဖြစ်သွားရသည်၊

သေရောပါပြီ၊ ဒီကောင်ကြီးက ငါတို့ကို အန္တရာယ်ပြုတော့မယ်၊ အော်လိုက်ရင် ကောင်းမလား၊ အို - ဘာမှမလုပ်ရသေးဘဲနဲ့မအော်တာပဲကောင်းပါတယ်၊ ပြီးတော့ မိန်းမကလည်း အထင်သေးဦးမယ်၊

ယောကျ်ားပဲ၊ သူလည်းယောကျ်ား ငါလည်း ယောကျ်ား၊ ပြီးတော့ သူက မူးနေတဲ့လူ၊ ငါ့လက်ထဲ အုတ်နီခဲလည်း ရှိနေတာပဲ၊ လက်ဦးအောင် ဆော်ထည့်လို့ရတာပဲ၊

ကိုယ့်စိတ်ကို ကိုယ်အားပေးရင် သတိနဲ့ဆက်လျှောက်လာမိတယ်၊ အမူးသမားကတော့ ရပ်နေသည်၊ ကျွန်တော် တောင် ရင်ခုန်သံတွေ မြန်နေတာ မိန်းမကတော့ ပြောစရာကို မလိုတော့၊ အရ လောက်ဆို သူ့ရင်ထဲ ငလျင်လှုပ်နေ လောက်ပြီ၊ ကောင်းတယ်၊ မှတ်ကရော၊

တဖြည်းဖြည်းနဲ့ နီးလာပြီ၊ ကျွန် တော့်ခြေလှမ်းတိုင်းမှာသတိကအပြည့်

တိုယ်လုံးရှိသွေးတွေ လျင်မြန်စွာ စီး နေလေရဲ့၊ လက်ထဲက အုတ်နီခဲက ည်း အသင့်၊

သူနဲ့လက်တစ်ကမ်းလောက်အလို သူက ရှေ့ကို ခြေတစ်လှမ်းတိုးလာပါ တယ်၊ ကျွန်တော့်ရင်ထဲ ထိတ်ခနဲ ဖြစ် ရသည်၊ "သေရောပြီ - ငါတို့ကို တစ် ခုခုစည်တော့မှာ အမှန်ပဲ"

သူ့အနီးရောက်တော့ ဒီအမူး သမားရဲ့လက်တစ်ဖက်က မြောက်တက် လာ ကျွန်တော် ဘာမှမတွေးတော့၊ ချင်တာဖြစ်၊ ကိုယ်က လက်ဦးအောင် တော့ ရမှာပဲ၊ ကျွန်တော့်လက်ထဲက အုတ်နီခဲနဲ့သူ့ခေါင်းကိုရိုက်ချလိုက်တော့ တယ်၊

"ခွပ်"

"အား"

"အမယ်လေး"

ခပ်အုပ်အုပ် အော်သံနဲ့ အတူ ကောင်ကြီးခွေလဲကျသွားတယ်၊ ဘာမှ ဆက်ကြည့်နိုင်တော့၊ ကျွန်တော်တို့ လင်မယားနှစ်ယောက် ခြေကုန်သုတ် ခဲ့တာပဲ၊

ကျုပ်နာမည် "ဘမြင့်"၊

အလုပ်ကတော့ ဆိပ်ကမ်းက ကုန် တင်ကုန်ချ အလုပ်သမား ဆိုပါတော့၊ ကျုပ်ရဲ့ဘဝတစ်လျှောက်လုံးမှာ သုခဆို တာ ရှာမတွေ့ခဲ့ဘူး၊ ဒုက္ခတွေနဲ့ရည်း နပန်းလုံးခဲ့ရတယ်၊

"လူ့ဘဝဟာ ဒုက္ခတုံးကြီးပဲလို့" ဘုရားဟော၊ တရားဟောကျုပ်အတွက် ပိုမှန်နေတယ်၊

လူမှန်းသိတတ် စကတည်းက ပင်ပင်ပန်းပန်းလုပ်ခဲ့ရတာအခုအသက် (၃၅)နှစ်အထိပဲ၊ အိမ်ကမိန်းမနဲ့ကလေး နှစ်ယောက်အတွက် အခုလို ပင်ပင်ပန်း ပန်း ရုန်းကန်နေခဲ့တာပါ၊ ဘာပြောပြော ဒီအိမ်ထောင်မှာ ကျုပ်က အိမ်ထောင် ဦးစီး မဟုတ်လား၊ ကျုပ်မှာ တာဝန်ရှိနေ တော့ ဒုက္ခခံလုပ်နေရတာပေါ့၊

မိန်းမက အသီးအနှံလေးတွေကို ခေါင်းရွက်ဗျပ်ထိုးရောင်းနေရှာတယ်၊ ဒါကိုလည်း ကျုပ် မကြည့်ရက်ဘူး၊ ဓတ် တာက ကျုပ်ဝင်ငွေကလည်း မလောက် မငဆိုတော့ ဒီအတိုင်းပဲ လွှတ်ထားရ တော့တယ်၊ ကလေးနှစ်ယောက်က လည်းမျောက်ရှုံးအောင်ဆော့တဲ့အရွယ် ပဲ ရှိသေးတယ်၊ ဒီနှစ်ကောင်ကို လူလား မြောက်အောင် အတော်ပြုစုပျိုးထောင်

www.burmeseclassic.com

ချိုးမယ်၊ တွေးလိုက်ရင် ရင်မောစရာချည်းပါပဲ၊

ကျွန်အလုပ်ကလည်း နေ့စားဘဝဆိုတော့ နေ့တိုင်း လုပ်နေရတာပေါ့၊ တစ်ခါတလေ တစ်ပြားမှမရတဲ့နေ့တွေ ရှိတယ်၊ ဒီလိုနေ့မျိုးဆို ကျုပ်တို့လင်မယားတွေ အတော်ဒုက္ခရောက်ကြရတာ၊ ရေချဉ်းရနဲ့ပဲ လုံးလည်လိုက်နေတာပဲ၊ ဘဝတိုးတက်မှုဆိုတာ ဘယ်နေရာမှ ရှာလို့မတွေ့၊

မိန်းမက ပြောတယ်၊ "တော်လည်း တစ်နေ့တစ်နေ့ အရမ်းပင်ပန်းတာပဲနော်၊ တော့်တို့ ကျွန်မ သနားလှပြီ" တဲ့၊ ကြည့်စမ်း ချစ်ဖို့ကောင်းတဲ့မိန်းမ၊ လှကသာ ဆင်းရဲတာ စာနာစိတ်က အပြည့်၊

"ဘယ်တတ်နိုင်မလဲ - မိန်းမရာ၊ ဒီလောက်ကြိုးစားနေတာတောင် ဝမ်းဝဖြစ်ရသေးတာပဲ၊ အပိုပါးစပ်ပေါက်တွေလည်း ရှိသေးတယ်မဟုတ်လား၊ မင်းတို့သာ ငါက သနားမိတာပါ၊ တစ်နေကုန် နေပူထဲ တကြော်ကြော်အော်ပြီး ဈေးရောင်းနေရတာ၊ မတတ်သာလို့ရင် နာနာနဲ့ လွှတ်ထားရတာပါကွာ၊ ဖြစ်နိုင်ရင်ပါပဲ အပင်ပန်းခံချင်တာ၊ ခက်တာက ငါက စာမတတ်လို့ အခုလို လူ့တကာ့ အနှိမ်ခံဘဝနဲ့ အလုပ်ကြမ်းတွေ လုပ်နေရတာ၊ အေး - ငါ့သားတွေအလှည့်ကျရင် ငါ့လိုမဖြစ်ရအောင်၊ စာတတ်အောင် သင်ပေးကြမယ်ကွ၊ ဒီ့အတွက် ငါတို့တစ်တွေ အငတ်ခံပြီး ကြိုးစားကြတာပေါ့"

ကျုပ်စကားကိုကြားတော့ မိန်းမက မျက်ရည်ဝဲရှာပါသည်၊ အော် - ကျုပ်တို့ ကကံတူအကျိုးပေးတွေပဲလေ၊ မရှိအတူ ရှိအတူနဲ့ တစ်ယောက်ကိုတစ်ယောက် စာနာစိတ်အပြည့် ရှိခဲ့ကြတာ၊ ဆင်းရဲတာကတော့ ဘဝပေးကံပေါ့၊ အရင်ဘဝက ဒါနမျိုးစိတ် မရှိခဲ့လို့ပေါ့၊

အခုဘဝမှာလည်း သူများတွေ လှူတန်းနေတာတွေကြည့်ပြီး လှူချင်လိုက်တာ၊ ကုသိုလ်ယူချင်လိုက်တာ၊ အင်း - ကျုပ်တို့ဘဝကတော့ "မရှိလို့မလှူ၊ မလှူလို့မရှိ" ဖြစ်နေရပြီလေ၊ ဒီဝဋ်ကြွေးဒုက္ခက ဘယ်တော့မှ လွတ်ကင်းပါ့မယ်မသိဘူးဗျာ၊

ဒီနေ့လည်း ကံဆိုးတဲ့နေ့လို့ ပြောရမှာပဲ၊ တစ်နေကုန် နားနေရတဲ့နေ့၊ ဝင်ငွေမရှိတဲ့နေ့ပေါ့ဗျာ၊ စိတ်ညစ်ညစ်နဲ့ပြန်လာတုန်း ဘဝတူ သူငယ်ချင်းတစ်ယောက်နဲ့တွေ့ပြီး အတင်းခေါ်လို့အရက်ဆိုင် ပါသွားခဲ့တယ်၊

စိတ်ကလည်း ညစ်ညစ်ဆိုတော့ မထူးပါဘူးဆိုပြီး သူတိုက်တဲ့အရက်ကို သောက်ရင်း ဘဝကို ခဏမေ့ပစ်လိုက်တယ်၊ တဒင်္ဂသုခလေးထဲမှာပဲ ပစ္စုပ္ပန် ပျော်ပျော်နေလိုက်မိတယ်၊ စားချက်တွေကို အသီးသီး ရင်ဖွင့်ကြပြီးမှတော့ ကျုပ်လည်း ပြန်ခဲ့တယ်၊

အပြန်လမ်းမှာတော့ မှောင်နှင့်မည်းမည်း လမ်းမီးတွေလည်း ပျက်နေသည့်လမ်း၊ နဂိုကလည်း မူးမူး၊ မီးလည်း မှောင်မှောင်ဆိုတော့ အတော်သတိထားပြီး ပြန်ခဲ့ရတယ်၊ အိမ်နဲ့ နီးလာလေ၊ ရင်ထဲက အပူက ကြီးလာလေ၊ မနက်ဖြန်အတွက် ဈေးဖိုးကို ဘယ်လိုရှာပေးရပါ့လဲ ဆိုတဲ့အတွေးက အရက်ထက် မူးသစေခဲ့တယ်၊

နောက်ဆုံးတော့ ထုံးစံအတိုင်း ကျုပ်တို့လင်မယားရဲ့ မရှိမဲ့ ရှိမဲ့အဝတ်အစားလေးတွေကို ပိုလုံခြုံသွားအောင် [illegible]သိမ်းရင်တို့ အပေါင်ဆိုင် သွားအပ်ဖို့ [illegible]ရှိတော့တယ်၊ "အင်း - ဆိုးလိုက်တဲ့ကံပါလား"၊

၊၊၊

လမ်းချိုးတစ်ခုကိုကွေ့လိုက်ချိန်မှာတော့ ကျုပ်ရှေ့ခပ်လှမ်းလှမ်းမှာ ပူးပူးကပ်ကပ်နဲ့ လျှောက်လာတဲ့နှစ်ယောက်ကိုတွေ့လိုက်ရတယ်၊ မှောင်နေတယ်ဆိုပေမယ့် ဒါဟာယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်ဆိုတာ ကျုပ်တောင်းကောင်းခွဲခြားနိုင်ပါသေးတယ်၊ သိပ်တော့ မထူးဆန်းပါဘူး၊ ဒါမျိုးက တွေ့နေကျပဲ၊

ဒီလို မှောင်မိုက်ပြီး လူပြတ်တဲ့လမ်းမှာ သမီးရည်းစားတွေ တွေ့နေကျပဲ၊ ဟုတ်လား၊ အခုလည်း ကြည့်လေ၊ နှစ်ယောက်သား ပူးပူးတပ်တပ်နဲ့ ချစ်နေလိုက်ကြတာ၊ သူတို့မှာ ဒုက္ခဆိုတာ မေ့နေပုံပဲ၊ အင်း - သူတို့လည်း တခဏတော့ သာယာနေမှာပဲလေ၊

ကျုပ်လည်း ဆေးလိပ်သောက်ချင်လို့အိတ်ကပ်ထဲ စမ်းလိုက်တော့ [illegible] တစ်လိပ်ကိုတွေ့လိုက်ရတယ်၊ တစ်လိပ်ဆိုပေမယ့် တစ်လိပ်ဆိုတာထက် တစ်ဝက်လို့ပြောရင်ပိုမှန်မယ်၊ မီးခြစ်ကိုတော့ ရှာတော့ မတွေ့၊ ဒုက္ခပဲ၊ ပါးစပ်ကလည်း ချဉ်နေပြီ၊ အင်း - ဟိုရှေ့ကအတွဲမှာ မီးခြစ် ပါမလားမသိဘူး၊



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်လည်း ခပ်လျော့လျော့ မျှော်လင့်ချက်လေးနဲ့ ရပ်စောင့်နေလိုက်တယ်၊ အဲဒီအတွဲက ပူးကပ်လွန်းလို့ လျှောက်လာနေရာတ ယောက်ျားဖြစ်သူက ဘာတိုလဲတော့မသိဘူး၊ ကုန်းကောက်လိုက်တာ တွေ့လိုက်ရတယ်၊

ကျုပ်လည်း "မီးခြစ်ပါလား" လို့မေးမယ်ဆိုပြီး စိတ်ရှည်ရှည်နဲ့ပဲ ရပ်စောင့်နေခဲ့တယ်၊ အနားရောက်တော့ ကျုပ်က ထတ်တာဖြလိုက်ပြီး "မီးခြစ်ပါလား" လို့ မေးမယ်အလုပ်၊ သူ့ရဲ့လက်တစ်ဖက်က "ဝိုး" ခနဲ တက်လာပြီး လေးလံမာကြောသောအရာဝတ္ထုတစ်ခုက ကျုပ်ခေါင်းပေါ် အရှိန်ပြင်းစွာ ကျလာတော့သည်၊

"ခွပ်"

"အား"

မီးစနဲ့ အထိုးခံလိုက်ရသလို မှုလောင်နာကျင်သွားပြီးနောက် ကြီးစွာသောအမှောင်ထုကြီးက လွှမ်းမိုးသွားပြီးနောက်တော့ ဘာဆိုဘာမှမသိရတော့၊

အသိဉာဏ်နှင့် ခန္ဓာကိုယ်က ကင်းကွာလျက်၊ ဇတ်ပျက်ညထဲမှာ ဒုက္ခတို့အား ယာယီကင်းစဉ်လျက်၊

➢→ ဝသုန်ဟိန်းထက်


## မြန်မာသေးပြီးတိုများ

**နားကိုက်**

- ကြက်သွန်နီကို မီးဖုတ်၊ အရည်နွေးနွေး နားထဲထည့်ပါ။
- မြန်မာကုတ္တိုရွက်ကို အရည်ညှစ်ပြီး မီးဖြင့်နွေးကာ နားထဲထည့်ပါ။
- တောင်မရိုးအစေးကို နမ်းဆီနှင့်ရော၍ နားကျပ်ပေးပါ။

**နားလေထွက်**


တရုတ်စကားပွင့်ကို နားတွင် ပိတ်ဆို့ထားပါ။ အပွင့်ကို လက်သုပ် လုပ်စားပါ။

**နားလေထွက်**

တရုတ်စကားပွင့်ကို နားတွင် ပိတ်ဆို့ထားပါ။ အပွင့်ကို လက်သုပ် လုပ်စားပါ။

**နားအူလေထွက်**

သင်္ဘောရွက်မီးအုံး၍ အတို့အမြှုပ်လုပ်စားပါ။


www.burmeseclassic.com

www.burmeseclassic.com

# ဝေယံမြူးမမ

## နရည်သိန်စံအိမ်တည်းခိုခန်း



**အကျဉ်းထောင်** ဆိုတာ တည်းခိုခန်းတစ်ခုဆိုလျှင်လည်း မမှားဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ပြစ်ဒဏ်ကျခံလာခဲ့ကြတဲ့ ထောင်ကျအကျဉ်းသားတွေ၊ အမှုကိုတရားရုံးမှာ ရင်ဆိုင်ဖြေရှင်းနေရဆဲ အချုပ်သားတွေဟာ ထောင်ထဲကို ခေတ္တခဏ အလည်လာရောက်တည်းခိုနေကြရတဲ့လူတွေပဲ ဖြစ်ပါတယ်။ တကယ်တော့ ဆရာတော် ရဝေနွယ်(အင်းမ) ရေးတဲ့ မွေ့ဒါနစာအုပ်လေးထဲမှာ ပြောကြားထားသလိုပဲ "အားလုံးဟာ တည်းခိုခန်းထဲမှာ ခေတ္တခဏ ဝင်ရောက်၍ တည်းခိုနေထိုင်ခဲ့ကြရတာပါ။ အချိန်တန်ရင် သတ်မှတ်ရက်စေ့ရင် အိမ်ကိုပြန်ကြရမယ့်လူတွေ ဖြစ်ပါတယ်" လို့ ပြောကြားခဲ့ပါတယ်။

ဘောက်ထော် လူတန်းစား
အမျိုးသမီး တော်တော်များများ
ကျွံ့ဆောအားဝ၊ လူ့အမြင်မှာ
အတော်ဝ် အမျိုးသမီးများက
သိတေဂရုဏ်ဆာ ...
တော်ဝါတျ အမျိုးသမီးများကို
ဝမြဲသဘာဝ ..

www.burmeseclassic.com

www.burmeseclassic.com

ခုလည်းကြည့်လေ…ထောင်ထဲကို ဝင်လာမဲ့တသဲသဲနဲ့ဝင်လာကြသူတွေ ဆိုတာနိုင်ငံတော်ကလွတ်ငြိမ်းချမ်းသာ ခွင့်ပေးတဲ့အခါ လွတ်ရက်စေ့သွားလို့ ထောင်ကလွတ်လိုက်ရတဲ့အခါ ထောင် ထဲကနေ မိမိအိမ်ဆီကို အသီးသီး ပြန် သွားကြရမှာပဲ မဟုတ်ပါလား။

အဲဒီလိုပဲ–အမှုရင်ဆိုင်ဖြေရှင်းနေ ရတဲ့အချုပ်သားတွေဆိုတာတလည်းအမှု နိုင်သွားလို့ပဲဖြစ်ဖြစ်၊ အာမခံရသွားလို့ပဲ ဖြစ်ဖြစ် အမှုကတရားရှင်လွှတ်လိုက်တဲ့ အခါမျိုးမှာ အမှုပြီးပြတ်သွားတာနဲ့ မိမိတို့ အိမ်အသီးသီးတို့ဆီကို ဖတ်ခါထ ပြန်သွား ကြတာပဲလေ။

ကျွန်မတို့လို ဝန်ထမ်းဆိုတာသာ အတူဦးဦးစီးဌာနတနေပင်စင်မယူမချင်း အမှုအခင်းဖြစ်လို့အလုပ်ပြုတ်သွားလျှင် အလုပ်မှာရှောင်ပိုက်တော့လို့နုတ်ထွက် သွားလျှင် သာဒီနရသိန်စံအိမ် တည်းခို ထောင်ကြီးမှာ စောင့်ထိန်းကြီးကြပ်မှုက တင်းလွှတ်ကြမှာလေ။

ဒီလိုခေတ္တအနိုက်အတံ့ရောက်လာ ပြီး နေထိုင်ခဲ့ကြတဲ့ကာလလေးမှာ တစ် ဦးအပေါ်တစ်ဦးမေတ္တာစေတနာရှေ့ထား ပြီး အေးအေးချမ်းချမ်းနှင့်ကျန်းကျန်းမာ မာနေထိုင်သွားခဲ့ကြရင်မကောင်းပေဘူး လား။ တစ်ယောက်နှင့်တစ်ယောက် မနှ ရိယမီးလျှံစိတ်တွေမွေးပြီး အကျိုးပျက် စီးရာပျက်စီးကြောင်းကြံစည်နေမည်ဆို လျှင် အနေကျပ်မှာ မလွဲမသွေပါပဲ။

ဒါကြောင့် အကျဉ်းထောင်ထဲမှာ အဆင့်အတန်း ခွဲခြားဆက်ဆံမှုဆိုတာ မရှိပါဘူး။ တန်းတူရည်တူပဲ ဆက်ဆံခဲ့ ကြတာပါ။ ဒီလိုအချိန်အခါမှာ သူတစ်ပါး ကောင်းတာ မကောင်းတာကိုဝေဖန်နေ ကြရမယ့်အချိန်မဟုတ်ဘူး။ ကိုယ်ကောင်း အောင်နေပြီး စိတ်ကလေးကို ဖြူစင် အောင် ထားတတ်ဖို့ပဲ လိုပါတယ်။

လူတစ်ယောက်ရဲ့တန်ဖိုးကို ဘယ် လိုတိုင်းတာမှာလဲ။ ရာထူးဌာနန္တရကို လား၊ ငွေကြေးချမ်းသာကြွယ်ဝမှုကို လား၊ပညာတတ်ကြီးဖြစ်နေတာကိုလား။ အောင်မြင်ကျော်ကြားမှုနဲ့ အခြံအရံ ပေါများနေတာကိုလား၊ ဝေခွဲဖို့ ခက်ခဲပါ မယ်။

တကယ်တော့ လူတစ်ယောက်ရဲ့ တန်ဖိုးကို တိုင်းတာရမယ့် ပေတံက သီလ၊ သမာဓိ၊ ပညာ ဆိုသည့် သိက္ခာ သုံးပါးနဲ့ ပြည့်စုံနေလျှင် လူဟာ တန်ဖိုး ရှိနေမယ်ဆိုတာ အမှန်စကားပါပဲ။

တစ်ခါတလေ အခင်မပြေမှုတွေနဲ့ ကြိုက်ရတဲ့အခါမှာဖြစ်ဖြစ် အဲဒီလိုဝင် ...ရှိလျှင် ကိုယ့်ရဲ့ရင်ထဲကို သိက္ခာ ...တည်အောင်လုပ်လိုက်ပါ။ ဒီလို ...ဖြစ်သွားသည်နှင့်ကိုယ်ဟာတန်ဖိုး ...လူတစ်ယောက်အလိုလိုဖြစ်သွားပါ ...မယ်။

ကျွန်မ အလုပ်တာဝန်နားနေခိုက် ...ဆရာတော် ရဝေနွယ် (အင်းမ) ရေး ...တဲ့ "ကျန်ရှိနေသောသက်တမ်းကို ...လိုနေမလဲ" ဆိုသည့်မွေးဒါနစာအုပ် ...ကို အေးအေးဆေးဆေး ဖတ်ရှုနေ ...အတွေးဆန်ကြည့်နေမိခြင်း ဖြစ်ပါ ...။

တစ်ယောက်တည်း အိပ်ဆောင် ...နတ်ဘက်နားက ကုတ္တိုပြင်ကြီး ...မှာစာအုပ်လေးထဲကအကြောင်း ...တွေကို ဖတ်ရှုကြည့်ပြီး အနုလုံ ...စဉ်းစားဆင်ခြင်ပွားများနေစဉ်မှာ

"ဆရာမ – တက်တင်းဆထိုးနေတဲ့ ...ဖဲတ အကျဉ်းသူတစ်ယောက် ...ရမ်းများနေလို့ – အဲဒါ လိုက်ကြည့် ...ဦး – ဆရာ"

"ဟဲ့ – ဘာဖြစ်လို့ ဗိုက်နာရတာလဲ၊ ...ကြုံဖြစ်ပြီး ဗိုက်အောင့်တာလား"

"မဟုတ်ပါဘူး – ဆရာမရယ်။ သူက ကိုယ်ဝန်ကြီးနဲ့ဆိုတော့ မွေးချင်လို့လားမှ မသိတာ"

"ဟင် – ခက်တော့တာပဲ၊ ငါလဲဒါမျိုး အတွေ့အကြုံမရှိတော့ ဆေးရုံး နော်မှ တောကိုသွားခေါ်လိုက်၊ ငါတအမျိုးကြီးဆို တော့ ဒီလိုရှုက်စရာလူမှုရေးကိစ္စတွေ သိပ်နားမလည်ဘူး – သိလား"

"ဆရာမကလဲ – အရေးထဲအမျိုးကြီး ဖြစ်ကြောင်းကြော်ငြာဝင်နေသေးတယ်။ ဟုတ်ကဲ့ပါ – ဆရာမ၊ ဆေးရုံးပဲ ခေါ်လိုက်ပါတော့မယ်"

ဆိုပြီး အကျဉ်းသူကတော့ ကျွန်မ ထိုင်နေသည့် အိပ်ဆောင်အနောက် ဘက်ကနေ ထောင်မှူးမရုံးခန်းဘက်ဆီ အပြေးသွားနေတယ်၊ အင်း – ငါလည်း ဒီလိုစာထိုင်ဖတ်နေလို့ မပြီးသေးပါဘူး ထောင်ထဲက အကျဉ်းသူတစ်ဦးမီးဖွားရ မယ့်အခြေအနေဆိုတော့ ပြဿနာမဖြစ် အောင် အမြန်သွားကြည့်ဦးမှပဲ။

အိပ်ဆောင်အောက်ထပ်မှာ ထက် တင်းဆထိုးနေကြသည့် ဘုတ်အစွဲမှ အကျဉ်းသူတစ်ဦးကိုသားမှအဖော်များ မှ ဝိုင်းဝန်းပြုစုပြီး ဖေးမကူညီနေကြ တယ်၊ အိမ်ထောင်ကျဖူးသည့် အကျဉ်း သူတစ်စုကတော့ အတွေ့အကြုံ ရှိပြီး

www.burmeseclassic.com

ကြသူများပီပီခြေဆုပ်လက်နယ်ဝိုင်းဝန်းပြုစုပေးနေကြတယ်။

"အမလေး - အမေရဲ့ - သေပါပြီ။ နာလိုက်တာနော် - အီး - ဟီး"

ကိုယ်ဝန်ဆောင်သည် အကျဉ်းသူမှာ ရာကြမ်းပေါ်မှာ လှဲလျက်အော်ဟစ်ညည်းညူနေခြင်း ဖြစ်ပါတယ်။ အပြင်လောကမှာနေကတည်းက ကိုယ်ဝန်ရှိနေလျက်နှင့် ထောင်ကျလာခဲ့ခြင်းဖြစ်ပါတယ်။ ရုပ်ကွက်ထဲမှာ မီးနီးမအချင်းချင်း ရိုက်ရန်ဖြစ်ပွားခဲ့ကြရာမှ ရိုက်မှုနှင့် ထောင်တစ်နှစ်ကျလာသူ ဝိုင်းစိန်မ ဖြစ်နေတယ်။

"တဲ့ - ဝိုင်းစိန်မ - အားတင်းထားစမ်းပါအေ၊ ဆေးမှူးလာတော့မှာပါ"

"တင် - ရေခြောတောင် ပေါက်တော့မယ်။ မွေးတော့မယ်ထင်တယ်"

"ဆရာမတလဲကြာလိုက်တာ၊ ဒီမှာမွေးလူနာတခြင်းဗိုက်နာလွန်းလို့သေလုမျောပါး ခံစားနေရပြီ"

"အမေရဲ့ - ကယ်ပါဦး - အီး - ဟီး - အမလေး - နာလိုက်တာ - ကျွတ် - ကျွတ်"

ကိုယ်ဝန်ဆောင်သည် ဝိုင်းစိန်မ ဘေးမှ အကျဉ်းသူတစ်သိုက်မှာလည်း လူနာက အသံပြဲကြီးဖြင့် စွတ်ရွတ်အော်ဟစ်နေသောကြောင့် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေတယ်။ အကျဉ်းသူတစ်သိုက်က ဘေးနားမှဝိုင်းပြုစုနေရင်း တစ်ယောက်တစ်ပေါက်ပြောဆိုနေကြတယ်။ မွေးလူနာမှာ တစ်ကိုယ်လုံးချွေးစေးများပြန်ကာ ဖျာကြမ်းဘေးမှာ လူးလိမ့်နေတယ်။

ကျွန်မကလည်းဒါမျိုးအတွေ့အကြုံမရှိတော့ တောင်ကိုင်ရမလို၊ မြောက်ကိုင်ရမလိုနှင့် ယောင်ချာချာ ဖြစ်နေတယ်။ အိပ်ဆောင်ထဲကိုလည်း အနီးကပ် ဝင်မကြည့်ရဲတော့ အပြင်ဘက် သံတိုင်ပေါက်ကနေ ကြည့်နေမိတယ်။ ကျွန်မလိုပဲ သန့်ရှင်းရေးဘုတ်က ပြည့်တန်ဆာအုပ်စုကလည်း ပြုံးစိပြုံးစိနဲ့ ဝိုင်းကြည့်နေကြတယ်။

ထိုအချိန်မှာ ဆေးမှူး နော်မူဖော တစ်ယောက်ဝဝဖိုင့်ဖိုင့်သူ့ခန္ဓာကိုယ်ကြီးကို ဘယ်လိုတလိမ့်လိမ့် လှမ်းလာနေတယ်။ သူမလက်ထဲမှာ ဆေးရုံအမှတ်တံဆိပ်လက်ဆွဲသေတ္တာလေးကို ဆွဲလို့ အိပ်ဆောင်ခန်းထဲဝင်သွားတယ်။ ကျွန်မကတော့အဖျိုကြီးပီပီပဲအိမ်ထောင်သားမွေးအလုပ်ကို အနီးကပ် မကြည့်ရဲလို့ အပြင်ကနေပဲ ချောင်းကြည့်တယ်။



"အမလေး - အမေရဲ့ - နာလှချည်ရဲ့ - အား - အား - လုပ်ကြပါဦး - အမေရယ် - သမီးကိုကယ်ပါဦး - နာလိုက်တာ ဟီး - ဟီး - ဟီး"

ခလုတ်ထိမှ အမိတဆိုတဲ့ စကားအမှန်တာပဲ၊ ဘယ့်နယ်တော်လင်တစ်ယောက်ကို ယူတုန်းကတော့ ဒါမျိုးတွေ မစဉ်းစားမိကြဘူးလား၊ ကလေးမွေးခါနီးတွေ့ရောက်မှပဲ မရှိတဲ့အမေကို လှမ်းအော်တမ်းတနေလို့ ဘာလာလုပ်ပေးမှာလဲ။

အိပ်ဆောင်ထဲကို ဆေးမှူးဝင်လာမှ သည်းသည်းလှုပ်နေကြတယ်။ ကိုယ်ဗိုက်နာတာက တော်တော်ဝေဒနာကြီးမှာ ယာများချက်ကတော့ ကမ်းကုန်နေတာပဲ။ ဒီလိုဒုက္ခတွေကို ခံစားရမယ်မှန်း လင်မယူခင်တုန်းက မစဉ်းစားကြဘူးလား။

ခုတော့ခုနစ်အိမ်ကြားရှစ်အိမ်ကြားထဲ ရွာထဲမှာ နေနေသလိုများ စွတ်ရွတ်အော်နေတဲ့အသံပြဲကြီးက နားကြားပြင်းကပ်စရာကောင်းလိုက်တာ၊ ဆေးမှူး နော်မူဖောကတော့ ဒီအလုပ်ကို ဝင်းစားရသောက်သလိုမကြာခဏ တွေ့နေတော့ အထာသိပြီးသားပဲ။

ဒါကြောင့်လည်း ရေမွှာပေါက်နေသည့် အကျဉ်းသူကို အပြင်ဆေးရုံထိ ထုတ်မနေတော့ဘဲ သူမ နားလည်တတ်ကျွမ်းသည့် လက်သည်အလုပ်ကို ဖယ်ဆက်သလို လုပ်နေတယ်။ သူမမျက်နှာပြင်မှာလည်း ချွေးစေးတွေပြန်လို့ စေးထန်းနေတော့တယ်။

ထိုစဉ် မွေးလူနာရှင် အကျဉ်းသူမများလည်း နာကျင်လူးလိမ့်နေရင်းမှ အနီးရှိအကျဉ်းသူများကိုမိရာနေရာ ဆွဲကိုင်ကုတ်ချေနေလျက် ကြားမှ ဝေဒနာကို ခံစားရင်း အံတကြိတ်ကြိတ် လုပ်နေရာမှ -

"အမလေးနော် - ခါးတွေကိုက်လာပြီ - နာတယ် - နာတယ်၊ ကျွတ် - ကျွတ် - အမလေး အမေရဲ့ - သေပါပြီတော်"

"ဟဲ့ - ဝိုင်းစိန်မရဲ့ အားတင်းထားစမ်းပါအေ"

"ဟုတ်သား - ရေမွှာတောင်ပေါက်နေပြီ - မွေးတော့မှာပါဟ"

"ဆရာမ - ဖြစ်ပါ့မလား၊ အပြင်ဆေးရုံ ထုတ်ရမလား"

"အင်း - ရေမွှာကွဲနေပြီ၊ အထဲက ကလေးလိုက်လာမှာ၊ သားအိမ်ဝကို ရောက်လာပြီဆိုတော့ သားအိမ်ပွင့်ဆေး



www.burmeseclassic.com

www.burmeseclassic.com

ထိုးပေးရမယ်၊ ဒါပေမဲ့ - ကလေးက နည်းနည်းထွားနေတော့ မွေးလမ်းကြောင်းကို ခွဲပေးမှရမယ်၊ နည်းနည်းခွဲပေးပြီးမှ ပြန်ချုပ်ပေးရမယ်"

ဆရာဝန်မှဖောကတော့ ဝမ်းဆွဲပညာသင်တန်းဆင်းလာသူ ဆိုတော့ သူမ အတွေ့အကြုံအရ လုပ်ဆောင်ရမည့်တိစ္စများကို အကျဉ်းသူတွေ နားလည်အောင် ရှင်းလင်းပြောဆိုပြနေတယ်။

ကျွန်မလည်း ကလေးမီးဖွားနေသည်ကို အနီးကပ်ကြည့်ရတာကြောင့် အိပ်ဆောင်အပြင်ဘက် သံတိုင်ပေါက်ကနေပဲ အခြေအနေကို နားစွင့်ထောင်နေမိတယ်၊ မွေးလူနာအခြေအနေကို စန့်မှန်းရခက်ခဲနေတာကြောင့် ရင်တမိုမို စိုးရိမ်စိတ်နှင့် အထဲက အကျဉ်းသူတစ်ဦးကို လှမ်းမေးလိုက်တယ်၊

"တဲ့ - မွေးလူနာအခြေအနေ - ဘယ်လိုရှိနေလဲ"

"ဆရာမ - လူနာက မွေးခါနီးနေပြီ၊ ကလေးက ထွားနေတော့ မွေးရခက်နေတယ်၊ အဲဒါ မွေးလမ်းကြောင်းကိုခွဲပြီး မွေးရမယ်တဲ့"

"ဟင် - ဒါဆို - ဗိုက်ကို ခွဲမွေးရမယ်ပေါ့ - ဒုက္ခပါပဲ"

"ခြော် - ဆရာမကလဲ - အပျိုကြီး ပီပီ တော်တော်ဒုံးဝေးတာပဲ၊ ဗိုက်ခွဲမွေးရမလို့ဘူး၊ ကလေးထွက်လာလို့လွယ်အောင် မွေးလမ်းကြောင်းကို ခွဲပေးရမှာ သိလဲမသိဘူး"

"ဟဲ့ - ကလေးမီးဖွားတာ ဗိုက်ထဲက ထွက်လာတာမဟုတ်ဘူးလား၊ ဗိုက်မခွဲဘဲ မွေးလို့ရမလားဟဲ့"

"တော်တော် - ပိန်းတဲ့အပျိုကြီးပဲ၊ ဒါကြောင့်လဲ အပျိုကြီးဖြစ်နေတာ"

"ညည်းတို့ပြောတာ ငါတော့ နားရှုပ်နေပြီ၊ ဗိုက်ခွဲမမွေးလို့ ဘယ်လိုမွေးရမှာလဲ - ကဲ - ပြောစမ်း"

"မဟုတ်ဘူး အပျိုကြီးရေ - ဟိုဟာ ဟိုဟာကို ခွဲပြီး ချုပ်ရမှာ"

"ဟဲ့ - ဘယ်ဟာကို ခွဲပြီးချုပ်ရမှာတဲ့ တုန်း"

"ကျွတ် - တော်တော်ဒုံးဝေးတဲ့အပျိုကြီး - ဟိုဟာပါဆိုမှပဲ ခေါ်တော်မပေါက် လိုက်တာ၊ သူ့ရဲ့မွေးရာပါဟာကြီးကိုပြောတာ အပျိုကြီးရေ၊ ကဲ - ရှင်းပလား"

"ဟင့် - ရှက်စရာကြီး"

"အဲဒါကြောင့် - အပျိုကြီးတွေ လင်မယူဘူးတော့ ခက်တာပေါ့"

ကျွန်မမျက်နှာတစ်ပြင်လုံး ရှက်သွေးဖြာသွားတော့တယ်၊ နားထင်နားရင်းတွေတောင် ထူပူသွားမိတယ်၊ ကြုံကြိုက်မှ ကလေးမီးဖွားတဲ့ညစွာ ကျွန်မ အဖိုက်ခွဲမွေးကြတာလို့ ထင်နေတာ"

ခုတော့ - ဟင်း - ဟင်း - ဒီကြားထဲ ရယ်စရာကို ပြောရဦးမယ်၊ စောစောက ကျွန်မ မွေးလူနာရှင်ရဲ့ အမေလေးတာပြီး အသံပြုကြီးနဲ့ အထဲမှာ ဓော်ဟစ်ငိုနေတာကို ကျွန်မဘေးနားမှာ ပိုင်းအုံကြည့်နေကြသည့် ဟိုပြည့်တန်ဆာမအုပ်စု တွေက ကောင်မတွေ သဲသဲတို့ မိကေတို့ အစ်သိုက်ပေါ့၊

သူတို့အချင်းချင်း စကားထာဝှက် ထမ်းတစားနေကြသလိုပဲ ရွတ်ဆိုပြနေတဲ့ စာချိုးကို ကြားလိုက်ရတော့ ကျွန်မ မြင်ရုံလိုက်တာကြက်သီးကိုဖြန်းဖြန်း ထရောပဲ၊ ဘာတဲ့ ...

"ဝင်တဲ့အခါ
လူမသိ၊ နှုတ်က လုံပါဘိ ...၊
ထွက်တဲ့အခါ ကျယ်ပါဘိ ...၊
အပြောက်ကိုသာ ကြည့် ... တဲ့၊

တဲ - ကြည့်စမ်း - ဘယ်လောက်နား ရှက်စရာကောင်းတဲ့ စာချိုးလဲ၊ သူတို့ အချင်းချင်းသာ အထာသိတဲ့ ပုံစံမျိုးနဲ့ စာချိုးကို ရွတ်ပြီး စကားထာဝှက်နေကြသလား မှတ်ရတယ်၊

သိတယ်မို့လား၊ ကျွန်မကလည်း စပ်စုမဆိုတော့ ဒီမိန်းမရှင်မတွေ ဘာမဟုတ်က ဟုတ်က လျှောက်ဆိုနေကြတာလည်းဆိုပြီး ဝင်စပ်စုလိုက်မိတော့မှပဲ အရှက်ကို လုံးလုံးကွဲရောပဲ၊ ကျွန်မလို အပျိုကြီးတစ်ယောက်က စေတ္တသုတ နည်းပါးတာလည်း ဖြစ်ချင်ဖြစ်မှာ၊

ထောင်ထဲက မိန်းမဆောင်ထဲမှာ ဆိုတာ အမျိုးသမီးအကျဉ်းသူတွေ အချင်းချင်း မိန်းမသားတွေချည်းပဲမို့ လက်လွှတ်စပယ် ပြောဆိုနေခဲ့ကြတာလေ၊ သူတို့ဝသီကိုက စပ်စပ်စုစုလုပ်ရသူများတကာကို မှီချီးမှုတ်ချီးပြောရနေသာထိုင်သာရှိတဲ့ဟာတွေ၊

ခုလည်း ကြည့်လေ၊ သူတို့အချင်းချင်းတော့ သိနေကြတဲ့စာချိုးကို ကျွန်မရှေ့မှာ လာရွတ်ပြနေတော့ ကျွန်မလို နဝေတိမ်တောင်သမားက ဘာသိမှာလဲ၊ အဲလိုမသိလို့ ဝင်စပ်စုကြည့်မိတော့ သောက်ရှက်ကို လုံးလုံးကွဲရောပဲ၊

"နေစမ်းပါဦး - ညည်းတို့ဆိုနေတဲ့ စာချိုးက စကားထာဝှက်တာလား"

"ဘယ်ကလာဟုတ်ရမှာလဲ - ဆရာမရဲ့ အခု အဲဆောင်ထဲက ငိုအော်နေတဲ့မိန်းမကိုကြည့်ပြီး ဆေးရုံဆရာကြီး

www.burmeseclassic.com

ခင်းသိမ်ရေးတဲ့ဝတ္ထုစာအုပ်ထဲက ဗိုက်ကြီးသည်တွေ မီးဖွားတာနဲ့ပတ်သက်လို့ သေသေချာချာ ဖွဲ့နွဲ့ရေးပြထားတာကို သွားသတိရမိလို့ပါ"

"ဟင် - နင်တို့ ရွတ်ဆိုနေကြတဲ့စာရိုးနဲ့ ဗိုက်ကြီးသည်မ မီးဖွားနေတာ ဘာဆိုင်လို့လဲ"

"ဆိုင်ပါသော်တော၊ ဆရာမရယ်"

"အို - အေ - ညည်းတို့ပြောနေတာ ငါနားမရှင်းဘူး သေချာရှင်းပြစမ်း"

"ဒီအချိုကြီးမတော့ ခက်နေပြန်ပါပြီ - ဒီလိုဆရာမရဲ့"

အတျဉ်းသူ ပြည့်တန်ဆာမှုနှင့် ထောင်သုံးနှစ်ကျလာသူ သဲသဲ (ခေါ်) ချစ်သဲဝေက ကျွန်မ နားမရှင်းတာကို သေသေချာချာ အသေးစိတ် ရှင်းပြပြောဆိုနေတယ်၊ သူမက သူတို့လောက အထာတန်ပန်နဲ့ ဆရာကြီးဂိုက်ဖမ်းပြီး ကျွန်မ နားလည်လွယ်အောင် ဂယနကာ နင်းပြနေတော့တယ်၊

"ဒီလိုပါ - ဝင်တဲ့အခါလှမသိဆိုတာ လင်မယားနှစ်ယောက်ကြားမှာညဘက် ကိုယ်လက်နှီးနှောနေကြတဲ့အခါမှာ ပါးစပ်ကတစ်ခွန်းတစ်ပါဒမှမပြောမဆိုပဲ နှုတ်ပိတ်နေကြတာကို ဆိုလိုတာပါ၊ သူတို့ လုပ်ကိုင်နေတာ သူတို့နှစ်ဦးပဲ အသိဆုံးမို့ ဟိုထဲက မွေးလူနာလို အသံပြဲကြီးနဲ့အော်မနေပဲ နှုတ်ပိတ်ငြိမ်ခံနေတာပေါ့"

"အင်း - ဟုတ်သလိုလိုပဲ"

"အဲ - ဒီလို လင်မယားနှစ်ယောက် နေ့စဉ်အတူတူနေထိုင်လာရာကနေ ဟိုကိုးရီးယားရုပ်ရှင်ထဲက စာတမ်းတက်လာသလိုပေါ့၊ နှစ်လခန့်ကြာသောအခါလဲ ပေါ်လာရော၊ ဟင်း - ဟင်း - ဝမ်းဗိုက်ကလေးက တဖြည်းဖြည်း ဖောင်းပွလာတော့တာပေါ့၊ ဒီတော့မှ သင်းတို့ နိုးတားနေကြတာ လူတွေက ရိပ်မိလာရော၊ ဒါကော ရှင်းရဲ့လား - ဆရာမ"

"အင်း - ရိုးတိုးရိပ်တိပ်တော့ သိနေသလိုလိုပဲ"

"အဲ - အဲလို အိမ်ထောင်မကျခင် အချိန်တုန်းက နဂိုဗိုက်ပုံစံအနေအထားက တဖြည်းဖြည်းလဲ စူထွက်လာရော ဒီတော့မှ အာရေး အစ်ကိုကြီး ကယ်ပါ၊ ကျွန်မ ပုံစံပြောင်းသွားတာကို မိဘပြည်သူများ သိကုန်ကြပြီ၊ ညစဉ်ညတိုင်း နိုးစားလာသမျှခုတော့ ဘူးပေါ်သလိုပေါ်ပြီဆိုပြီး ရှက်လိုက်တာ မပြောပါနဲ့"

"ကောင်မ - ဒါမျိုးကျ တတ်တယ်၊ တော်တော်ပေါက်ပေါက်ရှာရှာပြောတယ်"

"ဟုတ်တယ်လေ - ဆရာမရဲ့မိန်းမတွေဟာ အိမ်ထောင်ကျသွားပြီးလို့ဗိုက်ကလေးစူထွက်လာပြီဆို ရှက်ကိုးရှက်ကန်းနဲ့မျက်နှာထူပူပြီးတော့အပြင်ထွက်သွားတောင် ရှက်သလိုလိုပဲ"

"အို - အေ - ဒါတော့ မိန်းမတို့သဘာဝ - အိမ်ထောင်ကျသွားပြီဆို ဒီလိုတွေက ဖြစ်လာရမှာပဲညစ္စာ"

"ဒါဆို - အပျိုကြီးက ဘာဖြစ်လို့ လင်မယူသေးတာလဲ"

"အို - ဟဲ့ - လင်ယူရမှာကိုကြောက်လို့တစ်ကိုယ်တည်း အပျိုကြီးပဲ လုပ်နေခဲ့တာပေါ့"

"ဘာလဲ - ဆရာမက သကြံ်နံ အမြောက်ကြီးနဲ့ ထုမှာကို ကြောက်လို့ ဟုတ်ဘူးလား"

"ဟဲ့ - သကြံ်နံအမြောက်ကို ငါက ဘာဆိုင်လို့ ကြောက်ရမှာလဲ"

"ဆိုင်ပါသော်ကော - ဆရာမရယ်၊ နေတာပြောသလိုပေါ့၊ နောက်စာချိုးတစ်ခုက လင်ယူပြီးလို့ ဗိုက်ကလေးထွက်လာပြီး ကိုးလလွယ် ဆယ်လဖွားအချိန်ရောက်ရောပြသနာတက်တော့တာပဲ"

"ဟဲ့ - ဘယ်လိုပြသနာက တက်ရပြန်တာလဲ"

"ဟီး - ဟီး - ပြဿနာက အဲဒီတာစတော့တာပဲ - ဟိုဆရာမစကားပုံ ကြားဖူးလား"

"ဘာစကားပုံလဲ"

"ယောက်ျားဖောင်စီး - မိန်းမမီးနေဆိုတာလေ၊ တကယ့်အန္တရာယ်စက်ကွင်းထဲကို ရောက်လာနေတဲ့အချိန်ကာလမျိုးပေါ့၊ ယောက်ျားတာလဲ ဖောင်စီးသွားရတဲ့အချိန် မိန်းမကလဲမီးဖွားကြတဲ့အချိန်မျိုးပေါ့"

"ဟုတ်လား - ဘယ်လိုအန္တရာယ်စက်ကွင်းမျိုးလဲ"

"ဒီလိုလေ ဆရာမရဲ့မိန်းမတွေဟာ မီးဖွားချိန်ရောက်လာပြီဆိုတိုထဲကဗိုက်ကြီးသည်မလိုပေါ့၊ အမေ တယ်ပါ အမေ ကယ်ပါနဲ့ ... ခုနစ်အိမ်ကြားရှစ်အိမ်ကြား နားမခံနိုင်အောင် အော်ကြတော့တာပဲ၊ ဒင်းကြောင့် - ငါဒီလိုဒုက္ခတွေခံစားရတာ ဒင်းလိုကောင်နှိပ်စက်သွားလို့ငါမှာသေမလောက် နာကျင်အောင် ခံစားနေရပြီ ဒီလိုဝေဒနာဆိုးကြီးကိုငါမခံစားနိုင်ဘူး ဒင်းဟာကိုဖြတ်ပစ်မှ ငါဒီဘဝဆိုးထဲက လွတ်မယ်လို့ အသံပြဲကြီးနဲ့ အော်တစ်ညည်းတွားကြတော့တာပဲ"

"ခစ် - ခစ် - သောက်ကောင်မတွေ သူတို့လိုင်းက အကျင့်တွေအတိုင်း ဒါမျိုး

www.burmeseclassic.com

များ ပြောရရင် မျက်စိထဲမှာ ကွက်ကွက် ကွင်းကွင်းကြီး ပေါ်လာအောင် ဆင်ဆာ ဖြတ်ပဲ ပြောရဲတဲ့ဟာမတွေ၊ ငါ့မှာတော့ ဒီနှုတ်တွေကလွတ်အောင် အမျိုးကြီးပဲ လုပ်တော့မယ်"

အဲသလို ပါးစပ်ကနေ စပ်ကြမ်း ကြမ်းပြောတတ်ကြလွန်းသည့် မိသဲတို့ လို ခြည်တန်ဆာအေုပ်စုကတော့ အလုပ္ပဆုံး အနှုတ္တပြောတဲ့နေရာမှာ ထိပ် ဆုံးကပဲ။ သူတို့တွေပြောတဲ့စကားကြား မှုပဲ ကျွန်တောလည်း တလေးမီးဖွားသည့် အခြေအနေကို ကွက်ကွက်ကွင်းကွင်း မြင်လာပြီး သဘောပေါက်တော့တယ်။

နောက်ဆုံး အကျဉ်းသူကို အောင် မြင်စွာမီးဖွားပေးနိုင်သွားတယ်၊ နောက် အမြင် ဆေးရုံးထုတ်ပြီး လိုအပ်သည့် ဆေးကုသမှုကို ဆက်လက်လုပ်ဆောင် နိုင်ရန် ဆရာမနော်မူဇောကိုယ်တိုင် မွေး လူနာရှင် အကျဉ်းသူ၏လက်မှာ ဂလူး တိုင်လှုလင်းကိုရိုက်လို့ အကျဉ်းထောင်မှ မိန်းမအဆောင်နှင့် ဂျင်မခါနာဆေးရုံဆီ ပို့ ဆောင်ခဲ့တယ်၊



ထောင်ထဲမှာ အဲသလိုပါပဲ၊ မိန်းမ သားချည်းတွေပဲ ရှိတယ်ဆိုပြီး စိတ်ချ ယုံကြည်လို့မရပါဘူး။ ပြဿနာတစ်မျိုး မဟုတ်တစ်မျိုးရှိနေခဲ့ကြတာပါပဲ။ ကျွန်မ တို့နေ့ရှုတီသမားတွေဆိုတာကလည်း မအားရပါဘူး။

မနက် အစောကြီးကတည်းက ထောင်ဖွင့်ဝင်လာပြီး အိပ်ဆောင်သော့ ဖွင့်လိုက်ချိန်ကစပြီး အကျဉ်းသူတစ် သိုက်ကတော့ ရေကန်ဆီ ပြေးသူပြေး မိလ္လာချောင်ဆီ ပြေးလိုပြေးနဲ့ ပုရွက် ဆိတ်အုံကို တုတ်နဲ့ ထိုးလိုက်သလို ရှုပ် ယှက်ခတ်သွားတော့တယ်။

ကျွန်မတို့ဝန်ထမ်းတွေကို အလုပ် တာဝန်ချထားပေးတဲ့ နေရာမှာ တစ် ယောက်နဲ့တစ်ယောက် ခိုကတ်နေတာ တို့ပစီပစ်များပြီး ဘုတ်ကိုင်အကျဉ်းသူ ကို ကကျောကောစလုပ် ပြဿနာရှာလေ မလားဆိုပြီး လှည့်လည်စစ်ဆေးကြည့် ရတာ အမော၊

မိန်းမတို့ဘာသာဘာဝ အေးအေး ဆေးဆေး နေတတ်သူရှိသလို ဆူဆူပူပူ လုပ်ပြီး ရန်ထောင်နေတတ်ကြတာမျိုး ကလည်း ရှိသေး၊ တချို့တွေက အလုပ် ချိန်မှာတောင် ခြေသည်းလက်သည်း

ဆိုးချင် ဆိုးနေပြန်၊ တစ်ဦးကိုတစ်ဦး သန်းထိုင်တုပ်ပေးနေကြရင်း ရုပ်ရှင်မင်း သား၊ မင်းသမီးတွေ အတင်းချချင် ချနေ ကြပြန်ရော၊

ဘယ်လိုပဲဖြစ်ဖြစ်၊ ထောင်ထဲကို ထောင်ကျလာပြီဆိုကတည်းက တရား ရုံးက အမိန့်ချဝရမ်းပေါ်မှာ အလုပ်ကြမ်း နှင့်ထောင်အကျ ဘယ်နှနှစ်ဆိုတာ ပါလာ နေပြီသားလေ၊ အလုပ်ကြမ်းအလုပ်ကို လုပ်ချင်ဘဲ နေလို့မရဘူး၊ ချောင်ခိုနေ တတ်တဲ့အကျင့်က ပါလာပြီးသား၊

အိမ်မှာနေသလိုလက်ကြောမတင်း ဘဲ ဖျင်းကြောဆွဲနေတတ်တဲ့အကျင့်က ပါလာပြီး ထောင်ထဲကျမှ လက်ကောက် ကျချင် လို့ မရဘူး၊ အများသူငါတွေ အလုပ်လုပ်နေရိုန်မှာ ငါပိုက်ဆံရှိသူဌေး သမီးဆိုပြီး ရွှေပေါ်မြတင် နေလို့ထိုင်လို့ မရဘူး၊

တန်းစီးက အလုပ်တာဝန်ခွဲဝေပြီး သွားတဲ့အခါနဲ့ သက်ဆိုင်ရာဘုတ်မှာ မိမိ တာဝန်ကျသည့်အလုပ်ကို လုပ်ရမှာ ထောင်ကျအကျဉ်းသူတွေရဲ့ တာဝန်ပဲ၊ ကျွန်မတို့လို ဝန်ထမ်းတွေက အလုပ် လုပ်ချင်ဘဲ လက်ကောက်ကျပြီး ပေါ့ ဆေါ့ပါးလားလုပ်နေလျှင် တုတ်ကိုင်

ပေါက်ငမ်းမှ အပြေးအလွှား လုပ်ကြတာ ပါပဲ၊



ကျွန်မမြင့် ထောင်ထဲကိုအလုပ်ဝင် လုပ်မိတော့မှပဲ ရင်ထဲမှာ သောကတွေ ပွေလီနေတဲ့မိန်းမတွေကို မြင်ခွင့်ရခဲ့ တော့တယ်၊ လောကကြီးက တတယ်တို့ မတရားဘူး၊ ချမ်းသာတဲ့လူတွေမှာတော့ ငွေကို သုံးလို့ဖြုန်းလို့ မကုန်နိုင်အောင် ချမ်းသာနေကြပေမယ့် မရှိဆင်းရဲသား တွေကျတော့လည်း ကုန်းတောက်စရာ မရှိအောင် မွဲပြာဆိုက်နေကြတယ်။

တချို့များဆိုလူတသာ ဆင်းရဲလွန်း လို့ ငွေကြေးမဲ့ချမ်းသာဘဲ သားသမီး ရတနာတွေပဲ ဟောတစ်ယောက် ဟော တစ်ယောက်နဲ့ တပြွတ်ပြွတ် မွေးနေကြ တာများပုံစီနေတာပဲ၊ ကိုယ့်အခြေအနေ နဲ့ကိုယ် ချင့်ချင့်ချိန်ချိန် ထိန်းသိမ်းပြီးနေ ကြပါတော့လား။ ဟိုသားဆက်ခြားဆေး တွေ မှီဝဲပြီး တိုင်တိုင်ပင်ပင် လုပ်ကြပါ လား။

ခုတော့ မဟုတ်ပါဘူး၊ အဓိုးကော့ အကာမလုံ တဲစုတ်စုတ် လေးထဲမှာ ဘယ်လိုနေ၊ ဘယ်လိုထိုင် ဘယ်လိုလုပ်

www.burmeseclassic.com

များနေကြလဲ မသိပါဘူး။ စားစရာမရှိရ တဲ့အထဲ ဖါးစပ်ပေါက်တွေက တိုးလာ လိုက်တာ ဟောခနဲ၊ ဟောခနဲ။

ဒီကြားထဲ လောဘ၊ ဒေါသ၊ မောဟ တွေကို မငြိမ်းသတ်နိုင်တော့ တုတ်ဆွဲ ဓားဆွဲနဲ့ ရပ်ကွက်ထဲမှာ ပွတ်လောရိုက် နေကြတာပဲ၊ တချို့တလည်း သူများ ကိုယ်ပေါ်မှာ အသစ်အဆန်း ဆင်ထား တာကို ကြည့်ပြီး ရွှေမိုးသစ်တွေကို မှား မှန်ပြန်ရော။ သူများလို ငွေမရှာနိုင် တော့လည်း လစ်ရင် လစ်သလို ခိုးချင် ဝှက်ချင်ကြတော့ တွဲခနဲ ဖမ်းခံထိရော။

တချို့အမှုတွေက လင်ယောကျ်ား လုပ်တဲ့သူက အရက်အိုးထဲမှာပဲ ခေါင်း နှိတ်နေတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ကာမ ဆန္ဒ မပြည့်ဝကြလို့ နောက်မီးတွေ လင်း ကုန်ရော။ ဝါလင်တို့ ကြောင်တောင်နိုက် ကြသလားဆိုပြီး ယောက်ကြီး၊ မယားငယ် တွေ ရန်ပွဲတွေတလည်း မြိမ့်မြိမ့်သဲနေ တာပဲ။ ဒီတော့ - နရသိန်တည်းခိုခန်းဆီ ကို ရုတ်အတန်းအသတ်မရှိ ရောက်လာ ကြပြန်ရော။

ဒီလိုသောကတွေ တပွေ့တပိုက်နဲ့ မိန်းမတွေ ထောင်ထဲမှာ ဝင်လာရင် အနေအထိုင်၊ အစားအသောက်၊ အဝတ် အစားပေးကျွေး၊ ဆင်ပြီး ကူညီစောင့်

ရှောက်ပေးနေရတာက ကျွန်မတို့ ထောင်ဝန်ထမ်းတွေရဲ့အလုပ်တာဝန်။

ခုတော့ - ထောင်ထဲရောက်နေတာ ပါလားဆိုတာကိုမေ့လျော့နေပြီ။ အိမ်က ကျောဖူးရှင်ကြီးကိုပဲ တမ်းတနေသလို လို၊ သားသမီးမီးတွေကိုပဲ လောင်ကျွမ်း နေသလိုလိုပူပင်သောကတွေပတ်လည် ဝိုင်းလို့ အိမ်သတိရတွေ ဖြစ်နေကြပြီ လေ။

ထောင်ထဲ ရောက်လာတဲ့အကျဉ်း သူတွေကို ထောင်ကနေ အဝတ်အစား ထုတ်ပေးနိုင်တာက ဖျဉ်ကြမ်းပုံစံအကျီ နဲ့ လုံချည်နှစ်ထည်စီပဲ ရကြတာ၊ တစ် ထည်ကိုလျှော်ကြီးတွေဝင်လာစစ်ဆေးချိန် မှာအကောင်းလုပ်ပြီးဝတ်နေရတာတစ် ထည်ကိုတုံးချုဝတ်ပြီးအလုပ်လုပ်တဲ့နေ ရာမှာဝတ်ရတာဆိုတော့အဝတ်နှစ်စုံနဲ့ ဘယ်လက်လည်မလဲ။

ဒီကြားထဲ မိန်းမတို့ဘာသာဘာဝ တစ်လတစ်ကြိမ် အလည်လာနေကျ ဧည့်သည်ဆိုးကလည်းပုံမှန်လာနေပြန် တော့ခုလိုမိန်းမတို့သဘာဝလစဉ်ရာသီ ပန်းပွင့်ချိန်ဆို ပိုဆိုးတော့တာပေါ့၊ အိပ် ဆောင်ထဲမှာ မိန်းမသားချည်းတွေပဲ ရှိနေလို့ တော်သေးတယ်၊

တိုယ့်မိန်းမသားတွေချည်း ရှိနေ တော့လည်း ရှက်နိုင်ပေါင်။

ဗိုက်ဆံရှိကြတဲ့အကျဉ်းသူတွေများ ကျတော့ ဣန္ဒြေမပျက်ဘဲ နေလို့ထိုင်လို့ ရတာပေါ့၊ အိမ်က ထောင်ဝင်စာကနေ သွင်းပေးတဲ့ Eva ဂွမ်းလိပ်ထုပ်တွေကို ထည့်လှူသင့်တာပေါ့၊ ခုလို အဝတ် အစား ထည့်လဲဝတ်စရာ မရှိပါဘူးဆိုမှ ရွှေဧည့်သည် ကိုယ်လှူဆိုးကလည်း သစဉ်ပုံမှန်လာနေပြန်တော့ ခက်ပဲခက် ရှည်ရဲ့၊ ဒီလိုအချိန်မျိုးမှာ ရေကန်ကို ပြေးပြီး အဝတ်သွားမလျှော်လိုက်နဲ့ အလိုက်ကန်းဆိုး မသိတဲ့ရေကန်ဗာရာ က-

"ဟဲ့ကောင်မ - ဒါအဝတ်လျှော်ချိန် မဟုတ်ဘူး"

"သိပါတယ် - အစ်မရယ်။ ကျွန်မမှာ ရှုတ်စောပြီး မမှတာလာနေလို့ ဒီထမီ လေး နေပူတွန်း လျှော်ပြီးလှမ်းထားမှ နက်ဖြန် ထောင်ပိုင်တန်းစီ လာစစ်ရင် ဝတ်ထားလို့ရမှာ"

"ညည်းတို့ဟာမတွေ တော်တော် သိတ်ရွှံများကြတာပဲ၊ ရေကို သောက် ချိုးမလုပ်နဲ့၊ တော်ရုံတန်ရုံစင် - တော်ပြီ ညီ"

"ဟုတ်ကဲ့ပါ - အစ်မရယ် - ပြီးပါပြီ"

အဲဒါသာ ကြည့်တော့ - ဒီရေတာန် ဗာရာဆိုတာကလည်း မိန်းမစင်စစ်တ နေ ယောကျ်ားလျာပုံစံ ဝတ်စားထားလို့ သာ သူ့ကိုယ်သူ အထီးလား၊ အမလား မဝေခွဲနိုင်ကြဘူး၊ သူတို့လဲအမျိုးတူလာ လျှင် ရွှေဧည့်သည်ရောက်လာမှာကို မသိဘူးများ မှတ်နေကြလား။

ဒီရေကန်ဗာရာမားမကြီး ဇိုးသီး ဆို တဲ့ကောင်မ - အဲလေ - ကောင်တ သူ့ ကိုယ်သူယောကျ်ားပုံစံဟန်ဆောင်ဝတ် စားထားပေမယ့် မိန်းမဘာဝကို မေ့နေ သလိုပဲ၊ နာမည်ကသာ မားမကြီးဆိုတဲ့ ဘွဲ့ခံထားပေမယ့် သူ့နာမည်အစစ်အမှန် က မစိန်သီးပဲ၊

ရပ်ကွက်ထဲမှာ စိခနဲဆို ရန်ဖြစ်သ ကြားတာနဲ့ မားမကြီးဆွဲပြီး ဟန်လုပ်ဝန် လုပ် ဟိတ်ဟန်ထုတ်ပြနေတာ တတယ် လည်း ခုတ်ရဲတာမဟုတ်ဘူး။ အဲ - တစ်ခါ တော့ ရန်ဖြစ်နေကြခိုက်မှာ သူ့ဓါးတစ် ချက် အရိုက်ခံရပြီး ပါးပြင်မှာ ဗုခနဲဖြစ် သွားမှ ကြောက်ကြောက်နဲ့ ဓားမနဲ့ ခုတ် လိုက်လို့ ဓားခုတ်မှုနဲ့ ထောင်သုံးနှစ်တော့ လာခဲ့တာပဲ၊

တကယ်တော့ - မိန်းမတို့ဘာမျိုးတ ကိုယ်ရေးကိုယ်တာ ကိစ္စတွေ အရှက်

www.burmeseclassic.com

ဆုံးလူတွေပဲ။ ထောင်ထဲမှာက အပြင်လို လွတ်လွတ်လပ်လပ် လုပ်ချင်တိုင်း လုပ်လို့မရဘူးလေ။ ထောင်ထဲက ချမှတ်ထားတဲ့ထောင်ဥပဒေ၊ ထောင်စည်းကမ်းတွေကို "ဗုံစံ" ဆိုတာကြီးနဲ့ ဘောင်ခတ်ခံထားရတာ။

ကျွန်မတို့ဝန်ထမ်းဆိုတာကလည်း တစ်နေ့တုန်း ချက်စိကို ဒေါက်ထောက်ကြည့်နေကြရတာ။ လွယ်တော့ မလွယ်လှဘူး။ ဘယ်နေရာ၊ ဘယ်ချောင်ကများ ဘာပြဿနာထဖြစ်မလဲ ဆိုပြီး ရင်တထိတ်ထိတ်နဲ့ နားစွင့်နေကြရတာ။

ထောင်ထဲမှာ ဘာအလုပ်မှ မရှိဘူးဆိုပြီး အေးအေးဆေးဆေး ထိုင်နေလို့ကလည်း မဖြစ်ဘူး။ ပြဿနာဖြစ်ပြီပေါ့ဆိုတာနဲ့ တိုယ်က ဦးအောင် သိထား၊ ရှင်းထားနိုင်မှ ထန်တာတျမယ်၊ နို့မို့ဆို မသိရအကောင်းလားဆိုပြီး ထောင်မှူးမရဲ့ အရေးအဆဲ ခံနေရဦးမယ်။

ထောင်မှူးမဆိုတာကလည်း အရာရှိ မဆိုတော့ တစ်ဆောင်လုံးကို အုပ်ချုပ်စီမံနေရတာ၊ အိပ်ဆောင်ထဲက ရုံးခန်းလေးထဲမှာ အလုပ်လုပ်နေရပေမယ့် အမျိုးသမီးဆောင်ထဲမှာ ဖြစ်ပွားတဲ့ ပြဿနာမှန်သမျှ သူ့အပေါ်တာဝန်ရှိတာကြောင့် ဝီအီးဒီအီး အစစ်ခံရမှာကို သေမလောက် ကြောက်ကြတယ်။

ဒါကြောင့်နေ့စဉ်ထောင်ထဲဝင်လာတဲ့ အချိန်ကစပြီး ဘုရားစာတွေ ရွတ်၊ ပုတီးတွေ သက်စေ့စိပ်နဲ့ ပါးစပ်က ပေါက်ပေါက်ဖောက်နေသလို လက်ကလည်း ပုတီးလုံးတွေ တဖြောက်ဖြောက် စိပ်နေကြတဲ့ ထောင်မှူးမတွေ တစ်ပုံကြီး။ ကျွန်မတို့ဝန်ထမ်းလေးတွေမှာတော့ ကံစီမံရာအတိုင်းပဲလို့ သဘောထားလိုက်ကြတယ်။

"ကြီးသည် - ငယ်သည်၊ ထိုနစ်လီ - ဒေါ်လီ မသိပါ"

ကျွန်မ အိပ်ဆောင်အပေါ်ထပ်မှာ ကြမ်းတိုက်နိုင်းထားခဲ့တဲ့ အကျဉ်းသူတွေ ကြမ်းတိုက်သံ မကြားရလို့ ကောင်မတွေ အလုပ်အပါးခိုပြီး အိပ်များနေကြသလားဆိုပြီး လှေကားပေါ် တက်လာခဲ့တယ်။ အခန်းတစ်ခုထဲမှာ အလုပ်မလုပ်ကြဘဲ ရှုရှုညည်းညည်းနဲ့ ငြင်းခုံနေကြသလိုလို၊ စကားထာဝှက်နေကြသလိုလို ပြောဆိုသံကို ကြားလိုက်ရတယ်။

ဒီကောင်မတွေကို အပေါ်ထပ်မှာ ကြမ်းတိုက်နိုင်းထားတာ မတိုက်ဘဲ ဘာဆိုင်းဖွဲ့ပြောနေကြသလားဆိုပြီး ကြမ်းတိုက်ဖို့ အပေါ်ထပ်ဆီ ဒေါ်နဲ့ တက်သွားချိန်မှာပဲ။

အပေါ်ထပ်ကကြမ်းခင်းကိုအုန်းဆံ ပွတ်တိုက်နေသံ ဂျိုးဂျိုးဂျစ်ဂျစ်မြည် နေသံကြားမှ အကျဉ်းသူတစ်စု ရင်ပေါင် နှုးထောက်ပြီး ကြမ်းတိုက်နေကြတာကို လှမ်းမြင်ခဲ့တော့တယ်။

ဒီအကျဉ်းသူအုပ်စုကတော့ ထုံးစံအတိုင်း ပြည့်တန်ဆာအုပ်စုက ကောင်မတွေပဲ။ သူတို့အချင်းချင်း အလုပ်လုပ်နေကြရင်း အထက်မှာ ဖော်ပြထားသည့် စကားထာဝှက်တမ်းများ ကစားနေကြတာ မသိပါဘူး။ ဘာတဲ့ ...

"ကြီးသည် - ငယ်သည်၊ ထိုနစ်လီ - ဒေါ်လီ မသိပါ" တဲ့လေ။

ဘာစကားထာကြီးမှန်းလဲ ကျွန်မ တော့ နားကို မလည်ပါဘူး။ တော်တော် ပေါက်ပေါက်ရှာရှာတွေ ရွတ်ဆိုဝှက်နေကြတာလားမှမသိတာ။

"တဲ့ - ကောင်မတွေ - ညည်းတို့ အလုပ်မလုပ်ကြဘဲ ဘာတွေကိုများ စကားထာဝှက်နေကြတာလဲ"

"ဟင်း - ဟင်း - အချုပ်ကြီးကတော့ လုပ်ချလိုက်ပြန်ပြီ။ မသိချင်စမ်းပါနဲ့။ ကျွန်မတို့အချင်းချင်းအတာနဲ့ပေးနေကြတာပါ"

"ကောင်မ - ဘာအတာလဲ ရှင်းရှင်း လင်းလင်းသိအောင် ပြောကြစမ်း။ ဘာတဲ့ - ကြီးသည်ငယ်သည်ဆိုလား - ဒီနားစွန်နားဖျား ကြားလိုက်ပါတယ်"

"ဟီး - ဟီး - အဲဒီ - ဆိုတတ်တိုင်းပေး တာပါ"

"ဟင် - လုပ်ချလိုက်ပြန်ပြီ - ဘာဆိုက်ကိုလဲ"

"ခက်တော့ နေပြီ - အချုပ်ကြီးရေ ရှင်းလေ ရှုပ်လေပါပဲလား"

ပြည့်တန်ဆာအုပ်စုထဲက တစ်ယောက်က ကျွန်မကို နားဝေအိမ်တောင်ဖြစ်အောင် လျှောက်ပြောနေသလိုပဲ။ အဲဒီစကားထာရဲ့အဖြေကို သင်းတို့တွေ အချင်းချင်းတော့ ကောင်းကောင်းသိနေပုံရတယ်။ မျက်နှာတွေက စပ်ဖြဲဖြဲ ဖြီတီတီလုပ်ပြီး ကျွန်မကို လှောင်နေသလို သနားစရာ ကြည့်နေကြတယ်။

"ဟုတ်တယ်လေ - နင်တို့ တာ ကလေးအဖြေပုံမွှေးတာကို ဘယ်သူက အကြီးလဲ၊ ဘယ်သူက အငယ်ဆိုပြီး နင်တို့ ငြင်းခုံနေကြတာ မဟုတ်လား"

www.burmeseclassic.com

"မဟုတ်ပါဘူး - ဆိုနေမှပဲ"

"ဒါမဟုတ်ရင် - ဘာလဲ - ပြောကြစမ်း"

"တဲ - တဲ - ဒီလိုဆရာမရေ ဟောဒီ မိတေဆိုတဲ့ကောင်မက သူ့ဘဲကြီးကို စွဲစွဲလမ်းလမ်းဖြစ်ပြီး အမှန်းတင်ပြနေလို့ ကျွန်မတော ခြင်ခြင်းကတ်ပြီး ငါ့လူက နင့်ထက်သာတယ်လို့ ငြင်းခုံနေကြတာပါ"

"တင် - အဲဒါနဲ့များ ဘယ်တ ဒေါ်လီ ချိုတဲ့ကောင်မတာ မသိရတာလဲ"

ကျွန်မတာလည်း စပ်စပ်စုစု လုပ်တတ်တဲ့အကျင့်က ပါနေတော့ သူတို့တွေဘယ်တဒေါ်လီဆိုတဲ့ကောင်မလေး အကြောင်းကို မသိကြရတာလဲလို့ ဝင်စပ်စုမိရော၊

"ဟီး - ဟီး - အဲဒါက ကျွန်မတို့ လောကသားတွေရဲ့ သုံးနေကျအချိုးပါ၊ ဘယ်သူ့ဲ ကြီးကြီးငယ်ငယ် ပြိုင်နေကြလို့လည်း ဒေါ်လီ မသိပါလို့ တချိုးတာတာ _"

မိတေ ဆိုတဲ့ ပြည့်တန်ဆာမက စာချိုးတို့ အစအဆုံး ဆိုပြလိုက်တော့မှပဲ ကျွန်မလည်း သဘောပေါက်သွားပြီး ချက်နာတစ်ပြင်လုံးထူထူပူပူနဲ့ရှက်အမ်းအမ်းဖြစ်သွားရင်း -

"ဩော် - ဂလိုကိုး - တော်တော်လဲ ဇယားရှုပ်ကြတဲ့ ကောင်မတွေ - တဲ့တဲ့ - အလုပ်လဲ ပြီးအောင် လုပ်ကြဦး၊ နင်တို့ဘာသာ ထောင်က လွတ်မှ ညည်းတို့ဖိုမ်နန်းမှာအကြီးအသေး ပြိုင်ကြတော့ပေါ့ သိလား - ကောင်မတွေ"

သူတို့ရှင်းပြနေမှပဲ အငြင်းအခုံဖြစ်နေတဲ့စကားထာရဲ့ အကြောင်းရင်းကို ရှင်းရှင်းဘွင်းဘွင်း သိလိုက်ရပြီး သေသေချာချာလေ့လာဆန်းစစ်ကြည့်တော့မှ ဩော် - ဂလိုကိုး ဆိုပြီး ကြက်သည်းတောင် ဖြန်းဖြန်းထမိတယ်၊ ငါ့နယ်နော်၊ ဒီကောင်မတွေနဲ့မှ ဆုံပဲ ဆုံတတ်ပလေ၊ သူတို့ဘာသာစကားထားပဲ ဝှက် ဝှက်၊ ကဗျာလို့ပဲ ချိုးချိုး ခုလို ဝင်စပ်စုမိမှတော့ ထိတာပဲ ကောင်းတယ်၊

ဘယ့်နယ်တော် - ဒီပြည့်တန်ဆာ အလုပ်ကိုဘဲ ထမင်းစား ရေသောက်သလို မရှက်မကြောက် တစ်တစ်ခွခွ ပြောလည်းပြောတတ်ကြပါရဲ့အင်းလေ၊ သူတို့ဘဝမှာလည်း ငွေရေးကြေးရေး အဆင်ပြေဖို့ ကိုယ်ပိုင်အရင်းအနှီးကလည်း မရှိကြရှာတော့ အမေပေးတဲ့ လယ်တစ်ကွက်ကိုပဲ ထွန်ယက်စိုက်ပျိုးစားနေကြရတာပေါ့၊

တကယ်တော့ သူတို့နဲ့ ဆက်ဆံနေကြတဲ့ယောကျ်ားတွေဆိုတာလည်း ရောဂါဖြစ်မှာကို မကြောက်ကြဘူးလား မသိပါဘူး၊ တစ်နေ့တစ်နေ့ "အော" ကိုက်ပြီး သေသွားကြရတဲ့မသာတွေ နည်းမှ နည်းပဲ၊

သူတို့ကတော့ သူတို့ရုပ်ရည်လေးကို မှန်နဲ့သာခြယ်ကာသပြီး လမ်းဘေးမှာ တန်ရေးတပြပြ မြူဆွယ်စည်းရုံးနေကြတာလေ၊ ဟိုကကိုယ်တော်ချောတွေ ဆိုတာကလည်း အလှကိုသာ အာသာငမ်းငမ်း ကြည့်ပြီး သွားရည်တမြားမြား ကျနေကြမှာပေါ့၊

တကယ်ဆို မျက်နှာပြင်ပေါ်မှာ အနုပ်ခါး၊ ပေါင်မှာ သေးစီးကြောင်း ပေါက်နေတာကို ဘယ်သူတွေက မြင်ကြမှာလဲ၊ သူတို့လေးတွေ ဘဝက ဆင်းရဲဆေးရုံဆေးခန်းကို သွားဆေးစစ်ကြည့်မယ် မလုပ်ကြဘူး၊ လောလောဆယ်အတွက် ငွေက အာသာငမ်းငမ်းဖြစ်နေတော့ လာပြီးနှယ်မိတာနဲ့ ကောင်းသူထိပ်၊ ကောင်းသူထိပ်ပဲ၊

အဲဒီလို ထောင်ထဲ ဝင်လာမိက်မှာ ထောင်ဆရာဝန်ကြီးကိုယ်တိုင် အကျဉ်းသူတွေကို လေဘာချဖို့ ဆေးလာစစ်တဲ့နေ့က ကြုံလို့ အမှတ်တရဖြစ်ခဲ့ရသေးတယ်၊

"ဆရာမ - အကျဉ်းသူ တချို့ကို ဆေးစစ်ကြည့်လိုက်တော့ အိမ်ရှေ့ခိုင်မှာ ပိုးကူးစက်နေတဲ့လက္ခဏာတွေ တွေ့ရတယ်"

"ဟုတ်လား - ဆရာကြီး - ဘယ်နှယောက်တောင် ရှိနေလဲ"

"ဆယ်ယောက်လောက် ရှိမယ်၊ သူတို့ကို အများနဲ့ ရောမထားဘဲ ဆေးထိုးဆေးတိုက်ပြီး သီးခြားခွဲထားလိုက်ပါ"

"ဟုတ်ကဲ့ - ဒေါက်တာ"

ကဲ - ကြည့်စမ်း - တကယ်သာ ဆရာဝန်တော်နဲ့ ဆေးစစ်ကြည့်လိုက်တော့မှပဲ သင်းတို့တွေ ကိုယ်ထဲမှာ အောင်းနေတဲ့ ရောဂါဟောင်းတွေကို သိရ ကြားရပြီ၊ အဲဒါ အပြင်လောကမှာနေတုန်း တခြားကြောထဲခဲ့ကြလို့ ရောဂါပေါင်းစုံ ဝင်နေခဲ့ကြတာပေါ့၊

ဒီအထဲမှာ ပြည့်တန်ဆာအုပ်စုတာ သဲသဲတို့၊ ကေကေတို့က ထိပ်ဆုံးပဲ၊ ကျွန်မ စိတ်မကောင်း ဖြစ်သွားတယ်၊

www.burmeseclassic.com

သူတို့လေးတွေနဲ့ ကျွန်မ ထောင်ကြီးထဲမှာဆုံတွေ့ခဲ့ကြပြီး ခင်ခင်မင်မင် ရင်းရင်းနှီးနှီး နေခဲ့ကြတာလေ။

သူတို့လေးတွေရဲ့ ပင်ကိုစရိုက်လေးတွေက ဖြူစင်သန့်ရှင်းခဲ့ကြပေမယ့် လောကတစ်ရဲ့ အရောင်ဆိုးစံနေကြရတာကို ခံနိုင်ရည်မရှိခဲ့ကြတော့ ဘဝပျက်တိန်း ဆိုက်နေကြပြီလေ။

ဘုရား - ဘုရား - ဒီတောင်မလေးတွေက နက်ဖြန်သသက်ခါဆိုထောင်က လွတ်ကြတော့မှာ။ သူတို့ကတော့ ဘာမှ မှတ်သေသတမရှိကြဘဲအပြင်ကိုရောက်သွားတာနဲ့ သူတို့နေရာပေါင်းလေးမှာပဲ ကျင်လည်ကျက်စားနေကြမှာ။

အမှန်တော့သူတို့ကျင်လည်ကျက်စားနေတဲ့ပန်းခြံ၊ ကားဂိတ်၊ ကုန်းကျော်တံတားအောက်တွေဆိုတာ သူတို့သွေးသားကို အရောင်းအဝယ်လုပ်ကြတဲ့ သူ့စီးပွားသန် နေရာမှန်ပဲလေ။

သူတို့လေးတွေရဲ့ဘဝကို တွေးပြီး ရင်လေးလိုက်တာပါဘဲ။ ကိုယ်ကသာ သံယောဇဉ်ရှိနေလို့ တားမြစ်ပြောဆိုပြီး ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားကြပြီး နေထိုင်သွားကြပါလားလို့ စေတနာထား ညွှန်ပြပေမယ့် သူတို့ဘဝ၊ သူတို့ကံကြမ္မာကိုက ဒီလိုပဲဖန်တီးနေမှလည်း နေ့စဉ်စားဝတ်နေရေးက အဆင်ပြေမှာ။ ဒီလိုလုပ်မှလည်း ဘဝကို ရပ်တည်နိုင်ကြမှာမဟုတ်လား။

ဘာပဲဖြစ်ဖြစ် လူဆိုတာ တစ်နေ့သေကြရမယ်ဆိုတာ သိထားပေမယ့် အချိန်မတန်ခင်မှာ အမှည့်လွန် ကြွေကျပျက်စီးသွားမှာကိုတော့ ကျွန်မ မလိုလားဘူး။ ထောင်ထဲကို အလည်ရောက်လာပြီး နရသိန်စံအိမ်တည်းခိုခန်းမှာ အခိုက်အတန့် နေထိုင်ရပြီး စားဝတ်နေရေးပြေလည်ခဲ့ကြပေမယ့်ပြင်ပကမ္ဘာကို ရောက်သွားကြရင်တော့ နဂိုအတိုင်း ဒုံရင်းက ဒုံရင်း ဆက်လုပ်နေကြမှာပဲ။

အပြင်လောကကြီးထဲမှာ နေထိုင်သွားလာဆက်ဆံနေကြရင်းနဲ့ဟောတစ်ယောက် ဟောတစ်ယောက်သာ လူလဲသွားကြပေမယ့် သူတို့ခများမှာတော့ ဒိုင်ခံဖြေရှင်းပေးနေခဲ့ကြရတာ။

ခုလိုမျိုး အေကိုက်နေသည့် သူတို့ရောဂါအကြောင်းတွေကို မသိကြသူတွေကတော့ ချဉ်ချဉ်တူးမူးပြီးရောဆိုလို့ကတော့ သူတို့မှာပါလာတဲ့ အရောဂါပိုးကူးပြီး ဘဝကို အစောကြီး ဖတ်သိမ်းသွားကြရမှာပဲ။



ခုတော့ - သူတို့တွေက နရသိန်စံအိမ်တည်းခိုခန်းကြီးထဲက နက်ဖြန်သသက်ခါဆို လွတ်မြောက်တည်းခိုပြီး ထွက်ကြတော့မှ အပြင်လောကက ရမ္မက်ဆိုးတွေကတော့ အခြေအနေမှန်ကို သိနိုင်ကြတော့ သူတို့နဲ့ ဆက်ဆံမိလို့ကတော့ သေပြီ ဆရာပဲ။

"ထောင်ဝင်စာဟော့"

ဆိုတဲ့ တံခါးစောင့်ဗာရာ လှသီရဲ့ အော်ဟစ်လိုက်သံကတစ်ဆောင်လုံးကို လှုပ်ခတ်နိုးလိုက်သလိုလှုပ်လှုပ်ရွရွဖြစ်သွားတယ်။ သူ့ထက်ငါဦးအောင် လှသီနားကို ပြေးကပ်သွားပြီး နားထောင်နေကြတယ်။ လှသီက လက်ထဲမှ စာရွက်တွေကို တစ်စောင်ချင်းအော်ဟစ်ခေါ်ပြီး ဝေပေးနေတယ်။

"တောက် - သေနာတောင် - ဘယ်ကောင်မနဲ့များ - သဝေထိုးနေလို့ ငါ့ဆီထောင်ဝင်စာ - လာတွေ့ဖော်မတောင် မရှိဘူး - ဟင်း"


"အမေကလဲ - ကလေးတွေတစ်အိမ်နဲ့ဆိုတော့ ထောင်ဝင်စာလာမတွေ့နိုင်သေးဘူးထင်ပါရဲ့"

ထောင်ဝင်စာတွေ့ဆုံခွင့် ပါမလာသူတွေမှာတော့ အပြင်ဘက်ကလူကို မကျေမနပ်ကြိမ်းမောင်းသံပွက်ပွက်ညံနေသလို မုဆိုးမ ခင်ကြည်ကတော့ အပြင်ဘက်မှာကျန်ခဲ့တဲ့အမေနဲ့ကလေးတွေရဲ့ အစက်အခဲကို တွေးမိပြီး စိတ်မကောင်းဖြစ်နေရှာကလွဲလို့ ဖြေတွေးတွေးနေရှာရဲ့။

မုဆိုးမ ခင်ကြည်ဆိုတာကလည်း စိတ်လိုက်မာန်ပါ ဒေါသဖြစ်ပြီးနီးရာဓားနဲ့ ထိုးသတ်ခဲ့လို့ လူသတ်မှုနဲ့ ထောင်ကျနေခဲ့တာ။ အပြင်မှာ နေထိုင်ကြရတဲ့ မုဆိုးမဘဝကလည်း မလုံခြုံဘူးလေ။ ကိုယ်ကကိုယ်ကျင့်တရားကိုစောင့်ထိန်းပြီးတော့ကောင်းကောင်းမွန်မွန် နေထိုင်လို့ အမေနဲ့ ကလေးတွေရဲ့ စားဝတ်နေရေးကို ဒိုင်ခံရှာကျွေးနေရတာမဟုတ်လား။

လမ်းထိပ်ဘုံဆိုင်နားမှာမြေပဲလှော် ငါးကြော်၊ အပဲကြော်စသည့်အကြော်စားစရာတွေကို ခင်းကျင်းပြီး အရက်လာသောက်သူတွေကို အမြည်းရောင်းစားနေခဲ့တာ အရက်သမားဆိုတာကလည်း အမျိုးမျိုး ရှိကြတာမဟုတ်လား။ အရက်ကိုစွဲစွဲလမ်းလမ်းကြိုက်လို့ သောက်စားနေကြသလိုအရက်ဒီဂရီလေးတက်လာ

www.burmeseclassic.com




ပြီးဆိုနှစ်ဝင်လိမ်ချင်ကြသူတွေကရှိသဲ့သဲ့
ဝရောဝရည် လုပ်ချင်ပြန်ရော။

ခင်ကြည့်ဆိုင်ကအမြည်းကိုမှအား
ပေးချင်ပါတယ်ဆိုသည့် အရက်သမား
တွေက ခင်ကြည့်ဆိုင်ကို လာအားပေး
တော့ ရောင်းပန်း ဝယ်ပန်းလှလို့ စီးပွား
ရေးအဆင်ပြေနေတယ်။ နေ့စဉ်နေ့တိုင်း
တောက်သည်လို ဖြစ်နေတော့ အမြည်း
အမြဲဝယ်နေကျ ကိုဝင်းနိုင်ကြီးဆို
အမြည်းဝယ်သလိုလိုနဲ့ စကားကလည်း
အထွန့်တက်လိုက်သေး။

"မခင်ကြည် - အမြည်းတွေကိုတစ်
ယောက်တည်း လုပ်နေရလို့ အရမ်းပင်
ပန်းနေမှာပဲနော်"

"ဒါပေါ့တော် - မဆိုးမဆိုတော့
အမေနဲ့ သားသမီးတွေကို ရှာကျွေးနေရ
တော့ အားရတယ် မရှိပါဘူး"

"အေးဗျာ - မခင်ကြည် - ခုလို ပင်
ပင်ပန်းပန်း ရှာဖွေနေရတာကိုမြင်တော့
ကျွန်တော်ဖြင့် မကြည့်ရက်ပါဘူးဗျာ"

"မကြည့်ရက်တော့ ရှင်က ဘာလုပ်
ပေးနိုင်မှာလဲ။ မုဆိုးမဆိုပြီးတော့ လူကို



...ဘာအထင်မသေးနဲ့နော်။ ခင်ကြည်တို့
...လင်ယောကျ်ားအရက်သမားနဲ့ပေါင်း
...သင်းခဲ့မိကတည်းက အရက်သမားဆို
...အော့ကြောလန်နေခဲ့တာ။ ယီးတီးယား
...ား လာလုပ်လို့ကတော့ - ဟင်း"

အဲဒီလိုအရက်သမားဆိုတာမျိုးကို
...အကြမ်း၊ လျှာကြမ်း၊ ပတ်ကြမ်းတိုက်
...ပြောဆိုပေးနိုင်မှ ဒင်းတို့တွေက ဖြုံမှာ။
...ဆို - လူနာအမဲခြောက်တောင်းသလို
...ညာဝ်နာနာနဲ့ ထိကပါး၊ ရိကပါး လုပ်ချင်
...တွေက အများကြီး ကိုယ့်မှာ မတတ်
...သလို အရက်ဆိုင်ရှေ့မှာ အမြည်းထိုင်
...ရောင်းနေရတာ။ အရက်သမားများဆို
...လွန်းမုန်းလွန်းလို့ ဒိုးဆလဲဒင်းဆလဲပဲ။
...ထူးလဲ၊ အိမ်ကလူလည်း အရက်အိုး
...ခေါင်းဆိုက်ပြီး စောစောစီးစီး မာက
...ယားကို ရောင်းသွားတော့တာပဲ။

ခင်ကြည် လင်သေဆုံးမှိန်တုန်းက
...အရွယ်ကောင်းပဲ ရှိသေးတယ်။
...ထက်သုံးဆယ်အရွယ်ဆိုတာ နောက်
...အိမ်ထောင်သစ် ထူထောင်မယ်ဆို
...ထောင်လို့ရသေးတာပဲ။ ခင်ကြည့်ရုပ်
...ရှက်ကြမ်းရည်ကြိုဆိုပေမယ့် ကိုယ်
...ကိုယ်ပေါက်ကတော့ တောင့်တောင့်
...တင်းတင်းရှိနေတော့ လိုချင်သူတွေပိုင်း
...တုန်း။

ဒါပေမဲ့ - မွေးထားတာက သမီး
ကလေးနှစ်ယောက်၊ ဥမ္မာညီစာခြောက်
ကြသေးပေမယ့် အကြီးမလေးက ဆယ်
နှစ်၊ အငယ်မလေးက ခုနစ်နှစ်ရှိနေပြီ။
အရွယ်ကောင်းလေးတွေ။ အမေတော
လည်း ခင်ကြည့်လိုပဲ အသက်ငယ်ငယ်
ရွယ်ရွယ်နဲ့ အဖေဆုံးသွားတဲ့အချိန်က
နေ ယခုအရွယ်ထိ နောက်အိမ်ထောင်
ထပ်မပြုပဲ ခင်ကြည့်ကိုငဲ့ပြီးရင်အုပ်မတွာ
စောင့်ရှောက်လာခဲ့တာ။

အမေ ပြောခဲ့တဲ့စကားတစ်ခွန်းက
ခင်ကြည့်နားထဲမှာ သံမှိုနဲ့ နှက်နေသလို
စွဲမက်နေတုန်းပဲ -

"သမီးရယ် - အမေလဲ အွေ့နဲ့တိုယ်
သားနဲ့ကိုယ်ပဲ၊ အရွယ်ကောင်းတုန်း
အိမ်ထောင်သစ် ထပ်ထူထောင်ချင်ပေ
မယ့် ငါ့သမီးလေး ပတွေးတမိသွားမှာစိုး
လို့ အိမ်ထောင်ထပ်မပြုဝံ့ပါဘူးကွယ်"

ဟုတ်တယ် - အမေ ပြောသလိုပဲ
ယောကျ်ားဆိုတာမျိုးက အရှည်တို မြင်
တတ်သူတွေ မရသေးခင်တော့ ရှာလို
လိပ်ထိပ်ပေါ်တင်ထားကြပေမယ့် အစာ
ဝတော့ ဌာနပြန်ချင်ရော၊ ဖောက်ပြန်ချင်
စိတ်ရှိနေသူက များတယ်။ ဘယ်
ယောကျ်ားကိုမှ ယုံစားလို့မရဘူး။ ဘယ်

www.burmeseclassic.com

လောက်ပဲ ရှိးသားပါတယ်ဆိုပြီးတော့ လျှော့တွက်လို့မရဘူး။ လူ့စိတ်ဆိုတာ တောက်ပြန်တတ်တဲ့အမျိုး၊ ခုကောင်းနေပေမယ့်နောက်ကောင်းချင်မှကောင်းတာ။

ယောက်ျားတွေဆို ကြောက်လွန်လွန်းလို့ မပတ်သက်မိအောင် ရှောင်ကြဉ်နေပေမယ့်လည်း စားဝတ်နေရေးအတွက်လည်းတော့လည်းယောက်ျားတွေနဲ့ လည်းတူတူစားနေတဲ့ အရက်ဆိုင်မှာ အကြည်းဆိုင်ရောင်းနေခဲ့ရတယ်၊

ခုလည်းကြည့်လေ၊ယောက်ျားတွေနဲ့ တတ်နိုင်သမျှ ကင်းကင်းရှင်းရှင်းဖြစ်အောင် ခပ်တင်းတင်း ဆက်ဆံပြောဆိုနေပေမယ့်ကံကြမ္မာကဖန်လာပြန်တော့ အရှက်ကို အသက်နဲ့လဲ၊ ခုခံကာ ကွယ်ရင်း ခြေလွန်လက်လွန် ဖြစ်သွားခဲ့ရတယ်။

ကိုယ်ကကျူး၊ကိုယ့်အူခေါင်မယ့် ဘူးဆိုတဲ့စကား သိပ်မှန်တာပေါ့၊ အိမ်နီးနားချင်းရယ်လို့ အားကိုးအားထားရမလားဆိုပြီးဝေါင်းသင်းဆက်ဆံကြည့်မိပါတယ်၊ ကျောချမှဓားပြမှန်းသိဆိုသလို ကိုယ့်အပေါ်မတော်မတရားကြံစည်လာတော့မှပဲ လူယုံသတ်လို့သေမယ့်ကိန်းဆိုက်လာတယ်၊

ဒါကလည်း ကိုယ့်ကိုယ်ကိုယ် ခုခံ ကာကွယ်ရင်းနဲ့ လူသတ်မှုကို ကျူးလွန် သွားမိတယ်၊ တရားရုံးကတော့ ကာ ကွယ်ခုခံပိုင်ခွင့်ရှိတဲ့အမှုမျိုးမို့ သက်ညှာ စွာ အမိန့်ချမှတ်ပေးခဲ့ပါတယ်၊ ထောင် ဒဏ် ငါးနှစ်တဲ့လေ၊

အဲဒီတုန်းက ညဘက်မှောင်မှောင် မည်းမည်းထဲမှာ ခင်ကြည် ကလေးနှ ယောက်နဲ့ အတူတူ အိပ်ခန်းလေးထဲမှ အိပ်မောကျနေတယ်၊ အမေက အိမ်ရှေ့ ဘုရားခန်းမှာ ဖျာခင်းပြီး အိပ်နေတယ် ရေနံဆီမှန်အိမ်အလင်းရောင်က ဧည့် ခန်းထဲမှာ ထွန်းထားခဲ့လို့ အခန်းထဲမှ မှန်ပျပျပဲ လင်းနေတယ်၊

ခင်ကြည်လည်း တစ်မနက်လုံး ကြော်ရလှော်ရ၊ညနေကျဈေးရောင်း ရတော့ လူတစ်ကိုယ်လုံး ပင်ပန်းနေပြီ မောမောပမ်းပမ်းနဲ့ အိပ်မောကျနေရင်း တုန်းမှာပဲ ခင်ကြည့်ကိုယ်မှာလေးလံ အရာဝတ္ထုကြီးတစ်ခု လာဖိထားသ ခံစားနေရတော့ မွန်းကြပ်လာပြီး ရှိသ အားကို ညှစ်ထုတ်လို့ ဆောင့်ကန် လိုက်တယ်၊

"ခင်ကြည် - ငါပါဟာ"

နားထဲမှာ ကြားဖူးသလိုလို အသ တိုးတိုးတိမ်တိမ်လေးနဲ့ပြောဆိုနေသ

ကြားလိုက်ရတယ်၊ မှန်ပျပျအလင်း ရောင်အောက်မှာ မပီပိုးတဝါးနဲ့ စူးစိုက် ကြည့်လိုက်တော့မှ တစ်ဖက်အိမ်မှာနေ ခဲ့တဲ့ခုတိုးဗို အုံ့မောင်မှန်း ရိပ်မိသိရှိလိုက် တယ်၊

"ကိုအုံ့မောင် - ရှင် ဒါ ဘာလုပ်တာ လဲ"

"ဟဲ - ဟဲ - နင့်ကို ချစ်လို့ပါဟယ်"

"ဘာချစ်ရမှာလဲ - ရှင်နဲ့ ကျွန်မက ချစ်သူတွေမှ မဟုတ်ဘဲ"

"ခုလို ... တစ်ကြိမ်လောက်တွေ့ပြီး သွားရင် ချစ်သူတွေ ဖြစ်သွားမှာပေါ့"

"အို - မလိုချင်ဘူး - ရှင်အခုအခန်း ထဲကထွက်သွားမလား၊ မသွားဘူးလား"

"နင် - နင်ထုတ်လဲ ငါ မသွားဘူး။ ဒီတ နင့်ကို ချစ်လွန်းလို့ ခုလို ကြံစည်ရ တာပါ"

"ကဲဟာ - ဒီလောက်တောင် စော် ကားချင်တဲ့ကောင်"

"အား ..."

တိတ်ဆိတ်ငြိမ်သက်နေသည့်အိပ် ခန်းလေးထဲက ညအမှောင်အောက်ဝယ် အုံ့မောင်၏ နာနာကျင်ကျင် စူးစူးဝါးဝါး အော်ဟစ်လိုက်သံကြောင့်ပတ်ဝန်းကျင်

တစ်ခွင်လုံးမှာ အထိတ်တလန့် ဖြစ်ပေါ် သွားခဲ့တယ်၊ ခင်ကြည်တို့သားအမိ နေ ထိုင်ရာအိမ်လေးဆီသို့တုတ်၊ဓား၊လက် နှိပ်ဓာတ်မီးကိုကိုင်လျက်အိမ်နီးနားချင်း များ အပြေးအလွှား ရောက်လာဝိတ်ဆို ဖမ်းဆီးခဲ့ကြတယ်၊

အိပ်ခန်းထဲဝယ် လက်နှိပ်ဓာတ်မီး အလင်းရောင်အောက်မှာတော့အုံ့မောင် တစ်ယောက် ရင်ဘတ်မှာသွေးချင်းချင်း နီလျက် လဲကျသေဆုံးနေသလို ဓား မြှောင်ကိုကိုင်လျက် ကြက်သေသေနေ ရှာသော ခင်ကြည့်ကို တွေ့မြင်လိုက်ကြ တယ်၊

ခင်ကြည်ကတော့ ကိုယ့်အန္တရာယ် ကို ကာကွယ်စောင့်ရှောက်ထားနိုင်ဖို့ ညအိပ်ရာဝင်တိုင်း ခေါင်းအုံးအောက်မှာ ဓားမြှောင်တစ်လက် အမြဲဆောင်ထား လေ့ရှိခဲ့တယ်၊ ခုလိုအန္တရာယ်ကြုံကြိုက် လာခဲ့ချိန်မှာ ကိုယ့်ကိုယ်ကိုယ် ခုခံကာ ကွယ်ရင်း လူသတ်မှုဖြစ်သွားတယ်။

ဒါကြောင့်လည်း တရားရုံးရောက် တော့ အမှုစစ်ဆေးစဉ်မှာ ရုံးတော်က သက်ညှာစွာစဉ်းစားပြီးကာကွယ်ခုခံပိုင် ခွင့်နဲ့ထောင်ဒဏ်ငါးနှစ် ချမှတ်လိုက်ခြင်း ဖြစ်ပါတယ်၊

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် ခင်ကြည်တို့မိသားစု အသိုက်အမြုံလေးမှာတော့ ကံကြမ္မာက မွှေနှောက်သွားခဲ့လို့ မိသားစုတွေ ရှင်ကွဲကွဲနေကြရတဲ့အဖြစ်ဆိုးနဲ့ ကြုံကြိုက်နေရတယ်။ မိသားစုတွေရဲ့ စားဝတ်နေရေးကို အိမ်ထောင်ဦးစီးတစ်ယောက်လို ခေတ်ခေတ်ခဲခဲ ပင်ပင်ပန်းပန်း ရှာဖွေကျွေးမွေးစောင့်ရှောက်ပေးနေခဲ့ပေမယ့်လည်း ကံကြမ္မာဆိုးရယ်လို့ဆိုတာ ဆိုင်းမဆင့်ဗုံမဆင့် ရောက်လာပြန်တော့ မိသားစုတွေ ကစဉ့်ကလျားဖြစ်သွားခဲ့ရတာပေါ့။

ကျွန်မ ခင်ကြည့်ကို ထောင်ဝင်စာ လာတွေ့မယ့်သူမရှိလို့ စိတ်အားငယ်နေချိန်မှာ သူမရဲ့ဘဝ တစေ့တစောင်းကို မေးမြန်းကြည့်မိတော့ အထက်ပါအတိုင်း သူမရဲ့ ကြေကွဲဖွယ်ရာအဖြစ်သနစ်ကို သိခဲ့ရတယ်။

ဒါကြောင့်လည်း ရှေးပညာရှိတွေ စကားက သိပ်မှန်တာပဲဆိုတာ သိလိုက်ရတယ်။ အလံမရှိတဲ့ရထား၊ တံခွန်မရှိတဲ့ဘုရား၊ လင်ယောကျ်ားမရှိတဲ့မိန်းမဆိုတာ မတင့်တယ်ဘူး။ ဘယ်လိုပဲ မိမိကိုယ်နှိုက်က ကိုယ်ကျင့်တရားကို စောင့်ထိန်းလို့ ကောင်းအောင်နေလည်း မိမိတို့ရဲ့ ဘဝလေးကို အရောင်ဆိုးချင်ကြသူတွေက များတယ်။

ရတော့လည်း ခင်ကြည့်ဘဝတ မမျှော်လင့်မထင်မှတ်ထားဘဲ သူများတ ကိုယ့်ကို မတော်မတရား ကြံစည်ခဲ့တာ ကို ခုခံကာကွယ်ရင်း ဖြစ်မှုကျူးလွန် လိုက်မိတော့ နရသိန်စံအိမ်တည်းခိုခန်း ဆီ အလည်ရောက်လာခဲ့ရပြီလေ။

ဒါပေမဲ့ - သူတို့လေးတွေရဲ့ဘဝဖေး အခြေအနေက ဘယ်လောက်ပဲဆိုးဆိုး အချိန်တန်လျှင် အိမ်ပြန်ကြရမယ့်ကာလ စည်းကမ်း သတ်မှတ်ချက်က ရှိနေပြီး သားမဟုတ်ပါလား။

ကျွန်မ ဂျူတီကျနေသည့်တစ်ရက် ညဘက်ကြီး အိပ်ဆောင်ကြီးထဲမှာ အကျဉ်းသူတစ်သိုက် စုရုံးစုရုံးနဲ့ ဘာတွေ လုပ်နေကြတာလည်းမသိဘူး၊ ပွဲကျနေ ကြတယ်၊ အိပ်ချိန်မပေးသေးခင်ဆို တော့လည်း သူတို့တွေ အိပ်ဆောင်ထဲ မှာ လွတ်လွတ်လပ်လပ် နေခွင့်ရချိန် ပေါ့။

ဒီအချိန်မှာ သက်ကြီးပိုင်း ထောင် ကျနေသူတွေက စကားဝိုင်းဖွဲ့လို့ လက် ဖက်သုပ်နဲ့ ရေနွေးကြမ်းသောက်နေကြ တယ်၊ တချို့အကျဉ်းသူတွေဆိုတာတ

ာည်း သာတီးဒီတွေကိုခေါ်ပြီး အနှင်း အနှိပ်ခံနေကြလို့၊

ဖါတ်မကြီးပေါ်ကလည်းညကိုးနာရီ ထိုးသေးလို့ အိပ်ချိန်မပေးသေးဘူး၊ ကျွန်မတလည်း အိပ်ဆောင်ကြီးတစ်ခု လုံးကို ညနေထောင်ပိတ်ချိန်ကတည်း ကသော့ခတ်ပိတ်ထားခဲ့တော့ အပြင်မှာ တစ်ယောက်ထဲရယ်၊ ဒီည တင်းဂျူတီ ကျနေတော့ ရုံးခန်းထဲမှာ တစ်ယောက် တည်း ကင်းစောင့်အိပ်ရမှာလေ။

ကျွန်မလည်းအိပ်ချင်စိတ်မရှိသေး တာကြောင့် ညကင်းလုံခြုံရေးအတွက် အိပ်ဆောင်ပတ်ပတ်လည်ကို တစ်ပတ် လှည့်လည် စစ်ဆေးကြည့်နေတာပေါ့၊ အနောက်ဘက် မိလ္လာချောင်နားမှာ အကျဉ်းသူတစ်သိုက် စုရုံးစုရုံးနဲ့ တဝါးဝါး ပွဲကျနေကြတာကိုမြင်လို့ အိပ်ဆောင် အားသံတိုင်ပေါက်ကနေ ချောင်းကြည့် လိုက်မိတယ်၊

"အရှင်မ - မအောင်မြူကို ကျွန်မတို့ ဒကာ့ မသေသေ ပင့်ဖိတ်တော်မူပါတယ်၊ နေ့အမြန် ကြွရောက်တော်မူလှည့်ပါ၊ ဘုရား - ကျွန်မတို့နေထိုင်ရာနေရာဌာနကို

ကြွမြန်းလာခဲ့လျှင် အားလုံးမြင်သာထင် သာအောင် ဟောဒီဗျာလိပ်ကြီးကိုဘယ် ညာလှုပ်ယမ်းပြတော်မူပါ - အရှင်မ - ဘုရား"

အိပ်ဆောင်ထဲမှာ ဗျာကြမ်းကြီးကို ထမိစတွေနဲ့ ဆက်လို့ပတ်ထားတယ်၊ အထက်ပါ ပင့်ဖိတ်နေသံကို ဌာန်း ကရိုက်းကျကျ ရွတ်ပြီး ပြောဆိုနေသူက နတ်ကတော် စိန်စိန်ပဲ ဖြစ်ပါတယ်၊

သူမရဲ့ ပင့်ဖိတ်နေမှုက မှန်တန်လို့ လားမသိဘူး၊ ဗျာကြမ်းလိပ်ကြီးက အိ သိသာသာ လှုပ်ယမ်းလို့ လာနေတယ်၊ ကျွန်မလည်း သံတိုင်ပေါက်ကနေ စိတ် ဝင်တစား စောင့်ကြည့်နေမိတယ်၊

အမှန်တော့ - အိပ်ဆောင်ထဲမှာ ခုလို ညဘက်ကြီး အကျဉ်းသူတွေက အလုပ်မရှိ အလုပ်ရှာပြီး ဗျာလိပ်နတ် မေးနေကြတာန်တုပါတယ်၊ သူတို့ရဲ့ငြီး ငြူးနေသော ကမ္ဘာလေးထဲမှာ စိတ်ကို ဖြေသိမ့်သည့်သဘောဖြင့် ယခုလို ဗျာ လိပ်နတ်ဝေဒင်ကို အပျော်အပြက် လုပ် ကစားနေကြတာပါ၊

ဒီလိုပါပဲ၊ ညဘက် အိပ်ချိန်မပေး သေးခင်အချိန်မျိုးမှာ အကျဉ်းသူတွေ အချင်းချင်း စုဝေးပြီး စကားပြောသူပြော

www.burmeseclassic.com

ပိုင်းခွဲစားသောက်သူက စားသောက်နှင့် လူငယ်ပိုင်းရှယ်တူ အကျဉ်းသူများက တော့ နုလို ဖျာလိပ်နတ်ဖေဒင်မေးပြီး အချိန်ဖြုန်းနေကြတာ ဖြစ်ပါတယ်။

တကယ်တော့ မအောင်ဖြူလို့ခေါ်တဲ့ဖျာလိပ်နတ်တကယ်ရှိမရှိဆိုတာကို ရလိုရငြား နုလို စုဝေးပြီးတော့ အပျော်တမ်းနေခြင်း ဖြစ်ပါတယ်။

အမှန်တော့ မအောင်ဖြူနတ်ဟာ ယောကျ်ားလေးများ မေးမြန်းလို့ မရနိုင်သည့်နတ်အုပ်စုဝင်ထဲက ဖြစ်ပါတယ်။ ယောကျ်ားလေးတစ်ယောက်ယောက်များ အိမ်ထဲမှာရှိနေရင်တောင် ဘယ်လိုမှ နတ်ဝင်လို့ မေးလို့မရပါဘူး။

အဲဒီလို မေးမြန်းစဉ်မှာ အပျိုမလေးများ ဝင့်ဖိတ်မှပဲ နတ်ဝင်လာပါတယ်။ ခတ်ထားတ ထောင်ထဲ ရောက်နေကြသည့် အကျဉ်းသူတွေဆိုတာကလည်း သီးတဲ့အတိုင်း ဇိမ်နန်းက ဖမ်းလာသည့် ပြည့်တန်ဆာမတွေ၊ ကာရာအိုကေဆိုင် တဖမ်းမိလာသည့်အဆိုတော်တွေအနှိပ်ခန်းက ဖမ်းလာသည့် ကျန်းမာရေးကုညီ စောင့်ရှောက်သူများလို့ ကြွေးကြော်နေသူတွေ – ကဲ – ဘယ်လိုအပျိုစစ်၊ မစစ်ဆိုတာ ဘယ်ပေတံနဲ့ တိုင်းကြမှာလဲ။

ဘယ်လိုပဲဖြစ်ဖြစ် အိပ်ဆောင်ထဲမှာတော့ မအောင်ဖြူနတ်ကလည်း တကယ်ဝင်လာလား၊ ရောက်လာလား မသိပါဘူး။ ဖျာလိပ်ကြီး လှုပ်ရှားယိမ်းယိုင်ပြနေတာကို အဟုတ်ထင်မှတ်နေကြတယ်။

အမှန်တော့ – ဒါဟာလည်း နတ်ကတော် စိန်စိန်ရဲ့ ပညာသားပါသည့် ရိုက်စားခွင်လို့ ကျွန်မကတော့ ထင်မိတယ်။ ကြည့်လေ၊ ဖျာလိပ်နတ်ကို မေးမြန်းချင်သူက နတ်ကတော် စိန်စိန်ကို ဆေးလိပ်ဆယ်လိပ် အာမခံတင်ပြီးမှ မေးလို့ရတာမဟုတ်လား။

ထောင်ထဲမှာ ဆေးပေါ့လိပ်ဆိုတာကလည်း အကျဉ်းထောင်ကြီးရဲ့တရားဝင်လှည့်လည်သုံးစွဲခွင့် ရနေသည့် ငွေကြေးစနစ်ကြီးလေ၊ အပြင်လောကမှာလိုလည်း ဒေါ်လာတက်တာတို့၊ ငွေကြေးခဝါချတာတို့၊ ငွေကြေးဖျက်သိမ်းတာမျိုး မရှိဘူးလေ။

ထောင်ထဲမှာက မကျင်လှရဲ့နွားတံဆိပ်ဆေးလိပ်ရှိလျှင် အလုပ်ဖြစ်ပြီ။ မကျင်လှဆေးပေါ့လိပ်တစ်ရာစည်း တစ်စည်းလောက်များထောင်ထဲသွင်းထားမိလို့ကတော့ ထောင်ဈေးကွက်မှာ ထီ လျှော်မလား၊ အနင်းအနှိပ်ခံမလား၊ ဒီလှာတက်ပြီးတော့ဂန်ဖလားကိုအညစ်အကြေးတွေ ပေကျံနေလို့ ဆေးခိုင်းမလား၊ လာထား အာဘွား၊ အဲလေ၊ နွားဆေးလိပ်ပဲ။

ကဲ – စဉ်းစားကြည့်ကြစမ်း၊ ထောင်ထဲက ဈေးကွက်က ဘယ်လောက်ဈေးချိုသလဲ၊ အပြင်မှာ အိမ်က အဝတ်အစားတွေ ခြင်ထောင်၊ စောင်တွေ လျှော်ဖွပ်ဖို့ ခေါ်သည်ကို ခေါ်ခိုင်းကြည့်ပါလား။ နှစ်ထောင်က သုံးထောင် အနည်းဆုံးပဲလေ၊

ယောကျ်ားလေးတွေ ညဘက် အညောင်းဖြေချင်တာလား၊ ဇိမ်ခံပြီး ဖလူးချင်တာလား မသိပါဘူး။ မာဆတ်ကို ရောက်သွားလို့ကတော့ တစ်ဆက်ရှင်ဆို သုံးထောင်လေးထောင်ပဲ။ ဟိုက ရှုလကျိ တွန်လကျိလုပ်ပြီး အစ်ကို နှစ်ဆက်ရှင်လောက်ဆွဲနော်လို့ ချွဲပြလိုက်တာနဲ့ သွားရည်တမြားမြားကျပြီး သမီးသဘော၊ သမီးသဘောနဲ့ အိတ်ထဲက ငွေစုနစ်ထောင် ရှစ်ထောင် ပက်ခနဲပဲ ကုန်ရော။

ဒါကြောင့် ပြောတာပေါ့၊ ကျွန်မတို့ရဲ့နေရသိန်စံအိမ် တည်းခိုဆောင်မှာက အများကြီး ဈေးချိုပါတယ်လို့အိပ်ဆောင်ထဲက သာတီးဒီတစ်ယောက်တို့များ ခေါ်ပြီးတော့ဆေးပေါ့လိပ်ဆယ်လိပ်လောက် ပေးကြည့်လိုက်ပါလား၊ ရှိသမျှအကြောပေါင်းရှစ်သောင်းလေးထောင် မတောဘူး ကံမကောင်းလျှင်လေတောင်ဖြတ်သွားနိုင်တယ်၊ ဘာနှိပ်သလဲ မမေးနဲ့။


အဲဒီလိုပဲ ထောင်ထဲမှာ လုပ်စားနေကြသည့်အနှိပ်သည်တွေ၊ ခေါ်သည်တွေဟာ တစ်ညတစ်ညကို ဆေးပေါ့လိပ်လေးငါးဆယ်အသာလေးပဲ။ ဒီဆေးလိပ်တွေကကော ဘာလုပ်ဖို့လည်း တုတ်လား။ ဟင်း – ဟင်း – ပေါ့ကတ်ခန်းနီးတွေ အဖြစ် သုံးစွဲလို့ရတယ်လေ။

ဟော၊ မနက်ဘက် ထောင်ဖွင့်သွားပြီးတာနဲ့ ပလာတာနဲ့ ပဲပြုတ်စားမလား။ အီကြာကွေး၊ နံပြားစားမလား မုန့်တင်းခါး၊ အုန်းနို့ခေါက်ဆွဲစားမလားအတွက်မှာလို့ရတယ်၊ ညတုန်းက ရှာဖွေလုပ်ကိုင်လို့ ရထားသည့် ဆေးပေါ့လိပ်လေးတွေကို သားရေကွင်းလေးနဲ့ ငါးဆယ်တစ်ရာစည်းပြီး အိပ်ဆောင်က ဆရာမလေးတွေ လက်ထဲ လက်သိပ်ထိုး ရှေ့ပြီးတော့ လိုချင်တာ အကုန်မှာလို့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com




ကျွန်မတို့လို အုပ်ချုပ်သူ လူတန်းစားတွေကလည်းအကျဉ်းသူထံက ခုလို ချီး ပေါ်ချောင်ကောင်းရသည့် ဆေးပေါ့လိပ်အစည်းလေးတွေကို ထောင်ဝင်စာဈေးတန်းထဲမှာပြန်သွင်းလိုက်တော့ငွေပေါ်လာတာပေါ့။

အဲ ဒါကြောင့် လား မသိ ဘူး။ စီးတော့ရက်ဘူးတွေဆို ကြာကြာမခံတော့ မှိုစော်နံနေတာပဲ။ နံမှာပေါ့လေ၊ အပြင်ရောက်လိုက်၊ အထဲပြန်ဝင်လာလိုက်နဲ့ဆို သံသရာဒူးယားဘူးတွေ ဖြစ်နေတာကိုး။

အဲဒီလိုထောင်ထဲကငွေကြေးဈေးကွက်မှာက ဆေးလိပ်ဟာ အခရာပဲ နောက်ပိုင်းကော်ဖီမစ်ထုပ်တွေ သုံးလာပြန်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဆေးလိပ်ကင်းစင်နယ်မြေ လုပ်လာတော့ ဆေးလိပ် သိပ်အသုံးမဝင်တော့ဘူး။ ကုမ္ပဏီကြီးတွေနဲ့ ချိတ်ဆက်ထားတော့လည်း လူတိုင်းရင်မှာ ငိုးရှိုက်ပါ ဖြစ်ကုန်ရော။

ကျွန်မလည်း အိပ်ဆောင်ထဲက မအောင်မြ ဖျာလိပ်နတ်ကို နတ်ကရာကြည့်မောနေရင်းအတွေးတွေက ဘယ်ဆီဘယ်ဝယ် ဖြန့်ကျက်သွားတယ်မသိပါဘူး၊ ဆေးလိပ်ဈေးကွက်ထဲ ရောက်သွားတယ်၊

သိတယ်မဟုတ်လား၊ ကျွန်မက လည်း ထောင်ထဲမှာတော့ တကယ့်စပ်စုမပဲ အကုန်သိ၊ အစုံသိဆိုတော့ နေရာတကာ ဝင်စပ်စုတတ်တဲ့အကျင့်က ပါပါနေတော့ကောကောခံရတာတောင်အမှတ်သည်းခြေကို မရှိဘူး။

ခုလည်းကြည့်လေ၊အိပ်ဆောင်ကြီးထဲမှာ ညဘက် ဖျာလိပ်နတ်ပေဒင်မေးနေတာကို ငေးနေရင်း အတွေးတွေက ဖြန့်ကြက်သွားတယ်၊ အထဲက ဖျာလိပ်နတ်မေးနေသည့် လူအုပ်ဆီ မျက်လုံးအကြည့်က ပြန်ရောက်သွားတော့မှပဲ နတ်ကတော် စိန်စိန်ရဲ့ရိုက်စားခွင်က ပိုပြင်လာတယ်၊

နတ်ကတော် စိန်စိန်တစ်ယောက် ဖျာကြမ်းလိပ်ကြီးရှေ့မှောက်မှာ လက်အုပ်ကလေးကို ချီလျက် ပါးစပ်က အတွတ်တွတ် ရွတ်ဖတ်ပြောဆိုနေရှာတယ်၊

တကယ်တော့ – ဖျာလိပ်နတ်ဆိုတာတလည်း ဖျာလိပ်ကြီးရဲ့လှုပ်ရှားမှုအလှုပ်ကိုကြည့်ပြီးတော့ ဟောရတဲ့ မှန်၊ မမှန် ယူဆနိုင်အောင် ဖျာလိပ်ကြီးကို ရှိုးပြပြီး ဘယ်ညာယိမ်းခြင်းတို့ဖြင့် သင်္ကေတအဖြေကိုပေးခြင်းဖြစ်ပါတယ်။

တကယ် လေးလေးစားစားနှင့် မှန်မှန်ကန်ကန် မေးခွန်းများကိုမေးမြန်းကြလျှင် ဖျာလိပ်နတ် မအောင်မြတပွဲချော နေပြီး တော်တော်နှင့် ပြန်မကြွတတ်ပါဘူး။ ဖျာလိပ်နတ်မေးလို့ရအောင် နတ်ကတော် စိန်စိန်ကလည်း သူ့ဥစ္စာစွမ်းနှင့် ဖျာကြမ်းလိပ်ကြီးကို ထမီဆက်ပြီး ရစ်ပတ်တုပ်နှောင်ထားတယ်၊ နောက်ပြီး ပါတိတ်ထမီ အသစ်ကျပ်ချွတ်နီးပါး တစ်ထည်ကို ဖျာလိပ်အောက်ပိုင်းမှာ ထမီလို ရစ်ပတ်ဝတ်ပေးထားတယ်။

သူမရဲ့နောက်နားဆီမှာတော့ မေးခွန်းများကို မေးမြန်းလိုချင်တဲ့ အကျဉ်းသူတွေဟာ လက်ထဲမှာ ဆေးပေါ့လိပ်ဆယ်လိပ်စီ စုကိုင်ထားပြီး လက်အုပ်ချီထားကြတယ်၊ ဖျာလိပ်ကြီးရှေ့မှာ နတ်ကတော်စိန်စိန်က လက်အုပ်ချီလျက် ဖျာလိပ်နတ်မအောင်မြကိုမေးလိုသည့် မေးခွန်းများကို မေးလျှောက်ပေးတယ်။

အကျဉ်းသူများဟာလည်း နတ်ကတော် စိန်စိန် နောက်မှာ အစီအရီထိုင်လျက် ပုဆစ်ဒူးတုပ်ထိုင်ပြီး လက်ထဲမှာ





www.burmeseclassic.com

www.burmeseclassic.com

ေဒါ်လိပ်ဆယ်လိပ်ကိုလက်နှစ်ဖက် ငံ့ရှိုသေသေကိုင်ပြီး မြှောက်ထားရပါ တယ်။

ဒီဗျာလိပ်နတ်ဆိုတာကလည်း သောအားဖြင့် ညဘက်ကြီးမှာ ရွာ ရေးရပ်ဝေလေ့လိုပဲ စားပွဲခုံအောက်ခဲ့ရ ခုံခေါက်သရဲထစ္ဆေခေါ်တာမျိုးလိုပေ့ါ။ အောင်မြ ဗျာလိပ်နတ်ကလည်း ဗျာ ကြီး အယ်ညာလှုပ်ယိမ်းပြီး သိရှိ ကြသည့် မေးခွန်းများကို ဖြေကြား သခြင်းဖြစ်ပါတယ်။

ရလည်းတွန်းမမေးကြည့်နေသည့် လိပ်နတ်မေးနေသည့်အဖွဲ့သည်အိမ် ောင်ထဲမှာ အဖျင်းပြေသဘောနှင့် တော့ တစားနေကြတာလား၊ နတ် တော်စိန်စိန် အမြဲထုတ်ပြနေသည့် ထာချက်တွေကတဲ့ မှန်လား၊ မှားလား ဆိုတာ ဝေခွဲလို့မရပါဘူး။

"အို-အရှင်မ-မအောင်မြ"

နတ်ကတော် စိန်စိန် ဗျာလိပ်ကြီး ရှေ့မှာ ထိုင်ပြီး လက်အုပ်ချီလျက် တိုင် တည်ပင့်ဖိတ်လိုက်တယ်။ မေးခွန်းမေး လိုသည့် အကျဉ်းသူလေးကလည်း လက်စုံမိုးလျက် မျက်စိမှိတ်ငြိမ်သက်နေ တယ်။

အဲဒီလိုတိုင်တည်ပြီးတော့ပင့်ဖိတ် နေချိန်မှာပဲ ဗျာလိပ်နတ်မအောင်မြဝင် လာခဲ့ပြီဆိုလျှင်ဗျာလိပ်ကြီးဟာသူ့အလို လို မည်သူ့အကူအညီမှ မပါဘဲ လှုပ်ခါ ယမ်းလို့ လာပါတယ်။

"ကျွန်မတို့မေးခွန်းလေးတွေနဲ့ သိ လိုတာကို မေးမြန်းခွင့်ပြုပါ။ ကျွန်မတို့ အကျဉ်းသူတွေထောင်ကနေ အမြန်ဆုံး လွတ်မြောက်အောင် ဆန္ဒပြည့်ဝကြမယ် ဆိုလျှင် ဟောဒီဗျာလိပ်ကြီးကနေ အထင်အရှား တစ်ခုခု လုပ်ပြစေချင်ပါ တယ်"

နတ်ကတော်စိန်စိန်၏စကားအဆုံး မှာဗျာလိပ်ကြီးဟာ သိသိသာသာ ရှေ့ကို ဦးညွှတ်နေသလိုလို လှုပ်ယမ်းပြလာနေ တယ်။

"သေသေချာချာရှင်းရှင်းလင်းလင်း သိမြင်ကြရအောင် သုံးကြိမ်သုံးခါ တိတိ ထင်ထင်ရှားရှား လှုပ်ယမ်းပြပါ အရှင်မ"

ထိုအချိန်မှာပဲ ဗျာလိပ်ကြီးသည် ခါးကျိုးကျလုလု ရှေ့ဆီသို့ ညွှတ်ကိုင်း ပြသနေသည်မှာ သုံးကြိမ်သုံးခါ ဖြစ်ပါ တယ်၊ နတ်ကတော်စိန်စိန်ကတော့ သူမ အစွမ်းအစတွေကို ဗျာလိပ်ကြီးက တိတိ

ကျကျ ဖော်ပြပေးနေလို့ ပီတိတွေ ဝေဖြာ နေတယ်။

အားလုံးသော အကျဉ်းသူများ၏ မျက်လုံးအစုံဟာ ဗျာလိပ်ကြီးကို အား ထက်သရော ဝိုင်းကြည့်ရှုနေကြတယ်၊ အမှန်တကယ် မည်သူ့အကူအညီမှမပါ ဘဲလှုပ်ခါယမ်းပြနေသည်ကိုတအံ့တဩ ကြည့်ရှုနေကြတယ်၊

ကျွန်မကိုယ်တိုင်တောင် အဝေးနေ ရာကနေ လှမ်းမျှော်ကြည့်နေရင်း အံ့ဩ ဆုံးအောင် ဖြစ်နေတယ်၊

အမှန်တော့ - နတ်ကတော် စိန်စိန် ဆိုတာကလည်း အပြင်လောကမှာဆို နတ်ကတော်အလုပ်ဖြင့် နတ်ကနားပွဲ တော်ကို မြိမ့်မြိမ့်သဲ ကျင်းပနေသည့် အနားစီးမတစ်ယောက် ဖြစ်ပါတယ်၊ စိန်စိန်တို့ နတ်ကတော်အုပ်စုမှာ စီးပွား ဆိုးထက်ရျင်သူတွေ၊ အရောင်းအဝယ် လုပ်ငန်း အောင်မြင်သူတွေဆိုတာ အိမ် အရှုနှစ်ရက် ခုနစ်လီ နတ်ပွဲကို ဆိုင်းဝိုင်း ကြီးတွေနဲ့ တခမ်းတနား ကျင်းပလေ့ ရှိ ကြတယ်၊

ဒီလိုအချိန်မှာ နတ်ကတော် စိန်စိန် တစ်ယောက် ဖြိုးဖြိုးဖြက်ဖြက် အရောင် တောက်လက်ထနေသည့်ဝတ်လဲတော်

ကြီးတွေကို မင်းသားတစ်ပါးလို ဝတ်စား ထားပြီး အာဝဇ္ဇန်းရွှင်ရွှင်နဲ့ ဖေကြီးကျော် ပခန်းမင်းကြီးမင်းလေးတို့ကို ဆွဲဆွဲငင် ငင် သီဆိုပင့်ဖိတ်ကခုန်နေလေ့ရှိတယ်။

ဆိုင်းဝိုင်းထဲက နတ်ဒိုးသံတလည်း ဘာမြူးသလဲ မမေးနဲ့ တဒိန်းဒိန်း တီးလို့ တစ်ကိုယ်လုံးကို လှုပ်ယမ်းခါအောင် ကကွက်ဆန်းတွေနဲ့ သီဆိုကခုန်နေ တယ်။ ကိုကြီးကျော်ဖာတ်ကို ကပြနေ လျှင်လည်းလက်တစ်ဖက်က အနီရောင် ရမ်ပုလင်းကြီးကို ဟန်ပါပါ ကိုင်မြှောက် လိုက်၊ လက်တစ်ဖက်က ကြက်တောင် လုံးကြော်ကြီးကို ကိုင်လျက် ဟန်ပါပါ ကပြနေတတ်တယ်။

နတ်ကနားပွဲထဲက ဘေးမှာ ကြည့် နေကြသည့် ပရိသတ်များက သံယောင် လိုက်ဆိုပြီး လက်ခုပ်လက်ဝါးတီးပေး ရင်း "ဟေ့-တို့ကိုကြီးကျော်" ဆိုပြီး ဝိုင်း ဩဘာပေး၊ သီဆိုလိုက်တာနဲ့ ကြက် ကောင်လုံးရဲ့ခြေထောက်၊ လက်၊ တောင် ပံတွေကို ဖြုတ်ပစ်ကျွေးတော့ တား အသားကိုယ်လုံးက ချန်ထားရဦးမယ် လေ၊ နို့မို့ ကုန်ရောပေ့ါ။

တကာယ်လည်း သူ့ပင်ကိုဗီဇွာရေ အလုပ်ကလည်း ဟုတ်တိတ်တိ မို့ဒါ

www.burmeseclassic.com

www.burmeseclassic.com

သူများတွေ အရောင်းအဝယ် ပွဲဖြစ် ပွဲမှ တနားပေးရမယ်ဆိုသည့် ကတိ ခန့်ခံချက်နဲ့ အောင်မြင်သွားသူက နတ် ကနားပွဲတို့ပေးပြီး ကျင်းပခဲ့ကြတယ်။

ဒီတော့လည်း သူ့အိမ်မှာနတ်ကနား ဝေချင်သူတွေက ဟိုကလာငှား၊ ဒီက လာငှားနဲ့ လက်မလည်အောင် ပွဲရှိတွေ ကို လက်ခံပြီး တနားပွဲတွေ မြိမ့်မြိမ့်သဲ အောင် ပေးနေရတယ်။

အဲဒီလိုပဲ ဒုက္ခအဖုံဖုံ ကြုံနေရသူ တွေရဲ့ အခက်အခဲကို ပြေလည်အောင် အိမ်မှာနတ်နန်းကြီးကို ခန့်ခန့်ညားညား ပွဲတွေထိုး ပူဇော်ပသထားတယ်။ ဟုတ် တယ်လေ၊ လူဆိုတာ ပူပင်သောကတွေ နဲ့ လုံးထွေးရစ်ပတ်နေကြတော့ စိန်စိန့် နတ်နန်းဆီကို ပြေး၊ မင်းကြီးမင်းလေးကို ဘယ်တော်မူပါ တစာစာလုပ်ကြတော့ စည်ကားတည်နေတာပေါ့။

ဒီအခါမှာ စိန်စိန်တို့ကလည်း အထာနပ်ပြီးသား၊ ဒီဒုက္ခရောက်လာတဲ့ သမီးတော်လေးတွေကို ဆီးကြိုပွေ့ဖက် လို့တိုလ်တော်ကြီး၊ ကိုယ်တော်လေးတို့ စေတနာညီ စောင့်ရှောက်တော်မူပါဆိုပြီး နန်းအပ်ပေးတယ်။

ဒါကြောင့်လည်း နတ်ကတော် စိန်စိန်ရယ်လို့ ဟိုးလေးတကြော်ကြော် နာမည်ကြီးနေခဲ့တာပေါ့။ စိန်စိန်က လည်း အရလို ဒုက္ခသည်တွေနဲ့ ကြုံပြီ ဖော့ဆိုသည်နှင့် မျက်ဖြူဆိုက်လေ၊ ဆရာကြိုက်လေဖြစ်ရော။

ဒါမှခွင်ကြီးကြီးရိုက်ယူလို့ရမှာလေ။ ပိုပြီး အထင်ကြီးလေးစားလာအောင် လက်စောင်းထက်ကြောင်း အစွမ်းတွေ၊ ဘာတွေတောင် ထပ်ပြနေသေးတယ်။ နတ်စင်ပေါ်က မနဲ့လေးကို ဆက်ထား သည့် ဘဲဥတစ်လုံးကို လက်ဖဝါးပေါ်မှာ တင်ထားပြီး နတ်နန်းဆီကို အာရုံပြုနေ တယ်။ စောစောက လက်ဖဝါးပေါ် တင် ထားတဲ့ ဘဲဥလုံးလေးဟာ သူ့အလိုလို လက်ဖဝါးပေါ်မှာ ထောင်မတ်လာနေ တော့တယ်။

ကဲ – ဒီလိုမျိုးခွင်ကို မြင်လိုက်ကြ သည့်အပူသည်တွေ စွတ်ပြီး အထင်ကြီး ကုန်ကြရော၊ မယုံလို့ အိမ်ရောက်လို့များ ဈေးထဲက ဝယ်လာသည့် ဘဲဥကို လက် ဖဝါးတင်ပြီး ထောင်အောင် သွားလုပ် ကြည့်ပါလား၊ ခွပ်ခနဲကျကွဲမှာ အသေ အချာပဲ။

ဒီတော့ နတ်ကတော် စိန်စိန်အစွမ်း က အံ့မခန်းပါပဲဆိုပြီး အထင်တွေ ကြီး ကုန်ကြရော။ အမှန်တော့ စိန်စိန်က လူ အထင်ကြီးလာအောင် ဟိတ်ဟန်ထုတ်

ပြီးတော့ လိမ်ညာရိုက်စားလုပ်ပြလိုက် တာပါ။

အကြောင်းမသိသူတွေကတော့ ဒီလိုအစွမ်းအစမျိုးတွေ လုပ်ပြ၊ ဖော ထုတ်ပြောတတ်တော့ ပိုအထင်ကြီး လေးစားပြီး သူ့ဌေးတွေ၊ ချမ်းသာသူတွေ က အရွက်ကြီးကြီးတွေ အထပ်လိုက်၊ အထပ်လိုက် နန်းပေါ်မှာတင်ထားသည့် ငွေဖလားထဲကို စုန်ပျံ့ဝင်ပြီး လှူသွားကြ တော့တာပဲ။

မိန်းမဆိုတာမျိုးက အယုံလွယ် တတ်သူ၊ အားငယ်ကြောင့်ကျတတ်သူ တွေမဟုတ်လား။ ကိုယ့်လင်သားအငယ် အနောင်းထားတဲ့ သတင်း ကြားပြီဆို ယ်ထိပ်ကို မြွေပေါက်သလို အခံရခက် ပုန်ရော၊ ကိုယ့်လူ သူ့ဘက်သားတော့ ဖြစ်မခံနိုင်ပေါင်တော် ဆိုပြီး မစဉ်းစား သွားတောတော့ဘဲ နတ်ကတော်ဆီ ပြေးတော့တာပဲ။

အဲဒီလိုကနားစီး စိန်စိန်တို့ပွဲပေါက် သွ တိုးနေတော့ လောဘတွေက တောမသတ်နိုင်တော့ဘူး။ ဒီထက်ပို ပြီးမြက်မြက် ရနိုင်မည့်ခွင်ကြီးကြီး တွကို ပိုရှာဖွေခဲ့တော့တယ်။

ဘယ့်နှယ်တော်… ကိုယ့်လင်တိုယ် မိန်းသိမ်းနိုင်လို့ နောက်မီးလင်းနေ တာကို အပူရှာပြီး လက်လွှတ်မခံနိုင် ပေါင်တော်လို့ အရှုံးပိုင်းသလို ဖြစ်နေ ကြမယ့်အစား ကိုယ့်ကိုယ်ကိုယ်ပြန်သုံး သပ်ကြည့်ကြပါတော့လား။

သိတယ်မဟုတ်လား၊ ယောက်ျား ဆိုတာမျိုးက အလှမက်မောကြသူတွေ သူတို့မျက်စိထဲမှာ ကိုယ့်မိန်းမတို့ အမြဲ တမ်း လှတပတလေးပဲ မြင်နေချင်ကြ တာမဟုတ်လား။ ခုတော့ – တလေးတစ် ယောက်ထွက်လာလိုက်၊ နို့ချည်တွေ ကျ ပြီး ဟိုကဆွဲလိုက်၊ ဒီကဆွဲလိုက်နဲ့ လှ လည်း ဖွတ်ဖွတ်ညက်ကိုလိုက်ရော။

ဒီတော့ – ကိုရွှေယောက်ျားတွေတ ခင်းတို့နိုပ်စက်လို့ လှလည်း မြူတာမြာ ကာ ကျနေရော၊ နောက်ထပ်အသစ် လေးကို ဆန်းသစ်ချင်လာတော့ တိုးတိုး တိတ်တိတ် ကြိတ်ပြီး ဝုံတွဲနုတ်နေရော။

အစက ရိုးရိုး၊ နောက်ထပ်တစ်မျိုး တိုး၊ ချစ်ပြန်ဆိုတဲ့ယောက်ျားတွေရဲ့ ခြေ ပုန်းနုတ်နေတာကို ရိပ်မိသိရှိလို့အလည် လွန်နေတဲ့ နွားချည်တိုင်ကို ပြန်လာ အောင် နတ်ကတော် စိန်စိန်ထံ ဖုတ်ပူမီး တိုက် ပြေးလို့ ကူပါ၊ ကယ်ပါ လုပ်ကြရ ရော။

အဲဒီလို ဘုန်းကြီးအမှု ရှာသင်နေ ကြသည့် ဒုက္ခသည်တွေတို့ပည်း နတ်





www.burmeseclassic.com

www.burmeseclassic.com

တခေတ်စိန်စိန်က စောင်မကြည့်ရှုပေးနေရတာ လက်မလည်အောင်ပဲ၊ ခုတော့ လည်လွန်းတဲ့ဘီး ရှေးသင့်တယ်ပဲပြောရမလား၊ နရသိန်စံအိမ်တည်းခိုခန်းဆီ ကို အလည်အပတ် ရောက်လာရသည့် ဇာတ်လမ်းလေးက ဒီလို။

၂၂။

နတ်တခေတ် စိန်စိန်တစ်ယောက် စိန်အရောင်းအဝယ် လုပ်ကြရာမှာ စိန်တန်ဖိုးကြီးကြီး ရလိုသည့် လောဘဇောနှင့်နတ်တနားပွဲကို ကျင်းပပြီး နတ်ကွန်းပေါ်မှာ တင်ထားသည့် စိန်အစစ်တွေကို အတုနှင့်လဲပြီး မန်းမှုတ်လွှတ်ပေးလိုက်တယ်။

အဲဒီလိုယုံကြည်ကိုးကွယ်နေသည့် နတ်တခေတ်တစ်ယောက်က ယုံကြည်မှုကို အခွင့်ကောင်းယူပြီး အတုနှင့် အစစ်ပြောင်းလဲထားတာကို ဘယ်သူမှ မရိပ်မိ၊ သေိမရှိကြဘူး။ ခက်တာက လူဆိုတာ ယုံကြည်ကိုးကွယ်မှု လွန်လွန်ကဲကဲဖြစ်လာပြီဆိုလျှင် တစ်ခါမဟုတ် တစ်ခါတော့ အလိမ်အညာ ခံကြရမှာပဲ။

ခုလို နတ်ကနားပွဲကြီးကို ငွေကုန်ကြေးကျခံပြီး ပွဲပေးထားမှတော့ ဘယ်သူက လိမ်ညာမှာလည်းလို့ တွေးထင်ခဲ့ကြတယ်။ စိန်ပိုင်ရှင်ကလည်း လောဘရိပ်တွေ တလိပ်လိပ် တက်လာနေတော့ စိန်ကုန်သည်ထံ ပစ္စည်းပြပြီး ဈေးစကားပြောတဲ့အချိန်မှာ စိန်တွေကိုသေသေချာချာ စစ်ဆေးကြည့်တော့မှ အလိမ်ခံသွားတယ်။

ဒီတော့ – နဂိုစိန်ကို နတ်ကွန်းပေါ်တင်နတ်ကတော်ထံ အပ်ပြီးမှ ပြန်ယူချိန်မှာ အတုဖြစ်သွားတာကို နတ်ကတော်တစ်ယောက်ပဲ သိနိုင်တာမို့ စွပ်စွဲပြောမှ ပြဿနာအကြီးအကျယ် တက်သွားတော့တယ်။

မူလပိုင်ရှင်မှာတော့ ငွေကုန်ကြေးကျခံပြီး နတ်ကနားပွဲကို ကျင်းပပေးခဲ့ပေမယ့် မရိုးမသားတဲ့နတ်ကတော်က လိမ်လည်လှည့်လိုက်တာဆိုတာကို အပ်ကျမပ်ကျ စွပ်စွဲ ပြောဆို ရာက တရားတဘောင် ဖြစ်လာခဲ့ရတာပဲ။

ဒီတော့ – အမှန်အမှား ဆုံးဖြတ်ပေးနိုင်ဖို့ ရဲစခန်းသွား အမှုဖွင့်တယ်။ ရဲကလည်း အမှုသွား အမှုလာကို လေ့လာဆန်းစစ်ကြည့်တော့မှ နတ်ကွန်းပေါ်မှာ တင်ထားတဲ့ စိန်အစစ်က အတုဖြစ်သွားတာကြောင့် ဒီကိစ္စက နတ်ကတော်မှာ တာဝန်ရှိနေလို့ အမှုမှန်ကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့တယ်။

နောက်ဆုံးမှာတော့ နတ်တခေတ် စိန်စိန်အပေါ်မှာ ယုံကြည်အပ်နှံ ဖောက်ဖျက်မှုပုဒ်မ (၄၀၆) နဲ့ တရားစွဲဆိုခဲ့တယ်။ တရားရုံးကလည်း အမှုအပေါ်မှာ ခြုံငုံသုံးသပ်ပြီး ပြစ်မှုထင်ရှားနေသောကြောင့် ထောင်ဒဏ်ခုနစ်နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့တော့တယ်။

ဒါကြောင့် နတ်ကတော် စိန်စိန်တစ်ယောက် နရသိန်တည်းခိုခန်းမှာ ခုနစ်နှစ်တာ အနားယူစေဖို့ ရောက်ရှိလာခြင်း ဖြစ်ပါတယ်။

ခုလည်း ထောင်ထဲကို ရောက်လာနေခဲ့တာတောင် ဝါသနာကို မစွန့်နိုင်ပဲ အမှတ်သညာ မရှိသေးဘူး၊ အကျဉ်းသူတွေအပေါ် အယုံသွင်းပြီး သူတတ်ကျွမ်းလည်တဲ့ နတ်လှည့်ပညာနဲ့ ခေါင်းတုံးပေါ်ထိပ်ကွက်ဖို့ အကွက်ဖန်နေပြန်ပြီ။

ဘယ်လိုပဲဖြစ်ဖြစ်၊ ဘယ်နေရာကိုပဲ ရောက်ရောက် လူတစ်ယောက်ရဲ့ဗီဇက ဘယ်လိုမှ ဖျောက်ဖျက်လို့မရနိုင်ဘူးဆိုတာတော့ အသေအချာပါပဲ။

ကျွန်မကတော့ နတ်ကတော် စိန်ကိုကြည့်ပြီး တော်တော်တရားကျ မိတယ်။ သူများမျက်စုံးမွေးပေါ် စကြီးသွားတ်ပြီး ခေါင်းတုံးပေါ်ထိပ်ကွက်လုပ်ချင်နေရိုက်စားမိပါတယ်။

ဒါကြောင့်လည်း အကျဉ်းထောင်ဆိုတာ ဒုစရိုက်သမားတွေအတွက် နားနိုရာနေရာမှန်ပဲ၊ အပြင်လောကမှာ နိုးဆိုးလုယက်ပြီး ဒုက္ခပေးခဲ့ပေမယ့်ထောင်ထဲကိုရောက်လာသည့်အခါမှတ်တတ်သည့်ကြောင်လို နေတတ်သည့်လူစားတန်းမျိုးတွေပဲ။

ဒါကြောင့်လည်း ကျွန်မတို့ဝန်ထမ်းတွေဆိုတာ သူတို့ကို အမြဲစောင့်ကြည့်အကဲခတ်နေရတယ်၊ နို့မို့ဆို သူတို့တွေရဲ့မာယာကွန်ယက်မှာ မလူးသာ၊ မလွန့်သာ ပါသွားမှာစိုးရတယ်၊ သူတို့တွေတထောင်ထဲ ရောက်နေတာတောင် ဈေးဇာတ်ခင်းချင်နေကြတဲ့ လူတန်းစားမျိုးတွေ၊ ထောင်ကို ခြင်ထောင်သဘွယ်သဘောထားပြီး ဝင်စို့ထွက်စို့ လုပ်နေကြသူတွေက များတယ်။

နရသိန်စံအိမ်ဆိုတဲ့တည်းခိုခန်းကို ရောက်လာကြသူတွေက လူအမျိုးမျိုး ပြဿနာအမျိုးမျိုး ရှိနေကြသူတွေ များတယ်၊ ခဏတာ လာရောက်တည်းခိုနေကြတာ မှန်ပေမယ့် အားလုံးဟာ အရှေ့ပေါင်းစုံနဲ့ ရောက်လာခဲ့ကြသူတွေဖြစ်ပါတယ်။

ညည့်သည်ရောက်လာပြီဆိုရင် ညည့်ဝတ်ပျူငှာ ကြိုဆိုရမှာက ကျွန်မတို့ရဲ့





www.burmeseclassic.com

www.burmeseclassic.com

တာဝန်ပဲ၊ ကျွန်မတို့လို ဝန်ထမ်းတွေက တော့ ဒီတည်းခိုခန်းမှာ ထာဝရရှိနေကြ သူတွေမဟုတ်ပါလား။ အိမ်သာလို့ခေါ်လာတယ်ဆိုတာ မဆန်းပါဘူး၊ ရောက်လာကြသူအားလုံးဟာလည်း သောက တိုယ်စီ ယူဆောင်ရောက်ရှိလာကြသူများ ဖြစ်ပါတယ်၊

ခိုခိုတို့ဘဝလေးတွေနဲ့ပျိုလန်းဆန်းနေရမယ့်အရွယ်မှာထောင်ထဲကိုလာပြီး သခဲ့အချိန်တွေကို အလဟဿ ဖြုန်းတီးနေကြတယ်၊ အချိန်နှင့် ဒီရေသည် လူတို့စောင့်ဆိုသည့်စကားလိုပဲ လူဆိုတာ တစ်နေ့တခြား အိုမင်းရင့်ရော်လာမှာကို ဒင်းတို့တွေ မစဉ်းစားမဆင်ခြင်မိကြသူလား။

ကျွန်မကတော့ သူတို့ကိုကြည့်ပြီး အတိသံဝေဂတွေ ရနေမိတယ်၊ ဆရာတော် ရဝေနွယ် (အင်းမ) ရေးတဲ့ "ကျန်ရှိနေတဲ့သက်တမ်းကိုဘယ်လိုနေမလဲ" ဆိုတဲ့တရားစာအုပ်လေးထဲမှာ စာပိုဒ်အချို့ကို ပြေးမြင်ယောင်နေမိတယ်၊

၂

"ဒီနေရာမှာ တွေးစရာ သံဝေဂဖြစ်ဖွယ် ဥဒ္ဒယဘဒ္ဒဇာတ်တော်လေးကို အကျဉ်းချုပ် တင်ပြလိုပါတယ်"

"တစ်ခုသောညတစ်ညမှာ ဥဒ္ဒယဘဒ္ဒလို့အမည်တွင်တဲ့တစ်ပင်တိုင်ပြာသာဒ် မှာ စံမြန်းနေသူ မင်းသမီးလေးတစ်ပါး ဟာ နန်းပြာသာဒ်ပေါ်မှာ တစ်ကိုယ်တည်း စံမြန်းနေတယ်၊ အဲဒီအချိန်မှာ အစောင့်စစ်သည်တော်တွေဟာ နန်းပြာသာဒ်ရဲ့အောက်မှာအလုံအလောက် ချထားပြီး စောင့်ကြပ်ကာ ကာကွယ်ပေးနေတယ်၊

ဒီလိုအစောင့်အရှောက်ထူထပ်နေတဲ့ကြားကနေ လုလင်ပျိုတစ်ယောက်က နန်းပြာသာဒ်ပေါ်ကို ရောက်လာပြီး -

"မင်းသမီး - တစ်ညလောက် သင့်စံနန်းမှာ အတူတူနေပါရစေ"

လို့ ဖွင့်ဟပြောဆိုလာတယ်၊ သူ့လက်ထဲမှာလည်း ရွှေခွက်ကြီးထဲမှာ ရွှေအပြည့်ထည့်ထားပြီးရောက်လာခြင်း ဖြစ်တယ်၊ နောက်လုလင်ပျိုကမင်းသမီးလေးကို ဖွင့်ပွင့်လင်းလင်း လူပျိုစကားပြောလာတော့ မင်းသမီးလေးဟာ အတော်ထိတ်လန့်တုန်လှုပ်သွားခဲ့တယ်၊

"ရှင် - ဒီပေါ်ကို ဘယ်လိုလုပ်ပြီး တက်လာနိုင်တာလဲ"

"ငါဟာ နတ်သားတစ်ယောက်ဖြစ်လို့ ငါ့အတွက်တော့ မခက်ခဲပါဘူး၊ သင်သာ ငါ့ကိုချစ်တယ်ဆိုလျှင် ဟောဒီငါယူလာတဲ့ရွှေခွက်နဲ့ ရွှေအပြည့်ကို ပေးပါ့မယ်"

လို့ လုလင်က ဖွင့်ဟပြောတော့ မင်းသမီးလေးက -

"သင့်ဟာသင် နတ်သားမကလို့ သိကြားပဲဖြစ်နေနေ၊ ကွယ်လွန်သွားတဲ့ ကျွန်မခင်ပွန်းဟောင်းမင်းသားမှတစ်ပါး အခြားဘယ်သူ့ကိုမှ မမြတ်နိုးနိုင်ဘူး၊ သင်ပြန်ပါတော့" လို့နှင်လွှတ်တယ်၊

ဒုတိယညရောက်ပြန်တော့လည်း လုလင်ပျိုနတ်သားက ငွေခွက်ကြီးနဲ့ ငွေအပြည့်ထည့်လာပြီး ရောက်လာပြန်တယ်၊ ဒါပေမဲ့ - မင်းသမီးလေးက လက်မခံပဲ ချက်ချင်းပြန်လွှတ်ပြန်တယ်၊

တစ်ဖန်တတိယညကျတော့လည်း လုလင်ပျိုနတ်သားက ထပ်မံပြီးတော့ ရောက်လာပြန်တယ်၊ လက်ထဲမှာ ကြေးခွက်ကြီးထဲ ရွှေအပြည့်ထည့်ပြီး ယူလာပြန်တယ်၊ ဒီနေရာမှာ မင်းသမီးလေး အတွက် စဉ်းစားဆင်ခြင်စရာ ဖြစ်လာပါပြီ၊

ဘာဖြစ်လို့လဲဆိုတော့ ပထမညမှာ ရွှေခွက်နှင့် ဒုတိယညမှာ ငွေခွက်နှင့် တတိယညကျတော့ ကြေးခွက်နှင့် ယူလာခဲ့တာဆိုတော့ သူမအတွက် တစ်မျိုး တစ်ဖုံ စဉ်းစားစရာ ဖြစ်လာတယ်၊ ဒါကြောင့် မင်းသမီးလေးက လုလင်ပျိုနတ်သားကို အကျိုးအကြောင်း မေးမြန်းကြည့်ခဲ့တယ်၊

"အသင်ယောကျ်ား - ယောကျ်ားတွေဟာ မိန်းကလေးကို ချစ်ရေးဆိုလျှင် ဥစ္စာပစ္စည်းဆိုတာကို တိုးတိုးပြီးသာ ယူလာပေးကြပါတယ်၊ သင်ကတော့ ဘာဖြစ်လို့များ တစ်နေ့ပြီးတစ်နေ့ လျှော့ပေးလာခဲ့တာလဲ"

လို့မေးတော့ လုလင်ပျိုကလည်း မဆိုင်းမတွ ပြန်လည်ဖြေကြားခဲ့တယ်၊

"မင်းသမီးရယ် - သင့်ရဲ့အသက်နဲ့ ရုပ်ရည်ကလည်း တစ်နေ့ထက်တစ်နေ့ တိုးတိုးနေပျိုလာနေတယ်ဆိုလျှင် ဥစ္စာပစ္စည်းကိုလည်း တိုးတိုးပြီးပေးသင့်ပါတယ်၊ ခုတော့ - မင်းသမီးရဲ့အသက်နဲ့ ရုပ်ရည်အဆင်းက တစ်နေ့တခြားလျှော့ အိုလာနေပြီး ယိုယွင်းပျက်စီးလာနေပြီလေ၊ ဒါကြောင့် ပစ္စည်းဥစ္စာကို လျှော့လျှော့ပြီး ပေးရတာပါ - မင်းသမီးရယ်"

တစ်ရက်တစ်ည ကုန်လွန်သွားနေတာကိုပဲ ထားလိုက်ဦး -

"အခု သင့်ကိုကြည့်မြင်နေဆဲမှာပဲ သင့်ရဲ့ရုပ်ရည်အဆင်းရူပကာဟာ ဖြည်းဖြည်းနဲ့အို - အို - လာနေပြီလေ၊ တဖြည်း

www.burmeseclassic.com

www.burmeseclassic.com

ပြည်း တစ်နေ့ထက်တစ်နေ့ ပျိုပျို နပျို လာနေတာမဟုတ်ဘဲ၊ အလှတွေယုတ်လျော့သွားနေပြီ"

လို့ ပြန်ဖြေလိုက်တယ်၊ လူတစ်ယောက်ဟာတစ်နေ့တာ ကုန်လွန်သွားတာနဲ့ သေဖို့တစ်ရက် နီးကပ်လာနေပြီ၊ သေဖို့တစ်ရက် နီးလာသည်နှင့်အမျှ ဘုသိုလ်ကောင်းမှုတွေကို ပြုလုပ်ဖို့ အခွင့်အရေးတွေကလည်း တစ်ရက်လျော့လျော့သွားတယ်၊ ပြီးတော့လည်း တစ်ရက်တိုက်သွားသည်နှင့်ရုပ်နာမ်ခန္ဓာကိုယ်ကြီးကလည်း ပျိုမျစ်နုနယ်နေရာကနေ ကြည်ကြည်အိုမင်းလို့လာနေတော့တာပဲ၊

ကျွန်မအတွေးထဲမှာ လူ့ဘဝရဲ့ဖြစ်စဉ်တွေထဲက ဖြစ်ရပ်သဘောကို ရှုမြင်သုံးသပ်မိတယ်၊ ဒီတော့ - လူတွေဟာ ကျန်ရှိနေသေးတဲ့ သက်တမ်းကာလမှာ ဘယ်လိုနေထိုင်ရမလဲဆိုသည့် "ဘဝပုံလွှင်" ကို သေသေချာချာ ချမှတ်ကြဖို့လိုပါတယ်၊

ကိုယ်ချထားသည့် "ဘဝပလ္လင်" အတိုင်းနောက်ဆုံးသက်တမ်းကာလကို ဖြတ်သန်းသွားကြရမှာဖြစ်ပါတယ်၊ဘာပဲဖြစ်ဖြစ် ဘာမှအားငယ်စရာလည်းမလိုပါဘူး၊ ကိုယ့်ရင်ထဲမှာ သရဏဂုံသုံးပါးတည်နေလိုက်ရင်ကိုယ်ဟာတန်ဖိုးရှိတဲ့ လူတစ်ယောက်တော့ဖြစ်နေမှာပါပဲ၊

ကျွန်မတို့လို ဝန်ထမ်းတွေရဲ့ဘဝတွေဟာလည်း အကျဉ်းထောင်ကြီးထဲမှာ အချိန်ကုန်ဆုံးသွားပြီးနောက် နေထိုင်ရမယ့် ကျန်ရှိနေသည့်သက်တမ်းကို ဘယ်လိုပုံစံမျိုးနဲ့ ဖြတ်သန်းကြမလဲဆိုတာကို စဉ်းစားဆင်ခြင်မိနေတော့တယ်၊

ခုတော့ပစ်စလက်ခတ်အခြေအနေမှာ အသိတရားမရှိကြသေးသည့် အကျဉ်းသူတစ်သိုက်ကတော့ မိမိတို့ရောက်နေရာအရပ်မှာပဲလောကကြီးကို အားလုံးမေ့ထားပြီး ပျော်ရွှင်မြူးတူးစွာ မအောင်မြ ဗျာလိပ်နတ်ဗေဒင်ကို တစ်ယောက်စီ မေးမြန်းလို့ ပွဲကျနေခဲ့ကြတယ်၊

တကယ်တော့ ဗျာလိပ်နတ်ဗေဒင်ချက်ကမှန်သလား၊မမှန်ဘူးလားဆိုတာ ဘုရားသခင်မှပဲ သိနိုင်မှာပါလေ၊

သို့သော် ရက်အနည်းငယ် မကြာမြင့်မီကာလမှာပဲ ဗျာလိပ်နတ်ရဲ့ဗေဒင်ချက်အတိုင်း မှန်ကန်မှုရှိလာကြောင်း အံ့သြထူးဆန်းဖွယ်သတင်း ထွက်ပေါ်လာခဲ့တယ်၊

အဲဒါကတော့ နိုင်ငံတော်သမ္မတကြီးရဲ့လူသားချင်းစာနာထောက်ထားမှုအစီအစဉ်နဲ့ နိုင်ငံတော် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်တစ်ရပ် မမျှော်လင့်ဘဲ ထွက်ပေါ်လို့လာခဲ့ပါတော့တယ်၊

အကျဉ်းထောင်ကြီးထဲမှာ အနေကြာသူအကျဉ်းသူများကတော့ထောင်ထဲကို ပြစ်ဒဏ်ကျခံပြီး ဝင်လာခဲ့ကြစဉ်တုန်းကငယ်ငယ် ပျိုပျိုရွယ်ရွယ် ဘဝလေးတွေကနေ ထောင်က ထွက်ကြရတော့ ညှိုးအချိန်မှာတော့ အိုမင်းရင့်ရော်အရွယ်များကို ပြောင်းလဲသွားခဲ့ကြပါပြီ၊

တချို့သက်ကြီးပိုင်းတွေဆို ခေါင်းဖြူးရေတွန့်တဲ့အရွယ်ထိတိုင် အချိန်ကာလဆိုသည့် သမားတော်ကြီးက ပြုပြင်ပြောင်းလဲပေးလိုက်ပါတယ်၊ သူတို့ကိုယ်သူတို့ရောအရွယ်တော်တော်ဆိတ်ဟိုင်းတဲ့အပျိုဟိုင်းကြီးတွေ ဖြစ်နေပါပကောလားလို့ သုံးသပ်ဆင်ခြင်မိကြဖို့မလားမသိဘူး၊

ဘယ်လိုအခြေအနေ အချိန်အခါကိုပဲ ရောက်နေပါစေ၊ နရသိန်စံအိမ်တည်းခိုခန်းကြီးကတော့ တမ္ဘာတည် သရွေ့ဖွင့်လှစ်ထားနေဆဲပဲဆိုတာကိုတော့ အားလုံးက သတိပြု ဆင်ခြင်စေချင်ပါတယ်၊ အိုမင်းသွားသူတွေတအချိန်တန်လို့ အိမ်ကို ပြန်ရချိန်မှာ ငယ်ရွယ်ပျိုမျစ်သည့် အကျဉ်းသူလေးတွေကတော့ဝင်လာမစဲတသဲသဲရောက်လာပြီး တည်းခိုနေထိုင်သွားကြဦးမယ်ဆိုတာ ကျွန်မ သဘောပေါက်နေပါတော့တယ်၊

➛ ထောင်မှူးမစ

## မြန်မာဆေးမြီးတိုများ

**မီးလောင်နာ**

- ငရုတ်ကောင်းမှုန့်ကို နှမ်းဆီနှင့် ပျစ်ပျစ်ဖျော်၍ လူးပါ။
- ဖန်ခါးသီးခြောက်မှုန့်ကို အုန်းဆီနှင့်စပ်၍ အသာအယာ လိမ်းပေးပါ။
- ငှက်ပျောအူကို အရည်ညှစ်၍ လောင်းပေးပါ။ အပူသက်သာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ် ချို့ယွင်း
သော်လည်း နှလုံးသား
ဖြူစင်ကာ အနစ်နာခံတတ်သည့်
တန်ဖိုးရှိသည့် လူသား
တစ်ယောက်အကြောင်း ..

**လူသား**တစ်ယောက်မွေးဖွား

သာခဲ့ပြီ ဆိုပါစို့ ...။

မွေးစက သူ့တွင် ပကတိသန့်စင်မှု၊ ကြည်လင်မှုတွေရှိနေသည်။ အပြစ်ကင်း နေသည်၊ သူ့ကိုယ်၌ မွေးရာပါကတည်း က ကောင်းခြင်း၊ ဆိုးခြင်းများ ဖန်တီးနိုင် စွမ်းမရှိသေး။ သူမွေးဖွားကြီးပြင်းရာပတ် န်းကျင်၊ တစ်နည်းအားဖြင့် သူ့ဘဝ ဖြတ်သန်းလာရာ အသိုင်းအဝိုင်းဗီဇ၊ စိတ်၊ဉာဉ်များ၊ရိုက်ခတ်မှုဂယက်ဒဏ် ကြောင့် ကောင်းသည်၊ ဆိုးသည် နစ်လီ ကွဲပြားခဲ့၏။

ဝေဒပညာရှင်ကြီးများက မွေးဖွား ၌တွင် အတူယှဉ်နေသော ဖြူဟ်၊ ခွင် ဒွတ်တို့ ကို မှတည်တွက် ချက်ပြီး ကောင်းမည်၊ ဆိုးမည်ကို ကာလအပိုင်း အခြား သတ်မှတ်ဟောပြနိုင်စွမ်း ရှိပြန် သည်။ မည်သို့ပင်ဆိုစေ၊ ငယ်စဉ်ကလေ ပြင်းဒဏ်ကြောင့် ကွဲကွာသွားခဲ့သော ကျေးသားညီအစ်ကို နောင်ရင်းတင်ဖြစ် လင့်ကစား ပတ်ဝန်းကျင်စေ့ဆော်မှုအရ မတူကွဲပြားခြားနားသွားသည့် ဇာတ်တို့ ကို နိပါတ်တော်တွင် အထင်အရှား တွေ့ ခဲ့ဖူးပါပြီ။

အကောင်းနှင့်အဆိုး ခွဲခြားထား သောစံနှုန်းပေတံအရ (ပညာရှိသူတော် ကောင်းတို့ ရှီးမွမ်းခြင်းငှာထိုက်သော ကိစ္စတို့သည် ကောင်း၏၊ ကဲ့ရဲ့သဖြင့်ပတ် စကားတင်းဆိုခြင်းငှာထိုက်သောကိစ္စ တို့သည် မကောင်းဟု ပြဆိုခဲ့သည်။) ပကတိဆိုးသွမ်းညစ်ကျုနေသောမိမိတို့ ပတ်ဝန်းကျင်စရိုက်၊ ဉာဉ်အနေအထား ဖြင့် ဆောင်ရွက်သည့်ကိစ္စတိုင်းအခေါ် တွင်အမှား၊အမှန် ဝေဖန်ပိုင်းခြားမှုမရှိပါ က မိမိဝန်းကျင်မှာ မှောင်သည်ထက်မို သော အမိုက်တရားများ တိုးပွားလာပေ တော့မည်။ တစ်ခါက ရပ်ကွက်တွင်းနေ ထိုင်ခဲ့ဖူးသည့်(ခြေလိမ်သန်းဇော်)ဆိုသော လူဆိုးလေးတစ်ယောက်အကြောင်းပါ။ (လူမိုက်ဆိုသောအဓိပ္ပာယ်)ယင်းအဖြေ ကို သူက ပေးသွားသည်၊ ထိုအတွေ့ ...

www.burmeseclassic.com

www.burmeseclassic.com

သန်းဇော်က အဆိုးမသေးလှ။ အငယ်ဆုံးသားပေမို့ အဆိုးပေါင်းစုနေသည်ထင့်။

မွေးစကပါလာသောအင်္ဂါချို့ယွင်းမှုအရ ခြေတစ်ဖက်မှာ လိမ်ဖည်ဖည်၊ လူ့သဘာဝသဘောနှင့်စပ်ပြီး ခေါ်လေ့ရှိသည့်(ခြေလိမ်သန်းဇော်)တွင်ခဲ့သည်။ သန်းဇော် လူလားမြောက်ပြီဆိုစတွင် ထွက်သော့ကြောလန်တစ်ယောက် ပျော်ပွဲဝင်ဝေလီစဉ်တတည်းက နှင်း။ တစ်ခန်းရှိတိုးချင်း၊ ကြိတ်ချင်၊ ရိုက်ချင်း နှက်ချင်း၊ ဖြစ်လိုက်သည့်ရန်ပွဲတိုင်း သန်းဇော်လက်ယဉ်နေမှုကြောင့် ရှုံးရတော်၊ ဝင်ရောက်ရသည်မှာ အကြိမ်ကြိမ်။ သန်းဇော်ကို ပြဿနာမီးတွန်းရာ တတ်သူအဖြစ် ရပ်ကွက်က သတ်မှတ်ထားသည်။ နေရာထကာစပ်စပ်၊ ရပ်စပ် အဆိုးတော်သဖြင့် အလိုလို ပွေကြီး ဖြစ်လာ ပညာတ တစ်ပိုင်းတစ်စ၊ မလောက်လေး မလောက်စားပညာလေးနှင့် အင်းစားရှိမရေး ဝင်ရောက်ပညာ သင်ခဲ့ဖူးသည့်တိုင် ဖြစ်ဖြစ်မြောက်မြောက် မဟုတ်။ လုပ်စားနိုင်ဖို့ဝေးစွ။ နေ့တွက်နှင့် နိုင်းစည်သူပင် မရှိ။

အချို့အချို့သော သားသမီးတို့ ဆိုးခြင်းတွင်မိဘအလိုလိုက်မှုများပါကောင်းပါမည်၊ သို့သော် သူ့အတွက် သူ့မိဘက တာဝန်မယူ (သူ့ဖြစ်သူ့စံ)ဆိုသလို၊ လှည့်မကြည့်။ (နေချင်ရာနေ၊ သေချင်ရာသေ)ပစ်စလက်ခတ်ထားခြင်းမျိုး။ သန်းဇော်အတွက် သူ့မိဘတွေ လျစ်လျူရှုထားသည်မှာ အမြင်သာကြီး။ အတိအကျဆိုရပါလျှင် သားသမီးနှင့် မိဘဟူသော သံယောဇဉ် လုံးဝမထား။ မသိလိုက် မသိဘာသာ တာဝန်ကင်းကင်း နေခဲ့သည်။ တော်ရုံတန်ရုံ ရပ်ကွက်ရုံးမှ ညှိနိုင်းရန် ခေါ်စေကာမူ သန်းဇော် တစ်ယောက်ထဲသာ။ သန်းဇော်ဘက်မှ ပြောဆိုပေးမည့်သူ မပါ။ သန်းဇော်အပေါင်းအသင်းများကလည်း လူထဲမဝင်ဆံ့သူတွေ ...။

ထိုသို့သောအချိန်မျိုးတွင် ... သန်းဇော်အနေနှင့် မျက်နှာငယ်ငယ် ဖိုးကြောက်နေသည်ထင်လျှင် မှားပေလိမ့်မည်၊ မျက်နှာထားချိုချိုနှင့် ကြောက်လန့်ကင်းစွာ ရင်ဆိုင်တတ်၏။ ထို့ပြင် သူလုပ်ခဲ့သည့်အမှားကိုဝန်ခံပြီး သူ့အတွက် ပေးချင်သည့်အပြစ်ဒဏ်ကို ပေးစေဦး။ ကျေကျေနပ်နပ်နှင့် ခံယူတတ်ခြင်းကပင်၊ သန်းဇော်၏ ထူးခြားမှုတစ်ခု။

သို့ဖြင့် သန်းဇော် နစ်ကြိမ်ထက်မနည်း ထောင်ကျခဲ့ပြီးပါပြီ။ သန်းဇော် ဒေါ်သတရားနှင့် လက်ယဉ်မှုကြောင့် ပြဿနာဖြစ်ခဲ့ဖူးသည့်တိုင် သူတစ်ပါးပစ္စည်း မခိုး၊ တစ်ဖက်သားကို မလိမ် မကောက်၊ မတရားမှုကို မပြု။ သည့်အတွက်သန်းဇော်မှာထမင်းအိုးမီးမပြတ်ခဲ့။ သန်းဇော်၏စားဝတ်နေရေးပြည့်စုံနေသည်မှာ အလုပ်စုံ လုပ်တတ်ခြင်းပင်။ သန်းဇော် အိမ်ပြင်၊ အိမ်ဆောက်၊ တွင်းတူး၊ မြောင်းတူး၊ အလုပ်စုံကိုလုပ်သည်။ လုပ်အားမှ သေသေသပ်သပ်လုပ်ခြင်းမျိုး။ ရပ်ကွက်ဆိုသည်က လူတန်းစားအလွှာအသီးသီး ရှိနေပြီးအိမ်ကြီးရခိုင်ဆောက်ရာတွင် သန်းဇော်ကို သတိမရသော်မှ ဝါးအိမ်သေး၊ အိမ်အမွှားများ မိုးခြင်း၊ ဆောက်ခြင်း၊ပြင်ခြင်းအတွက်အသုံးဝင်လာ၏။ အိမ်သာကျင်းတူးရာမှ အိမ်သာဆောက်ပေးခဲ့ရသည်အထိ အောက်ခြေအိမ်းလုပ်တတ်သောကြောင့် သန်းဇော်တစ်ယောက်မှာ စားရေးအတွက် မပူရ၊ မဝင်ရ။ သန်းဇော်အပြောက (လူထွင်းထဲခံတွင်း)မှ မဟုတ်တာဆိုပဲ။

သို့နယ် သန်းဇော်အကြောင်းပြောရလျှင် သူ့အဖေ ကိုစံပနှင့် ညီအစ်ကိုတော် ခင်ညိုတို့ အကြောင်းပါမှ ပြည့်စုံမည်ဖြစ်သည်၊ ငှက်ပျောပင်စိုက်မိလိုက်၊ အဘဆိုမဟုတ်လား၊ သူ့၏မွေးသဖခင် ကျေးဇူးရှင်၊ ကိုစံပနှင့် ခေါင်းနင်းဆင်းအစ်ကို ခင်ညိုတို့ကိုယ်တိုင်ကလည်း သိမ်မွေ့ယဉ်ကျေးသည့် လူစားများမဟုတ်၊ တစ်ယောက်တစ်ချီစီ အဆိုးချင်းပြိုင်နေကြ၏၊ သူတို့ခင် ကိုစံပက အသက်ခြောက်ဆယ်ကျော်၊ ယခင်က အဖွဲ့အစည်းတစ်ခုတွင် လုပ်ခဲ့သည်၊ အထက်အရာရှိကို ပမာမခန့်နှင့် ဝတ်စက်သောအပြောအရ ပြဿနာဖြစ်ခဲ့ရာမှ အလုပ်တာဝန်ကိုလည်း မလေးစားသောကြောင့် အပြစ်ဖြင့် ထုတ်ပယ်ခံရသူ၊ လူကြီးဖြစ်သည့်တိုင် ညစ်ပတ်ကပ်ကျယ်မို့ခင်မင်သူနည်းသည်။ အရပ်လူကြီး (ရာအိမ်မှူး)ကိုပင် ဓားကြိမ်းကြိမ်းတတ်၊ ပြီး - ရပ်ကွက်အတွင်း သောင်းကျန်းနေသောကြောင့် မျက်စိစပါးမွေးစူးခံရသည်မှာ မဆန်း။ အသက်အရွယ်ကြီးရင့်လင့်ကစား ဝါတွင်းဝါပဥပုသ်နေ့များတွင် ဘုန်းကြီးကျောင်းမသွားသော်မှ ရပ်ကွက် (စီအတ်စ်)ဆိုင်သို့ တစ်နေ့နှစ်ခေါက်မှန်မှန်ရောက်လေ့ရှိခဲ့သည်၊ အရှေ့အိမ်၊ ခေါင်းရင်းအိမ်





www.burmeseclassic.com

www.burmeseclassic.com

ခြေရင်းအိမ်သင့်မြတ်သူ မရှိလှသည့် လူမျိုး။

ရပ်ကွက်အတွင်း အေးအေးဆေး ဆေးနေတတ်သော ဦးမောင်ကြီးကို မိုက်ရူးဖြင့် ခြောက်လကျခဲ့ဖူး၍ မူးယစ်ရမ်းကားမှုအရ အချုပ်နှင့် ထောင်သို့ အကြိမ်ကြိမ်ရောက်ဖူးခဲ့ပြန်၏။ သူကိုယ်၌ ရိုးသွမ်းနေသောကြောင့် သားသမီးတို့လည်းအဆုံးအမ၊အသွန်အသင်မရှိ။ သားသမီးတို့ ငယ်တတည်းက မဆုံးမသော် မိဘတစ်လည် ရန်သူမည်၏တဲ့။ (နေချင်သလိုနေ၊စားချင်သလိုစား) ဘာတစ်ခွန်းမှ မပြော။ သူနှင့် မသက်ဆိုင်တော့သလို၊ သူ၏တစ်ခုတည်းသော အလုပ်မှာ အရက်မူးလာလျှင် ဈေးတောင်းခေါင်းပေါ်ရွက်ပြီးပင်ပင်ပန်းပန်း ရှာဖွေစားနေရသူဇနီးတို့ စုနစ်အိမ်ကြား ချင်းအိမ်ကြား ရိုက်ခြင်းသက်သက်၊ ဇနီးတို့ နိုင်စက်သည့်ဆုပေးလျှင် ပြုံ၍ဘက် ရှိသည်မထင်။

သားကြီး ခင်ညိုကလည်း ထူးမခြားနားသည်ပုတ်ထဲက သည်ပဲမို့ အမြင်မှာ အေးသော်လည်း သဇန်းသီးလိုလူမျိုး။ အထဲ ပိုးလောက်အပြည့်၊ မူးလာလျှင် သွေးဆိုးသည်၊

"ဟေ့ကောင် - ဘာကြည့်တာလဲ၊ ဘာဖြစ်ချင်လို့လဲ၊ ရချင်လို့လား၊ လာလေကွာ"

လမ်းပေါ်ကလူကို မရှောင်၊ ရန်စောင်းတတ်သည်၊ လမ်းသွားလမ်းလာများက သူ့ကိုတုဇက်မပြုံင်၊ မသိကျိုးကျွံပြုသွားကြစမြဲ၊ သူကလည်း ရာဇဝတ်နှင့်၊ ဓားခုတ်မှုဖြင့် ထောင်နှစ်နှစ်ကျသွားပြီး ရဲဘက်ပြေးနှင့် နောက်ထပ်ထောင်ကျသွားခဲ့၏။ (ယခင်အမှု၏ကျန်သည့်ပြစ်ဒဏ်နှင့် အတူရဲဘက်ပြေးမှုအတွက် ပြစ်ဒဏ်ခံရသေးသည်၊) သူ့လုပ်ငန်းဖြစ်သည့် စက်ဘီးပြင်ဆိုင်၏ ကရိကရောက်ဝင်ငွေမှာ အရက်ဖိုးပင် မပြည့်မစုံ၊ သူ့ဇနီးမှာ အကြော်ဒယ်အိုးနှင့် မပြတ်နီးကပ်နေသဖြင့် ဆံပင်တို့က နီကြောင်ကြောင်၊ ဒုတိယသမီး အိမ်ထောင်ပျက်သူလေးနှင့် ကလေးနှစ်ယောက်က တစ်အိမ်၊ကိုစံပတို့ဇနီးမောင်နှံကတစ်အိမ်၊ ခင်ညိုနှင့်သန်းဇော်တို့က တစ်အိမ်စီ၊ ပေလေးဆယ်ပတ်လည်ရှိသောခြံထဲတွင် အိမ်လေးလုံးဆောက်ထားသဖြင့် ကြပ်ကြပ်တည်းတည်းနေကြရ၏၊ သန်းဇော်အထက်ကအမျိုးသမီးတစ်ဦး အိမ်ထောင်ကျပြီး

ခင်ပွန်းသည်ရှိရာ ရွာသို့ ပါသွားသောကြောင့် တော်ပေသေးသည်၊ နို့မို့ဖြင့် အဆတ်သား၊

အစားကြမ်း၊ အနေကြမ်း၊ နှုတ်ကြမ်း၊ လျှာကြမ်းများအလယ် လူဖြစ်ခဲ့ရသည်၊ သန်းဇော်၊ မိုက်သွေးကြွ၊ မိုက်ရူးပြသူတို့ကြားတွင် လူမိုက်ကလေးဖြစ်လာခဲ့ရသည့် သန်းဇော်၊ အနီသို့သော သန်းဇော်အဖို့ကောင်းကွက်ရှိနိုင်ပါ့တဲ့လား၊ သို့သော် သန်းဇော်မှာ ချစ်စရာအကျင့်လေးတွေရှိပါသည်၊ကြိုက်စရာအပြုအမူကလေးများပါ၊

သူက လူပျိုလူလွတ်ဖြစ်စေကာမူ ကလေးချစ်တတ်ခြင်းပင်၊ ခင်ညို၏ သားနှင့် သူ့အစ်မ၏ကလေးနှစ်ယောက် တို့မှာ သူ့အိမ်က ဆင်းသည်မရှိ၊ အရပ်ထဲမှကလေးများနှင့် သန်းဇော်က တည့်သည်၊ သန်းဇော် ရှုဖြိုးနေစဉ်ကာလ ကလေးတွေလည်း မြူးထူးရွှင်ပျနေကြ၏ ကလေးတွေအကြိုက် သရေစာကို ဆင်လိုက်ဝယ်ကျွေးသူက သန်းဇော်၊ သန်းဇော်၊ ကလေးတွေ ချစ်တတ်သလို၊ ကလေးတွေကလည်း သန်းဇော်ကို ခင်ညီးအရှိုကနောက်ပြောင်တတ်သည့် လျှင့်ဖြင့် စကား စ.၏၊

"သန်းဇော် - မင်းကလေးတွေ ဒါလောက်ချစ်ရင် မိန်းမယူပါလား"

သန်းဇော် ခပ်ပြုံးပြုံးနှင့် ပြန်ပြောလိုက်ပုံက -

"မလုပ်ပါနဲ့ဗျာ၊တစ်ယောက်တည်း တောင် မနည်းနေနေရတာ၊မိန်းမယူရင် ကောက်ရိုးပုံ ချည်ထားရလိမ့်မယ်" တဲ့၊ သူ့ပြောစကားက အမှန်၊ သိမ်ငယ်နံ့ရှာသည့် သူ့ဘဝကို သူနားလည်ထားပြီးပါ၏၊ သန်းဇော် အရက်မသောက်သည်တော့ မဟုတ်၊ တစ်ခါတစ်ရံ သောက်တတ်ပါသည်၊ထို့ကြောင့်ပင်ကြီးစွာသောအမှားများခဲ့ခြင်းဟု ဆိုရမည်လားမသိ၊ အရက်ဆိုင်တွင် သူနှင့် တင်မောင်ရွှေတို့ ငြိခဲ့သည်၊

တင်မောင်ရွှေလိုလူကလည်း တစ်မျိုးလူစား၊သူကလက်လွယ်လွယ်သတာ။ မိတ်ဆွေအပေါင်းအသင်း ခင်မင်သည်၊ သူ့မှာ ရှိလို့က (ကုန်ပစေ၊ ခန်းပစေ)ကျွေးမှာ၊ အတွန့်တိုမထား၊ သူငယ်ချင်း အပေါင်းအသင်းတို့ကို ရက်ရောသူတစ်ယောက်၊ သူ့လုပ်စာမှန်သမျှ မိဘပြန်မပေးရသူမို့ ထင်တိုင်းကြဲနေခြင်းအပေါ် မိဘကလည်း မတားမြစ်၊ တစ်ယောက်ထဲသားဖြစ်၍ အလိုလိုက်ထားသည်၊ အစ်မအပျိုကြီးနှစ်ယောက်အထည်ဆိုင်

www.burmeseclassic.com

ဝင်ငွေနှင့်ပင် တစ်မိသားစုလုံး စားရေး၊ သောက်ရေးလုံလောက်နေပြီပဲ၊ ပူပန်ရန် မရှိတော့။

တင်မောင်ရွှေမှာ ကိုယ်ပိုင် မော်တော်ဆိုင်ကယ်ပြင်ဆိုင်ကလေးတစ်ဆိုင်ရှိပြီးသား။ တပည့်လုပ်သားနှစ်ယောက်နှင့် အောင်မြင်စွာ လုပ်ကိုင်နေရသည့် ဆိုင်ကလေးပါ။ ဆိုင်၏ ဝင်ငွေအပြင်တင်မောင်ရွှေအနေနှင့်ဆိုင်ကယ်အရောင်းအဝယ်ပွဲစားလုပ်ငန်းကလည်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေဖြစ်လာစေသည်။ တင်မောင်ရွှေဝင်ငွေမှာ မသေးလှ။

"မောင်ရွှေ - မင်းရတဲ့ငွေတွေကို စုထောင်ဦး။ မင်း အိမ်ထောင်ရက်သားကျတဲ့အခါ လိုလာလိမ့်မယ်၊ မင်း တစ်သက်လုံး လူပျိုကြီး လုပ်နေမှာလား၊ တဲ့-ပြောလေ"

"တုတ်တဲ့ပါ - မမရဲ့၊ ကျွန်တော် စုထားတယ်၊ မတောလဲ - အဟီး"

တစ်သက်လုံး ထိန်းကျောင်းလာခဲ့သည့်အစ်မတွေက မောင်ငယ်ကိုလည်း ချစ်သည်၊ မောင်ငယ်တွင် ချစ်သူရည်းစား (သူနာပြုဆရာမလေး) ရှိနေခြင်းကိုပင် သိနေသဖြင့် မောင်ငယ့်ဝင်ငွေများ

အဟောသိကံ မဖြစ်စေလို၊ မောင်ငယ် အတွက် ဆုပ်ဆုပ်ကိုင်ကိုင် ရှိစေချင်ကြသည်၊ တင့်တောင်းတင့်တယ်ဖြစ်စေချင်ကြသည်၊

သို့ဖြင့် ယခုနှစ်ပိုင်း သီတင်းကျွတ်တွင် တင်မောင်ရွှေတို့မင်္ဂလာဆောင်ဖြစ်မည့်အကြောင်းက အရပ်ထဲမှာ ဟိုးလေးတကျော်၊ အားလုံးလိုလိုသိလောက်သည့်သတင်း။ တင်မောင်ရွှေ အပေါင်းအသင်းများကလည်းမင်္ဂလာမဆောင်မီကတည်းကတင်မောင်ရွှေကိုနှိပ်စက်လို့ အားမရ၊ တစ်နေ့ည သောက်နေကျ အရက်ဆိုင်တွင် သူတို့ စုမိကြသည်၊ ငွန်းသံ၊ ပန်းကန်သံ၊ အစားအသောက် စုံစုံလင်လင်နှင့်ပုလင်းသံ၊ ခွက်သံ ဆူဆူညံညံ၊ သူတို့တတွေ တဝါးဝါး တဟားဟား အပျော်လွန်နေဆဲ၊

ထိုအခိုက် သန်းဇော် ဆိုင်တွင်းဝင်လာသည်၊ သူ့မှာလည်း သူ့သောတနှင့်သူ၊ သူ့အဖေက မရှိမဲ့၊ ရှိမဲ့ သူ့ထံမှ ငွေနှစ်ထောင်ချေးထားပြီး ပြန်တောင်းသောအခါ ပေးရန်နေနေသာသာ၊ ဆဲဆိုကြိမ်းမောင်းနေ၍ ကသိကအောက် ဖြစ်ခဲ့သည်၊ စိတ်ညစ်ညစ်နှင့်အရက်သောက် လိုက်ပါက ပြေပျောက်လို ပြေပျောက်

ငြား ဝင်ခဲ့ခြင်းပါ၊ ဆိုင်တွင်းတွင် လူပါး၍ သုံးပိုင်းလောက်ရှိသဖြင့် အေးအေးဆေးဆေး၊ သန်းဇော်အတွက်အရက်တစ်ပိုင်းနှင့်အမြည်းတစ်ပန်းကန်ဆို လုံလောက်ပေပြီ၊

သန်းဇော် အရက်သောက်နေရသော်လည်း အဖေနှင့် စကားများခဲ့ရသည့်ကိစ္စမှာမဖြစ်သင့်မဖြစ်ထိုက်သော အခြေအနေမို့ စိတ်ထဲတွင် တနုံ့နုံ့၊ ပြန်တွေးမိလေတိုင်း အဖေ့ကိုလည်း အပြစ်တင်ရက်၊ သူ့မှာလည်း မသက်သာသဖြင့် တောင်းခဲ့မိသည့်တိုင် အပြောခံ၊ အဆိုခံခြင်းသာ ရလဒ်၊ စိတ်ထဲတွင် ဝမ်းနည်းသည်မှာ အမှန်၊

"ဟာ - ခြေလိမ် သန်းဇော်ဆိုတဲ့ နာမည်ကျော်လူမိုက်ကြီးပါလား"

တစ်ဖက်သောဝိုင်းမှ သဲ့သဲ့အပြောကြောင့် အားလုံးက သူ့ကို အာရုံစိုက်ကြည့်မိသွားကြသည်၊ တချို့က မူးလာပြီး မိမိနောက်တွင် အင်အားရှိပြီဆို၊ နိုင်လိုခင်းထက် လုပ်တတ်ကြစမြဲ၊ တစ်ဖက်သား၏ ခံနိုင်ရည်ရှိမှုထက် လွန်ကဲစွာ ထိပါးစော်ကားသည်၊

"ခုတော့လည်း မခုတ်တတ်တဲ့ ကြောင်လေးလိုပါပဲလား - ဟော့ - ဟော့"

ရယ်စရာ မဟုတ်သောစကားမှာ နောက်ဆုံးပေါ်ပြက်လုံးသဖွယ် တအုန်းအုန်း တဟားဟား၊ တင်မောင်ရွှေတာ သူ့လူတွေကို ထိန်းသည့်အနေနှင့်တောင်းပန်စကားဆိုသည်၊ သန်းဇော်အကြောင်းကိုလည်း ကောင်းကောင်းသိထားပြီ၊

"သူငယ်ချင်းတို့ - သောက်မှာ သောက်ကြပါကွာ၊ ပြဿနာမရှာချင်ကြပါနဲ့"


"နေစမ်း - နေစမ်း - သူ တတယ်ကော - မိုက်သလားလို့ စမ်းသပ်ရုံကလေးပါ"

သန်းဇော်ဆီသို့ အေးအေးလူလူ ကပ်သွားမိသည်ပင် သူ့အမှား၊ နိုတာ ညစ်နေသူ သန်းဇော်က ဖြတ်ခနဲအရက်လက်သုံးလုံးခန့်ကျန်နေသောပုလင်းကို ဆွဲ၍ အနီးကပ်လာ သူ့ခေါင်းကို မှိတ်ခွဲလိုက်၏၊ ခေါင်းမှ သွေးများဖြာကျပြီးလဲ အသွားတွင် တင်မောင်ရွှေ ပြေးထွက်လာသည်၊ သူက မဖြစ်သင့်တာတို့ မဖြစ်စေရေး ရန်ဖျဉ်ဖို့ ...၊

"ဟော့ - မလုပ်နဲ့ - မလုပ်နဲ့ - လွန်ကုန်မယ်"

သို့သော် သန်းဇော်တို့ အားဆီးချုန် အတွက် ပြေးအဝင်တွင် သန်းဇော်တာ

www.burmeseclassic.com



သို့သော် သူ့လက်ထဲမှာ
ဖျားနေသောကလေးတစ်ယောက်က
ရှိနေဆဲ။ ဒီကလေးကို အထိမခံနိုင်။
သူကိုယ်၌ မသန့်မစွမ်းမို့ လူကောင်း
နှင့် တုယှဉ်ပြေးနိုင်စွမ်းမရှိ။ သူ
လျှောက်လှမ်းနေရာမှ ငုံ့စောင်း
ကြည့်လိုက်ရာ ဝင်းလက်နေသည့်
ကလေး၏မျက်လုံးများ။ အနှုရာယ်အငွေ့
အသက်တို့ကို ရှူရှိုက်မိပါပြီ။
သူ့အတွက် မဝေးတော့သည့်
အားရန်တွေ။

…တွင်းရှိ ပုလင်းကွဲဖြင့် ဆက်ထိုး
…လိုက်မြန်ရာ – သူနံစောင်း ထိုးမိသွား
…သည်။

"အား"

…တင်မောင်ရွှေ၏ နာနာကြည်း
…ကြည်းအော်သံ။

III

တကယ်တမ်းရိုက်မှုအတွက်သော်
…သည်းကောင်း၊ ပုလင်းကွဲနှင့် ထိုးလိုက်
ခြင်းအတွက်သော်လည်းကောင်း အမှု
ဖွင့်ခြင်းမရှိ။ အရပ်ထဲတွင်လည်း
အကျော်ဇေယျအဖြစ် မပေါ်ပေါက်ခဲ့။
သိုသိုသိပ်သိပ်နှင့် ပြီးသွားခဲ့ခြင်းကပင်
အဆန်းတကြယ်။

သန်းဇော်ကိုယ်တိုင်ရဲလာဖမ်းပါက
အဖမ်းခံရန်အသင့်၊ တစ်ဖက်လူများ၏
ရန်စမှုကြောင့် ဖြစ်ပွားခဲ့သည်ကို မသိ
လိုက် မသိဘာသာ နေခဲ့ခြင်းပေလား။
တစ်ချိန်တွင် ပြန်လည်လက်စားချေရန်
အတွက် ချိန်နေခြင်းပေလား။ သံသယတို့

…ဖြင့် နေ့တိုင်း သန်းဇော် သတိကြီးစွာ
…ထားနေခဲ့ရသည်ပင် အလုပ်တစ်ခု၊
…အချိန်ကြာလာတော့လည်းမေ့မေ့လျော့
…လျော့ ပေါ့ပေါ့တန်တန်၊ နိစ္စဓူဝ အလုပ်
…တို့နှင့် နပန်းလုံးနေရသည်ပင်၊

သန်းဇော်ထက်အကြီးအိမ်ထောင်
…ကျသူ၊ အစ်မက ဈေးတွင် ငါးရောင်းရ
…သည်၊ အိမ်ပြန်မှ ချက်ရ၊ ပြုတ်ရမို့
…အသီလင်တ၊ ကလေးများအဖို့ ဆာ
…လောင်လောင်ရှိလျှင် သန်းဇော်အိမ်ပေါ်
…တက်လာကြမည်ဖြစ်၏။ မနက်ပိုင်းက
…င် သူ့သမီး၊ ငယ်လေးမှာ ကိုယ်တွေ ပူ
…နေသည်၊ မိခင်ဖြစ်သူကလည်း စားရေး
…ရှိနေ၍ အလုပ်ပျက်မခံနိုင်၊ တစ်နေ့
…အလုပ်မလုပ်လျှင် တစ်နေ့ ခက်မည်
…တွက်ပါလား။

"မောင်လေးရယ် – မင်းတူမလေး
…ကြည့်လိုက်ပါနော်"

သို့ဖြင့် အိမ်မှာ အားအားစားစား
…နေသူ သန်းဇော်ကို တာဝန်လွှဲခဲ့ပြီး ဈေး
…သို့ ကြောင့်ကြောင့်တန်းတန်း သွားနိုင်ခဲ့
…သည်။ တစ်နေ့ခင်းလုံးကလေးကို ဆေး
…တိုက်၊ ဆန်ပြုတ်တိုက်လုပ်နေသော်
…လည်း တလေးကမလန်း။ ကိုယ်ပူရှိန်မှာ
…မကျ၊ ခက်တော့နေပြီ၊ သန်းဇော်
…စားရတော့သည်၊

(မပေါက်စ သားကလေး…သို့နှင့်
ဖြစ်စဉ်က ဆေးရုံသို့ ပို့ဖူးခဲ့ခြင်းပါ)

"နည်းနည်းစောပြီး ဆေးရုံရောက်
လို့ပေါ့ဗျာ၊ ခုလို သွေးလွန်တုပ်ကွေး
ရောဂါဆိုတာ ကြောက်စရာဗျ၊ နောက်
ကျရင် ကလေးအတွက် စိုးရိမ်ရတယ်၊
အချိန်မီကုသဖို့ လိုအပ်တယ်ဆိုတာ
မိဘတွေ သိထားရင် ပြီးပါပြီ"

ဆေးရုံတာဝန်ကျဆရာဝန်စကား
မှာ သူ့နားထဲကမထွက်၊ ဆရာဝန်
ဆရာမများ ကုသနိုင်စွမ်းရှိလင့်ကစား
(အချိန်မီ ပို့ပေးရန် လိုနေပါသည်။) သူ့
တူမလေးဖြစ်ပုံနှင့် မပေါက်စသားလေး
အဖြစ်တို့မှာ တူနေ၏။ သူတို့တွေ ပေါ့
မနေသင့်ပြီ၊ ဆေးရုံသို့သွားရန်အတွက်
မီးရထားလမ်းနှင့် စက်ကွင်းမြင်ကိုဖြတ်
ရမည်၊ သူတို့ရပ်ကွက်အကျယ်အဝန်းတ
မရှိလှပါ၊ သို့တိုင် ဆေးရုံရောက်ဖို့ မိနစ်
နစ်ဆယ်လောက်တော့ လျှောက်ရပေ
မည်၊ ကတ္တရာလမ်းအတိုင်းသွားလျှင်
ပို၍ဝေးနိုင်သည်၊

"ကဲ – မမ – နင်အိပ်ရာလိပ်မြင်ကြီး
လိုတာတွေ ယူခဲ့၊ ငါ ကလေးချီပြီး ဆေး
ရုံသွားနှင့်မယ်၊ ပိုက်ဆံလေး၊ ဘာလေး
ဆွဲခဲ့ဦး၊ ငါ့ရှိတာတော့ ငါယူသွားမယ်၊
လိုက်ခဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com

ညနေစောင်းရောက်မဆိုက် ဈေးမှပြန်လာသူအစ်မကိုပြောပြီး ကလေးကိုစောင်နှင့်ပတ်၍ ပွေ့ချီကာ အပြေးတစ်ပိုင်း အိမ်မှထွက်သွားသည်။ သူသွားနေသည်က မြစ်လမ်းအတိုင်း မီးရထားလမ်းလျှောက်မိတာတည်းက သူ့နောက်မှလူတစ်ယောက်လိုက်လာသည်ကို သတိပြုခဲ့မိသော်လည်း ကလေးဖေကြောင့်သူတို့ရှု မှုမနေနိုင်တော့။ အချိန်ကမှောင်မိုက်နေ၍ မြို့ထိပ် စက်ကွင်းအစပ်တွင် သူတို့မီလာကြပါပြီ။ သူတို့လက်ကလွတ်ဖို့ သန်းဇော်တလေးကိုပွေ့ပြီးပြေးနေမိသည်။ သန်းဇော် လူချင်းယှဉ်ရန်လုံးဝမခံ့ကြောက်ပါ။ သို့သော် သူ့လက်ထဲမှာရှားနေသော ကလေးတစ်ယောက်က ရှိနေဆဲ။ ဒီကလေးကို အထိမခံနိုင်။ သူတို့ထံ၌ သေနတ်ဆွဲမို့ လူကောင်းနှင့်လူယှဉ်မပြေးနိုင်စွမ်းရှိ။ သူလျှောက်လှမ်းနေရာမှ ငဲ့စောင်းကြည့်လိုက်ရာ ဝင်းလက်နေသည့် ဓားသွားများ၊ အန္တရာယ်အငွေ့အသက်တို့ကို ရှူရှိုက်မိပါပြီ။ သူ့အတွက်မဝေးတော့သည့်ဘေးရန်တွေ၊ ကြောမတင်ဓားသွားတို့က သူ့ဆီဝင်လာ၏။ တွန့်ကာလိမ်ကာရှောင်နိုင်သည့်တိုင် တစ်ချက်ကောင်း၊ နှစ်ချက်ကောင်း ဓားချက်တို့က သူ့ခန္ဓာကိုယ်မှာ စူးနစ်ဝင်သွားသည်။ ဓားနှင့်ထိုးသူများ ဆက်မလိုက်ပဲ ပြန်သွားကြခြင်းကပင် သူ့အတွက် ကံကောင်းခြင်းတစ်ရပ်။ သွေးတို့ဒလဟောစီးဆင်းလာသဖြင့်ကလေးကိုအသာချ၍ ကလေးစောင်ဟောင်းကိုတစ်ဝက်ဆုတ်ဖြဲပြီး ပတ်စီးလိုက်သည်။ ထို့နောက် စောင်ငယ်ဖြင့် ကလေးထွေးကာ ဆေးရုံအရောက် အားခဲသွားခဲ့၏။ ဆေးရုံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ပြီး အဝင်အဝ (အရေးပေါ်ဌာန)တွင် ကလေးကိုဆရာမများလက်တွင်းထည့်ပေးနိုင်ခဲ့ပါသည်။ ကလေးနာမည် မိဘအမည်နှင့် နေရပ်လိပ်စာ မေးသောအခါ သန်းဇော် မဖြေနိုင်တော့ ...။ ငေးတိငေးကြောင် မလှုပ်မယှက်၊

"ဟာ - ဒီလူမှာလည်းဒဏ်ရာတွေနဲ့ပါလား"

"ဟုတ်တယ် - သွေးတွေ ထွက်နေတာလည်း မနည်းဘူး"

တာဝန်ကျဆရာ၊ ဆရာမတို့အသံမှာ သန်းဇော်နားထဲ သဲ့သဲ့လေး ဝင်လာ၏။ သူ့ကိုယ်သူ မဟန်နိုင်ပဲ ခွေလဲကျသွားခဲ့ခြင်းသည် သန်းဇော်အဖို့ နောက်ဆုံး၊ သစ္စာလောကကြီးတစ်ခုလုံး ပိန်းပိတ်အမှောင်ဖုံးမသွားမီကာလ။

"သန်းဇော် - ညက ဓားထိုးခံရလို့ဆိုတာ သေတမ်းစစ်ချက်တောင် ယူသွားကြတဲ့။ အခြေအနေ သိပ်မကောင်းဘူး။ ... လည်း ဆေးရုံမှာ ..."

နံနက်လင်းစ ကြားရသည့်အရပ်သတင်းကြောင့်လမ်းလျှောက်ထွက်ရင်း ... သွားမိသည်။ သန်းဇော်နှင့် တရင်း... နှီးမဟုတ်သော်လည်း ရပ်ကွက်တူ ... မြင်နေကျ၊ တွေ့နေကျ။ တစ်ခါ၊ နှစ်ခါ အလုပ်အပ်ဖူးရာမှ တခင်တမင် ဖြစ်သွားသည်။ စနစ်တကျ သေသေသပ်သပ် လုပ်တတ်သူတစ်ယောက်။ လူဆိုးကလေးဟု နာမဝိသေသနပြုထားသည့်အတိုင်း စိတ်ရင်းကောင်းသူပါ။ မည်သို့မည်ပုံ ဆိုးခဲ့သည်မသိ၊ သူ့အကြောင်း (အကြား)သတင်းများသာရှိသည်။

သန်းဇော် အပေါင်းအသင်းတစ်ယောက်နှင့် ဆေးရုံကြီးအဝင်ဝတွင် ဆုံမိကတည်းက အကြောင်းစုံ သိခဲ့ရပြီး ... သန်းဇော်ကို ဆေးရုံစုတင်ပေါ်ရှိ သင်... လေးအခင်းထက်ညစ်ထေးနေသော ...ခေါင်းအုံးပေါ် အိပ်စက်လျက်ဖြင့် တွေ့လိုက်ရသည်။ သူခြုံထားသည်မှာစောင်... ဟောင်းလေးတစ်ထည်၊ စောင်အောက်တွင် ပတ်တီးတို့ ရှိနေပေမည်။

"သန်းဇော် - ဆရာလာတယ်လေ"

သူ့သူငယ်ချင်းပြောလိုက်သံကြောင့် သူ့မျက်လုံးများ ပွင့်လာသည်။ သူတို့အားလုံး (စာရေးသူ)ကို နှုတ်တချီနေသော အခေါ်အဝေါ်တစ်ရပ်ကြောင့်သာ မည်သူမည်ဝါဟုသိသွားခြင်းဖြစ်သည်။ သူ့မျက်လုံးများက အရောင်မတောက်ပ။

"မောင်သန်းဇော် - နေကောင်းတယ်နော်"

"ဟုတ်ကဲ့"

သူ၏ တိုးညင်းသော တုံ့ပြန်သံနှင့် ယှဲ့ယှဲ့အပြုံးကို အားမရ၊ သွေးထွက်များခဲ့သဖြင့် သူ့မျက်နှာမှာလည်း ဖြူဖပ်ဖြူရော်။ သွေးတစ်ပုလင်းက ချိတ်ဆွဲထားဆဲ။

"နို့ - နေပါဦး။ အဲဒီအချိန်မှာနေဝင်သေးတော့ မင်းကို ဓားနဲ့ ထိုးတဲ့လူတွေကို မမြင်ဘူးလား၊ ရဲမှာထွက်တာ လူမမြင်ဖူးပါဘူး။ မမှတ်မိဘူးဆို တကယ်ပဲလားကွာ"

သန်းဇော်အပြုံးတွင် လျှို့ဝှက်နက်ရှိုင်းမှုများ ပြွမ်းတီးရောပါနေခြင်းတို့မြင်နေရ၏။

"ဆရာ ..."

"ပြောပါ - မောင်သန်းဇော်"

"လူမိုက် ဆိုတာ လောကကြီးအတွက်အသုံးမဝင်သူတွေကောင်းတချို့

www.burmeseclassic.com

ပြောသူတွေပါ။ တကယ်တမ်း သူများကို လုပ်ရုံရင်ခံရမယ်လေ၊ မိုက်တဲ့အတွက် လောကကြီးရဲ့ ဒဏ်ခတ်ခြင်းတွေ မို့ ဆေးပါဘူး။ ကိုယ့်အတွက် မြေမလွဲခံ ရမှာထက် တစ်ဖက်သားကို ဒုက္ခမပေး ခဲ့တာတ မကောင်းဘူးလား။ ကျွန်တော် တော့ ဒီအတိုင်း ယူဆပါတယ် – ဆရာ"

နည်းကြီးအားယူ စကားပြောပြီး ဆေနေရုံရသည်။ သူ့ကို စကားမဆက် စေချင်

"အေး – အေး – နေကောင်းအောင် ကြိုးစားနော်၊ ဆရာ – သွားမယ်"

သူ့အစ်မလက်တွင်းသို့လိုအပ်သမျှ သုံးစွဲနိုင်ရန် အိတ်တွင်း အသင့်ပါလာ သော ငွေနှစ်ထောင်ထည့်ခဲ့ပြီး ဆေးရုံမှ

ပြန်ခဲ့သည်။ မောင်သန်းဇော်၏ အပြုံး ကလေးမှာ အားအင်မပါ၊ သူ့အတွက် အခြေအနေ မကောင်းသည်မှာအမှန်။

ထိုနေ့ နေ့လယ်နှစ်နာရီတွင် မောင် သန်းဇော် ဆုံးကြောင်း သိလိုက်ကြရ၏။ သူ့အလောင်းကို ပြင်နေစဉ် သိတတ်စ ကလေးများငိုနေကြသည်။ သူ့ဝှူမလေး သူ့ကြောင့် နေထိုင်ကောင်းသွားပြီကို သူ သိနိုင်တော့မည်မထင်၊ သူက တမလွန် ရောက်သွားပြီလေ။ မောင်သန်းဇော် အသုဘမှာ မမျှော်လင့်ဘဲ လူစည်ကား သည်၊ အများပြောခဲ့၊ သတ်မှတ်ခဲ့သူ အမှောင်ထဲက အမိုက်၏ နလုံးသား နောက်ကွယ်မှာ (လူမသိ၊ သူမသိ) အလင်းစလေးတစ်ခုမှာကား ...။

သဗ္ဗေသဗ္ဗာကာမ္မသာကာ

➳ မျိုးသ



## မြန်မာဆေးမြီးတိုများ

**မျက်ခန်းစပ်ရောဂါ**


● ကြိတ်မှန်ရွက်ယို ဆေးစားပါ။

**မျက်စိစွန်**

● ဝဲချိုအရွက်စိမ်းအရည်ညှစ်၍ ခတ်ပါ။ လိမ်းပေးပါ။

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

ငွေဖြင့် စက်၍
နိုးငါးအသက်ကို ကယ်ယူရမည်
ဖြစ်သော်လည်း ငွေထုပ်သည်
မမျှော်လင့်ဘဲ လုယူခံရသောအခါ..

မောင်မောင်သက်သည်..

ရင်တွင်း၌ရှိသော အသွေးလုံးတစ်ခု အနည်းငယ် ပြေလျော့သကဲ့သို့ ခံစားရသည်။ ဘတ်စ်ကားပေါ်မှဆင်းပြီး လမ်းဘေးတစ်လျှောက်လာသည်။ လူအများတိုး ရှေ့သဖြင့် ညာလက်မှအိတ်လေးကို ဘယ်လက်သို့ ပြောင်းကိုင်လိုက်သည်။ ၎င်းအိတ်လေးထဲတွင် ငွေသုံးသိန်းခွဲရှိသည်။ နီတာ၏ နားတွဲလေးနှင့် ဆွဲကြိုးကိုရောင်းသည်။ မိတ်ဆွေတစ်ဦးထံမှ အတိုးနှင့်ချေးယူလာသောငွေတစ်သိန်းနှင့် ရောပေါင်းပြီး ထည့်လာခြင်းဖြစ်သည်။

၎င်းငွေသည် ရှိသူအဖို့ မုန့်ဖိုး၊ ဝမ်းတောဘယ်စာမျှသာ ဖြစ်သော်လည်း မောင်မောင်သက်အဖို့ အသက်ကယ်ဆေးပင် ဖြစ်သည်။ ၎င်းငွေဖြင့် ဇနီးသည်၏ရောဂါအတွက် ခွဲစိတ်ခန်းဝင်ရန် တင်ရပေမည်။

"ဟိတ်"

မောင်မောင်သက်က အလန့်တကြားအော်ရင်း အပြေးလိုက်သည်။ အနီးကပ်လိုက်လာသော ဆိုင်ကယ်တစ်စီးက မောင်မောင်သက်လက်မှငွေအိတ်ကို ဆွဲလုသွားခြင်းဖြစ်သည်။ မောင်မောင်သက်က သွေးရူးသွေးတန်း ပြေးလိုက်သည်။ ဆိုင်ကယ်ပေါ်ပါရှိသောလူနှစ်ဦးအနက် နောက်လူကငွေအိတ်လေးကို လှုပ်ခါပြပြီးသွားသေးသည်။ ဆန့်ကျင်ဖက်မှ ကျော်တက်လာသော ကားတစ်စီးကို ရှောင်ရင်း တိုက်မိမည့်ကဲ့သို့ ဖြစ်သွားသည်။ သို့သော် လွတ်လွတ်ကျွတ်ကျွတ် ဆက်မောင်းသွားနိုင်သည်။ တုံးကိုက်ကိုက်၊ ကျားကိုက်ကိုက် အသက်ကို ပဓာနမထား အပြေးလိုက်သော်လည်း လူနှင့် စက်မှာ ကြာလေ အလှမ်းကွာလေဖြစ်သွားသည်။ တစ်မှ ... ခန့် လိုက်ပြီးသောအခါ မောဟိုက် ... သဖြင့် ရပ်လိုက်ရသည်။

"သွားပြီ – သွားပြီ – နီမာရယ်"

။။။

နီနီမာသည် ဆေးခန်းအိပ်ရာ ... မှ ခင်ပွန်းသည်အလာကိုမျှော်နေမိ ... တစ်နာရီခန့်ကြာမှ မောင်မော ... ဝင်လာသည်။ နီနီမာသည် ခင်ပွန်းသည်မျက်နှာကို မြင်သည်နှင့် ပြုံးမျော် ကြည်နူးသွားသည်။ မိမိခံစားနေရသောဝေဒနာကိုပင် မေ့လျော့သွားသကဲ့သို့ ရှိသည်။ နီနီမာ၏စိတ်တွင် ခင်ပွန်းသည်၏ မျက်နှာမှာညှိုးငယ်သကဲ့သို့ထင်မိသည်။ အနီးရောက်မှ မျှော်လင့်ချက်ဖြင့် မေးမိသည်။

"အဆင်ပြေရဲ့လား – အစ်ကို"

မောင်မောင်သက်သည် နီနီမာ၏ လက်လေးကို ဆုပ်ကိုင်ထွေးညှစ်ရင်း မျက်ရည်ကျမိသည်။ နီနီမာကဖြစ်စဉ်ကိုမသိ ... ခင်ပွန်းသည် မျက်ရည်ကျသဖြင့် စိတ်မကောင်းဖြစ်ပြီး မျက်ရည်ဝိုင်းမိသည်။ အတန်ကြာမှ မောင်မောင်သက် ... ပြောပြသည်။ စိတ်မကောင်းသော် ... သည်းပြုံးပြီး မောင်မောင်သက်၏လက် ... လေးကို ဖွဖွလေးဖျစ်၍ အားပေးသည်။ ... မောင်မောင်သက်သည် တစ်သက်နှင့် ... ဘစ်ကို ယုံ့ မြဟုတ်မမှန် မလုပ်မှန်း ... ကြွင်းမဲ့ ယုံသည်။ ထို့ကြောင့် ပြော ... သည်။

"ကံကြမ္မာပေါ့ အစ်ကိုရယ်၊ ဒီဆေး ... ဆင်းပြီး ဆေးရုံပြကြတာပေါ့၊ ... ဆင်ပြေမှာပါ၊ စိတ်မကောင်းမဖြစ်ပါနဲ့နော်၊ နီနီ – တောင်းပန်ပါတယ် အစ်ကိုရယ်"

မျက်နှာမဲ့လူနာဇနီးသည်ကိုတွဲ၍ ဆေးရုံဆင်းရန် ပြင်သည်။ လိုအပ်သည်များပြင်ဆင်ပြီး ဆင်းလာစဉ် ဆေးခန်းပိုင်ရှင်က ရှင်းရန်ရှိသော အခန်းခနှင့် အခြားဝန်ဆောင်စရိတ်များကို တောင်းသည်။ မောင်မောင်သက်က ထပ်မံချေးငှားရန်လည်း မဖြစ်နိုင်သဖြင့် ဖြစ်စဉ်ကို ရှင်းပြတောင်းပန်သည်။ ဆေးခန်းပိုင်ရှင်ကလူတစ်ဦး၏ တန်ဖိုးကိုပင်အသိအမှတ်မပြုလေဟန် ပက်ပက်စက်စက်ပြောသည်။ ငွေမျက်နှာကိုသာကြည့်ပြီး ရက်ရက်စက်စက် ဆက်ဆံသည်။

"ဘယ်လိုဖြစ်ကြတာလဲဗျာ"

မောင်မောင်သက်က မိမိ၏ အားနည်းမှု ခေါင်းငုံ့နေရာမှ ကြည့်မိသည်။ ၎င်းဆေးခန်းတွင်လာနေကျသမားတော်ကြီးဖြစ်သည်။ အသက်ငါးဆယ်ခန့် ရှိသော်လည်း ယဉ်ကျေးသိမ်မွေ့သည်။ မောင်မောင်သက်က ဖြစ်ကြောင်းကုန်စင် ရှင်းပြသည်။ သမားတော်ကြီးက ကြင်နာစွာ နားထောင်သည်။ နီနီမာကိုလည်း သေသေချာချာ စစ်ဆေး ... ပြီး ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

"သူပေးရမယ့် စရိတ်တွေ ကျွန်တော်ရှင်းပေးပါ့မယ်၊ သမီးကဆေးရုံကြီးရောက်တဲ့အခါမှာ သွားပြပါ။ စာရေးပေးလိုက်ပါ့မယ်၊ အမြန်လုပ်ဖို့ လိုတယ်နော်"

သမားတော်ကြီးက စာရေးနေစဉ် မောင်မောင်သက်က သမားတော်ကြီးကို ကျေကြိမ်ကြိမ် ဦးချမိသည်၊ နီနီမာက လှုပ်ရှားနိုင်သဖြင့် လက်အုပ်ချီလျက် မျက်ရည်ဝဲနေလေသည်။

■

ဆေးရုံတွင် ချစ်ဖနီး နီနီမာ ကွယ်လွန်သွားပါသည်၊ အလာကောင်းသော်လည်း အခါနှောင်းသွားပြီမို့ ဆေးရုံဝန်ထမ်းများက ကြိုးစားပြုစုသော်လည်း မရခဲ့ပြီ၊ မောင်မောင်သက်က ချစ်ဖနီး ဆုံးရှုံးသည့်အတွက်ရင်ထုမနာဖြစ်မိသည်၊ မိမိသေသာ မကောင်းသည်မို့ သည်းအူပြတ်မတတ် ခံစားရသည်၊ နာရေးကိစ္စဆောင်ရွက်ပြီးဖြစ်သော်လည်း ဆွေးမပြေ ဖြစ်ရသည်၊ တစ်လလား၊ နှစ်လလား၊ သုံးလလား မဟုတ်သေးချေ၊ အချိန်ရှိသရွေ့ရင်နာနေမိသည်၊

ထိုကာလအတွင်း မောင်မောင်သက်သည် အရက်ဆိုင်ပေါင်းစုံ၊ လမ်းပေါင်းစုံ၊ လက်ဖက်ရည်ဆိုင်ပေါင်းစုံ၊ ရပ်ကွက်ပေါင်းစုံကို အရူးသဖွယ် စုန်ဆန်လျှောက်သွားနေမိသည်၊ လက်တွင်းမှ လုယူသွားသော ငွေအိတ်လေးကို လှုပ်ခါပြသွားသူကား ပိုနီတေးဆံပင်နှင့်ဖြစ်သည်၊ ဆံပင်များကို သားရည်ကြိုးတစ်ပင်နှင့် စုချည်ထားသည်၊ မျက်နှာကားသေးတစောင်း အနေအထားမို့ ပိုးတဝါးဖြစ်နေသည်၊

မောင်မောင်သက်က စားဝတ်နေရေးအတွက် ရရာကျပမ်းအလုပ် လုပ်ရသေးသည်၊ တစ်ဦးတည်းမို့ ဝင်ငွေကောင်းရာလိုက်လျှင် ရည်မှန်းချက်နှင့် ဝေးကွာမည်၊ ထို့ကြောင့်ဆိုင်ကယ်ကယ်ရီဆွဲသည်၊ နီနီမာ တိမ်းပါးပြီးနောက် ခြောက်လခန့် ကြာသွားသည်၊ မောင်မောင်သက်လည်း ကျွမ်းကျင်သောဆိုင်ကယ်သမား ဖြစ်လာသည်၊ ဆိုင်ကယ်သမားတစ်ယောက်၏အားသာချက်များကို သိသကဲ့သို့ အားနည်းချက်များကိုလည်း လေ့လာထားသည်၊ ရည်မှန်းချက်မပြည့်မီ မိမိမခံရအောင်လည်း ဂရုတစိုက် နေရသည်၊

ထိုနေ့က မိုးရွာသဖြင့် ဝင်ငွေမကောင်းချေ၊ ခရီးသည်ကြဲပြီး အများစုကဘတ်စ်ကားစီးသူ၊ကြားကားစီးသူများဖြစ်ကြသည်၊ ခိုက်ခိုက်တုန်ပြီး ချမ်းစိမ့်စိမ့် ဖြစ်လာသောကြောင့် ဈေးနာမှုမရှိစေရန် မောင်မောင်သက်ကယစ်မျိုးရည်ဆိုင်တစ်ခုသို့ ဝင်လိုက်သည်၊ သူလိုကိုယ်လို စားသောက်သူက အများသားဖြစ်သည်၊ စားပွဲများတွင် လူပြည့်နေသဖြင့် လူမရှိသော အလယ်တည့်တည့် စားပွဲတစ်ခုတွင် ထိုင်လိုက်သည်၊ ရမ်နှစ်ပက်နှင့် ကြက်ဥကြော်မှာပြီး ဟိုကြည့်သည်ကြည့်ဖြင့် ကြည့်နေမိသည်၊

"ဆွဲစားရတာ အဆင်မပြေပေမဲ့ ဒါက အဆင်ပြေတယ်ကွ၊ ဒါပေမဲ့ – နည်းတယ်၊ ခုနစ်ပုလင်းကျော်ပဲ ပါတယ်"

"ပါသလောက် ပေါ့ကွာ၊ ဒီနေ့အတွက် အဆင်ပြေတာပေါ့၊ မင်း ဘာလုပ်လိုက်လဲ"

"ကန်ချခဲ့တာပေါ့၊ လမ်းဘေးဗွက်ထဲ ကျသွားတယ်၊ အချိန်တန် လူးလဲထသွားမှာပါကွာ"

ငေးနေရာမှ မောင်မောင်သက်က နောက်ပိုင်းက လာသည့်စကားသံကို စိတ်ဝင်စားမိသည်၊ လှည့်ကြည့်လိုသော်လည်း မကြည့်ပေ၊ စိတ်ကို ချုပ်တည်းပြီး ငြိမ်သက်စွာထိုင်နေမိသည်၊ မောင်မောင်သက်က ရမ်နှစ်ပက်ကို ရေနှင့် ဖျော်ပြီး မျိုချလိုက်သည်၊ ကြက်ဥကြော်ကြော်ကို စားရင်း နားစွင့်မိသည်၊

"ဒီကပြီးရင် "ရွှေရင်အေး" တို့ သွားမယ်၊ နေဦးက – ကြိုပြီး ချိတ်လိုက်ဦးမယ်"

အတန်ကြာ ရပ်သွားပြီး လက်ကိုင်ဖုန်းနှိပ်သံ ကြားရသည်၊

"မိုးဖွန်လား – ငါပါ၊ ချိတ်ထားပေးကွာ – ထုံးစံအတိုင်း လာခဲ့မယ်၊ နောက်တစ်နာရီဆို အဆင်ပြေမလား – အိုကေ"


နောက်မှ အသံရပ်သွားစဉ် မောင်မောင်သက်က စဉ်းစားသည်၊ "ရွှေရင်အေး" ဆိုသည်မှာ တည်းခိုခန်းအမည်ဖြစ်သည်၊ သူ့အဆက်အသွယ်နှင့် သူ ချိတ်ဆက်ခြင်းဖြစ်မည်ဟု တွေးမိသည်။ မောင်မောင်သက်က ကုန်လုလုဖြစ်နေသော အရက်ခွက်ကိုကြည့်ပြီး နောက်နှစ်ပက် မှာယူလိုက်သည်၊ သောက်ရင်း အချိန်ကို စောင့်နေမိသည်၊ သည်နှစ်ပက်ကုန်သည်အထိ ကြာမည်မထင်တာ မှန်းဆပြီး ကျသင့်ငွေကို ကြိုတင်ရှင်းထားလိုက်သည်၊

"ကဲ – လစ်စို့ – အခုဆို ရောက်လောက်ပြီ၊ ဟိုမှာ နားကြမယ်၊ ဟေ့ – ငွေတိတ် ငွေရှင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



အသံနက်ကြီးဖြင့် အော်စဉ်
ဆိုင်ကယ်က ကျော်တက်ပြီး
နှစ်ယောက်စီးလာသော ဆိုင်ကယ်
ရှေ့ဘီးအကြားသို့ သံတူးရွင်းကို
ထိုးသွင်းလိုက်သည်။ ဘရိတ်
ဖမ်းသော်လည်း နောက်ကျသွားပြီ
ဖြစ်၏။ ရှေ့သို့ ကျွမ်းပစ်သွားပြီး
ဆိုင်ကယ်သမားနှစ်ယောက်မှာ
လွင့်စဉ်ထွက်သွားသည်။
တုံးလုံးပက်လက်မှ မထနိုင်မီ
ဆိုင်ကယ်က ပြန်လှည့်လာသည်။

မောင်မောင်သက်က တစ်ချက်လေးမျှ လှည့်မကြည့်ချေ။ သူ၏ အရက်ခွက်တိုသာ ခပ်ဖြည်းဖြည်း သောက်နေသည်။ လူနှစ်ဦးက သူ၏စားပွဲအနီးမှ ဖြတ်ထွက်သွားသည်၊ ဗလကောင်းတောင်း၊ ပိန်ပိန်တေးဆဲပင်နှင့် လူတစ်ယောက်၊ ခပ်သွယ်သွယ်လူတစ်ယောက် ဖြစ်လေသည်။ မောင်မောင်သက်က နောက်မှထထွက်လာခဲ့သည်။ ပြင်ပတွင် မိုးက ခပ်ဖွဲဖွဲလေး ရွာနေဆဲပင်။ မောင်မောင်သက်ကသူ၏မိုးကာဂျာကင်ခေါင်းစွပ်ကို အုပ်လိုက်သည်၊ သူ၏ဆိုင်ကယ်သို့ လျှောက်သွားရင်း ငဲ့ကြည့်မိသည်။ ထိုလူနှစ်ဦးက ဆိုင်ကယ်ဖြင့် လမ်းမကြီးဘက်သို့ ဦးတည်ထွက်သွားလေပြီ။

တစ်လခန့် နောက်ယောင်ခံလိုက်သည့်အခါ မောင်မောင်သက်က ထိုသူနှစ်ဦး၏ နေအိမ်၊ အလေ့အကျင့်၊ လုပ်နည်းလုပ်ဟန်၊ စားကျက်နယ်မြေ ဝင်နည်းထွက်နည်းတို့ကို အလွတ်နီးပါး ရလေသည်။ မောင်မောင်သက်က စိတ်တိုင်းကျကျေနပ်သည့်အခါ ဆိုင်ကယ်စီးဦးထုပ်တစ်လုံးကို ဝယ်ယူသည်။ ဂျင်းဘောင်းဘီရှည်၊ တီရှပ်၊ ဂျာကင်အင်္ကျီတို့ကို ဝတ်ဆင်ပြီး စိတ်ကြိုက်နေရာ စိတ်ကြိုက်အချိန်၊ စိတ်ကြိုက်အနေအထားမြင်စောင့်ကြည့်သည်။ သူ့ဆိုင်ကယ်တွင် သံတူရွင်းအတိုတစ်ချောင်း အမြဲပါလေသည်၊

မိုးက ဖွဲဖွဲသာ ရွာသည်မို့ လူသွားလူလာမစဲပေ။ သို့သော်ကြဲပါးလေသည်။ သီတာသိမ့်သည် ကားမှတ်တိုင်မှ ဆင်းသည့်အခါ အိမ်ရှိရာလမ်းသို့ အရောက်အတော် ပြန်လျှောက်ရသည်၊ မိမိအိမ်တာလည်း ကားမှတ်တိုင်နှစ်ခု အကြားဖြစ်နေသည်၊ မိုးရွာပြီး လူပြတ်သဖြင့် သတိထားသွားရသည်။ ညကိုးနာရီခန့်သာရှိသော်လည်းမီးကမလာချေ။ သည်နေရာက နေ့အချိန်ဆိုလျှင် လူစည်ကားသောနေရာဖြစ်သည်၊ ယာဉ်အသွားအလာရှင်းပြီး လူအသွားအလာ ကင်းမဲ့နေသည်၊ သည်နေ့က အချိန်ပိုဆင်းရသဖြင့် အလုပ်နောက်ကျသည်၊ မိုးရွာသဖြင့် မေမေတို့ လာမကြိုခြင်း ဖြစ်ပေသည်။

လမ်းကို ဖြတ်ကူးမည်ကြံစဉ် ဆိုင်ကယ်တစ်စီးက မီးထိုးပြီး တိုးဝင်လာသည်၊ စောစောက သည်ဆိုင်ကယ်ကို မတွေ့ရချေ။ ယခုမှ ဘယ်က မီးထိုးပြီး ထွက်လာသည်မသိ၊ သီတာသိမ့်က သတိထားစောင့်ကြည့်ရင်းရပ်နေသည်။ ဆိုင်ကယ်က အရှိန်နှင့် မောင်းလာပြီး သီတာသိမ့်အနီးတွင် ရပ်လိုက်သည်။ သီတာသိမ့်က သတိထားနေစဉ် ဆိုင်ကယ်နောက်မှပါသူကလက်ပွေ့အိတ်ကို ဆောင့်ဆွဲလုယူသည်၊ ထို့နောက် နား ကပ်တစ်ဖက်ကို ဆွဲဖြုတ်ရာ နာလွန်း သဖြင့် အော်မိသည်၊

"အား - နာတယ် - ကယ်ကြပါရှင့်
ဟောဒီမှာ လုနေ"

သီတာသိမ့်၏အော်သံမဆုံးမီ ဆိုင်ကယ်က မောင်းပြေးသွားသည်။ ထိုစဉ် လမ်းကြားတစ်ခုမှ ဆိုင်ကယ်တစ်စီး ထွက်လာသည်၊ မီးထိုးပြီး ထိုဆိုင်ကယ် နောက်သို့ အပြင်းလိုက်သည်။ ထိုဆိုင် ကယ်စီးသူမှာ တစ်ဦးတည်းဖြစ်ပြီး ဆိုင် ကယ်စီးဦးထုပ်ဆောင်းထားသဖြင့် သူမှန်း မသိရချေ။ ဆိုင်ကယ်နှစ်စီးမှာ ရှေ့ဆင့်နောက်ဆင့်အပြိုင်ပြေးနေ လည်း နောက်ဆိုင်ကယ်က စက်အား ကောင်းသည်ဟု ထင်သည်၊ တဖြည်း ဖြည်း နီးသွားသည်ကို တွေ့ရသည်၊

အရှိန်နှင့် မောင်းလာသော ဆိုင် ကယ်မှာ နီးလာသဖြင့် သို့လု၏လမ်းတို

www.burmeseclassic.com

ဝိတ်ပြီး ဖြတ်မောင်းသည်၊ ထိုလူက အရှိန်လျှော့ပြီးလမ်းဘေးသို့မဆင်းချေ။ ထည့်ထည့်ဝင်ပြီး တိုက်ရန်ပြင်သည်၊ နှစ်ယောက်စီးဆိုင်ကယ်နောက်မှလူက ဘေးရှိ ဆိုင်ကယ်ကို ဆောင့်ကန်လိုက်သည်။ တက်လာသည့်ဆိုင်ကယ်ကကြိုတင်မျှော်တွေးထားဟန်ဖြင့်ခြေထောက်တို့ သံတူရွင်းဖြတ်ရိုက်လိုက်သည်။

"အား"

အသံနက်ကြီးဖြင့် အော်စဉ် ဆိုင်ကယ်က ကျော်တက်ပြီး နှစ်ယောက်စီးလာသော ဆိုင်ကယ်ရှေ့ဘီးအကြားသို့ သံတူရွင်းကို ထိုးသွင်းလိုက်သည်။ ဘရိတ်ဖမ်းသော်လည်းနောက်ကျသွားပြီဖြစ်၏။ ရှေ့သို့ ကျွမ်းပစ်သွားပြီး ဆိုင်ကယ်သမားနှစ်ယောက်မှာ လွင့်စဉ်ထွက်သွားသည်၊ တုံးလုံးပက်လက်မှ မထနိုင်မီ ဆိုင်ကယ်က ပြန်လှည့်လာသည်။

အရှိန်တင်မောင်းလာပြီး ပထမဦးစွာ ဆိုင်ကယ်မောင်းသူ၏ ဒူးနှစ်ဖက်ကို ဖြတ်နင်းသွားသည်၊ ဆိုင်ကယ်သမားက နာကျင်စွာ အော်၍မဆုံးမီ ပြန်လှည့်လာသည်၊ လက်ပွေ့အိတ် လုယူသူသည် ဖင်ရွှေ့ဖင်ရွှေ့ဖြင့် လမ်းပေါ်မှ ဆင်းရန် ကြံသည်၊ ဆိုင်ကယ်က အေးဆေးစွာ မောင်းလာသည်။ မနီးမဝေးတွင် အရှိန်တင်ပြီး စောစောက သံတူရွင်းဖြင့် ရိုက်ထားသော ခြေထောက်၏ ခြေကျင်းဝတ်ကိုတက်ကြိတ်သွားသည်။ အသည်းခိုက်အောင် နာသဖြင့် အော်မိသည်။

တက်ကြိတ်သွားသူ ဆိုင်ကယ်သမားက ခေတ္တရပ်ပြီးကြည့်လိုက်သည်။ မည်သူမျှ မလှုပ်နိုင်မီ ဆိုင်ကယ်သမားက သူ့သံတူရွင်းကို ဆိုင်ကယ်မှ ပြန်လည်ဖြုတ်ယူသွားသည်၊ သူ့ဆိုင်ကယ်ပေါ်သို့ ပြန်တက်ပြီး တစ်ခွန်းတစ်ပါးမျှ မပြောချေ၊ ဆိုင်ကယ်စီးဦးထုပ် ဆောင်းထားသဖြင့် မည်သူမည်ဝါမှန်းမသိနိုင်မီ ထိုသူက ဆိုင်ကယ်မောင်းပြီး ထွက်သွားလေသည်။

တိုးမောင်နှင့်ခိုင်ခန့်မှာ သည်တစ်ခါ နာသည်၊ ဘာမျှမရသည့်အပြင် ထောင်နန်းစံရသေးသည်၊ သီတာသိမ့်၏ တိုင်ချက်နှင့် ရပ်ကွက်လူထု အားပေးစောင့်ရှောက်မှုဖြင့် မရှုနိုင် မကယ်နိုင် ဖြစ်ရသည်၊ နှစ်ယောက်သား ထော့ကျိုးဘဝဖြင့် ရပ်ကွက်တွင် နာမည်ပျက်စဉ် ဓားထိုးခံရသည်။

ပိုနီတေးဆံပင်နှင့် တိုးမောင်က ညအချိန် ကွမ်းယာဆိုင်သို့ သွားသည်၊ ညအဟိုသွားလာနေသော ဆိုင်ကယ်များ အနက်တစ်စီးကအနီးမှဖြတ်မောင်းသွားပြီးလက်မောင်းကိုဓားနှင့်လှီးသွားသည်၊ ခိုင်ခန့်က အရက်ဆိုင်မှ အထွက်တွင် ဆိုင်ကယ်စီးလာသော လူတစ်ဦးက ခေါင်းကို ဓားဖြင့် ထိုးသွားသည်။

ထူးခြားသည်က ထိုဆိုင်ကယ် မောင်းသူမှာ ဆိုင်ကယ်စီးဦးထုပ်မည်းမည်းကြီးဆောင်းထားသဖြင့်မမြင်ရပေ၊ သူစတည်းချရာအရပ်ကိုလည်း စုံစမ်း၍ ရချေ၊ လူခန္ဓာကိုယ်မှာ ခပ်သေးသေး၊ လူဗလံလေးဖြစ်သည်ကိုတော့ ခန့်မှန်းမိသည်၊ ရေရာသေချာမှုက မရှိဟု ထင်သည်၊

တိုးမောင်ကလည်း ခေသူမဟုတ်ချေ၊ တစ်နေ့တွင်သွေးရဲကြောင်းပြသည့် အနေဖြင့်ဆိုင်ကယ်ဦးထုပ်နှင့်လာသူကို ညအချိန်တွင် စောင့်ပြီး တုတ်ပိုင်းနှင့် ဖြတ်ရိုက်သည်၊ သို့သော် အခြားရပ်ကွက်မှကျောင်းသားလေးဖြစ်နေသဖြင့် ထောင်နန်းစံရသည်၊ တိုးမောင်ကလည်း အကွက်စောင့်သည်၊ သို့သော် သေချာသည်က သူတို့နှစ်ဦး၏ ကိုယ်လက်အင်္ဂါ မစွမ်းမသန်ဖြင့် အနေကြံသွားရသည်။

မောင်မောင်သက်သည် ဘုရားပေါ်သို့ အေးမြိမ်းစွာ တက်လာသည်၊ နီနီတာ အတွက် ရည်စူးပြီးပန်းကပ်၍ဆုတောင်းသည်၊ မောင်မောင်သက်သည် ဘုရားရှိခိုးပြီး မေတ္တာပို့ အမျှဝေစဉ် လိုက်လှဲစွာ ခံစားရသည်၊ မျက်ရည်များ ရစ်ဝဲလာမိသည်။

စေတီတော်ကို လက်အုပ်ချီ မျှော်ရင်း ငေးမောမိသည်၊ ရင်တွင်းမှာ ကွယ်လွန်သွားရှာပြီဖြစ်သော နီနီတာကို ရည်စူးပြီး တိုးတိတ်စွာ ရေရွတ်မိသည်။

"နီမာရယ် - ချစ်တယ် - အစ်ကို အသက်ရှင်သရွေ့သင်းတို့ကို စောင့်နေမယ်၊ မသေမချင်း တွေ့ရဦးမှာပါ၊ နီမာ ကောင်းရာသုဂတိ လားပါစေ"

➳ နေမျိုး



www.burmeseclassic.com

www.burmeseclassic.com

# ခေတ်သစ်စိတ်ညှို့ပညာရှင်
# ဘွန်းလေးဒိုင်း

ဟိန္ဒြဇော်



စိတ်ညှို့ပညာရှင်
တစ်ယောက်က ရွာထဲသို့
ရောက်လာပြီး တွင်းသင်းငပိုင်းကို
ပညာသင်ပေးရင်း
ဖြစ်ပေါ်လာသောဇာတ်လမ်း ..

တွင်းသင်းငပိုင်းသည် ...

အတန်းပညာမတတ်သော်လည်း ငယ်ငယ်အခါက အဘိုးအဘွားတို့၏ကျေးဇူးကြောင့်ဘုန်းကြီးကျောင်းစာသင်ကျောင်း၌နှစ်အတန်ကြာနေခဲ့ဖူးကာစာရေးတတ်ဖတ်တတ် ရှိလေ၏၊ တွင်းသင်းငပိုင်းသည် စာရေးစာဖတ် အလွန်ဖျင်း၏၊ သို့ရာတွင်ကား စိတ်ညှို့ခြင်းအတတ်ကို တော့ဖြင့်ဝါသနာပါ၏၊ သူဝါသနာပါသော စိတ်ညှို့ပညာနှင့်ပတ်သက်သောစာအုပ်များကိုမူအလွန်ဖတ်၏၊ နားမလည်သည်များကိုသူ့ထက်စာတတ်သောသူများထံ မေးမြန်း၏၊ တစ်ခါတစ်ရံရွာရှိဘုန်းတော်ကြီးထံလာရောက်လည်ပတ်တတ်သော ဧည့်သည်များအား စိတ်ပညာစာအုပ်များ မှာယူတတ်သေး၏။

စိတ်ပညာနှင့် ပတ်သက်လျှင်မူ အဘယ်သို့သောစာမျိုးမဆို ဖတ်၏၊ မှတ်၏၊ လေ့ကျင့်တတ်၏၊ တွင်းသစ်ငပိုင်းသည်ကား ရွာဘုန်းကြီးကျောင်း၏ အနောက်ဘက်ကွင်းပြင်အစပ်တွင် တဲထိုးပြီးနေ၏၊ အမည်ရင်းမှာ ငပိုင်းဖြစ်ပြီး ၎င်းနေထိုင်ရာ မြို့ပိုင်းထဲမှ ရရှိသော ရွှေရှေးသေတ္တာဟောင်းအတွင်းမှ ဝေဖူ တစ်ခုတွင်ပါရှိသော တွင်းသင်းမင်းကြီး မည်သူမည်ဝါဆိုသည်ကို ၎င်းမြို့ပိုင်းမှ ပုရပိုက်ဖတ်၍ ရရှိသောကြောင့် ၎င်းနှင့် ဆွေမျိုးတော်စပ်မည်ဟုဆိုကာထိုအချိန်မှစ၍ သူ၏အမည်ရှေ့တွင် တွင်းသင်းဟု၍ တပ်ခေါ်လိုက်တော့၏၊ သူ၏တဲနှင့် တစ်ခေါ်ခန့်အကွာတွင် ရွာ၏ သချိုင်းရှိ၏၊ သချိုင်း၏ အရှေ့ဘက်တွင်မူ ခပ်မှိုမှို ကုန်းတန်းနှင့် တောတန်းလေးရှိလေ၏။

တစ်နေ့တွင် တွင်းသစ်ငပိုင်းထံသို့ ယောဂီရောင်ဝတ်စုံ အပေါ်အောက်ထား သော အသက်ငါးဆယ်ဝန်းကျင်ရှိသူ တစ်ဦး ရောက်ရှိလာလေ၏၊ ထိုသူအား ယခင်က ရွာနှင့် ရွာနီးချုပ်စပ်တွင် မမြင်ဘူးပေ၊ ထိုသူ၏ လက်ထဲတွင် ဝါးခင်း နွယ်အား ထိပ်ပိုင်းတွင် နဂါးပုံထုထား သော တောင်ဝှေးတစ်ချောင်း ကိုင်ထား၏၊ လွယ်အိတ်တစ်လုံး လွယ်၏၊ အခြား



www.burmeseclassic.com

www.burmeseclassic.com

လက်တစ်ဖက်တွင် ယခုခေတ်ကာလတွင် တွေ့မြင်ရခဲလှသော ဆေးတံခပ်ကြီးကြီးတစ်ခု ကိုင်ထားပြန်၏၊ ခေါင်းထက်မှ ဆံပင်တို့မှာ ဟိုနားတစ်စ ဒီနားတစ်စ တစ်စစဖွေးဖြူလျက်ရှိပြီး ကြည့်ရသည်မှာ တောကြီးမျက်မည်းထဲ မီးချောင်းများဟိုတစ်ချောင်း ဒီတစ်ချောင်း ထွန်းထားသည်နှင့် သဏ္ဌာန်တူချေသတည်း။

"အမောင်–ဒီမှာ ငိုင်းဆိုတဲ့သူနေပါသလား" ဟု ယောဂီချောင်ဝတ်လူကြီးသည် မေးလိုက်လေ၏၊ တွင်းသင်းငိုင်းမှာ မိမိတစ်ကြိမ် တစ်ခါမျှ မြင်ဖူးတွေ့ဖူးခြင်းမရှိသော သူမှ မိမိအလွန်တရာ မြတ်နိုးသောနာမည်အားဖျက်၍ ငိုင်းဟု ပြောလိုက်သည်ကို အလွန်တရာမှ စိတ်ဆိုးဒေါသထွက်ပြီး –

"ဒီမယ် – ဦးယောဂီ၊ ခင်ဗျားဟာ ဝတ်ထားတော့ ယောဂီဝတ်စုံကြီးနဲ့ သူတစ်ပါးဝတ်သားကိုလေးစားရကောင်းမှန်း မသိပါလား။ ဒီမှာ ငိုင်းတော့ မရှိဘူး၊ တွင်းသင်းငိုင်းပဲ ရှိတယ်"

ဟုစိတ်ဆိုးမာန်ဆိုးပြောလိုက်လေ၏၊ ထိုအခါ ယောဂီဝတ်စုံဝတ်ဆင်ထားသော လူကြီးမှ အပြိမ့်ကောင်းမှ လူရွှင်တော်တို့၏ ပြက်လုံးကို ကြားရသကဲ့သို့ အူလှိုက်သည်းလှိုက် ရယ်မောနေလေတော့၏၊ တွင်းသင်းငိုင်းလည်း စိတ်ဆိုး၍နေရာမှ အဆိုပါယောဂီလူကြီး၏ အပြုအမူကြောင့် အံ့ဩလျက် ပါးစပ်အဟောင်းသား ဖြစ်နေလေတော့၏၊ ပြီးလျှင် တွင်းသင်းငိုင်းမှ –

"နေပါဦးဗျာ – ခင်ဗျားကိုကျုပ်ပြောတဲ့အထဲမှာ ဘာများရယ်စရာပါနေလို့လဲ၊ ခင်ဗျားကို ပြက်လုံးထုတ်နေတယ်များ ထင်နေသလား"

ဟု မေးလိုက်လေရာ ယောဂီဝတ်လူကြီးမှ –

"အမောင်ပြောတဲ့အထဲမှာ ရယ်စရာဆိုပြီး တိုက်ရိုက်ကြီးတော့ မပါပါဘူး၊ ဒါပေမဲ့ သွယ်ဝိုက်တဲ့အနေနဲ့ စဉ်းစားရင်တော့ ရယ်စရာရှည်းပါပဲ"

ဟု ပြောလည်းပြော၊ ရယ်လည်း ရယ် လုပ်နေလေ၏၊ တွင်းသင်းငိုင်းလည်း ယောဂီဝတ်လူကြီး၏စကားကို နားမလည်နိုင်ဘဲ –

"ခင်ဗျားစကားကို ရှင်းရှင်းပြောပါ၊ ကျုပ်နားမလည်ဘူး၊ ဘယ်လိုသွယ်ဝိုက်ပြီး ရယ်စရာကောင်းနေတာလဲ"

ဟု မေးလိုက်လေ၏၊ ယောဂီဝတ်လူကြီးလည်း –

"ကျုပ် ဒီကွပ်ပျစ်ပေါ်မှာတော့ ထိုင်လို့ရတယ် မဟုတ်လား" ဟု ဆိုကာ ကွပ်ပျစ်ပေါ်သို့တက်ထိုင်လိုက်လေတော့၏၊ ပြီးလျှင် –

"အမောင်က ကျုပ်ကိုပြောတယ်၊ ဘာတဲ့ – ယောဂီဝတ်စုံကြီး ဝတ်ထားပြီး တစ်ဖက်သားကို လေးစားရကောင်းမှန်း မသိဘူးတဲ့၊ မှန်ပါတယ်၊ အမောင်ပြောတာ၊ ဒါပေမဲ့၊ ကျုပ်ရယ်တာက အမောင့်ကိုကြည့်ပြီး သဘောကျလို့ပါ၊ ကျုပ်ကြားသလောက်တော့ အမောင်က စိတ်ညို့ပညာကို ဝါသနာပါတယ်၊ လေ့လာတယ်၊ လေ့ကျင့်တယ်ဆို အဲဒီလို ပညာမျိုးလေ့ကျင့်နေတဲ့သူက အခုလိုစိတ်ကို ထိန်းချုပ်မထားနိုင်ရင် ဘယ်လိုလုပ်ပြီး အောင်မြောက်နိုင်တော့မလဲ၊ အမောင် လေ့ကျင့်နေတဲ့အရာနဲ့ အမောင်ဖြစ်နေတဲ့ကွာခြားမှုကို စဉ်းစားမိလို့ ရယ်တာပါကွာ"

ဟု ယောဂီဝတ်လူကြီးက ဆိုလိုက်သော်၏၊ တွင်းသင်းငိုင်းလည်း မိမိဝါသနာကြီးသော စိတ်ညို့ပညာရပ်အကြောင်းကို ကြားလိုက်ရလျှင် –

"ဒီမယ်ဦးယောဂီ – ကျုပ်ဘာသာကျုပ် စိတ်ညို့ပညာ လေ့ကျင့်တာနဲ့ ဒါနဲ့ဘာဆိုင်လို့တုံး၊ ပြီးတော့ – ကျုပ်တဒီပညာရပ်ကို ဝါသနာပါတာ ဘယ်လိုလုပ် သိသတုံးဗျ"

ဟု မေးလိုက်လေ၏၊ ထိုအခါ ယောဂီဝတ်လူကြီးသည် ပြုံးသည်ဆို၍လေ ပြုံးကာ သူ လွယ်လာသော လွယ်အိတ်အတွင်းမှ ဘူးတစ်ဘူးကို ထုတ်လိုက်လေ၏၊ ပြီးလျှင် ထိုဘူးအတွင်းမှ ဆေးမှုန့်များကို ဆေးတံအတွင်းသို့ ထည့်လိုက်လေ၏၊ တွင်းသင်းငိုင်းလည်း ဦးယောဂီ၏ လှုပ်ရှားမှုများကို သေသေချာချာကြည့်နေမိ၏၊ ဦးယောဂီကြီး၏ လှုပ်ရှားမှုများသည် ဆွဲဆောင်မှုရှိ၏၊ ကိုယ်နေဟန်မှာ ပြဇာတ်ဓင်းသားများကဲ့သို့အလွန်တရာလည်းမချွဲနှောင်းလူကြမ်းသရုပ်ဆောင်များကဲ့သို့လည်း မခက်ထန် မတင်းမာနေပဲ အလွန်ကြည့်၍ကောင်း၏။


ဦးယောဂီကြီးသည်ဆေးမှုန့်များကို ဆေးတံအတွင်းသို့တန်းမထည့်ဘဲဆေးတံခုံအတွင်းရှိနှင့်သော ဆေးချီးများကို ဦးစွာခြစ်ထုတ်လိုက်၏၊ ပြီးလျှင် သူ၏အိတ်အတွင်းရှိကော်ဘူးသေးသေးလေးထဲမှ အဖြူရောင်အနှစ်များကို [illegible]ကော်ပြီး ဆေးခုံအတွင်း[illegible]တာ သုတ်





www.burmeseclassic.com

www.burmeseclassic.com




လိမ်းလိုက်၏။ ပြီးမှ - ဆေးမှုန့်များကို ထည့်၏။

တွင်းသင်းငပိုင်းလည်း နဂို အကြောင်းရင်းတို့မှ ယခုပြုလုပ်နေသော ဦးယောဂီကြီး၏လုပ်ရပ်အား ပိုမို စိတ်ဝင်စားသွား၏။ ထို့ကြောင့်ပင် ဟန် မဆောင်နိုင်ဘဲ မေးလိုက်ရာ ဦးယောဂီ ကြီးမှ -

"ဒီမယ် အမောင် - အမောင်တ ဆေးတံမသောက်ဘူးလို့ မသိတာပါ။ ဒါက သိပ်ပြီးထူးလှတဲ့အကြောင်းတော့ မဟုတ်ပါဘူး၊ ဆေးတံသောက်တဲ့သူ အတွက်အရေးကြီးဆုံးကဆေးတံဆုံမှာ ဆေးချိုးရဖို့ပဲ၊ ဒါမှလည်း သောက်တဲ့ အခါ ဆေးချိုးက ဆုံထဲမှာ ကျန်ခဲ့ပြီး သောက်တဲ့ သူ့အရသာထဲကို သိပ် မရောက်တော့ဘူးပေါ့၊ ဒါကတော့ ကျွန်း မာရေးရှုထောင့်က ပြောတာပါ၊ နောက် တစ်ခုရှိသေးတာကတော့အလေ့အကျင့် တစ်ခုဟာ စွဲစွဲမြဲမြဲလုပ်ရင် ဒုတိယ သဘာဝပဲတွ၊ ငါက ဆေးတံဆုံ တစ်ခါ လဲတိုင်း အခုလိုဆေးချိုးကိုခြစ်တာတို့ နဲ့ဆီသုတ်လိမ်းတာတို့ လုပ်နေကျပါ စွဲမြဲတဲ့အလေ့အကျင့်ဖြစ်နေပြီကွ၊ တစ် နည်းပြောရရင်ငါ့ရဲ့ဒုတိယသဘာဝတရား ဖြစ်နေပြီကွ၊ ဘြော် - ဆုံထဲကို ထည့်တဲ့ အဖြူရောင်အနှစ်က နို့ဆီပါကွာ"

ဟု သေချာစွာ ရှင်းပြပြီးလျှင် ဆေး တံကိုရှိုက်၍ဖွာလိုက်လေ၏။ တွင်းသင်း ငပိုင်းလည်း ဦးယောဂီ၏အပြော၊ ဦးယောဂီ၏ ဟန်ပန်အမူအရာများထဲ တွင် နစ်မျော၍နေလေတော့၏။

တဲအနောက်ဘက်ရှိ မိုးကုတ်စက် ဝိုင်းတွင် နေမင်းသည်တစ်ဝက်မျှမြုပ်၍ နေလေပြီဖြစ်၏။

"ဒီမယ် ဦးယောဂီ၊ နေလည်း ဝင် တော့မယ်၊ ကျွန်တော်မေးတဲ့စိတ်ညှို့ ပညာကို ကျုပ် ဝါသနာပါတာ ဘယ်လို သိတာတုံးဆိုတာကိုလည်း မဖြေသေး ဘူး" ဟု တွင်းသင်းငပိုင်းမှ ဆိုလိုက်လျှင် ယောဂီဝတ်လူကြီးသည် တွင်းသင်း ငပိုင်းကို စူးစူးရဲရဲ စိုက်ကြည့်လိုက်ပြီး ထဲအတွင်းအား လက်ညှိုးထိုးကာ -

"အမောင် - စိတ်ညှို့ပညာကို ဝါသနာပါတာ ဘယ်လိုသိသလဲဆိုရင် အမောင့်တဲထဲက အဝတ်အုပ်ထားတာ ကုလားထိုင်မှတ်လား၊ အဲဒီကုလားထိုင် က သက်သေထူနေတာပါပဲ" ဟု ပြော ညည်းပြော၊ ဆေးတံအားလည်းနှုတ်ခမ်း တွင် တေ့ကာ ရှိုက်ဖွာလိုက်လေ၏။

ကျွန်ုပ်လည်း ကုလားထိုင်ကိုမြင်ရုံ မျှဖြင့် စိတ်ညှို့ပညာ လေ့ကျင့်နေမှန်းသိ ၍နေသော ဦးယောဂီအား အနည်းငယ် အထင်ကြီး၍ သွား၏။ သို့ရာတွင် ထို့ ထက် သေချာစေရန်အတွက် -

"ဒီမှာဗျ - ဦးယောဂီ၊ ဒါကတော့ စိတ်ညှို့ပညာစာအုပ်လေး တော်တန်ရုံ ဖတ်ဖူးရင်ဖြင့် ပြောနိုင်ပါတယ်ဗျာ" ဟု မထိတထိလေး ကလိ၍ဆိုလိုက်ရာ ဦးယောဂီ၏ မျက်နှာတွင် လွန်စွာသနား စရာကောင်းသော သတ္တဝါတစ်ဦးအား မြင်ရဘိသည့်အလား ကျွန်ုပ်အား ကြည့် နေတော့၏။ ထိုသို့ ဦးယောဂီ၏ ကြည့် ခြင်းကို ကျွန်ုပ်မှာ မနေတတ်အောင်ပင် ဖြစ်ရ၏။ ကျွန်ုပ်၏ ရှုံးတိုးရှုံ့တန့်ဖြစ်နေ ပုံကိုသိမြင်သောဦးယောဂီသည်တဲအိမ် ရှေ့သို့အကြည့်အားလွှဲလိုက်လေ၏။ ထို အချိန်တွင် တဲရှေ့တွင် တစ်ပိုင်းကျော်မှ ကုပ်ကျားဟုအမည်တွင်သော ခွေးတစ် ကောင် ဖြတ်၍လာလေ၏။ ကုပ်ကျား သည် ကျွန်ုပ်အား တစ်ချက်မျှ ကြည့်၏။ ပြီးလျှင် - လူစိမ်းအနံ့ ရသောကြောင့် ဦးယောဂီအား ထပ်မံကြည့်လိုက်ပြီး ချက်ချင်းမာန်ဖီရန်ဟန်ပြင်လိုက်လေ၏။ ထိုအချိန်တွင် ဦးယောဂီမှာလည်း ကုပ် ကျားအား သေချာစွာ စိုက်ကြည့်နေ

www.burmeseclassic.com

ကြောင်းသတိထားမိ၏။ ကုပ်ကျားသည် တာန်စိရန် ဟန်ပြင်ပြီးမှ မျက်လုံးသူငယ် အိမ်မှာမှေး၍သွားကာ ခေါင်းကိုငုံ၊ အမြီး တုတ်ပြီး ကျွန်ုပ်တို့အနီးမှထွက်သွားလေ တော့၏။ ကျွန်ုပ်လည်း ဦးယောဂီအား လှမ်းကြည့်လိုက်၏။ ဦးယောဂီသည် ကျွန်ုပ်အား ဘယ်လိုလဲဟု အဓိပ္ပာယ်ရ သောတန်ခြင့် မျက်မှုန်စိတ်အား ပင့် သည်ဆိုလိုက်လေ၏။ ကျွန်ုပ် မှာ ခံရှိုးခံသာ ဖြစ်ရလေတာ -

"ဒီတော့ - ဒါတာတော့ တိရစ္ဆာန်မို့ပါ များ" ဟု ပြောလိုက်လေရာ ဦးယောဂီ သည် ကျွန်ုပ်အား ရှုမှုစိုက်စိုက်ကြည့် တာပြီးလျှင် -

"အမောင့်ဆီကို နောက်ထပ်သုံး မိနစ်လောက်ကြာရင် လူတစ်ယောက် လာလိမ့်မယ်၊ သူမှာ စာအိတ်တစ်အိတ် ပါလာလိမ့်မယ်" ဟု ပြောလေ၏။ ကျွန်ုပ် လည်း -

"ကြည့်သေးတာပေါ့ဗျာ" ဟုဆိုကာ အိမ်ခန်းအတွင်းမှ စားပွဲတင်နာရီကို သွားယူလိုက်သေး၏။ အချိန်မှာ နှစ်မိနစ် တော့်၍ သုံးမိနစ်ပြည့်ရန် စက္ကန့်ပိုင်းမျှ သာ လိုတော့၏။ ထိုအချိန်တွင် ကွင်း အတွင်းမှ လုလင်ပိုင်းတစ်ဦး တဲဆီသို့ ဦးတည်လာနေသည်ကို တွေ့လိုက်ရ

လေ၏၊ အနားသို့ရောက်လျှင် ကျွန်ုပ်မှ သေချာစွာ ကြည့်လိုက်ရာ ရွာတောင် ပိုင်းမှ အရိုးဖိုးသာအောင်သား မောင် ဘကျော်ဖြစ်ကြောင်း တွေ့ရလေတော့ ၏။ ကျွန်ုပ်လည်း မောင်ဘကျော်အား -

"ဘာကိစ္စများတုံးကွ" ဟု မေးလိုက် ရာ မောင်ဘကျော်လည်း ၎င်းအိတ်ကပ် အတွင်းမှ စာအိတ်တစ်အိတ်ကို ထုတ် ကာ ပေးလေ၏။

"ဘုန်းကြီးပေးခိုင်းလိုက်တာ သူ့ဆီ လာတဲ့ ဧည့်သည်တစ်ယောက်က မင့် ပေးခိုင်းလိုက်လို့ လို့ ပြောတာပဲ" ဟု ဆို ကာ နှုတ်ဆက်ပြီးပြန်သွားလေတော့၏။ ကျွန်ုပ်မှာမူ စာအိတ်အား ကိုင်ထားရင်း ဦးယောဂီကိုသာ အံ့ဩမှင်တက်သော မျက်လုံးများဖြင့် ကြည့်နေမိတော့၏။

ဦးယောဂီလည်း ဆေးတံကို ရှိုက် ဖွာလိုက်ပြီး -

"မအံ့ဩနဲ့ အမောင်၊ ဒါမျိုး သိမြင် တာ စိတ်ညှို့ပညာမှာ အလွယ်သား ကလား။ ကဲ - ကဲ စာဖတ်ကြည့်လိုက်ပါ ဦး" ဟု ဆိုလေ၏။ ကျွန်ုပ်လည်း စာအိတ် အားဖွင့်ဖောက်ကာ ဖတ်ကြည့်လိုက်ရာ ရေးသားထားသောစာများမှာ အောက် ပါအတိုင်း ဖြစ်လေတော့၏။

သို့/

တွင်းသင်းဝေဝိုင်း

မင်းဟာ စိတ်ညှို့ပညာရပ်ကို အင် တာန်ဝါသနာကြီးပြီး အလွန်တရာမှ သည်းလေ့ကျင့်ကြောင်း သိရှိရပါတယ်။ ဒါတို့ရဲ့ဂိုဏ်းက စိတ်ညှို့ပညာကိုဝါသနာ ထုံသူတွေကို လိုက်ရှာပြီး ငါတို့ရဲ့ဂိုဏ်း ညာကို ဖြန့်ဝေနေတာပါပဲ၊ အခုဆို ဂိုဏ်းက မင်းရဲ့ကြိုးစားမှုကိုအသိအမှတ် ပြုလို့ ရေးဆရာအဆက်ဆက်ထံမှာ မင်း ထံသို့ စိတ်ညှို့ပညာ သင်ကြားဖို့ ဆရာ သခင်လွှတ်ပေးပါရန် တောင်းဆိုဆု တောင်းခဲ့တယ်၊ ဩော် - ငါတို့ဂိုဏ်းက ညာရပ်တွေကို မမြင်ရတဲ့ဆရာသခင် ထံက တောင်းဆိုပြီး သင်ကြားလေ့ရှိကြ တယ်၊ မင်းဆီကို စိတ်ညှို့ပညာကို ထိတ်မြောက်အောင်မြင်ထားတဲ့ ဆရာ သခင်ရောက်လာလိမ့်မယ်လို့ ယုံကြည် တယ်၊ သူ့ထံက စိတ်ညှို့ပညာရပ်ကို ဆရာသင်ယူပြီး ထူးချွန်ထင်ရှားတဲ့သူ တစ်ဦးဖြစ်ပါစေလို့ ဆုတောင်းရင်း...

ခေတ်သစ်စိတ်ပညာဂိုဏ်း

တ၍ဖြစ်လေ၏။ ကျွန်ုပ်လည်းအင် ဆန်းမှ ထူးဆန်းသောအဖြစ်အပျက် ယုံကြည်နိုင်ဖို့ခက်ခြင်း၊ အလွန် အံ့ဩခြင်း၊ ဝမ်းသာခြင်းစသည့်ရောထွေး သောခံစားမှုတို့ဖြင့် ဦးယောဂီအား ကြည့်လိုက်မိ၏။ ထို့နောက် စိတ်မှ ဆုံး ဖြတ်ချက်တစ်ခု ခိုင်ခိုင်မာမာချကာ -

"ဦးယောဂီ - ကျုပ်ကို အဲဒီစိတ်ညှို့ ပညာရပ်ကို သင်ပေးပါဗျာ၊ ကျုပ် ဦးယောဂဆီမှာ တပည့်ခံပါ့မယ်" ဟု ဆို လိုက်၏။ ဦးယောဂီလည်း ကျွန်ုပ်၏ တောင်းဆိုမှုကို လက်ခံကာ ယခုညဝင် သင်ကြားခြင်းကိုစတင်မည်ဆို၏။ ကျွန်ုပ် လည်းဆရာသခင်ဦးယောဂီမှညွှန်ကြား သောအရာများကို အပြေးကလေး ရှာရ ၏။ ကန်တော့ပွဲပါ၏။ ဖိတ်ခြူတစ်စပါ၏။ သစ်သားမီးခြစ်တစ်လုံး ပါ၏။ ပြီးလျှင် ဘုရားကျောင်းဆောင်ရှေ့တွင် ကန် တော့ပွဲကိုတင်လျက် ကျွန်ုပ်အား ကန် တော့ပွဲရှေ့ထိုင်စေကာ ဘုရားရှိခိုးခြင်း အမှု ပြုလုပ်၏။ ဘိုးတော်များအား ဝင့် ဖိတ်အပ်နှံပေး၏။ ပြီးလျှင် သစ္စာရေရွတ် ကိုကိုင်စေကာ ဆရာသခင်ယောဂီသည် လွယ်အိတ်အတွင်းရှိ ဘူးတစ်ခုအတွင်း မှ ဆေးမှုန့်များအား ထည့်လိုက်၏။ အင်း စာရွက်တစ်ရွက်ကိုလည်း မီးရှို့ပြာချကာ ထည့်၏။ ပြီးနောက် သစ္စာအဓိဋ္ဌာန်ပြု တိုင်တည်ကာ ကျွန်ုပ်အား သစ္စာရေ သောက်စေ၏။





www.burmeseclassic.com

www.burmeseclassic.com

လုံးစုံသောကိစ္စ အဝဝတို့ ပြီးလေလျှင်ကျွန်ုပ်အား ဝေါင်၍ဘုရားကျောင်းဆောင်ရှေ့တွင် တင်ပျဉ်ခွေထိုင်စေ၏၊ မျက်လုံးတို့မှိတ်ကာ စိတ်အစဉ်မှဝင်လေဝင်မိုက် "ဝါ့ထံသို့ ကြွလာဥ္စာဓာတ်ကြီးထဲမှအဖြစ်ဓာတ်တွေဝင်ရောက်လာပြီ" ဟု မှတ်မိုင်း၏၊ ထွက်လေထွက်မိုက် "ငါ့ထံမှအဆုတ်ဓာတ်တွေဟာဤလေနဲ့အတူ အပြင်ကို ထွက်သွားပြီး ငါ့မှာအဆုတ်ဓာတ်တွေ မရှိတော့ဘူး" ဟု၍ အာရုံပြုနိုင်းကာ လေ့ကျင့်စေတော့၏။

ကျွန်ုပ်လည်းဆရာသခင်ဦးယောဂ မိန်းသည့်အတိုင်း တင်ပျဉ်ခွေထိုင်ကာ စောင့်ရှုမှတ်၏၊ ငါးမိနစ်မျှကြာသော အခါ မှိတ်ထားသော ကျွန်ုပ်၏ မျက်လုံးများတွင် မှောင်အတိကျနေရာမှ အလင်းတန်းများ ထွက်ပေါ်လာ၏၊ နီနီ၊ ဝါဝါ၊ ဖြာဖြာ အလင်းတန်းများမှာ စုံလင်လှပေ၏၊ ထိုသို့ အလင်းတန်းများ ထွက်ပေါ်လာပြီးနောက်၌ ကျွန်ုပ်၏ အသိစိတ်တို့ ပျောက်တွယ်သွားလေတော့၏။

၊၊၊

"ဥသြ-ဥသြ-ဥသြ"

ဥသြငှက်၏အသံမှာသာယာဘိပေ၏၊ ကျွန်ုပ်၏ နံနက်ခင်းမှာ အလွန်တရာ စိတ်ရွှင်လန်းနေ၏၊ ဥသြငှက်ကြောင့်လား၊ ညက အလွန်တရာ နစ်နစ်မြိုက်မြိုက် အိပ်မောကျခဲ့သောကြောင့်လားမသိ၊ စိတ်ရွှင်လန်းနေသည်မှာတော့ဖြင့် အမှန်ပင်ဖြစ်၏။

တဲအိမ်အတွင်း တောင်တောင်အီအီကြည့်ကာ ဆရာသခင်ဦးယောဂီအားလိုက်ရှာမိ၏၊ မတွေ့ချေ၊ ဘုရားကျောင်းဆောင်အနီး ကျွန်ုပ်တို့ ဘိုးဘွားပိုင်ကျွန်းဗိရိုမှာ ပွင့်၍နေ၏၊ ကျွန်ုပ်လည်း ကမန်းကတန်းထ၍ ကျွန်းဗိရိုအတွင်းရှိ ကျွန်ုပ်၏ဘိုးဘွားအမွေအနှစ်ရွှေသဏ္ဌာအားကြည့်မိ၏၊ မတွေ့ပေ၊ ဗီရိုအံဆွဲအတွင်း ရွှေသဏ္ဌာထားရာနေရာ၌မူ -

သို့/


တွင်းသင်းငပိုင်းလို့ခေါ်တဲ့အမောင်ရေ-အခုအမောင့်ကိုသင်ပေးလိုက်တာကတော့ စိတ်ညို့ပညာရပ်ရဲ့အပိုင်းတစ်လို့မှတ်ထားလိုက်ပေတော့၊ ရွှေသဏ္ဌာအတွက် ကျေးဇူးပါပဲ၊ နောက်များ အလျဉ်းသင့်ရင်ဖြင့် နောက်ထပ်နောက်ထပ်သင်ခန်းစာတွေထပ်သင်ပေးပါမယ်လို့ ကတိပြုရင်း...

သင့်ရဲ့ဆရာသခင်
ဦးယောဂီ

နောက်များတော့ဖြင့် ရွာအတွင်းတွင် မုဆိုးမနိုင် အကျီမပါဖြင့် လျှောက်သွားနေတတ်သော သူရူးတစ်ယောက်အား တွေ့ရတတ်၏၊ ထိုသူရူးသည် ခွေးများတွေ့လျှင် စေ့စေ့စိုက်ကြည့်တတ်၏၊ ပါးစပ်မှလည်း "ငါမင်းကို ညို့နေတယ်" ဟု အသံပြုတတ်သေး၏၊ တစ်ခါတစ်ရံ ရွာလယ်လမ်းမကြီးအတိုင်း လမ်းလျှောက်ရင်း "ခေတ်သစ်စိတ်ပညာဒိုက်ကြီးက ဆရာသခင်တွေ လာနေပြီ၊ တောင်းသူတွေ ကယ်ခံရမယ်၊ ဝါသနာကြီးသူတွေကို လမ်းညွှန်ပေးမယ်" ဟု ရေရွတ်အော်ဟစ်နေတတ်လေ၏၊ ရွာအတွင်းမှ သူများမှာကား သူ့အား ခေတ်သစ်စိတ်ညို့ပညာရှင်ကြီး တွင်းသင်းပိုင်းဟု တညီတညွတ်တည်း ခေါ်ဝေါ်ကြလေတော့၏။

➳ ဟိန်းနွဲ့ဇော်

မြန်မာဆေးမြီးတိုများ



မီးယပ် (ကျွက်)
ကြိုက်မှန်ရွက် ယိုထိုးစားပါ။



မီးယပ်(ထိမ်)
ကြိုက်မှန်ရွက်
တစ်ဆယ်သားလောက်ကို
ထန်းလျက် နှစ်ကျပ်သားနှင့်
ကျိုပြီးသောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



# ဘယ်သူမုဆိုးလဲ

ကျော်ဆိုးဖိုးလ

တောကြက်ကို ပစ်ခတ်ရန် ချောင်းမြောင်းနေရာမှ သူ့ကို တောမုဆိုးတစ်ကောင်နှင့် ရင်ဆိုင်တွေ့လိုက်ရပေရာ ..

**တိမ်ခိုသော** နွေရာသီ ...

တန်ခူးလ သကြြန်ကျလုနီး ညနေ ချုပ်အချိန်၌ ကျွန်ုပ်သည် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ သခင်မြဝန်းမြံ့၏ အနောက်မြောက်ထောင့် ဂရင်းအိုက် စားသောက်ဆိုင်၌ ရောက်ရှိ၍နေလေ သည်။ ရောက်ရသည့်အကြောင်းမှာ ကျွန်ုပ် ဥပဒေအကြံပေး အရာရှိအဖြစ် ဆောင်ရွက်နေသော Burma Moses Law Firm တွင် မြန်မာမိုးဇက်ဥပဒေ ချုပ်ဝန်းမှ ဒါရိုက်တာတစ်ဦးဖြစ်သူ ဦးတင်မျိုးဝင်း၊ မန်နေဂျာတစ်ဦးဖြစ်သူ ဒေါ်မြဘာသာဝင် တမိလ်လူမျိုး ကိုမင်း ထွင်တို့၏ ဇိတ်ကြားချက်အရ ညစာစား ထွက်ရောက်နေရခြင်းဖြစ် ၏။ ၎င်းတို့ မြင်ညှိသည်များဖြစ်ကြသောတရား ရုံးတော်ရှေ့နေ ဦးမျိုးသန့်နှင့် အခြား ရှေ့နေသည်နှစ်ဦးလည်း ပါဝင်လေ၏။

ထိုဆိုင်ရှေ့ ကျွန်ုပ် ကားရပ်လိုက် သောအခါမန်နေဂျာဖြစ်သူက ဧည့်ဦးကြို ပြုပြီး နေရာထိုင်ခင်းပေးလေရာ ကျွန်ုပ် ကရောက်ရှိနေသူအားလုံးကိုနှုတ်ဆက် ရလေ၏။ ထို့နောက် မန်နေဂျာက Black lable ဝီစကီပုလင်းကို ဖောက်ကာ ဧည့် ခံလေရာ ဆိုင်ရှင်လင်မယားကလည်း လာရောက်ဧည့်ခံရင်း နှုတ်ဆက်လေ သည်။ အချိန်မှာ ညနေ (၆) နာရီခွဲခန့်ဝင် ရှိလာသဖြင့် ပတ်ဝန်းကျင်တွင် အမှောင် ရိပ်များသန်း၍ လာနေပေပြီ။ ဆိုင်မှာ လည်း မြင့်မားအုံ့ဆိုင်းသော ကုက္ကိုပင် ကြီးများအောက်တွင်ရှိလေရာ အမှောင် ထုက စိုးမိုးထားလေသည်။ ထိုကုက္ကိုပင် ကြီးများပေါ်တွင် အိပ်တန်းတက်ကြ သော ကျီးငှက်များက တစာစာအော်ကာ ရှိသကဲ့သို့ ကမ်းနားလမ်း၊ အောက်ကြည့် မြင်တိုင်လမ်းမများတွင် မောင်းနှင်နေ သည့် လူစီးဘတ်စ်ကားကြီးများ၊ ကိုယ် ပိုင်ကားများ၏ အင်ဂျင်သံများက အတော်အတန် ဆူညံနေလေသည်။

ကျွန်ုပ်တို့၏ ဝိုင်းမှာလည်း စကား ပြည်ပြောရင်း မိမိတို့၏အာရုံနှင့်မိမိတို့ ရှိနေသကဲ့သို့ အခြားစားပွဲများမှ လူများ သည်လည်း စည်ဘီယာတို့ မှာယူ သောက်သုံးရင်း ပြောကြိုဆိုနေကြလေရာ



www.burmeseclassic.com

www.burmeseclassic.com

ရန်တုန်ပြီးညနေစားသောက်ဆိုင်တစ်ခု၏မြင်ကွင်းအဖြစ် ပီပြင်နေလေ၏။

ထိုစဉ် -

"ဟ - ဘာကောင်တွေလဲ - လှပ်ကြပြီး - လှုပ်ကြပါပြီ။ စားပွဲပေါ်က ဖန်ခွက်တွေ၊ တင်းပန်းကန်တွေပေါ်ကို ရောက်ကုန်ပြီ"

ဆိုသည့် ကျွန်ုပ်တို့နှင့် မျက်နှာချင်းဆိုင် ဆိုင်ခေါင်ဝအနီးတွင်ရှိ စားပွဲမှ လူတစ်ယောက်၏အလန့်တကြားအော်သံ ကြားရလေ၏။ ထို့နောက် -

"တာ - ဒီမှာလဲ ဝင်ကုန်ပြီ၊ ဘာကောင်တွေလဲ၊ ဒါတွေက ဘာကောင်တွေလဲ"

ဟု စားပွဲအနီး စားပွဲမှ လူငယ်တစ်ဦး၏အော်သံတို့ပါ ကြားရလေရာ -

ကျွန်ုပ်တို့ စားပွဲရှိ လူအားလုံးနှင့် ဆိုင်တွင်းရှိ စားသောက်နေကြသူများ၊ ဆိုင်ရှင်များပါ အသံလာရာဆီသို့ တစ်ပြိုင်တည်း ကြည့်မိကြလေ၏။

ကျွန်ုပ်က တွေ့ရသည့်မြင်ကွင်းကို တစ်ချက်မျှကြည့်လိုက်ပြီး အဖြေကို သိရှိသုံးသပ်မိလေရာ ဣန္ဒြေမပျက်ပင် ဝီစကီကို ဆက်၍မော့ပြီး အနီးရှိဝိတ်တာကလေးအား ဖန်ခွက်ဖုံးရန် အဖုံးကလေးများ ယူလာစေရန် စေခိုင်းလိုက်ရ၏။ ထို့နောက် ယူလာသော ဖန်ခွက်ဖုံးကလေးများဖြင့် ဝီစကီခွက်အား ဖုံးထားလိုက်ကာ အမြည်းပန်းကန်များကိုလည်း အုပ်ဆိုင်းပေးရန် ပြောလိုက်ရလေ၏။

"ဟော့ - ဟော့ - အဲဒီစားပွဲပေါ်က မီးချောင်းတွေ ပိတ်လိုက်"

ဆိုင်ရှင်အမျိုးသမီး၏အမိန့်ပေးသံ ထွက်ပေါ်လာလေရာ စားပွဲထိုးတစ်ဦးက မီးခလုတ်များရှိရာဆီသို့ မီးပိတ်ရန် အပြေးသွားသဖြင့် ကျွန်ုပ်မှာ မနေသာတော့ဘဲ -

"ဟော့ - မီးမပိတ်နဲ့၊ မီးပိတ်ရင် တခြားမီးရှိတဲ့နေရာတွေကို ပျံ့နှံ့သွားလိမ့်မယ်။ အဲဒီစားပွဲနစ်ခုကို မီးချောင်းနဲ့ ဝေးရာ ရွှေ့ပေးလိုက်" ဟု ခပ်ဆတ်ဆတ် အမိန့်ပေးလိုက်ရတော့၏။ ဝိတ်တာကလေးမှာ လမ်းတွင် ရပ်ပြီး လှမ်းကြည့်ရင်း တွေ့ဆိုင်းနေလေသည်။

မြင်ရသည့်မြင်ကွင်းမှာ ညဦးမိုးချုပ်စတွင် ကျင်းအတွင်းမှ ထွက်တတ်သော ပိုးကောင်တစ်မျိုးက မီးချောင်းရှိရာသို့ စုပြုံပျံသန်း ဝိုင်းဖွဲ့နေကြခြင်းဖြစ်၏။ ထို ပိုးကောင်များမှာ မီးချောင်းမှ မီးအလင်းရောင်ကို ဝင်တိုးရင်း အတောင်များ ပွဲကြွေကာ ကြမ်းခင်းပေါ်သို့ တဖျပ်ဖျပ်ကျ၍နေလေ၏။ ပိုးကောင်များမှာ တောင်သောင်းချို၍ နေလေရာ မကြာမီ ကြမ်းပြင်တွင် ပုံ၍နေလေသည်။

ကျွန်ုပ်၏ အမိန့်ပေးသံအဆုံးတွင် ဆိုင်ရှင်အမျိုးသားက -

"မီးမပိတ်နဲ့ဟော့ - အဲဒီမီးချောင်းတွေနားမှာ ကြွပ်ကြွပ်အိတ်ကြီးကြီးတွေ ချိတ်ကြ" ဟု ဆိုလေရာ ဝိတ်တာကလေးများမှ သူတို့၏ ဆိုင်ရှင်ခိုင်းသည့်အတိုင်း လုပ်ပြန်လေ၏။

ထိုအခါ ကျွန်ုပ်က ဆိုင်ရှင်အား လှမ်းခေါ်လိုက်ပြီး -

"ညီလေး - မင်းတို့ဆိုင်မှာ ရေဇလုံတွေ ရှိတယ်မို့လား"

"ဟုတ်ကဲ့ - ရှိပါတယ် ဆရာ"

"ဒါဆိုရင် - ရေဇလုံမှာ ရေတစ်ဝက်လောက်ထည့်ပြီး မီးချောင်းတွေအောက်မှာ သွားထားပေး"

"ဟုတ်ကဲ့ - ဆရာ"

ဆိုင်ရှင်မှာ သူ့တပည့်များကို ထပ်မံစေခိုင်းပြန်လေ၏။

စေတ္တမျှကြာသောအခါ မီးချောင်းတဝိုက်တွင် ဝဲပျံနေသော ပိုးကောင်များမှာ ရေဇလုံအတွင်းသို့ ပြုတ်ကျကြပြီး ရေပေါ်တွင် မသေမရှင် ကူးခတ်ရင်း အတောင်များ ကြွေကာ တုံးနေလေ၏။

ကျွန်ုပ်က ဝီစကီကို ဆက်သောက်နေလေရာ ကျွန်ုပ်နှင့်အတူ ထိုင်နေသူများက ကျွန်ုပ်အားကြည့်ကာ အဖြေရှာနေပုံရလေသည်။ ထိုအခါ ကျွန်ုပ်က သူငယ်ချင်း ဇော်မျိုးဝင်းအား -

"သူငယ်ချင်း - မင်း အတော်တော်ကောင်းတယ်ကွ၊ ဒီညတော့ တို့ဝိုင်းမှာ အမြည်းအထူးဆန်း တောင်းတောင်းဖြည့်ရတော့မယ်"

"ဘာအမြည်းလဲ - သူငယ်ချင်း"

"ပိုးကောင်ကြော်အမြည်းလေ"

"ဟ - ဒီပိုးကောင်တွေလား"

"အေးလေ - မင်း ဝန်တောက် (ထိုးအသားနိုင်ငံ)ကို ရောက်ဖူးတယ်မဟုတ်လား။ ဈေးတွေမှာ ပိုးကောင်ကြော်တွေ ရောင်းတာတွေ တွေ့ဖူးတယ်မို့လား"

"အေး - တွေ့ဖူးတယ်"

"ဒါဖြင့် - ဒီလိုပိုးကောင်မျိုး ရောင်းတာ တွေ့ဖူးလား"

"မတွေ့ဖူးဘူး။ ပုရစ်တို့၊ နှောင်တို့၊ ပိုး၊ ကျွဲချေးပိုး၊ ဝီလားကောင်၊ ခန်းဖူး၊ ပိုး၊ သင်ပေါင်းပိုး၊ ဝါးပိုးတွေသာ ကြော်ရောင်းတာ တွေ့ဖူးတယ်"

www.burmeseclassic.com

"အေး - မတွေ့ဘူးရင် အခု မင်းကို ဒီပိုးကောင်တွေ ကြော်ကျွေးမယ်"

"ဟာ - စားရလို့လား။ မင်းကလည်း ကြည့်လုပ်ပါကွာ၊ အဆိပ်ဖြစ်ပြီး သေနေဦးမယ်"

"အေး - မင်းမစားရဲရင် ငါအရင်စားပြမယ်။ မင်း ဒီဆိုင်က chief cook စားဖိုမှူးကို သိတယ်မို့လား"

"သိတယ်"

"သိရင် ခေါ်လိုက်ပါကွာ"

ဇော်မျိုးဝင်းမှာ ကျွန်ုပ်ပြောသည့်အတိုင်း စားဖိုမှူး ဂျွန်အား လှမ်းခေါ်လိုက်သဖြင့် ရောက်လာရာ -

"ဂျွန်ရေ - ဒီပိုးကောင်တွေ ဇလုံထဲမှာ တွေ့တယ်မို့လား"

"ဟုတ်ကဲ့ - ဆရာ"

"အကောင်တွေ ကျွတ်နေတာကို အရင်ဆယ်လိုက်၊ ပြီးတော့ - ကိုယ်လုံးလေးတွေကို ဆန်ခါနဲ့ စစ်ပြီးတော့ယူ၊ ပြီးတော့ - မင်း ဒီဒယ်အိုးထဲမှာ ဆီများများထည့်တည်၊ ပြီးရင် အဲဒီပိုးကောင်တွေကို ထည့်လိုက်၊ ဆီကျက်ကျက်မှာ ထည့်ပြီးရင် ချက်ချင်းပြန်ဆယ်၊ ပြီးတော့ ဆားနည်းနည်းဖြူး၊ သံပုရာသီးလှီးပြီး နည်းနည်းညှစ်လိုက်၊ ပြီးရင် - ပန်းကန်ထဲ ထည့်ယူလာခဲ့၊

စားဖိုမှူးဂျွန်မှ ကျွန်ုပ်အား တအံ့တဩ ကြည့်နေပြီး ဘာလုပ်ရမှန်းမသိဖြစ်နေရာ ကျွန်ုပ်က -

"ဂျွန်ရေ - မင်းက ကရင်အမျိုးသားလား"

(ဂျွန် - မင်းပွဲသညောမေယား)ဟု ကရင်လို မေးရ၏၊ ထိုအခါ သူက မေ - မေး၊

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"ဟု ဖြေလေ၏။

"ဒါနဲ့တောင် - မင်းပလူအကြောင်း မသိဘူးလား။ မင်း ဘယ်မှာမွေးသလဲ"

(အင်းစိန်ပါ သရာ)

"အင်းစိန်ပါ - ဆရာ"

"ဟာ - မင်းက မြို့သား ပွတညော (ကရင်)ကိုး။ ဒါကြောင့်မသိတာ၊ ငါပြောသလို လုပ်ပြီးရင် မင်း မြည်းကြည့်၊ ကောင်းရင် နောက်လုပ်စား - ဟုတ်လား"

(မေသရော)

"ဟုတ်ကဲ့ - ဆရာ"ဟုဆိုကာ ထွက်သွားပြီး ကျွန်ုပ်ပြောသည့်အတိုင်း လုပ်လေ၏၊

ကျွန်ုပ် ပြောဆို၊ လုပ်ကိုင်သည်ကို ကျွန်ုပ်၏ စားပွဲမှ မိတ်ဆွေများကလည်း ကောင်း၊ ပတ်ဝန်းကျင်စားပွဲများမှ လူများသည်လည်းကောင်း တအံ့တဩ ကြည့်နေကြ၏၊ ကြည့်ကြပေမည်၊ ကျွန်ုပ်ဝတ်စားထားပုံနှင့် ကျွန်ုပ်စားမည့်အစားအစာမှာ သူတို့အမြင်တွင် ဆန့်ကျင်နေကောင်းနေပေမည်၊ ဝတ်ထားပုံက သပ်သပ်ရပ်ရပ်၊ စားတော့ ပေါက်တတ်ကရတွေဟု ထင်နေကြပေမည်လား၊ ကျွန်ုပ်ကတော့ မမှုပါ၊ မမျှော်လင့်ပဲ အမြည်းကောင်း တစ်ပွဲ ရလိုက်ခြင်းနှင့် မိတ်ဆွေများအား ထိုအမြည်းဖြင့် ဧည့်ခံရခြင်းက ကျွန်ုပ်အတွက်ဝမ်းသာစရာ၊ တစ်နည်းအားဖြင့် မမျှော်လင့်ဘဲ ကျွန်တော်ပစ်သည့်အခါ တစ်ခါတစ်ရံမှသာ ရနိုင်သော အစားအစာ(ပလူကြော်)ကို ယခုစားသောက်ဆိုင်တွင်ပင် အလွယ်တကူ စားရပေတော့မည်၊

မကြာပါချေ၊ ကျွန်ုပ်ညွှန်ကြားသည့်အတိုင်း ကြော်လာသည့်ပလူကြော်တစ်ပွဲက စားပွဲရှေ့သို့ ရောက်လာရာ ကျွန်ုပ်တပင် အရင်စား၍ပြရ၏၊ ထို့နောက် ဦးဇော်မျိုးဝင်းနှင့်တကွ ကျန်လူများပါ မြည်းကြည့်ကြပြီး ပလူကြော်မှာကောင်းကြောင်း ထောက်ခံကြလေ၏၊

သို့သော် ဆိုင်ရှင်လင်မယားအား ခေါ်ကျွေးရာ ခါးခါးသီးသီး ငြင်းကြသဖြင့် ကျွန်ုပ်တို့သာ ပို၍ မြည်းခဲ့ကြရပါတော့သည်၊

ထိုပလူကြော်မှာ မုဆိုးအမြည်းကောင်းတစ်ခွက်ပါပေ၊

စားရင်း မြည်းရင်းဖြင့် စကားပြောဖြစ်ကြလေရာ ဦးဇော်မျိုးဝင်းက -

"အေးကွာ - ငါ့သူငယ်ချင်း မုဆိုးလုပ်ကျွေးမှပဲ ပလူကြော် အမြည်းစားရတော့တယ်၊ ဒါနဲ့ နေပါဦး - မင်းက ဘယ်လိုဒီနည်းတွေ သိတာလဲ"

"သိတာပေါ့ သူငယ်ချင်းရာ၊ တောလည်ရင်း ဘယ်အသီး၊ ဘယ်အရွက်၊ ဘယ်ငှက် ဘယ်တောကောင်၊ ဘယ်အညွန့်၊ ဘယ်အခေါက်၊ ဘယ်အချောက်၊ ဘယ်အရိုး၊ ဘယ်ပိုးဆိုတာတွေက စားလို့ရတယ်ဆိုတာ လေ့လာထားရတယ်လေ၊ ဒါကလည်း အတွေ့အကြုံရှိတဲ့ တောသူတောင်သား၊ တောမုဆိုးများဆီက နည်းနာတွေဆည်းပူးထားရတာပေါ့၊ တစ်နည်းပြောရရင် တောမုဆိုးဆရာတွေဆီက သင်ယူထားရတယ်ဆိုရင် မမှားနိုင်ဘူး၊ တချို့တွေက ဆေးဖက်ဝင်အပင်ပြီး

www.burmeseclassic.com

www.burmeseclassic.com

အချိုးပွဲတည်လို့ရတဲ့ ပစ္စည်းတွေလေ" ကျွန်ုပ်က ခပ်ရှည်ရှည် ရှင်းပြလိုက်ရာ တိုမင်းလွင်က -

"ဒါနဲ့ - အန်ကယ်လ် ကျန်တာတွေ တိုထားပါတော့၊ ဒီပလူကောင်တွေ စားနည်းကိုတော ပြောပြပါဦး"

"အေး - ပြောတာပေါ့ကွာ၊ အခုလို နွေရာသီ ပလူထွက်ချိန်တွေမှာ ပလူရှာရတာ သိပ်မခက်ပါဘူး၊ ဒါပေမဲ့ - တောကြီးတွေထဲမှာ ပလူထွက်ချိန်၊ ပလူဖမ်းတဲ့အခါ အသက်အန္တရာယ်လည်း နီးတယ်၊ သတိထားရတယ်၊ သတိတစ်ချက်လစ်ရင် ကျားတို့၊ ကျားသစ်တို့၊ ဝက်ဝံတို့ အတိုက်ခံရတတ်တယ်"

"တုတ်လား - အန်ကယ်လ်၊ အန်ကယ်လ်လဲ အဲဒီလို ကြုံဖူးသလား"

"ကြုံဖူးတာပေါ့ကွာ"

"ကြုံဖူးရင် ပြောပြပါလား . . . အန်ကယ်လ်"

တိုမင်းလွင်မှာ လူငယ်တစ်ဦးဖြစ်ပြီး စွန့်စားလိုစိတ်ရှိလေရာ ကျွန်ုပ်၏အတွေ့အကြုံကို ပြောပြရန် တောင်းဆိုလာလေ၏။ ထို့ကြောင့် ကျွန်ုပ်က ကျွန်ုပ်၏အတွေ့အကြုံတစ်ခုကို ပြောပြရလေရာ ဆိုင်ရှင်လင်မယားအပါအဝင် ဆိုင်မှ ဝိတ်တာကလေးများပါ နားထောင်ကြလေ၏။ နားထောင်ရင်းမှ ဝိတ်တာကလေးများမှာ ဆိုင်လာစည်သည်များ စားသောက်ရန်မှာကြားသည်ကို အပြေးအလွှား ပြုလုပ်ပေးကြရင်း ကျွန်ုပ်၏ ဇာတ်လမ်းကို နားထောင်ကြလေ၏။ ကျွန်ုပ်က ၎င်းတို့ အလုပ်လုပ်သည့်အခိုက်ကို စောင့်ဆိုင်း၍ ပြောပြခဲ့ရပါသည်။

တန်ခူးလ၏နေကပဲခူးရိုးမအောက်ပိုင်းတောကြီးများကိုလည်း ရှိန်လှပ်ထားခြင်း မရှိပေ၊ ပူပြင်းစေခဲ့လေသည်၊ သို့သော် ပဲခူးရိုးမ၏ အရှေ့ဘက်ခြမ်း အမြဲစိမ်းတောကြီးအတွင်းမှို့ အရိပ်အာဝါသကောင်းရာ သစ်ပင်ကြီးများ ရှိ၍လည်းကောင်း၊ စိမ့်စမ်းပေါ်များ၍လည်းကောင်း၊ လယ်ကွင်းများ၊ မြို့ပြများထက်တောများစွာ အပူသက်သာလျက်ရှိ၏၊ ရွက်ကြွေတောမဟုတ်သဖြင့် အလှည့်ကျသာ အရွက်လဲသော သစ်တောဖြစ်၍ တစ်မျိုးသော အပင်အရွက်လဲသော်လည်း အခြားသော အပင်စိမ်းစို၏၊ အခြားသောအပင်ရွက်ကြွေလျှင်အခြားသောအပင်အရွက် ဝေနေတတ်၏၊ အပင်ကြီးများအောက်ရှိ ကြိမ်တောကြီးများ၊ လက်မဲတော၊ စလူတောကြီးများတမှု အမြဲစိမ့်စိမ့်အေးလျက် ရှိနေပေသည်။

သကြံန်မကျမီအချိန်ကလေးတွင် ကျွန်ုပ်သည် ရုံးမှ အနားယူကာ တပည့်ဖြစ်သူ ဝင်းမြင့်အားခေါ်ကာ တောင်ဇာမကြီးပိုင်းနှင့်မြောက်ဇာမကြီးပိုင်း အစပ်ဖျံချောင်းများသို့ ရောက်ရှိနေ၏။

ဖျံချောင်းသို့ ရိက္ခာတစ်ပတ်စာမျှဖြင့် ရောက်ရှိရာတွင် ကျောက်အိုးစခန်းတွင် ရောက်နေသော ကျွန်ုပ်၏ တပည့်လမ်းပြမုဆိုး တင်လှအား ခေါ်ခဲ့ရာ သူ၏မြေးဖြစ်သူ သန်းဇော်ဦးကလေးလည်း ပါလာခဲ့ပေသည်၊ သန်းဇော်ဦးကလေးမှာ အသက်(၁၅)နှစ်သာ ရှိသေးသော်လည်း ဘမျိုးဘိုးတူဖြစ်ရကား ဓွေးတစ်ဆုပ်၊ လုံတစ်ချောင်း၊ ဓားတစ်လက်ဖြင့် တောဝက်အုပ်ကို လိုက်နိုင်သူဖြစ်၏၊ တောဝက်က ရန်ပြန်လုပ်သဖြင့် သူ၏ ဉာဏ်ကိုသုံးကာ အသက်ဘေးမှ လွတ်အောင်ဆောင်ရွက်နိုင်ရုံသာမက တောဝက်တောင်း(ဝက်ထီးကြီး)ကိုလုံဖြင့်အရ ထိုးလှနိုင်သူဖြစ်သည်၊ (၎င်းအကြောင်းကို သီးခြားဝတ္ထုတစ်ပုဒ်ရေးရန် သန္နိဋ္ဌာန်ရှိပါသည်၊) ခြေရာကောက်ရာတွင် အဘိုးဖြစ်သူက လက်ထပ်သင်ပေးထား၍လည်း အမဲခြေရာပျောက်အောင် ကောက်နိုင်သူဖြစ်လေသည်၊

သွားလေရာတွင် ဓားရှည်ချွန်တစ်လက်ကို သစ်သားအိမ်ဖြင့် ကျောတွင်လွယ်ထားကာ ခါးတွင် စစ်ခါးပတ်ဖြင့်ချိတ်ထားသော တောလိုက်ဓားလည်း ပါသေး၏၊ မျက်နှာကလေးမှာ နနကလေးဖြစ်ပြီးအမြဲပြုံးရွှင်နေတတ်သည့် လူငယ်လေးဖြစ်လေသည်၊

သစ်ထုတ်ကားလမ်းဆုံးလုနီး သဖန်းချောင်းကူးအနီးရှိ ဝါးတောအတွင်းမှကွက်လပ်ကလေးတွင်ကျွန်ုပ်၏ Coleman Tent ရွက်ဖျင်တဲကို ဆောက်ကာ စခန်းချပြီး ထိုမှ သုံးမိုင်မျှဝေးရာဖျံချောင်းများကိုအဓိကထားကာ ပြောင်အုပ်ကို လိုက်နေခြင်းဖြစ်၏၊ တင်လှမှာ ယမန်နေ့က တစ်ဦးတည်း သဖန်းချောင်းများသို့ ခြေရာတောက် လိုက်ခဲ့သော်လည်း ပြောင်အုပ်တို့သည် သဖန်းချောင်းနှင့် ထမ်းပိုးထန်းမြောက်ဘက်ဖြစ်သော ဖျံချောင်းများဘက်သို့ ပြောင်အုပ်က လှည့်သွားလေရာ အချိန်





www.burmeseclassic.com

www.burmeseclassic.com

စိတ်၌ ညနေမိုးချုပ်လုနီးတွင် စခန်းသို့ ပြန်လာခဲ့၏။

စခန်းသို့ရောက်သောအခါတင်လှ တ-

"ဆရာရေ - ပြောင်ခြေရာသစ်ကို နေ့လယ်မှ တွေ့ရလို့ ကျွန်တော် လိုက်သွားတာ မမိတာနဲ့ ပြန်လာခဲ့ရတယ်"

"ခြေရာက ဘယ်ကိုလှည့်သွားတာလဲ"

"ချုံရောင်းရောကို လှည့်သွားတယ်"

"ချုံရောင်းရောက အနောက်ဘက်မှာ ရှိတာမို့လား။ မင်း လိုက်သွားတာက ခြောက်ဘက်ကို မဟုတ်လား"

"ဟုတ်တယ်လေ - ဆရာ။ ဒါပေမဲ့ သစ်ရောင်းရောင်းများနဲ့ ချုံရောင်းက ထမ်းပိုး ထန်းခဲလေ"

"ဒါဆိုရင် - မနက်ဖြန် ငါဆက်လိုက်မယ်။ မင်း ကောင်းကောင်း ဒီည အနားယူထား" ဟုဆိုကာ -

"ဝင်းမြင့်ရေ - တင်လှကိုရမ်အရက် ခွဲတမ်းသုံးပက်ပေးလိုက်။ ထမင်းစားပြီး သူ အိပ်ပါစေ"

ကျွန်ုပ်က တပည့်ဖြစ်သူ ဝင်းမြင့်အား ပြောကြားစီစဉ်ရလေသည်။ တင်လှမှာ အရက်ကို အလွန်ကြိုက်၏။ အရက်သောက်များသွားပါက နောက်တစ်နေ့ တောလည်နိုင်မည်မဟုတ်သဖြင့် ကျွန်ုပ်နှင့် တောလည်သည့်အခါတိုင်း ရမ်အရက်ကို သုံးပက်ထက် ပိုမသောက်မိုင်းပေး သူကလည်း ကျွန်ုပ်၏စည်းကမ်းကို အမြဲလိုက်နာ၏။ သို့သော် ကျွန်ုပ်မပါသဲ အခြားသူများနှင့် တောလည်သည့်အခါတွင်တော့ သူ့အား ကန့်သတ်၍မရ၊ သူ သောက်ချင်သလောက် သောက်ပြီး လုပ်ချင်တာကိုသာ လုပ်တတ်လေသည်။

ကျွန်ုပ်နှင့်သူ တောတွဲလည်ခဲ့သည်မှာ ကျွန်ုပ်အသက် (၂၀)ကျော်အရွယ်ကတည်းကဖြစ်၍ ယခုအထိဆိုလျှင် နှစ်ပေါင်း(၃၀)ပင်ကျော်ခဲ့လေပြီ။ ထို့ကြောင့် ကျွန်ုပ်မှာ သူ့အကြောင်း၊ သူ့မိသားစုအကြောင်းကို သိသည်သာမက လူမှုရေး၊ စီးပွားရေးကို အကူအညီပေးခဲ့ဖူးလေရကား ဆရာအရင်းတစ်ယောက်ကဲ့သို့ ဖြစ်နေကာ ကျွန်ုပ်၏စည်းကမ်းကို လိုက်နာခြင်းဖြစ်ပေသည်။ သူ၏လမ်းပြ ခြေရာကောက်ပေးခြင်းကြောင့် ကျွန်ုပ် အမဲကြီးကို (၁၀)ဂဏန်းထက်မနည်း ပစ်ခတ်ရရှိဖူးသကဲ့သို့ သူကိုယ်တိုင်လည်း အမဲကြီးအတော်များများကို ပစ်ခတ်ဖူးသည့် ဝါရင့်မုဆိုးတစ်ဦး ဖြစ်လေသည်။ အမှန်ပြောရမည်ဆိုလျှင် ကျွန်ုပ်ထက်ပင် အမဲကြီးအတော်များများကို ပစ်ဖူးသည့်အတွေ့အကြုံ ရှိ၏။ ပြောင်လိုက်ရင်း ပြောင်တိုက်လည်း ခံရဖူးလေရာ မသေ၍ကျန်သည့်သူဖြစ်လေသည်။

သူ့တွင် အကျင့်တစ်ခုရှိလေရာ ခြေရာကောက်ရင်း ပြောင်အုပ်၊ စိုင်အုပ်ကို မိပါက ပစ်နိုင်သည့်လောက် အကောင်ရေများများ ပစ်ခြင်းပင်။ ကျွန်ုပ်နှင့် တောလည်လျှင်မူ ထိုအကျင့်ကို ကျွန်ုပ်က ချုပ်တည်းစွာ တားမြစ်ထားပြီး ပြောင်အုပ်၊ စိုင်အုပ်ကိုမိသည့်အခါ (ထီးခေါင်း) ပြောင်အုပ်ခေါင်းဆောင်ကို ရွေး၍သာ ပစ်ခိုင်းပါသည်။ မိမိပစ်လိုသည့် ပြောင်ထီးကို ရပြီးပါက အမနှင့်ကလေးများကို လုံးဝမပစ်ရန် တားမြစ်ထားပါသည်။ သို့ပိုင်အောင် တစ်ခါတစ်ရံ ပြောင်ထီးပိုးကို ပစ်သောအခါ ညီနောင်ပြောင်တ သောက်အနူးရာယ် ပေးလာလျှင်တော့ ပစ်ခွင့်ပြုရပါသည်။

သူသည် လွန်ခဲ့သည့် (၂၅)နှစ် နှစ် (၃၀)ခန့်က ပြောင်အုပ်ကို ရွှေနှင့်လိုက်ပစ်ခဲ့ရာ ပြောင်တစ်အုပ်အတွင်းမှ ခုနစ်ကောင်တိတိကို တစ်နေရာတည်းတွင် ပစ်ခဲ့ဖူးလေ၏။ ကျွန်ုပ်နှင့်အတူ ပစ်ခြင်းမဟုတ်ဘဲ အခြားမုဆိုးအဖွဲ့နှင့်ပစ်ခဲ့သည်ဟု ကျွန်ုပ် သိရသောအခါ ကျွန်ုပ် သူ့အား ခေါ်၍ ရာဇဝတ်ပြီး သုံးနှစ်ခန့် တောလည်မခေါ်ဘဲ ထားခဲ့ဖူးပါသည်။ နောက်မှ ကျွန်ုပ်၏ စည်းကမ်းချက်အတိုင်း လိုက်နာပါမည်ဆိုသည့် ကတိဖြင့် ပြန်၍ခေါ်ခဲ့ရာ ယခုတိုင်ပင် ဖြစ်တော့၏။

တင်လှအရက်ခွဲတမ်းပေးပြီးထမင်းစားနိုင်းကာ နားခွင့်ပေးပြီးနောက်ကျွန်ုပ်၊ ဝင်းမြင့်၊ သန်းဖေဦးတို့ သုံးယောက်မှာ စကားပြောရင်းမှ မှောင်လာသောအခါ တဲပတ်လည်တွင် (၁၀)ပေ၊ (၁၅)ပေမျှ ခွာ၍ မီးဖိုသုံးဖို ဖိုနိုင်းကာ သတိနှင့်အိပ်၍မှာကြားပြီး ထမင်းစားကာ အနားယူခဲ့ကြ၏။ တန်ခူးလတော တွင်းညတစ်ည၏ တိတ်ဆိတ်မှုက မြို့ပြနှင့်တော့ ကွာခြားလေသည်။ တစ်ခါတစ်ရံ အဝေးမှ အော်လိုက်သော ဆင်အော်သံ၊ ဒီးဒုတ်တစ်ကောင်၏ လူစကားပြောသကဲ့သို့ အော်သည့် ပု - စီ - ဒီး ဒုတ် ဆိုသည့်အသံတချောင်းစောင်းသစ်ခြောက်ပင်ကြီးပေါ်မှ ကြားနေရလေသည်။ သန်းဖေဦးနှင့်





www.burmeseclassic.com

www.burmeseclassic.com

င်မြှင့်တို့မှာတော့ကျွန်ုပ်တဲ၏တစ်ဖက်
တစ်ချက်တွင် မြေကျင်းတူး၍ အိပ်ရာလုပ်
ဘာတင်စောင့်ရင်းအိပ်ခဲ့ကြလေသည်။
တင်လှမှာမူ စောစောပင်အိပ်ပျော်ခဲ့လေ
၏။

။။

"ဆရာ - ဆရာ - ဆရာ"

"ဟော - ဘာလဲ တင်လှ"

"ဆရာ့မှာ ဆေးပါသလား - ဆရာ"

"မင်း ဘာဖြစ်လို့လဲ"

"တိုယ်တွေလက်တွေ ကိုက်လို့ပါ ဆရာ။ အိပ်မပျော်ဘူး၊ ဆရာမှာ ဆေးပါရင် တစ်ညှိကို တိုက်ပါဦး - ဆရာ"

"အေး - အေး - ပါတယ်" ဟုဆိုကာ ဆေးအိတ်အတွင်းမှ BIOGESTIC တစ်လုံးကို ထုတ်ကာ တိုက်ရ၏။

"မင်း - ဖျားသေးသလား"

"ဖျားပါဘူး ဆရာ၊ ကိုက်ခဲတာပါ။ နေ့တာ သခန်းချောင်းရိုးရေအေးအေး မှာအတော်ကြာကြာ လျှောက်ခဲ့ရလို့"

"အေး - ဒါဆို - မင်း မနက်ကျရင် ငါနဲ့ တောလည်နိုင်ပါ့မလား"

"လည်နိုင်မှာပါ - ဆရာ"

"ဒါဆို ပြန်အိပ်တော့"

ည၌(၁)နာရီခွဲ ရှိလေပြီ။ နံနက်(၄) နာရီဆိုလျှင် ထရမည်၊ ဝင်းမြင့်အား ရေနွေးတည်၊ ထမင်းချက်ခိုင်းရပေဦးမည်။ သို့မှသာ နံနက်(၅)နာရီခွဲတွင် တောလည်ရန် အဆင်သင့်ဖြစ်မည်။ သို့နှင့် ခေတ္တမျှ ပြန်အိပ်ခဲ့ရလေသည်။

နံနက်(၄)နာရီခွဲခန့် ကျွန်ုပ်နိုးလာသောအခါ ဝင်းမြင့်မှာ ရေနွေးအိုးတည်၍ ကျက်ပင်နေပြီး ထမင်းချက်နေလေ၏။

"ဦး - ထမင်းထုပ်ကိုဘာဟင်းထည့်ရမလဲ"

"ပါလာတဲ့ အာပြဲခြောက်ဖုတ်၊ ငါးပိနည်းနည်းဖုတ်၊ ထမင်းကို ဆီဆမ်းပြီး တော့ ငါ့ခါးပတ်အိတ်ထဲကို Lemon Creamဘီစကွတ်တစ်ထုပ်ထည့်ထား" ဟု စီမံကာ မျက်နှာသစ် အဝတ်လဲရ၏။ ထို့နောက် -

"တင်လှ - တင်လှ - မင်းဘယ့်နှယ် နေသေးသလဲ။ တောလည်နိုင်ပါ့မလား"

"အား - ကျွတ် - ကျွတ် - ဆရာရေ ကျွန်တော် ကိုက်ခဲနေတုန်းပဲ။ ဆရာ သန်းဇော်ဦးလေးနဲ့သာ လည်ပါတော့ ဆရာ"

"သန်းဇော်ဦးက အဲဒီဖျဲချောင်းကို သိရဲ့လား"

"သိပါတယ် - အဘ"

သန်းဇော်ဦးက ဖြေ၏။ တင်လှက -

"ဆရာလဲ သိပါတယ်။ ဟိုးတစ်နှစ်က ဆရာ၊ ကျော်ကျော်၊ ဆန်နီတို့နဲ့ ချောင်းကူးဖို့တဲတားဆောက်ခဲ့တဲ့နေရာ လေ။ အဲဒီပတ်လည်မှာ လည်ရမှာ"

"ဟုတ်လား။ ဒါဆို - ငါလဲသိတယ်" ဟုဆိုကာသန်းဇော်ဦးနှင့်တောလည်ရန် ခြင်ဆင်ပြီးနောက် နံနက်(၅)နာရီခွဲ အလင်းရောင်လာသောအခါ နှစ်ဦးသား ထွက်ခဲ့တော့၏။

"ဆရာ - အဲဒီမှာ ကားလမ်းဟောင်း ရှိတယ်၊ ကားလမ်းဟောင်းအတိုင်း သည်ပါ - ဆရာ၊ ဒီကောင်တွေ ယမနေ့ ခါက်ရှာလိမ့်မယ်၊ သတိတော့ထား ဆရာ"

တင်လှမှာ မှဆိုးလမ်းပြပီပီ ကျွန်ုပ်အား မှာကြားလေသည်။

"ရှီး - ရှီး - ရှီး - ရှီး"

"ဝေါ - ဝေါ - ဝေါ"

လေကိုခွဲ၍ပျံသန်းလာသောအသံ ာ ချက်လေယာဉ်တော့ မဟုတ်ပါ။ ောင်လောင်း (ခ) ယောင်းယင် (ခ) အောက်ချင်းငှက်အကြီးစားကြီး ဖြစ်ပါ သည်။ လေးပိသာမှုရှိသော ခန္ဓာကိုယ် ကြီးနှင့်ကြီးမားသောဦးခေါင်း၊ အမောက် တို့ရှိသော အနက်နှင့် အဝါကျား ခန္ဓာ ကိုယ်ကြီးကို သယ်မ၍ ပျံသန်းရသော ကြောင့်ရင်း၏တောင်ပံရိုက်သံက တရှီး ရှီး၊ တဝေါဝေါ မြည်၍လာသည်မှာ ဂျက် လေယာဉ်တစ်စင်းပျံသန်းသည့်အလား ထင်မှတ်မှားရပေသည်။

မိုးမလင်းမီ အစာရှိရာ သီးပင်စား ပင်သို့ရောက်အောင် ပျံသန်းရာတွင် အောင်လောင်ငှက်လောက် ဝီရိယရှိ သည့်ငှက်ကို ကျွန်ုပ် မတွေ့ဘူးသေး၏။ နံနက်(၄)နာရီခန့်ကပင်စ၍ အိပ်ရာထ ကာ အစာရှိရာသို့ ပျံသန်းကြရသည်မှာ သူတို့၏ဝီရိယပင် ဖြစ်ပေသည်။

"အဘ - ဒီကောင်ကြီးတွေ ကျွန် တော်တို့ ဦးတည်တဲ့ဘက်ကို သွားနေ တာ။ အဲဒီမှာ စားပင်ရှိလိမ့်မယ်"

"အေး - ဟုတ်လောက်တယ်။ ညောင်ပင်ဆိုရင် မျောက်ညိုကြီးတွေပါ စားတတ်တယ်ကွ"

စကားပြောရင်း လျှောက်ခဲ့ကြရာ ကားလမ်းဟောင်းတွေ ဘာသားကောင် မျှ မတွေ့၊ ဘာခြေရာသစ်မှ မတွေ့၊ တွေ့

www.burmeseclassic.com

ရသည်ကချောင်းစောင်းတစ်နေရာတွင်တော့ ကြက်အုပ်များ၊ ရစ်အုပ်များသာ၊ သို့နှင့်လမ်းပေါင်းများကိုအသံမကြားအောင်လိုက်ခဲ့ရာတွင်လည်း ပြောင်ခြေရာတိုမတွေ့ခဲ့ရပေ၊ နေ့လယ်(၁၁)နာရီသို့ တိုင်ခဲ့လေပြီ၊ ထို့ကြောင့် ချောင်းတောင်းတစ်နေရာရှိ ကျောက်တုံးကြီးတစ်ခုပေါ်တွင် ထမင်းထုပ်ကိုဖြေကာ နှစ်ယောက်သား စားပြီး အရိပ်ကောင်းရာတွင်ခုတင်ဆင်ကာအိပ်ရလေသည်၊ သန်းဇော်ဦးတာလေးမှာ ကျွန်ုပ်အနီးရှိကျောက်တုံးနှစ်တုံးကြားတွင်အိပ်ခဲ့လေသည်၊ ပူပြင်းသောနေကညနေ(၃)နာရီကျော်သည်အထိပင် နေပူကွက်များ၌ ချစ်ချစ်တောက်ပူပြင်းနေတော့သည်၊

၁၁၁

"သန်းဇော်ကြီးရေ - ခြေရာသစ်လည်း မတွေ့၊ နေကလည်း ပူလှတယ်ကွာ၊ ဝိုလည်း ခရီးအတော်ပေါက်လာပြီ၊ ပြန်ရင်လည်း (၃)နာရီကျော်တော့လျှောက်ရမယ် ထင်တယ်၊ ဒီတော့ ရေနည်းနည်းအေးရင် ကားလမ်းပေါင်းအတိုင်းပြန်ကြတာပေါ့"

"ပြန်လေ - အဘ"

သန်းဇော်ဦးမှ သဘောတူသဖြင့် မပြန်မီ ဘီစကွတ်တစ်ယောက်လျှင်နှစ်ချပ်စီ မျှစား၊ ရေကို ဝအောင်သောက်၍ ညနေ(၄)နာရီကျော်ကျော်ခန့်တွင် ပြန်ခဲ့ကြသည်၊ ဖျံချောင်းများမှာ ကြီးမားသည့် တောင်နံရံကြီးများတွင်ရှိ၍ အချို့နေရာတွင်သောက်ခုံကိုင်းတောကလေးများရှိ၏၊ အချို့နေရာတွင် ဝါးတောကြီးများက မှိုင်းညို့လျက်ရှိသည်၊ ကားလမ်းပေါင်းက ချောင်းစောင်း၏ဟိုမှသည်မှဖြတ်ကူးဖောက်လုပ်ထားပြီး သစ်မထုတ်သည်မှာ ကြာပြီဖြစ်၍ အချို့နေရာများတွင် ဖုန်းဆိုးတောများ ထလျက်ရှိသည်၊ ကျွန်ုပ်တို့နှစ်ဦးမှာ ချောင်းကို ဖြတ်ချည်တစ်လှည့် ခုန်ချည်တစ်ခါ သွားရလေသည်၊

တစ်နာရီခန့်ကြာ၍လာခဲ့ရာအကွေ့တစ်ခုကို ရောက်၏၊ လက်ယာဘက်တောင်ခါးပန်းမှာ အမြင့်ဆယ်ပေကျော်မျှ မတ်စောက်ပြီး ဝါးတောကြီးမှာ တောသစ်ပင်ကြီးများအကြားတွင် ကျိုးတိုးကျဲတဲ ပေါက်၍နေလေ၏၊ အချိန်မှာ မှောင်ရိပျိုးနေပေပြီ၊ ကျွန်ုပ်တို့ ထိုကဲ ပါးချောက်သို့ ရောက်သည့်အခါ -

"ကီး - ကီ - ဗျိုး - ဗျိုး - ရှီး - ရှီး"

မိုးပေါ်မှ အသံများကို ရုတ်တရက်ကြားရသဖြင့် နှစ်ဦးသားကောင်းကင်သို့ မော့၍ကြည့်လိုက်သောအခါ ပိုးမွှားစားသည့်ငှက်တော်ငှက်များ၊ ပုစဉ်းထိုးငှက်များ၊ ငှက်ခါးငှက်များသည် ဟိုမှသည်မှ ပျံဝဲကာ ထိုးသုတ်နေသည်ကို တွေ့ရ၏၊ အသေအချာကြည့်သောအခါ ပလူကောင်များသည် အုပ်ဖွဲ့၍ ကောင်းကင်သို့ အလုံးလိုက် ထိုးတက်နေသည်ကို တွေ့ရသည်၊ အကောင်အရေအတွက်မှာ မည်မျှများသည်နည်းဆိုသော် ဂွမ်းလိပ်၊ တိမ်လိပ်ကြီး ထိုးတက်နေသကဲ့သို့သာ ရှိတော့၏၊

"ဖျော - ဖျော - ဖျောက် - ဖျောက် တောက် - တောက် - တောက်"

ဝါးတောအတွင်းမှ အသံများကိုလည်း ကြားနေရပေသည်၊

"အဘ - အဘ - ပလူကောင်တွေ ချောင်းထဲက ထွက်နေတာ၊ ငှက်တွေက ထိုးစားသလို တွင်းဝနားမှာလဲ တောကြက်နဲ့ရစ်တွေကလာစားနေတာအသံကြားတယ်မို့လား၊ တဖျောက်ဖျောက်နဲ့"

သန်းဇော်ဦးကလေးက ပြောလေ၏၊

"အေး - အသံကြားတယ်၊ အခုတော့ ပဲကွာ - စခန်းအပြန်မှာ ကြက်ဖြစ်ဖြစ် ရစ်ဖြစ်ဖြစ် ဟင်းစားပစ်သွားရအောင်၊ ပေး - မင်းလက်ထဲက သေနတ်"

ကျွန်ုပ်က မိမိထမ်းထားသည့် အခဲကြီးပစ် ပွိုင့် (၃၇၅) မဂ္ဂနစ်ရိုင်ဖယ်ကို သန်းဇော်ဦးအား လှမ်းပေးပြီး သူကိုင်လာသည့် Remington ရိုင်ဖယ်တန်ပွိုင့်တူးတူးကလေးကို ယူလိုက်ကာ မောင်းတင်လိုက်၏၊

"မင်း ဒီမှာ အသာထိုင်နေ"

ကျွန်ုပ်က သူ့အား မှာပြီး (၁၀)ပေကျော်မျှမြင့်မည့် ချောက်နံရံကိုတတ်ရန်နေရာရှာရ၏၊ ချောက်မှာ မတ်စောက်သဖြင့် တက်၍မရရှိရကားတောင်ဘက်သို့ ပေ(၃၀)မျှ အကွာသို့ သွားတော့မှ ခပ်ပြေပြေနေရာကိုတွေ့ရလေရာထိုနေသည့်သစ်မြစ်နှင့် ဝါးကိုင်းများကို ဆွဲ၍ ခြေသံမကြားအောင် သတိထားတတ်ခဲ့ရ၏၊ အပေါ်သို့ ရောက်သောအခါတွင်မူ ပလူထွက်ရာကျင်းကို ရှုငယ်နှုန်းခံနေ၍ မမြင်ခဲ့ရပေ၊

www.burmeseclassic.com




ထို့ကြောင့် မြေသံကိုတတ်နိုင်သမျှ လုံအောင် တစ်လှမ်းချင်းသွားကာ ချုံများကြားမှ တိုးဝင်ခဲ့ရလေသည်။

"အောက် - အီး - အီး - အွတ်"

တောကြက်ဖတစ်ကောင်က ပလူတောက်ရင်း သူ့အဖွဲ့အား အသံပေးနေသည်ထင်ရ၏။

"ဒီး - ဇိန်း - ဇိန်း"

ရစ်ဖတစ်ကောင်၏ တောင်ပံရိုက်ခတ်သံက ကုဘိုတာအင်ဂျင်စက် နှိုးသကဲ့သို့လည်း ကြားနေရလေသည်။ ထိုအသံများကြားရာနေရာမှာပလူကျင်းရှိရာ ဖြစ်ရမည်။ ထို့ကြောင့် ဝါးပင်များအောက်မှ နွယ်နှင့် ချုံဝယ်များကို တဖြည်းဖြည်းတိုးကာ အသံများလာရာဆီသို့ အသေအချာကြည့်ရ၏။

နေရာသီ ညနေ(၆)နာရီခန့်က မမှောင်သေးပေမယ့် တောကြီးမျက်မည်း ဝါးတောအောက်တွင်မှာတော့ အတော်ပင်မှောင်လေပြီ။ သို့သော် သစ်ရွက်သစ်ရိုပ်များကြားမှတိုးဝင်လာသည့် အလင်းရောင်ကိုအားကိုးကာ ကျွန်ုပ်က ချုံအတွင်းမှမထွက်သေးသဲ့တောကြက်နှင့် ရစ်ရှိမည့်ထင်ရာသို့ ချောင်း၍ကြည့်မိလေသည်။

တွေ့ပါသည်။ တောကြက်ဖမြီးရွေးကြီးတစ်ကောင်ကပလူကျင်းဝအနီးတွင် တောင်ပံဖြုတ်၍ကျနေကြသော ပလူကောင်ကလေးများကိုကောက်ဆိတ်၍ စားနေ၏။ တစ်ခါတစ်ရံ ခြေများကိုထောက်၊ လည်ပင်းကိုဆန့်ကာ -

"အောက် - အီး - အီး - အွတ်" ဟု တွန်၍နေသေးသည်။ ကျွန်ုပ်နှင့်တော့ (၂၅)ပေလောက်သာကွာပေမည်။ တောကြက်ကမြောက်ဘက်ကိုဦးခေါင်းလှည့်၍တစ်ချက်တစ်ချက် သတိနှင့်ကြည့်နေ၏။ သူကြည့်ရာဘက်မှာတော့ (၁၀)ပေ၊ (၁၅)ပေခန့်အကွာတွင် လက်မဲခေါ်သည့် ချုံထူထူတစ်ခု ရှိနေလေသည်။

ကျွန်ုပ်က ပစ်လိုသည့်သားကောင်ကို တွေ့ပြီဖြစ်၍ ရိုမင်တန်ပွိုင့်တူးတူးတလေးကို သူ့ထံ ချိန်လိုက်၏။ သို့သော် သို့သော် ညနေ(၆)နာရီခန့် ဝါးရုံအောက်ရှိ အမှောင်ထုတ ရှေ့ချိန်သီးကိုလည်းကောင်း၊ ယူပုံသဏ္ဌာန် (U)နောက်ဆိုက်ကိုသော်လည်းကောင်း မမြင်ခဲ့ရနိုင်။

ထို့ကြောင့် သေနတ်သမားပီပီ ဆိုက်ကို မမြင်ရစေကာမှ မြောင်းတဲ့အလိုင်းမင့် (Alignment)ယူတာ ဖစ်ရမည်။ ကျွန်ုပ်နှင့် ပေ(၂၀)၊ (၂၅)လောက်သာ ဝေးသော တားသတ်ကိုတော့ လွဲနိုင်မည်မဟုတ်။ ထို့ကြောင့် သေနတ်မြောင်းကို ကြက်နှင့် တည့်စေလိုက်သည်။ ထို့နောက် မြောင်းတို အနည်းငယ် အောက်စိုက်လိုက်သည်။ အလိုင်းမင့် ယူ၍ ပစ်ရသည့်အခါ ကျည်ကတားဂက်၏ အပေါ်သို့ မိတာ တော့ သွားတတ်သည်။ ထို့ကြောင့် အနည်းငယ်စိုက်ကာ ကြက်၏ ခြေထောက်လောက်ကို မှန်းလိုက်သည်။ ထိုအချိန်တွင် ကျွန်ုပ်၏ယာဘက်မျက်စိတာတော့ ကြက်နှင့် သေနတ်မြောင်းတွင်သာ စူးစိုက်နေ၍ ပတ်ဝန်းကျင်ကို သာရှုသတိမထားမိတော့။

ကျွန်ုပ်က သေနတ်၏လှေတ်ကို ညင်သာစွာပင် ဆွဲလိုက်မိလေသည်။

"ဖောင်း"

"ဝုန်း"

"ဖန်း - ဖန်း - ဖန်း"

"ဖျော - ဖျော"

"ဖျော - ဖျော"

ကျွန်ုပ်၏ ပွိုင့်တူးတူးအသံတိတ်သံကလေးသာမက အခြားအသံများလည်း ပေါ်ပေါက်လာလျှင်လာချင်း ကျွန်ုပ်မှာ




www.burmeseclassic.com

www.burmeseclassic.com

ဘာမှမလုပ်နိုင်တော့ဘဲမှင်တက်မိ၍ပင် ကျန်ခဲ့ပါသည်။

ဖြစ်ပုံမှာ ထူးဆန်းလေစွ။

ကျွန်ုပ် သေနတ်မောင်းကို ကုတ်လိုက်သည့်အသံနှင့်အတူ "ဝုန်း" ဆိုသည့်အသံထွက်ပေါ်လာပြီးနောက်အဝါရောရောင်အောက်ခံတွင် အကွက်ငယ်များ ကျဲသည့်နေရာကျဲ၊ စိပ်သည့်နေရာစိပ်ဖြင့် ဘားကောင်တစ်ကောင်က ကျွန်ုပ် ပစ်ခဲ့သည့် တောကြက်ဖပေါ်သို့ ကျရောက်လာပြီး တောကြက်ကို သူ၏ လက်ဝဲနှစ်ဖက်ဖြင့် အုပ်ဖမ်းလိုက်ရာ ကြက်မှာတောင်ပံတစ်ချက်နှစ်ချက်သာ ခတ်နိုင်လိုက်ချိန်တွင် အစွယ်များ ဖွေးနေပေါ်လာသော ပါးစပ်ပြဲကြီးတစ်ခုက ကြက်ကိုထိုးဟပ်လိုက်ကာ ရုက်ချင်းပင် အနောက်ဘက် တောင်ကြောဝါးတောထဲသို့ တစ်ချက်နှစ်ချက်ခုန်ကာ ပျောက်ကွယ်သွားခဲ့လေသည်။ ထို့ကြောင့် ကျွန်ုပ်မှာ ဘာမျှပင် မလုပ်နိုင်ဘဲ ပါးစပ်အဟောင်းသားဖြင့်သာ ကျန်ခဲ့မိ၏။

ဖြစ်ပျက်ပုံက မြန်ဆန်သဖြင့် ဘာဖြစ်သည်ကိုပင် စဉ်းစားမရ၊ ကောကြာမှသာ အဖြစ်မှန်ကို ပုံဖော်မိ၏။

ကျွန်ုပ်က ကြက်၏ တောဘက်ချုံအတွင်းမှ ကြက်ကို ချောင်းနေသကဲ့သို့ ကြက်၏ မြောက်ဘက်မှ ကျားသစ်တစ်ကောင်က ကျွန်ုပ်ကဲ့သို့ပင် ကြက်ကို ချောင်းနေခြင်းဖြစ်ပေ၏။ ကျွန်ုပ်က ကြက်ကိုသာ အာရုံစိုက်နေ၍လည်းကောင်း၊ ကျားသစ်၏အစက်အပြောက်ရှိသော အရေခွံက ချုံအတွင်းမှာမို့လည်းကောင်း ကျွန်ုပ်က မမြင်မိ၊

ထိုအတူကျွန်ုပ်ကကြက်ကိုလေတ်ဖြုတ်ချိန်နှင့် ကျားသစ်က ကြက်ကို ခုန်အုပ်လိုက်ချိန်မှာတစ်ပြိုင်တည်းဖြစ်သွားခဲ့၏။ သူ၏ကြီးမားသောလက်နှစ်ဖက်က ကြက်ကို အုပ်မိလျက် အုပ်မိချင်း ပါးစပ်ဖြင့် ကိုက်ဆွဲကာ ပြေးသွားခြင်း ဖြစ်ပေသည်။

ကျွန်ုပ်မှာ ဘာမှမတတ်နိုင်ခဲ့ပါ။ ကျွန်ုပ်ထက် လျင်သည့် ကျားသစ်က သူ၏ညစာကို အမိအရ ဖမ်းဆီးရယူသွားခဲ့လေပြီ။ လျင်သူ စားစတမ်းပေပဲ့။

ကျွန်ုပ်က တွေနပ်မိပါသည်။ ကျွန်ုပ်စခန်းပြန်ရောက်လျှင် တပည့်ဖြစ်သူ ဝင်းမြင့် အသင့်ချက်ပြုတ် ပြင်ဆင်ပေးမည့်ညစာကို စားနိုင်ပါသည်။ ကျားသစ်မှာတော့ ထိုတောကြက်ကို မမိလျှင် ညစာငတ်ကောင်း ငတ်နိုင်လေသည်။ ထို့အပြင် ကျွန်ုပ်တွေနပ်သည်မှာကျွန်ုပ်ချုံအတွင်းမှမထွက်၊ ကျားသစ်ကကျွန်ုပ်အား အရင်မြင်သွားလျှင်လည်းကောင်း ကျွန်ုပ်၏အသက်အား သူက ရန်ရှာကောင်း ရှာနိုင်ပါသည်။ ယခုမူ သူက သူ့အစာကိုသာ အရယူသွားခဲ့ခြင်းမှာ ကျွန်ုပ်အတွက် ကံကောင်းခြင်းပင် ဖြစ်ပါတော့သည်။

တစ်ဖက်က စဉ်းစားကြည့်လျှင် ဆိုးချင်း သားကောင်အပြိုင်ရှာခဲ့ရာမှ အသယ်သူမှဆိုးလဲဆိုသည့် ဆင်ခြင်မှုအမြော်ကို ရရှိခဲ့သည်ဟုလည်း ဆိုနိုင်ပါသိမည်။

သို့နှင့် သန်းဖော်ဦးကလေးကို ခေါ်သာစခန်းသို့ပြန်ခဲ့ရပါသည်။

➳ ကျော်စိုးမိုလ်

### မြန်မာအသည်ကြိုများ

**မီးယပ်(ထိမ်)**
ကြိတ်မှန်ရွက်ငါးကျပ်သား။
ဒန့်သလွန်မြစ်တစ်ကျပ်သား။
ချင်းစိမ်းတစ်ကျပ်သား။
စုပေါင်းထောင်း၍
ထန်းလျက် တစ်ကျပ်သားထည့်။
ရေတစ်ပုလင်းခွဲနှင့် ကျို
သုံးပုံတစ်ပုံ ကျန်လျှင်ချ
ဆားမြက်မြက်ခြက်ရောပြီး
လက်ဖက်ရည်အောက်
ပန်းကန်တစ်ဝက်၊ နေ့တစ်ကြိမ်
ညတစ်ကြိမ်သောက်ပေးပါ။
(ပိန်သူအတွက် ချင်းစိမ်းလျှော့ပါ)


**မီးယပ် (ဖြူမြန်)**
ကြိတ်မှန်ရွက် (၂၅)ကျပ်သားကို
ပျားရည် (၁၅) ကျပ်သားနှင့်
ကျိုသောက်ပါ။


**မီးနေသည်လန့်လျှင်**
ဆီးယိုကိုစားပါ။
ဆီးမြစ်ကိုသွေး၍သောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ကျွန်တော်တို့၏ အာမခံကုမ္ပဏီသည် ရုံးထပ်တိုက် အပေါ်ဆုံးထပ်တွင် တည်ရှိသည်၊ ထိုကုမ္ပဏီတွင်ကျွန်တော်တ စာရင်းကိုင်တစ်ယောက်ဖြစ်သည်။

အခင်းဖြစ်ပွားသော ညဦးနက်ချိန်အထိ ငွေစာရင်းများကို စစ်ဆေး၍ စာရင်းသွင်းခြင်းတို့ကို လုပ်ကိုင်နေခဲ့သည်။ အချိန်သည် တစ်စတစ်စနှင့် သန်းခေါင်ယံသို့ရောက်ရှိလာသည်၊ ထိုအခိုက်အတန့်တွင်အဘယ်ကြောင့်မှန်းမသိ၊ ရုတ်တရက် ကုမ္ပဏီတည်ရှိရာ အဆောက်အအုံတစ်ခုလုံး လျှပ်စစ်မီးအားလုံးငြိမ်းသွားသည်၊

ဝင်မ ... ဖြူးစ်သေတ္တာ (MAIN FUSEBOX)သည်အဆောက်အအုံ၏အောက်ဆုံးမြေညီထပ်တွင် ရှိနေသဖြင့် ဆင်းကြည့်ရန် အလွန်ကွာလှမ်းနေသည်။ ဓာတ်လှေကား (LIFT)တပ်ဆင်ထားသော အဆောက်အအုံဖြစ်သော်လည်း လျှပ်စစ်ဓာတ်အားပြတ်တောက်နေချိန်တွင် မည်သို့မျှအသုံးမဝင်ပါချေ။

သို့ဖြစ်ရာ ကျွန်တော်သည် စားပွဲတွင်ထိုင်ရာမှထ၍ပြန်ရန်ဆုံးဖြတ်လိုက်စဉ်မန်နေဂျာဦးအောင်ဒင်ကကျွန်တော့်ရှေ့သို့ရောက်လာသည်၊

"ခဏနေပါဦးလားကွ"

ဟူ၍သူက တားသည်၊

"မီးက တော်တော်နဲ့ ပြန်လာမှာမဟုတ်ပဲ၊ အလုပ်လည်း ဆက်လုပ်လို့မရတော့မယ့်အတူတူ ပြန်ရုံပဲ ရှိတော့တာပေါ့ဗျာ"

ကျွန်တော်က စိတ်ပျက်လက်ပျက်ကြီး ပြောလိုက်သည်၊

"ငါ့မှာ ယမကာတစ်ပုလင်းပါတယ်ကွ၊ တို့နှစ်ယောက် အေးအေးဆေးဆေး မိုဝဲကြရအောင်၊ အိမ်မှာဆိုရင် ငါ့အမျိုးသမီးက ပူညံပူညံနဲ့ ပွစိပွစိလုပ်တတ်တယ်၊ သောက်ရတာ စည်းစိမ်မရှိဘူးကွ"

မန်နေဂျာ ဦးအောင်ဒင်က ရှင်းပြသည်၊

"ကျွန်တော်က မန်နေဂျာကြီးလို မိန်းမရှိတဲ့ကောင်မှမဟုတ်ပဲ၊ အနှောင့်အယှက်ပေးမယ့်သူ မရှိဘူးဗျ၊ ကိုယ်သောက်ချင်တဲ့အချိန်မှာ သောက်လို့ရတယ်၊ ဒါပေမဲ့ - အခုအချိန်မှာတော့ သောက်ချင်စိတ်မရှိဘူး၊ ငြီးစီစီကြီးဖြစ်နေတယ်၊ဒါကြောင့်ကျွန်တော်ပြန်တော့မယ်ဗျာ"

ကျွန်တော်သည် မန်နေဂျာ ဦးအောင်ဒင်ကို နှုတ်ဆက်ပြီး ကုမ္ပဏီရုံးခန်းထဲမှ ထွက်လာခဲ့သည်၊



သာမန်ထက် ထူးခြားသောဖြစ်ရပ်သည် ထိုအချိန်မှ စတင်ခဲ့လေသည်၊

။၂။

အဆောက်အအုံတစ်ခုလုံးမီးမှောင်ကျနေသောကြောင့် ကျွန်တော်သည် လှေကားထစ်များကို တစ်ထစ်ချင်း စမ်းတဝါးဝါးဖြင့်တစ်လှမ်းပြီးတစ်လှမ်း သတိကြီးစွာထား၍ ဆင်းခဲ့ရသည်၊

ကျွန်တော်၏ ပတ်ဝန်းကျင်တစ်ခုလုံးပိန်းပိတ်အောင် မှောင်နေသည်၊ ထိုအမှောင်ထုအတွင်း၌ အရာခပ်သိမ်းသည်မသဲမကွဲမရေမရာအသွင်သဏ္ဍာန်အမျိုးမျိုး အဖုံဖုံ ဖြစ်နေလေသည်၊

ကျွန်တော်က လှေကားလက်ရန်းကိုဆုပ်ကိုင်ကာ တရွေ့ရွေ့ဆင်းသက်နေရခြင်းဖြစ်သောကြောင့် ကျွန်တော့်၏ လှုပ်ရှားမှုကလည်း ပကတိနှေးကွေးနေသည်၊ ဝင်စစ်အားဖြင့် ဤအဆောက်အအုံကြီးတစ်ခုလုံး၏ သက်တမ်းကလည်း အလွန်တရာ အိုမင်းရင့်ရော်နေလေပြီ၊ တပ်ဆင်ထားသော လှေကားသည်လည်း တစ်ဆစ်ချိုး၊ နှစ်ဆစ်ကွေ့ ရှေးရိုးပုံစံမျိုး ဖြစ်နေသည်၊

ထို့ကြောင့် လှေကားတစ်ဆစ်ချိုးဆုံးသွားတိုင်း ရှေ့ဘက်မျက်နှာစုရာ၌ဖြူဖါးဖါးအုတ်နံရံကို တွေ့ရလေ့ရှိသည်။ မြေညီထပ်၏ရှေ့မျက်နှာစာရှိကားလမ်းမပေါ်တွင် ယာဉ်အသွားအလာများတာစဉ်ဆက်မပြတ် လှုပ်ရှားသွားလာနေကြဆဲဖြစ်သည်၊ တစ်ခါတစ်ရံ စူးရှကျယ်လောင်သော ကားဟွန်းသံအချို့သည် အဆောက်အအုံတွင်းသို့တိုးဝင်ရောက်ရှိလာလေ့ရှိသည်၊

ထိုကဲ့သို့ရှည်သံကြားလိုက်ရသည့်အခါတိုင်း ကျွန်တော် ရင်ဘတ်ထဲတွင်ဒိန်းခနဲ အထိတ်တလန့်ဖြစ်မိသည်။

လက်ရှိအခြေအနေတွင်ကျွန်တော့်အဖို့ ခြေလှမ်း တစ်ချက်မှားလျှင် လှေကားထစ်ပေါ်ကာဒလိမ့်ခေါက်ကွေးဖ မည်မှာ သေချာသည်၊ သို့ဖြစ်ရာ ရုတ်တရက်စီခနဲ၊ညံခနဲ ထွက်ပေါ်လာလေ့ သော ကားဟွန်းသံများကြောင့် အလ တကြားဖြစ်လိုက်ရသော အခြေအမျိုးပင်၊

ထိုအခိုက်အတန့်တွင် ကျွန်တေ စိတ်ထဲ၌လှေကားထစ်များသည် ခါတိုင်းနေ့များထက် ပို၍ သည်ဟု ယူဆမိလိုက်သည်၊ ယင်း

www.burmeseclassic.com

www.burmeseclassic.com

သို့သော အုကြောင်ကြောင် အတွေးမျိုးသည် ကျွန်တော့်လို အမှောင်နှင့်မည်း ရည်း ညည့်သန်းခေါင်ယံကို လွန်မြောက်ပြီး မဆုံးနိုင်သော လှေကားထစ်များမှ တရွေ့ရွေ့ဆင်းသက်နေချိန်တွင် ပေါ်လာတတ်သောသဘာဝ ရှိသည်။

ထို့ကြောင့်မတော်မနမ်းအတွေးကို ဦးနှောက်ထဲမှ ဖယ်ထုတ်လိုက်ရသည်။ ထိုနောက်အမှတ်မထင်ကျွန်တော့်ကိုယ်နှာတွင် ဝတ်ဆင်ထားသော ဂျာကင်အိတ်ထဲသို့ လက်တစ်ဖက် နှိုက်လိုက်မိသွားသည်။

ထိုအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိသည်။

အဘယ်ကြောင့်ဆိုသော်မည်သည့် အချိန်တုန်းက ထည့်ထားမိမှန်း မသိရသော ဂက်စ်မီးခြစ်ကို စမ်းလိုက်မိသော ကြောင့်ဖြစ်သည်။ အခြားအချိန်များတွင် ထိုကဲ့သို့ဂက်စ်မီးခြစ်တစ်လုံး၊ လက်ဆုပ် လက်ကိုင် ရရှိလိုက်ခြင်းမှာ မဆန်းပါချေ။

သို့ရာတွင် ညဥ့်နက်သန်းခေါင် အချိန်မျိုးတွင် နက်ရှိုင်းသောအမှောင်ထု အတွင်း၌ဝမ်းတဝါးဝါးလှေကားတစ်ထစ် ချင်း တရွေ့ရွေ့ ဆင်းနေသော အခိုက်အတန့်တွင် ရရှိလိုက်သော ဂက်စ်မီးခြစ်သည် ကျွန်တော့်အတွက် ပင်လယ် သမုဒ္ဒရာထဲတွင် လက်ပစ်ကူးနေရိုက် အသက်ကယ်ဘောတစ်ခု အနီးကပ် ရောက်ရှိလိုက်သည့်ပမာ ဖြစ်သွားသည်။

ဂက်စ်မီးခြစ်တော့ ရပါပြီ။ အကယ်၍ဂက်စ်ကုန်ခန်းနေလျှင်ပြဿနာပဲဟုသော စိုးရိမ်စိတ်ဖြင့် ရင်တထိတ်ထိတ် ခြစ်လိုက်မိသည်နှင့်တစ်ပြိုင်နက် ထွက်ပေါ်လာသော အလင်းရောင်နှင့်အတူ ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်ရှုလိုက်သောအခါကျွန်တော်နှင့်လက်တစ်ကမ်း အကွာ ကျွန်တော့်နောက်ကျောဘက်မှ အသံမပေးပဲ တိတ်တိတ်ဆိတ်ဆိတ် လိုက်ပါလာသူကို တွေ့လိုက်ရသည်။

ရုတ်တရက်ကြီး မြင်လိုက်ရသော ကြောင့် ဂက်စ်မီးခြစ်ခလုတ်အားဖိထား မိသောလက်မကို ရုတ်တရက် လွှတ်၍ ကြွလိုက်မိသည်။

မီးတောက်ကလေးကဖြုတ်ခနဲငြိမ်း သွားသည်။

စက္ကန့်ပိုင်းမျှသာ မြင်လိုက်ရသော သူ့အသွင်သဏ္ဌာန်သည် ကျွန်တော်၏ အမြင်အာရုံထဲတွင် အတော်ကြာကြာ စွဲထင်နေဆဲဖြစ်သည်။ လွန်မင်းစွာ လှပ ချောသော မိန်းမပျိုတစ်ယောက်။

ကမ္ဘာပေါ်တွင် အလှဆုံးဟု သတ်မှတ်စံတင်ထားကြသော စူပါမော်ဒယ် စင်ဒီခရော့ဖို့၊ မဟူရာစုပါ၊ နာအိုမီ ကင်းဘဲလ်တို့ကို ကျွန်တော် ဖျတ်ခနဲ မြင်လိုက်ရသောမိန်းမပျိုနှင့်ယှဉ်လျှင် ကမ္ဘာ့ကျော် TOP TEN မော်ဒယ်များ အဆင့် လျော့ကျသွားနိုင်လောက်သည်။

တစ်ချိန်တည်းမှာပင် ဖျတ်ခနဲ မြင်လိုက်ရသောမိန်းမပျို၏မျက်ဝန်းထဲတွင် စိုးရွံ့မှုအရိပ်အရောင်ကို ကျွန်တော် အမှတ်ထင်ထင် သတိပြုမိလိုက်သေးသည်။

“ရှင်-မီးခြစ်ကို ထပ်ခြစ်လိုက်ပါဦး ရှင်၊ မှောင်လွန်းလို့ ဘာဆိုဘာမှ မမြင်ရလို့ပါ”

ကျွန်တော့်နားထဲသို့ သာယာနာပျော်ဖွယ် ဂီတသံမျိုး တိုးဝင်လာသလား မှတ်လိုက်ရသည်။ သူမဆန္ဒကို ဖြည့်[illegible]တ်ရန်အတွက် ဂက်စ်မီးခြစ်ကို ထပ်ခါတလဲလဲ ခြစ်ကြည့်လိုက်သည်။ သို့ရာတွင် ဘီးလုံးနှင့်ကျောက်ခတ်မိသော အလင်းရောင်မှလွဲ၍ မီးတောက်လုံးဝ ဖြစ်ပေါ်မလာတော့ပါချေ။

အရေးထဲ အရာပေါ်ဆိုသည်မှာ ဒါမျိုးပင်ဖြစ်တန်ရာသည်။ ဂက်စ်ကုန်နေလေပြီ။

မိန်းမချောလေးသည် ကျွန်တော် ရပ်နေသော လှေကားထစ်အထိ ဆင်းလာခဲ့သောကြောင့် နှစ်ယောက်သား ဘေးချင်းယှဉ်လျက် ဖြစ်သွားသည်။ ထိုအခါ သူမဘက်မှ “ရှေနယ်လ်နံပါတ်ငါး” (CHANEL NO.5) ရေမွှေးနံ့တာ သူမ၏ကိုယ်သင်းနံ့နှင့်အတူပေါင်းစပ်၍ကျွန်တော့်နှာခေါင်းထဲသို့ စွဲမက်ဖွယ်ရာ တိုးဝင်လာသည်။

ကျွန်တော်နှင့် ဘေးချင်းယှဉ်လျက် ဆင်းလာခဲ့ကြခြင်းဖြစ်သောကြောင့် သူမ၏ပခုံးသားတွေ့တွေ့အိအိလေးနှင့် ကျွန်တော့်လက်မောင်းတို့မထိတစ်ချက် ထိတစ်ချက် ပွတ်မိ၊ တိုက်မိကြသည်။

“ကျွန်မ ရှင့်နောက်က ဆင်းလိုက်လာခဲ့ရပေမယ့်အရမ်းရင်ထိတ်နေရတာ ပေါ့နော်။ ဒါပေမဲ့-ရှင့်ဂက်စ်မီးခြစ်လည်း ခြစ်လိုက်ရော၊ ရှင့်မျက်နှာကို တွေ့လိုက်ရတယ်၊ အဲဒီ့အချိန်ကစပြီး ကျွန်မ လုံးဝ ရင်မထိတ် မကြောက်တော့ဘူး”

“ဘာကြောင့်လဲ - ဘို့တို့မင်းသားချောက တွေ့ဖူး၊ မြင်ဖူးလို့လား”

www.burmeseclassic.com

www.burmeseclassic.com

"အင်းပေါ့၊ အဲလိုမျိုးပြောရင်လည်း ရပါတယ်"

သူမ၏အဖြေစကားအရ သူမသည် ကျွန်တော်အလုပ်လုပ်နေသော ကုမ္ပဏီနှင့်အလွန်တရာမကွာလှမ်းသော အထပ်တစ်ထပ်တွင် အလုပ်လုပ်နေသူ ဖြစ်လိမ့်မယ်ဟု တွေးမိသည်။

စောစောက ထိုင်းမှိုင်းနေသော ကျွန်တော့်စိတ်များသည် အဘယ်ဝေးတစ္ဆာဆီသို့ပြေးပါလေသည်မသိတော့။ မည်သို့ပင်ဖြစ်စေ၊ ယခုကဲ့သို့သော အမှောင်ထဲတွင် မိန်းမချောလေးတစ်ယောက်နှင့် ဘေးချင်းယှဉ်လျက် လှေကားတစ်ထစ်ပြီးတစ်ထစ်စကားတပြောပြောနှင့် ဆင်းလာရသည်မှာပင် ကြည်နူးစရာ ဖြစ်နေသည်။

"ဒါထက် - မီးဘာကြောင့်ပြတ်သွားလဲ - ရှင် သိလား"

"မတော်တဆ - ဖြူစ် ပြတ်သွားလို့ ထင်တာပဲ"

ကျွန်တော်က အလိုက်အထိုက် ပြောလိုက်ရသည်။

"ဟုတ်ပါလိမ့်မယ် အားကြီးကြီး။ အဲဒါ မိုးကျော်ကျော် လက်ချက်ပဲ ဖြစ်ရမယ်" သူမက အနိုင်အမာ ပြောသည်။

သို့ဖြင့် ကျွန်တော်နှင့်သူမ အောက်ဆုံးလှေကားထစ်အထိ ရောက်လာခဲ့ကြသည်။

"မိုးကျော်ကျော်ဆိုတာက ဘယ်သူလဲ ဟင်"

ကျွန်တော်က ဖဝေဖဝါဖြင့် မေးလိုက်သည်။

သို့ရာတွင် သူမက ပြန်မဖြေ၊ တစ်စုံတစ်ရာကိုကြောက်လန့်နေသောအသွင်သဏ္ဌာန်ဖြင့် အဆောက်အအုံရှေ့ပေါက်မှ သုတ်သုတ်ပျာပျာ ထွက်သွားလေသည်။

မလှမ်းမကမ်းအရောက်တွင် ကျွန်တော့်ဘက်သို့ တစ်ချက်မျှသာ ဖျတ်ခနဲ လှည့်ကြည့်သေးသည်၊ ထို့နောက် ရုတ်တရက် ပြေးထွက်သွားလေသည်။

မမျှော်လင့်ပဲ အမှောင်ထုထဲတွင် တွေ့လိုက်ရသော မိန်းမချောလေးသည် မော်တော်ကားလမ်းကို ဖြတ်ကူးကာ မမျှော်လင့်ဘဲ ဖြတ်ခနဲ ပျောက်ကွယ်သွားလေတော့သည်။

ကျွန်တော်သည် သူမနောက်သို့ လိုက်စရာအကြောင်းမရှိ။

ထို့ကြောင့် ကိုယ်သွားရမည့်လမ်းကို ဆက်လျှောက်ရန် သန္နိဋ္ဌာန်ချလိုက်သည်။

ကားလမ်းပေါ်တွင် လူလေးငါးခြောက်ယောက်အုပ်စုက တစ်စုံတစ်ရာကိုဝိုင်းအုံပြီးတိုးရွေ့ကြည့်ရှုနေကြသည်ကို ကျွန်တော် သတိပြုမိလိုက်သည်၊ ကျွန်တော်က ထိုလူအုပ်ဘေးနားမှဖြတ်လျှောက်စဉ် -

"တစ်ခါတည်းပွဲချင်းပြီး သေတာပဲ"

ဟု ပြောသံကြားရသည်။ အခြားတစ်ယောက်ကလည်း -

"ဒီလောက်အမြင့်ကြီးက ကျမှတော့ ဘယ်လိုလုပ်ပြီး အသက်ရှင်နိုင်ပါ့မလဲ"

ဟူ၍ ကောက်ချက်ချသံ ထွက်ပေါ်လာသည်၊

ဝင်စစ်အားဖြင့်ယင်းတို့သို့အနိဋ္ဌာရုံကို ကျွန်တော့်အနေနှင့် ကြည့်လေ့ကြည့်ထမရှိ။ တစ်စုံတစ်ယောက် တိုက်ပေါ်မှ ကျ၍ သေသွားခြင်းမှာ သူ့ဟာသူ မူးရူးနှင့် ကျခြင်းလား (သို့မဟုတ်) မတော်တဆခြေချော်လက်ချော် ကျခြင်းလား။

ကျွန်တော်က ဆက်လက်စဉ်းစားခြင်းမပြုတော့ပဲ ကျွန်တော် နေထိုင်ရာ တိုက်ခန်းသို့ ခြေဦးလှည့်ခဲ့သည်။

ကျွန်တော့်တိုက်ခန်း၏အခန်းတံခါး ပွင့်နေသည်။

ကျွန်တော်က ကမူးရှူးထိုးဖြင့် အခန်းထဲသို့ဝင်လိုက်သောအခါ မမျှော်လင့်သောလူတစ်ယောက်ကိုတွေ့လိုက်ရသည်၊ ထိုသူသည် မိုးကာအင်္ကျီအနက်ရောင်နှင့် သဏ္ဌာလတ်ဦးထုပ်အညိုရောင်တို့ဖြင့် တန်ဆာဆင်ထားသည်၊ သူ၏ နှုတ်ခမ်းထောင့်တွင် ဆေးပြင်းလိပ်အသေးစားတစ်လိပ် ငုံခဲထားပြီး ကျွန်တော်၏ပက်လက်ကုလားထိုင်ပေါ်တွင် ပိုင်စိုးပိုင်နင်းနေရာယူထားသည်၊ သူ့ခြေထောက်တွင် ဝတ်ဆင်ထားသော ရှူးဖိနပ်အနက်ကိုပင် မချွတ်၊

အစပထမတွင်ကျွန်တော့်အနေနှင့် အခန်းမှား၍ ဝင်လာမိသည်ဟု ထင်မြင်ယူဆလိုက်မိသေးသည်၊ အခန်းဝန်းကျင်ကို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သောအခါကျမှ ကျွန်တော် အခန်းမှားကြောင်း သေချာသွားပြီ၊

ထိုအခါ ကျွန်တော့်အခန်းထဲသို့ ကျူးကျော်ဝင်ရောက်နေသောပုဂ္ဂိုလ်ကို စူးစူးရဲရဲကြည့်၍ မျက်လုံးချင်း ဆိုင်လိုက်မိသည်၊

"ကျုပ်အခန်းထဲကို ဘာသဘောနဲ့ သူခိုးတစ်ယောက်လို ဝင်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်စကားအဆုံးတွင် သူက ဖက်လက်ကုလားထိုင်ပေါ်မှ ဖြည်းညင်းစွာ ထသည်။

"ဘယ်နည်းနဲ့ဝင်ဝင် ... အဲဒါက အကြောင်းမဟုတ်ပါဘူး၊ ခင်ဗျားကို စကားပြောစရာရှိလို့"

သူက မာရေကြောရေ ပြန်ပြောသည်။

"တိုယ့်လူစကားကို နားထောင်ချင်စိတ်မရှိဘူး။ မခံချင်ရင် အခုချက်ချင်း ထွက်သွားပေတော့"

"မိုးကျော်ကျော်က လွှတ်လိုက်လို့ ခင်ဗျားနဲ့ လာတွေ့တာပါ"

"ဘယ်သူ လွှတ်လိုက်တယ်"

ကျွန်တော်က ဖေဖေ့ဖေါ်ဖြင့် လွှတ်ခနဲ ပြန်မေးသည်။

"မိုးကျော်ကျော် - မ,လုံးတင် ချောင်းငင်၊ ဝစ္စနှစ်လုံးပေါက် မိုး၊ သဝေ ထိုး တကြီးသပင့် ရေးချ ရှေ့ထိုး ကျော်"

"ခင်းတာမင်း ရှေ့ထိုးထိုး၊ နောက်ထိုးထိုး တျုပ် ဂရုမစိုက်ဘူး။ ဟောဟို အခန်းတံခါးပေါက်က ခုချက်ချင်း ထွက်ပေတော့"

ကျွန်တော်က တံခါးပေါက်ဝကို ညွှန်ပြသည်။

"မိုးကျော်ကျော် မှာလိုက်တဲ့အတိုင်း မလုပ်ရင်တော့ ခင်ဗျားရဲ့ကျန်းမာရေး ချို့ယွင်းသွားနိုင်တယ်နော်"

ထိုသူက ငြိမ်းချောက်သောလေသံဖြင့် ပြောသည်။

ထိုနာမည်ကို စောစောက မိန်းမချောလေးထံမှ တစ်ခါကြားခဲ့ရဖူးပြီး၊ ယခု လည်းပဲ ထပ်မံကြားရပြန်ပြီ။

"ကိုယ့်လူ - လူမှားနေပြီထင်တယ်၊ မိုးကျော်ကျော် ဆိုတဲ့နာမည်က ကျုပ် အသိထဲမှာ မရှိဘူး။ ဒါပေမဲ့ - ထားပါတော့ကွာ၊ အဲဒီမိုးကျော်ကျော်ဆိုတဲ့ သတ္တဝါက ကျုပ်ကို ဘာပြောခိုင်းလိုက်သလဲ"

ကျွန်တော်က စိတ်ရှည်ရှည်ထား၍ မေးခွန်းထုတ်သည်။

"အဲဒီလိုမျိုး အစကတည်းက ပြေပြေလည်လည် ဆက်ဆံဖို့ကောင်းတာပေါ့ဗျာ၊ မိုးကျော်ကျော်က ခင်ဗျားကို မနက်ဖြန်မနက် ထွက်မယ့် လေယာဉ်နဲ့ ခရီးထွက်ခိုင်းလိုက်တယ်၊ ဟောဒီမှာရော့ - ခင်ဗျားအတွက် လေယာဉ်လက်မှတ်"

ထိုသူက သူဝတ်ဆင်ထားသောမိုးကာအင်္ကျီအိတ်ထဲမှ သူ့ညာဘက်လက်ကို ထုတ်လိုက်ရာ လေယာဉ်လက်မှတ်တစ်စောင်ပါလာသည်။ ကျွန်တော့်လက်သို့ လှမ်းပေးသည်။

ကျွန်တော်က လေယာဉ်လက်မှတ်ကို လှမ်းယူသလိုလိုနှင့် ထိုသူ၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်ကိုင်ညှစ်ပြီး ကျွန်တော့် ဘက်သို့ ဆောင့်ဆွဲလိုက်သည်။ အရှိန်နှင့် သူ့ခန္ဓာကိုယ်ကြီးက ယိုင်ဆင်းလာစဉ် သူ၏ဝမ်းဗိုက်ကို ကျွန်တော့်ဒူးနှင့် အားရှိပါးရှိ ဆောင့်တိုက်လိုက်သည်။

ထိုသူ၏ပါးစပ်မှ ဟပ်ခနဲ လေတစ်ချက်အန်ကာ ကြမ်းပြင်ပေါ်သို့ မှောက်နံကြီး ပစ်ကျသွားသည်။ ကျွန်တော်က အပိုင်ဝိုးသွင်းသူတစ်ယောက်ပမာ သူ့နားထင်ကို စိတ်ပါလက်ပါ ကျုံးထည့်လိုက်ရာ ခနဲသား လုံးလုံးလျားလျား ငြိမ်သက်သွားကာ လောကကြီးနှင့် ယာယီအဆက်ပြတ်သွားသည်။

ထို့နောက်ကျွန်တော်သည် သူ့ခန္ဓာကိုယ်ကြီးကို ခြေထောက်မှ ကိုင်လျက် ဒရွတ်ဆွဲပြီးအခန်းအပြင်ဘက်လှေကားမှ ပစ်ချလိုက်သည်။ ထိုသူသည် လှေကားအောက်ဆုံးထစ်အထိ ဒလိမ့်ခေါက်ကွေး လျှောတိုက်ကျဆင်းသွားသည်။

လှေကားအောက် ဆုံးထစ်အရောက်တွင် ဒယီးဒယိုင်ဖြင့် လူးထချိန် ကြိုးစားနေသည်ကို မြင်လိုက်ရသည်။

ကျွန်တော်သည် သူ့ကို ဆက်ကြည့်မနေတော့ပဲ ကျွန်တော်၏ အခန်းထဲသို့ ပြန်ဝင်ကာ တံခါးကို အတွင်းမှ ချက်ထိုး၍ ပိတ်လိုက်သည်။ ထိုသူ၏လက်ထဲမှ ကျနေသော လေယာဉ်လက်မှတ်ကို ကောက်ယူ၍ ကျွန်တော့်စားပွဲ အံဆွဲထဲသို့ ပစ်ထည့်လိုက်သည်။

ထို့နောက် စိတ်ချလက်ချ အိပ်ရာဝင်လိုက်ရသည်။

သို့ရာတွင် ကျွန်တော် ချက်ချင်းအိပ်မပျော်ပါချေ။

ကျွန်တော့်တွင် တွေးစရာများ တစ်ပုံတစ်ပင် ရှိနေသည်။

၂

ယမန်နေ့ညက စားပွဲတင်နာရီနှိုးစက်ကို ခါတိုင်းကဲ့သို့ သံဝက်ပေးထားရန် သတိမရခဲ့သည့်အတွက် အိပ်ရာမှ နိုးနိုးချင်း စားပွဲတင်နာရီကို လှမ်းကြည့်လိုက်မိသည်။

နံနက် (၁၀) နာရီထိုးရန် ငါးမိနစ်အလို။

www.burmeseclassic.com

www.burmeseclassic.com

မှန်ချိန်ကတိုးနာရီဖြစ်သောကြောင့် ဒိတိုင်းထက်တစ်နာရီနီးပါးမျှနောက်ကျနေလေပြီ။ သို့ရာတွင် ကျွန်တော့်အနေနှင့်အလုပ်သွားချင်စိတ်မရှိ၊ အိပ်ရာပေါ်တွင် လဲလျောင်းလျက်သားဖြင့် လွန်ခဲ့သောညက ဖြစ်ရပ်ကို ပြန်လည်စားမြုံ့ပြန်ရင်းမှိန်းနေလိုက်မိသည်။

ဆယ်မိနစ်ခန့် တစ်ရေးနပ်နေပြီးမှ အရှင်းဆန့်တာအိပ်ရာမှထလိုက်သည်။ အညိုရောင် သဗ္ဗလတ်ဦးထုပ်တစ်လုံးတိုရှေ့ခန်းထဲတွင်တွေ့သည်။ စားပွဲအံဆွဲထဲတွင်လည်းလေယာဉ်လက်မှတ်တစ်စောင်။

ဘာကြောင့်များ ကျွန်တော့်ကိုမှ ရွေးချယ်၍ဤဖြစ်ရပ်ဖြစ်ခဲ့ရခြင်းကို စဉ်းစား၍မရပါချေ။

ကျွန်တော်သည် တစ်ယောက်တည်းသမားဖြစ်သည့်အားလျော်စွာရေနွေးတစ်ခွက်စာ လျှပ်စစ်ကြိုးဖြင့် တည်ထားစဉ် မုတ်ဆိတ်ငုတ်တိုလေးများကို ရိတ်ပြီး ရေချိုးခန်းဝင်သည်။

ရေချိုးခန်းမှ ပြန်ထွက်လာသောအခါ ဆူနေသောရေနွေးခွက်ထဲသို့ ကော်ဖီမှုန့်တစ်ဇွန်းထည့်၍ ဖျော်လိုက်သည်။ ထို့နောက် ကျွန်တော်၏ရုံးရှိ မန်နေဂျာ ဦးအောင်ခင်ထံသို့ ဖုန်းဆက်ရန် မြေညီထပ်ရှိ စတိုးဆိုင်မှ ဖုန်းဖြင့် ဆက်သွယ်သည်။ တစ်ဖက်မှ ဖြေသူသည် ဦးအောင်ခင် မဟုတ်လား။

"ခင်ဗျားအခု ဘယ်ကဆက်နေတာလဲ၊ မန္တလေးက ဆက်တာလား"

တစ်ဖက်မှ ပြန်မေးသည်။

"ဘာဖြစ်လို့ ကျွန်တော် မန္တလေး ရောက်ရမှာလဲ"

ကျွန်တော်က ဖဝေဖဝါဖြင့် မေးလိုက်သည်။

"ခင်ဗျားအမေ ကွယ်လွန်သွားလို့ ခင်ဗျားမန္တလေးထွက်သွားပြီတဲ့၊ ခင်ဗျားရဲ့အစ်ကို ဆိုတဲ့လူက မနက်ကပဲ ဖုန်းဆက်အကြောင်းကြားတယ်၊ ဒါကြောင့် ခင်ဗျားမန္တလေးကဖုန်းဆက်တယ်ထင်လို့ပါ"

တစ်ဖက်မှ ရေရေလည်လည် ရှင်းပြသည်။

"ကျွန်တော့်အမေ ဆုံးတယ်ဆိုတာ မဟုတ်ပါဘူး။ ဒါကြောင့် - ကျွန်တော် မန္တလေးလည်း မသွားပါဘူး။ တစ်ယောက်ယောက်က သက်သက်မဲ့ သတင်းမှားလွှင့်လိုက်တာ ဖြစ်ပါလိမ့်မယ်၊ ဒါပေမဲ့ - ကျွန်တော်ဒီနေ့ တိစ္ဆတစ်ခုရှိလို့၊ ရုံးမတက်နိုင်တာကို၊ အခု ကျွန်တော်ကိုယ်တိုင် ကြောင်းကြားတာပါ"

ကျွန်တော်ကလိုရင်းကိုအကျဉ်းချုံး၍သတင်းပို့လိုက်သည်။

"ဒါထက် - ခင်ဗျား ဦးဘထိုက် အကြောင်းကြားပြီးပြီလား"

တစ်ဖက်မှပြန်မေးသည်။

"ဦးဘထိုက် - ဘာများဖြစ်လို့လဲ"

"မနေ့ညက ကွယ်လွန်သွားပြီဗျ"

ကျွန်တော်သည် မည်သို့ဆက်လက်ပြောရမည်မှန်း မသိတော့ပါချေ။ ထို့ကြောင့် ယောင်တိယောင်ကန်းဖြင့် ဖုန်းပြန်ချလိုက်မိသည်။ လောလောဆယ် အခြေအနေတွင်ကျွန်တော့်အဖို့စဉ်းစားစရာများ ဖြစ်ပေါ်နေသည်။

မိုးကျော်ကျော်က ကျွန်တော့်ကို ဘာကြောင့် ခရီးထွက်စေချင်ရတာလဲ၊ ကျွန်တော့်မိခင်သည် လွန်ခဲ့သောဆယ်နှစ်ခန့်က ကွယ်လွန်ခဲ့ပါလျက်နှင့် အဘယ့်ကြောင့် ယခုမှ ထပ်မံ၍ အသေခံနေရပါသလဲ၊ ထို့ပြင် ကျွန်တော့်မှာ အစ်ကိုဟူ၍ တစ်ယောက်မှ မရှိပါချေ။

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်တစ်ယောက်တည်း စဉ်းစား၍ အဖြေရှာမရသောကြောင့် တစ်စုံတစ်ရာသော အပြောင်းအလဲ ဖြစ်လိုဖြစ်ငြား မြို့ထဲသို့ ထွက်လာခဲ့သည်။

လမ်းဘေးပလက်ဖောင်းပေါ်တွင် ဖြန့်ခင်းရောင်းချနေသော စာအုပ်အဟောင်းများကို အမှတ်မထင် လှမ်းကြည့်လိုက်မိသည်။ ဒေါက်တာဦးမိုးထွန်းနှင့်ဒေါက်တာဦးမော်အောင်တို့ပူးပေါင်းသုတေသနပြုချက်များကို ဖော်ပြထားသော "စိတ်ပိုင်းဆိုင်ရာ ပညာရပ်များ" ခေါင်းစဉ်ဖြင့် စာအုပ်ဟောင်းတစ်အုပ်ကို သတိပြုမိလိုက်သည်။

စာအုပ်၏အခြေအနေမှာ အတော်ပင်ဟောင်းနွမ်းနေချေပြီ။ မည်သို့ပင်ဖြစ်စေ စာအုပ်ရဲ့ကျောဖုံးမှာ "စိတ်ဝေဒနာနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းလိုပါက ဖော်ပြပါ၊ ဒေါက်တာ(၂)ဦးထံသို့ ဆက်သွယ်ဆွေးနွေးနိုင်ကြောင်းတယ်လီဖုန်းနံပါတ်နှင့်လိပ်စာကိုပါဖော်ပြထားသည်။


ထို့ကြောင့် ကျွန်တော့်ရင်ထဲမှ မရှင်းလင်းသောအချက်များနှင့်စပ်လျဉ်း၍စိတ်ပညာရှင်တစ်ယောက်နှင့်တွေ့ချင်စိတ် ဖြစ်ပေါ်နေမိသည်။ အလွယ်တကူ ဖုန်းဆက်၍ရသည်မှာ ဒေါက်တာ ဦးမော်အောင် ဆေးခန်းဖြစ်နေသည်။

တစ်ဖန်သူနာပြုဆရာမထံ၌လူနာရသူက ကျွန်တော့်အားမွှန်းတည့်(၁၂)



www.burmeseclassic.com

www.burmeseclassic.com




နာရီတိတိတွင်ဒေါက်တာဦးမော်အောင် နှင့်တွေ့ရန် တရင်းသွင်းထားကြောင်း ပြောကြားခဲ့သည်။

မွန်းတည့် ရှိန်ရောက်ရန် ဆယ် မိနစ်အလိုတွင် ကျွန်တော်သည် ဒေါက် တာ ဦးမော်အောင်၏ ဆေးခန်းရှိရာသို့ ခြေဦးလှည့်ခဲ့သည်။

ဒေါက်တာ ဦးမော်အောင်၏ လူနာ စမ်းသပ်ခန်းရှေ့တွင် စားပွဲတစ်လုံးနှင့် ထိုင်နေသော အရပ်မြင့်မြင့်၊ ဖြူဖြူသွယ် သွယ် သူနာပြုဆရာမကို တွေ့ရသည်။ သူမက လူနာမှတ်တမ်းစာအုပ်ထဲတွင် ဘွတ်ကင်လုပ်ထားသော ကျွန်တော့် အမည်ကိုကြည့်ရှုစစ်ဆေးပြီး (၁၂)နာရီ တိတိအရိုန်တွင်စမ်းသပ်ခန်းအတွင်းသို့ ဝင်ခွင့်ပြုလိုက်သည်။

ဒေါက်တာ ဦးမော်အောင်သည် မွန်မွန်ရည်ရည်နှင့် သန့်ပြန့်သော ဉပဓိ ရုပ်ရှိသည်။ ကျွန်တော့်အား လွတ်လွတ် လပ်လပ်ဆွေးနွေးနိုင်စေရန် လူနာစုတင် ပေါ်ရှိ အိပ်ရာခင်းဖြူဖြူ ခင်းထားသော အိပ်ရာပေါ်တွင် လဲလျောင်းစေသည်။ ဒေါက်တာဦးမော်အောင်က ခုတင်ဘေး တွင် ခုံတစ်ခုံဖြင့် ထိုင်သည်။

"ကျုပ်နဲ့တွေ့ဖို့ မောင်ရင့်ကို ဘယ် သူက ညွှန်လိုက်တာလဲ"

"ဒေါက်တာဦးမိုးထွဋ်က ညွှန်လိုက် ပါတယ်"

ကျွန်တော်သည် "စိတ်ပိုင်းဆိုင်ရာ ပညာရပ်များ" ဟူသော စာအုပ်ထဲတွင် ဖတ်လိုက်မိသော အမည်(၂)ခုအနက် တစ်ခုဖြစ်သော ဦးမိုးထွဋ်၏အမည်ကို ကျွန်တော်၏နှုတ်များမှ လွှတ်ခနဲ ထွက် သွားသည်။

"အဲဒါ လုံးဝမဖြစ်နိုင်ပါဘူး"

ဒေါက်တာ ဦးမော်အောင်က ဦးခေါင်းကို ညာ်သာစွာ ခါယမ်းပြသည်။

"ဘာဖြစ်လို့ မဖြစ်နိုင်တာလဲ ခင်ဗျာ"

ကျွန်တော်က ပြန်မေးသည်။

"ဒေါက်တာ ဦးမိုးထွဋ် ကွယ်လွန်ခဲ့ တာ (၁၂)နှစ် တော့်ခဲ့ပါပြီ"

ထိုအဖြေကြောင့်ကျွန်တော်၏မျက် နှာတစ်ခုလုံး ထူပူသွားမိသည်။

"အမှန်အတိုင်းပြောရရင် ဒေါက် တာတို့နှစ်ယောက် သုတေသနပြုပြီး ရေးသားထုတ်ဝေခဲ့တဲ့ စာအုပ်ထဲက နာမည်တွေကို ဖတ်ထားမိပါတယ်၊ ဒါကြောင့် လွှတ်ခနဲ အလွယ်တကူ ပြော လိုက်မိတာပါ။ ကျွန်တော့်ကို ဘယ်သူ ကမှ ညွှန်တာမဟုတ်ပါဘူး ဒေါက်တာ"

ကျွန်တော်က မျက်နှာပူပူနှင့် ဝန်ခံ လိုက်သည်။

"ထားပါတော့လေ - မောင်ရင့် ပြဿနာက ဘာများလဲ"

"ကျွန်တော် သိချင်တာတစ်ခု ရှိလို့ ပါ။ အဲဒါက ကျွန်တော့်ကိုယ်ကျွန်တော် ရူးနေသလား (ဒါမှမဟုတ်) ရေးသူလား ဆိုတဲ့သံသယကို သိချင်ပါတယ်"

"မောင်ရင် - ဘာကြောင့် အဲဒီ အတွေးမျိုး ဖြစ်လာခဲ့တာလဲ"

"အဖြစ်က တစ်ခါတစ်ခါကျွန်တော် ဟာ ရုစ်ထပ်တိုက်ပေါ်က ဆင်းလာခဲ့ရ တယ်လို့ထင်မိတယ်။ [illegible] တော့ကျွန်တော်ထွက်လာခဲ့တဲ့တိုက်မှာ လှေကားထစ်တောင် လုံးဝမရှိပါဘူး"

"မောင်ရင် - အရက်အလွန်အကျွံ သောက်တတ်သလား"

"တစ်ခါတစ်ရံ အနည်းအကျဉ်း လောက်တော့ သောက်ဖူးပါတယ်"

"ဒါဖြင့် မူးယစ်ဆေးဝါး သုံးစွဲဖူး သလား။ ဥပမာ ဆေးခြောက်တို့၊ ဘိန်း တို့လိုဟာမျိုးတွေပေါ့"

"မသုံးစွဲဖူးပါဘူး"

"ကောင်းပြီ ဒါဆိုရင် - ရုစ်မောင် ရင်ပြောသလို ရုစ်ထပ်တိုက်ပေါ်က




www.burmeseclassic.com

www.burmeseclassic.com

ဆောင်းခဲ့ရပဲနဲ့ ဘာဖြစ်လို့ထင်ရတာလဲ၊ အတယ်ဆင်းခဲ့တာရော မဖြစ်နိုင်ဘူးလား"

"ဒါပေမဲ့ - ဒေါက်တာရယ် - အဲဒီ ထိုက်ခန်းမှာ လှေကားမှ မရှိပဲ"

ဒေါက်တာသည် ကျွန်တော့်၏မျက်လုံးထဲသို့ နက်နက်ရှိုင်းရှိုင်း စူးစူးရဲရဲ ကြည့်လိုက်သည်။

"လောလောဆယ်ဖြစ်ခဲ့တဲ့ မောင်ရင့်ရဲ့အတွေ့အကြုံတစ်ခုကို ပြည့်ပြည့်စုံစုံ ပြောပြနိုင်မလား"

ကျွန်တော် လွန်ခဲ့သော ညတွင်း ကြုံတွေ့ခဲ့ရသောဖြစ်ရပ်ကို ပြောပြလိုက်သည်။ ဒေါက်တာက ကြားဖြတ်မေးခွန်း မထုတ်ပဲ ငြိမ်သက်စွာ နားထောင်နေသည်။ ကျွန်တော့်စကားဆုံးသောအခါ တွင် -

"အတော့်ကို စိတ်ဝင်စားစရာကောင်းတဲ့ဖြစ်ရပ်တစ်ခုပဲ။ ဒီလိုဖြစ်ရပ်မျိုး တစ်ခါမှ မကြားဖူးဘူး။ ဒါထက် အဲဒီအကြောင်းနဲ့ပတ်သက်ပြီး မောင်ရင့် အပေါင်းအသင်းသူငယ်ချင်းတစ်ယောက်ယောက်ကိုများ ပြောပြခဲ့ဖူးသလား"

"ကျွန်တော့်မှာ အပေါင်းအသင်း၊ သူငယ်ချင်းဆိုတာ လုံးဝမရှိပါဘူး"

"တစ်ယောက်မှ မရှိတာ သေချာရဲ့လား"

"မရှိပါဘူး ခင်ဗျား"

ဒေါက်တာ၏ အမူအရာမှာ ကျွန်တော့်အား စိတ်ရှည်ရှည်ထား၍ဆက်ဆံနေပုံရသည်။

"ကောင်းပြီလေ - မောင်ရင်၊ မပြောချင်လို့ ဖုံးကွယ်ထားနိုင်ပါတယ်၊ ဒါပေမဲ့ မောင်ရင် ပြောချင်တာကိုသာ ရွေးချယ်ပြောလို့ရပါတယ်၊ မောင်ရင် လက်ရှိ အလုပ်မှာလုပ်သက် ဘယ်လောက်ကြာပြီလဲ"

"သုံးနှစ်ရှိပါပြီ"

"အလုပ်မရခင်တုန်းက ဘယ်ဝင်ငွေနဲ့ သုံးစွဲစားသောက်ခဲ့သလဲ"

"ကျွန်တော် မမှတ်မိပါဘူး - ဒေါက်တာ"

"ဘာကြောင့် မမှတ်မိတာလဲ"

"လွန်ခဲ့တဲ့ သုံးနှစ်မတိုင်ခင်က အကြောင်းအရာတွေနဲ့ပတ်သက်လို့ ကျွန်တော် လုံးဝပြန်လည်စဉ်းစားလို့မရတော့ပါဘူး - ဒေါက်တာ"

"ဒါဖြင့် အလုပ်လုပ်နေတဲ့သုံးနှစ်အတွင်းက အဖြစ်အပျက်တွေကိုတော့ မမေ့ဘူး မဟုတ်လား"

"ဟုတ်ကဲ့ပါ"

ဒေါက်တာသည် ထိုင်ခုံပေးမှထ၍ ခေတ္တမျှနက်နက်နဲနဲစဉ်းစား၍အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်သည်၊ ထို့နောက် ရပ်တန့်၍ ကျွန်တော့်ကို ငုံ့ကြည့်သည်။

"မောင်ရင်ဟာ စိုးရိမ်ထိတ်လန့်ချောက်ချားမှုတစ်ခုခုကြောင့် တမင်တကာ သတိမေ့လျော့ပစ်လိုက်တာမျိုး ဖြစ်နိုင်တယ်၊ ပြန်လည်မှတ်မိလာဖို့ဆိုတာကလဲ မောင်ရင့်အပေါ်မှာပဲ မူတည်တယ်၊ တကယ်လို့ မောင်ရင်ဟာ အမ်မနေးဇီးယားဝေဒနာသည်တစ်ယောက်ဆိုရင် မနောအကြည်ဓာတ်ကို ပိတ်ဆို့နေတာပါ၊ အဲဒီပိတ်ဆို့မှုဟာလည်း တခြားချေဖျက်တဲ့အကြောင်းတစ်ခုခုပေါ်လာရင် တစ်စတစ်စပြန်လည်ကြည်လင်လာလိမ့်မယ်၊ ထူးခြားတာလေးတွေ ဖြစ်လာရင် မှတ်မိစရာအကြောင်းတွေ ပေါ်လာလိမ့်မယ်၊ လောလောဆယ် မောင်ရင်ဟာ ကျုပ်နဲ့ လာမတွေ့ခင် နှစ်ဆယ့်လေး နာရီအတွင်းမှာ အကြောင်းတစ်ခုခုကြောင့် အကြီးအကျယ် ထိတ်လန့်ချောက်ချားစရာတစ်ခုနဲ့ ကြုံတွေ့ခဲ့ပါလိမ့်မယ်၊ ဥပမာ - ဥပဒေနဲ့ မလွတ်ကင်းတဲ့ဖြစ်ရပ်တစ်ခုခုကြောင့်ပြစ်ဒဏ်ခံရမှာကြောက်ပြီး အခုလိုမျိုး အလိုအလျောက်မေ့ပစ်လိုက်တာမျိုးဖြစ်လိမ့်မယ်၊ မိမိကိုယ်ကိုနှစ်သိမ့်တဲ့သဘောမျိုးနဲ့ အဲဒီအချိန်ကာလဟာ သိပ်ကြာနေပြီလို့ ယူဆလိုက်တာ ဖြစ်ရမယ်၊ ဒါပေမဲ့ ဖြစ်ရပ်တစ်ခုလုံးကို တစ်ထစ်ချင်း တစ်ပိုင်းချင်းအစပေါ်လာတာနဲ့တစ်ပြိုင်နက် အကြောင်းအရာတစ်ခုလုံး ပြန်လည်သတိရလာမှာ သေချာတယ်၊ ကျုပ်ရဲ့ အတွေ့အကြုံအရ ဒါပဲ ပြောနိုင်တယ်၊ ပြန်ပေတော့ မောင်ရင် ကျုပ်နဲ့ တွေ့ခန်း ကျသင့်ငွေကိုတော့ အပြင်ခန်းမှာရှိတဲ့ မိန်းကလေးဆီမှာ ပေးခဲ့၊ သူက အချိန်နဲ့ တွက်ပြီး ယူလိမ့်မယ်"

၁၁

ဓနရောင်ခြည်သည် သစ်တိုင်းသစ်ခက်၊ သစ်ရွက်များအကြားမှ ကျွန်တော့်မျက်နှာပေါ်သို့ ပြောက်တိပြောက်ကြားကျနေသည်၊ စင်စစ်အားဖြင့် သစ်ပင်အောက်တွင် ငုတ်တုတ်ထိုင်ရာမှ ပင်စည်ကိုကျောမှီလျက်စိတ်ဝင်ဝန်းနွမ်းနယ်မှုကြောင့် အိပ်ပျော်မှန်းမသိ၊ အိပ်မောကျသွားခြင်း ဖြစ်တန်ရာသည်။

ကျွန်တော်သည်မိနစ်ပိုင်းမျှသာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့ခြင်းဖြစ်





www.burmeseclassic.com

www.burmeseclassic.com

သောကြောင့် လန်းလန်းဆန်းဆန်း ကြည်ကြည်လင်လင် ဖြစ်နေသည်။

သစ်ပင်ရိပ်မှ ထလာသော အခိုက် အတန့်တွင် ကျွန်တော့်ရှေ့ ကားလမ်းမ ကြီးပေါ်မှ ဖြတ်သန်းမောင်းနှင်သွားသော ကားတစ်စင်းသည် ကျွန်တော့်ကို ကျော်ဖြတ်သွားပြီးမှ နောက်သို့ ဘက်ဂီယာ ထိုး၍ ပြန်ဆုတ်လာသည်။ ကျွန်တော်နှင့် ခြေသုံးလှမ်းခန့်အကွာတွင် ကားရပ် လိုက်သည်။

ကျွန်တော်က ခြေလှမ်းကို ရပ်တန့်လိုက်သည်။ ကားတံခါးဖွင့်၍ ဆင်းလာသူတို့မြင်လိုက်ရသောအခါ လွန်ခဲ့သော ညက လေဆိပ်ပေါ်မှ ပစ်ချခဲ့သော လူဆိုးတစ်ယောက် ဖြစ်နေကြောင်း သတိရ လိုက်သည်။

သူ့လက်ထဲတွင် မောင်းပြန်အား တစ်လက်ပါသည်။

လတ်ကိုင်ရိုးပေါ်မှ ခလုတ်ကို နှိပ် လိုက်သောအခါ "ဖြောင်းခနဲ" မြည်သံနှင့် အတူ သံမဏိဓားသွား ထွက်လာသည်။ နေရောင်တွင် ဝင်းလက်တောက်ပနေ သည်။

"ဆရာကြီးက ခင်ဗျားကို သိပ်တွေ့ ချင်နေတယ်။ ဒါကြောင့် – ခင်ဗျားသွား လေ့ရှိတဲ့နေရာမှန်သမျှ ရှာလိုက်ရတာ ဖတ်ဖတ်မောသွားတာပဲ။ အခုတော့ လည်းကံအားလျော်စွာ တွေ့ရပါပြီ။ အေး အေးသက်သာလိုက်မလား၊ ကြမ်းကြမ်း တမ်းတမ်းခေါ်ရမလား ကြိုက်ရာလမ်း ရွေးပေတော့"

"ဟိုတစ်ခါ ခံသွားရတဲ့ဒဏ်ရာ သက်သာသွားပြီလား"

ကျွန်တော်က မေးမောပြောပြောနှင့် ထိုသူ၏လက်တစ်ကမ်းသို့ရောက်အောင် လျှောက်သွားသည်။

"ဒီတစ်ခါတော့ ခင်ဗျားကို လက်ဦး ခွင့်မပေးနိုင်တော့ဘူး"

သူက ပြောပြောဆိုဆိုဖြင့် မောင်း ပြန်ဓားကို ဝှေ့ယမ်းယမ်းပြသည်။ ကျွန် တော် နောက်တစ်လှမ်း ရှေ့တိုးလိုက် သည်နှင့်တစ်ပြိုင်နက် သူ့လက်ထဲမှ မောင်းပြန်ဓားဖြင့် လက်ပြန်တစ်ချက် ထွတ်သည်။

ကျွန်တော်ကသူ့ဓားချက်ကိုဆံခြည် တစ်မျှင်စာမျှလွတ်ရုံလေး၊ ကျွန်တော်၏ ခန္ဓာကိုယ်ကိုဘေးတိုက်ယိမ်းပေးသည်။ တစ်ပြိုင်တည်းမှာပင် သူ့လက်ကောက် ဝတ်ကို ကျွန်တော့်ညာလက်ဖြင့် မိမိရရ ဆုပ်ကိုင်လိုက်သည်။ ထိုအခိုက်အတန့် တွင် ကျွန်တော်၏ ဘယ်လက်ဖဝါးနှင့် သူ၏နှာခေါင်းရိုးကိုတည့်တည့်မတ်မတ် ဖြန်းခနဲ ပိတ်ရိုက်ထည့်လိုက်သည်။ သူ့ နှာခေါင်းအတွင်းရှိ အရိုးနုပဲ့ကြေသွား သည့်တိုင်အောင် ပြင်းထန်စွာ ထိသွား သည်။

ငနဲသား ဒူးညွှတ်ပျော့ခွေကျကာ မြမ်သက်နေသည်။

ထိုအချိန်တွင် ကားတွင်း၌ပါသော သူ့အဖော်တစ်ယောက်က သူ့လူကို ကူ ရန် ကားတံခါးဖွင့်လျက် ကားထဲမှ ခြေ ထောက်တစ်ဖက်ကို လှမ်းထွက်စဉ်…။

ကျွန်တော်သည် အမြန်ဆုံးနှင့် အတိကျဆုံးအရှိန်အဟုန်ဖြင့်ကားတံခါး ကို ဆောင့်ကန်လိုက်သည်။ ကားထဲမှ ထွက်ရန်ထုတ်ထားသောခြေတစ်ချောင်း သည်ကားတံခါးနှင့်ညှပ်မိပြီးကျိုးလုကျိုး ခင် ခံစားသွားရသည်။

ထိုသူ အော်ဟစ်လိုက်သောအသံ ကြီးသည်ငရဲပြည်မှငရဲသားတစ်ယောက် အသည်းအသန်ဖြင့် နလုံးသွေးပျက် ဓမန်းအော်ဟစ်လိုက်သည့်အလား ထပ် တူထပ်မျှ မှတ်ထင်ရလောက်သည်။

ကျွန်တော်သည်သတိလစ်လုနီးပါး နာကျင်မှုဒဏ်ကို ခံစားနေရသော သတ္တဝါကို ကားထဲမှ အောက်သို့ ဆွဲချ ထားခဲ့ပြီးထိုကားကိုမောင်းထွက်ခဲ့သည်။ ထိုသို့ ကားကို ကျင်လည်စွာ မောင်းနေ လျက်ဖြင့် ကျွန်တော်သည် မည်သည့် အချိန်က ကားမောင်းတတ်နေပါလိမ့် ဟု၍ စဉ်းစားကြည့်သည်။

ကျောက်မဲတွင် နေခဲ့စဉ်က ကားကို စတင်မောင်းတတ်ခဲ့သည် ဟူသော အဖြေတစ်ခု၊ ကျွန်တော်၏ အသိအာရုံ ထဲသို့ အမှတ်မထင် တိုးဝင်လာသည်။ သို့ရာတွင် ကျောက်မဲမြို့တွင် မည်သူနှင့် နေခဲ့ဖူးသည်ဟု တွေးမရပါချေ။ ထို့ ကြောင့် ကျွန်တော့်အကြောင်းနှင့်ပတ် သက်၍ လုံးဝဥဿုံ သိနေသူတစ် ယောက်ကိုတွေ့ရန် လိုအပ်နေလေပြီ။

မည်သို့ပင်ဖြစ်စေ၊ ထိုကဲ့သို့ သိနေ သူကို မည်သည့်နေရာတွင် သွားရှာရ မည်ဟု စဉ်းစား၍ မရပါချေ။ ကျွန်တော် မောင်းနေသောကားကို မည်သူ့ထံသို့ မောင်းသွားနေခြင်းဖြစ်ကြောင်း စဉ်းစား ကြည့်သည်။

ထိုအခိုက်အတန့်တွင်ကားတစ်စီး ကြောင်ကာ ဆန့်ငင် ဆန့်ငင်ဖြင့် ဖွတ် ချက် ဖွတ်ချက် အသံမြတ်ကောင်းမြင် တောင်းမြည်လျက် ရပ်သွားလေ

www.burmeseclassic.com

သည်၊ ဆီပိတ်၍ ရပ်ခြင်းဟု စဉ်းစားမိသော်လည်း ကျွန်တော်က ထိုကားကို ဆက်လက် အသုံးပြုချင်စိတ် မရှိသောကြောင့် ကားပေါ်မှ ဆင်းခဲ့သည်၊

ခြေဦးတည့်ရာသို့လျှောက်လာစဉ် ကျွန်တော်မျက်နှာမူရာအရပ်ကိုက်အားဖြင့် လေးရာမျှအကွာတွင် ခြံကျယ်ကြီးတစ်ခြံအတွင်း၌ အဝါရောင်သုံးထပ်တိုက်ကြီးတစ်တိုက်ကို မြင်လိုက်ရသည်၊ မည်သူ၏တိုက်ဖြစ်ကြောင်းစဉ်းစားစရာမလိုပဲနှင့် အလိုအလျောက် သိလာသည်၊

ထို့ကြောင့်စိတ်ပညာရှင်ဒေါက်တာမော်အောင် ပြောပြခဲ့သည်မှာ ကွက်တိမှန်ကန်နေကြောင်း၊ ကောက်ချက်ချလိုက်မိသည်၊ ဝင်စစ်အားဖြင့် အစ်မနေးဗီးယား ဆိုသောဖြစ်ရပ်သည် မနော အကြည်ဓာတ်ကိုပိတ်ဆို့မှုတစ်ခုမျှသာဖြစ်သည်၊ အကြောင်းတစ်ခုမဟုတ် တစ်ခုကြောင့် ယင်းကဲ့သို့သော ပိတ်ဆို့မှုတို့ကြုံပျက်လာနိုင်ကြောင်း၊ ထိုအချိန်မှစ၍ တစ်စတစ်စ ပြန်လည်ကြည်လင်လာလိမ့်မည်၊ ဖြစ်ရပ်တစ်ခုလုံးကို တစ်ဆစ်ချင်းတစ်ပိုင်းချင်းအစပေါ်လာသည်နှင့်တစ်ပြိုင်နက်အကြောင်းအရာတစ်ခုလုံး ပြန်လည်သတိရလာမှာ သေချာသည်၊ ဒေါက်တာ၏ အတွေ့အကြုံအရပြောခဲ့ခြင်းဖြစ်သည်၊

ဦးဘထိုက်၏ တိုက်ဝါကြီးရှိရာ ခြံတွင်းသို့ ဝင်ခဲ့သောအချိန်မှစ၍ ကျွန်တော့်အဖို့ အရာခပ်သိမ်းသည် တဖြည်းဖြည်းရှင်းမြင်နေကျ၊ သွားလာနေကျဟူ၍ ဆက်စပ်မိစ ပြုလာသည်၊

သို့ရာတွင် ပြည့်ပြည့်စုံစုံတော့ မဟုတ်၊

အကြောင်းအရာတစ်ခုနှင့် တစ်ခုဆက်စပ်နေသူတစ်ယောက်ပမာဖြစ်နေမိသည်၊ ဖြတ်တောက်ထားသောအပိုင်းအစလေးများအားလုံး ပြည့်စုံသည်နှင့်တစ်ပြိုင်နက် ကားချပ်တစ်ခုလုံး ပီပြင်ထင်ရှားစွာပေါ်လွင်လာမည့်အခြေအနေမျိုးဖြစ်သည်၊

ခြံထဲတွင်ပန်းရောင်စုံများဖူးပွင့်နေကြသည်၊ ခြံဝင်းတံခါးအနီးတွင် ရှိနေသော ခြံစောင့်အဘိုးကြီးကို မြင်လိုက်ရသောအခါ သူနှင့် ကျွန်တော် အပြန်အလှန် ပြုံးပြလိုက်ကြသည်၊

"ကျွန်တော် ရွှေစင်ထိုက်နဲ့ တွေ့ပါရစေ"

"ခွင့်တောင်းနေစရာမလိုပါဘူးဗျာ၊ ရွှေစင်ထိုက်က မောင်ရင့်ကို မျှော်နေပါတယ်"

ခြံစောင့်အဘိုးကြီးက ရိုသာစွာပြော၍ ခြံတံခါး ဖွင့်ပေးသည်၊

ကျွန်တော်က ဦးခေါင်းတစ်ချက်ညိတ်၍ အသိအမှတ်ပြုလိုက်ပြီးနောက် ခြံထဲသို့ ဝင်သွားသည်၊ ပန်းဥယျာဉ်အလယ်ရှိလူသွားလမ်းအတိုင်းလျှောက်သွားသောအခါ အဆောက်အအုံကြီး၏ ဝင်ပေါက်နှင့် တည့်မတ်နေသောလမ်းကြောင်းအတိုင်း ဆက်လက်ဝင်ခဲ့သည်၊

ညှော်ခန်းထဲတွင် ခမ်းနားပြည့်စုံသော မွမ်းမံပြင်ဆင်မှုများ ရှိနေသည်၊ ထိုမြင်ကွင်းကို ကျွန်တော်က မြင်နေကျဖြစ်သည်ဟုအလိုအလျောက် မှတ်မိခဲ့ရသည်၊ အတွင်းခန်းမှ ခေါင်းပြူကြည့်သူသည်ကျွန်တော့်ကိုမြင်သောအခါခေါင်းလျှိုဝင်သွားသည်၊ ထိုသူသည်မန်နေဂျာဦးအောင်ဒင်ဖြစ်ကြောင်း မှတ်မိလိုက်သည်၊ အပေါ်ထပ်မှ လှေခါးကြီးအတိုင်းဆင်းလာသူမှာ ရွှေစင်ထိုက်ဖြစ်ကြောင်းတိတိပပ သိလိုက်ရသည်၊ သူမသည် ကျွန်တော့်ကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်းလှေကားကြီးပေါ်မှ ပြေးဆင်းလာကာ ကျွန်တော့်ရင်ခွင်ထဲသို့တိုးဝင်သည်၊ သူမ၏ ပါးပြင်မို့မို့ပေါ်သို့ မျက်ရည်စီးကြောင်းနှစ်သွယ်က ဖြတ်သန်းသွားသည်၊

"ဖေဖေ့အသုဘမှာ မေမေ့မိတ်ဆွေတွေ၊ တပည့်တပန်းတွေလူစုံတက်စုံလာကြတယ်၊ အဲဒီ့ပရိသတ်ထဲမှာမေမေအားအထားဆုံး၊ ယုံကြည်စိတ်ချရဆုံးဖြစ်တဲ့ကိုဦး မလာတော့ ရွှေစင် အရမ်းခံစားရတယ်"


သူမက အသံလေး တတုန်တယင်ဖြင့် ရှိုက်သံနှောလျက် ပြောနေသည်၊ ကျွန်တော်က သူမကို တွဲလျက် နှစ်ယောက်ထိုင်ဆိုဖာသို့ ခေါ်၍ထိုင်စေသည်၊

"ရဲအရာရှိကလည်း ရွှေစင်တို့ မေးလိုက်တာစုံနေတာပဲ၊ ဖေဖေသာကြောင့် ကုမ္ပဏီတိုက်ခန်းပေါ်က ခုန်ချပြီး သတ်သေရတာလဲ၊ ဒါမှမဟုတ် တစ်ယောက်ယောက်က တွန်းချတာလား၊ ဖေဖေ့မှာ ရန်သူရှိလား၊ စိတ်ဖိစီးမှု ခံစားနေရသလား၊ စိတ်ရောဂါကုတဲ့ဆရာဝန်နဲ့စမ်းဆေးခဲ့ဖူးသလားဆိုတဲ့အကြောင်းတွေပေါ့၊ အဲဒီ့လိုအချိန်မျိုးမှာ ကိုဦးရှိနေမှ သင့်တော်ကောင်းမှာပဲ၊ ဒါပေမဲ့ - ကိုဦးတော့တော့



www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံပညာမှာ ကျွန်တော်ဟာ သာမန်ထက် ပိုမို(EXTRAORDINARY) ထူးခြားတဲ့ အဆင့်နဲ့ အောင်မြင်ခဲ့တယ်။ မြန်မာနိုင်ငံကို ပြန်ရောက်လာတော့ ဦးဘထိုက်ရဲ့ မြေတိုက်ခန်းထဲမှာ သုံးနှစ်တိုင်တိုင် တီထွင်စမ်းသပ်မှု သိပ္ပံဖော်မြူလာတစ်ခု ဖြေရှပ်ခဲ့တယ်။ ဓာတ်ခွဲခန်းမှာ လိုအပ်သမျှ ဦးဘထိုက်က ဖြည့်ဆည်းပေးခဲ့တယ်။ သူ့ဆီကို အဖေရေးလိုက်တဲ့ မိတ်ဆက်စာတစ်စောင်နဲ့ ကျောက်မဲက ရောက်လာတဲ့ အချိန်က ကျွန်တော့်အသက် (၁၄)နှစ်ပဲ ရှိသေးတယ်။

တ ဖေဖေ့အသုဘကိစ္စမှာ အစအဆုံး အတွက်စေ့စေ့ ကူညီခဲ့လို့ ဝတ်သေးတာပေါ့၊ သူဟာ ရှေ့စင်ထင်ထားတာထက်ပိုပြီး စိတ်ကောင်းရှိနေတယ်"

"အဲဒါ ရွှေစင်ရဲ့ထင်မြင်ယူဆချက်ပဲ မဟုတ်လား၊ တချို့လူတွေက ဟန်ဆောင်တဲ့နေရာမှာ ပိပိရိရိ စွမ်းဆောင်နိုင်တယ်၊ ဒါပေမဲ့ - ရေရှည်မခံကြပါဘူး"

ကျွန်တော့်စကားမဆုံးမီ ရွှေစင်က ဖြတ်မေးလိုက်သည်၊

"ဒါထက် - ဖေဖေသေတဲ့အချိန်မှာ ကိုဦးလဲ ရှိနေတယ်လို့ ကိုမိုးကျော်ကျော်က ပြောတယ်"

"နောက်ပြီး - ဘာဆက်ပြောသေးလဲ"

"ကိုမိုးကျော်ကျော် ပြောတဲ့အကြောင်းက ဖော်မြူလာတစ်ခုနဲ့ ပတ်သက်တယ်"

"ဖော်မြူလာ - တစ်ခု၊ ဟုတ်လား ရွှေစင်"

"အဲဒီဖော်မြူလာကြောင့် ဖေဖေ သေရတာ၊ အသတ်ခံရတာမျိုးတော့ မဟုတ်ဘူးလို့ ဖေဖေ့စက္ကရီတေရီက ပြောတယ်၊ အဲဒီအမျိုးသမီးအကြောင်း ကိုဦး သိတယ်မဟုတ်လား"

"ဆန်းဆင့်ဆင့်က လိမ်ပြောတတ်တဲ့အမျိုးသမီး မဟုတ်ဘူး"

"အဲဒီအမျိုးသမီးထွက်ဆိုချက်အရ ဖေဖေဟာ မတော်တဆ တိုက်ပေါ်က အားလွန်ကျလို့ သေသွားတာလို့ သတ်မှတ်ပြီးအမှုပိတ်လိုက်တယ်၊ ဘာကြောင့်လည်းဆိုတော့ ဖေဖေ့ကို ပို့စ်မော်တန်ရိပို့(POST-MORTEM REPORT) အလောင်းခွဲစိတ်စစ်ဆေးမှု အစီရင်ခံချက်အရ သူ့အစာအိမ်ထဲမှာ အရက်အပြင်းစားတွေဟာ ထိုက်သင့်တာထက်ပိုပြီးအလွန်အကျွံသောက်ထားတာတွေ့ ရှိခဲ့ရသတဲ့"

ထိုအရိုက်အတန့်တွင် ကားတစ်စင်းသည့်တိုက်ရှေ့ဆင်ဝင်အောက်တွင် ထိုးရပ်လိုက်ပြီးလျှင် ကားပေါ်မှ အမျိုးသားတစ်ယောက်ဆင်း၍ ဧည့်ခန်းဆောင်အတွင်းသို့ဝင်လာသည်ကို တွေ့လိုက်ရသည်၊ ထိုသူ၏နောက်မှ မိန်းမချောတစ်ယောက် ထက်ကြပ်မကွာ လိုက်ပါလာသည်၊

သူတို့နှစ်ယောက်ကို မြင်မြင်ချင်း ကျွန်တော် မှတ်မိလိုက်သည်၊

ကုမ္ပဏီအဆောက်အအုံတစ်ခုလုံး မီးလျက်သွားစဉ် ကျွန်တော့်နောက်မှ လိုက်ပါလာသောမိန်းမချော၊ သူမသည် ကျွန်တော်တို့ကုမ္ပဏီတွင် ပိုင်ရှင်ဖြစ်သူ ဦးဘထိုက်၏စက္ကရီတေရီဆန်းဆင့်ဆင့် ဖြစ်သည်၊

သူမ၏ရှေ့မှ ဦးဆောင်၍ဝင်လာသူမှာ ကုမ္ပဏီတွင် ရှယ်ယာဝါတနာ (SHARE PARTNER) စီးပွားဖက်တူ ဖါဝင်သူ ဦးမိုးကျော်ကျော် ဖြစ်ကြောင်း သဲသဲကွဲကွဲ သိလိုက်ရသည်၊

ဦးမိုးကျော်ကျော်သည် ကျွန်တော်၏ ရှေ့တည့်တည့် ခြေလှမ်းသုံးလှမ်းအကွာတွင် ရပ်တန့်သည်၊ သူ၏နောက်ကျောဘက်တွင် ရပ်နေသူမှာ ဆန်းဆင့်ဆင့်ဖြစ်သည်၊ သူမသည် ကျွန်တော့်ကို အားတုံ့အားနာဖြစ်နေပုံရသည်၊ ဆန်းဆင့်ဆင့်နှင့်ဦးမိုးကျော်ကျော်အတင်းအဓမ္မခေါ်ဆောင်သောကြောင့်လိုက်လာရဟန်တူသည်၊

နှစ်ယောက်ထိုင်ဆိုဖာပေါ်တွင် ဘေးချင်းယှဉ်လျက် ထိုင်နေကြစဉ်က ကျွန်တော့်အနီးမှ ရွှေစင်သည် အမှတ်မထင် ထိုင်ရာမှ ထသွားသည်၊ သူမ၏



www.burmeseclassic.com

www.burmeseclassic.com

သွင်ပြင်မှုရာမှာ "ကိုယ့်ကိစ္စ ကိုယ့်ဟာကိုယ် ကြည့်ရှင်းကြပေတော့" ဟူသောလတ်လွတ်ဝပယ်ရှောင်ထွက်သွားပုံမျိုး ဖြစ်သည်။

"မောင်အောင်မင်းဦးကို ကျုပ်တွေ့ချင်နေတာ ကြာပြီ၊ ကျုပ်တပည့်တွေနဲ့ ရှာခိုင်းတယ်၊ ဒါပေမဲ့ - ဒီကောင်တွေက တိရစ္ဆာန်လောက်ပဲဦးနှောက်ရှိလို့မောင်ရင်နဲ့ ထိပ်တိုက်တိုးကြတာပါ၊ တိရစ္ဆာန်ဆိုတာ နိုင်တဲ့အကောင်က နိုင်ကွက်ရနေတဲ့အချိန်မှာ နိုင်လိုမင်းထက်အကြမ်းတောင်းရန်မူဖို့ပဲနားလည်တယ်၊ တကယ်တော့ မောင်ရင်ဟာ အမ်မနေးဇီးယား (AMNESIA) ဝေဒနာဖြစ်နေသူတစ်ယောက်ပဲ"

"ခင်များကို ဘယ်သူပြောလဲ"

ကျွန်တော်သည် ထိုင်ရာမှထ၍ ပြတင်းပေါက်အနီးသို့ လျှောက်သွား၍ ရပ်တန့်သည်၊ ဦးမိုးကျော်က စားပွဲကို တော့ပေးရပ်လျက် ကျွန်တော့်ဘက်သို့ မျက်နှာမူသည်၊ ဆန်းဆင့်ဆင့်က ဆက်တီ၏ စားပွဲကို တင်ပါးလွှဲထိုင်နေသည်၊

"ဒေါက်တာ ဦးမော်အောင်ဆီမှာ ကျုပ်ကိုယ်တိုင် စုံစမ်းလို့ သိရတာပါ၊ အဲဒီဝေဒနာဟာ မောင်ရင့်ဆန္ဒကိုက တမင်မေ့ထားချင်စိတ်ကြောင့်ဖြစ်ရတာ မျိုးဆိုတော့ တစ်စတစ်စ ပုံမှန်ပြန်ဖြစ်သွားလေ့ရှိတယ်၊ ကဲ - အခု - မောင်ရင့်ဆီမှာ ကုမ္ပဏီအတွက် အရေးကြီးတဲ့ ဖော်မြူလာ (FORMULA) ရှိနေတယ် မဟုတ်လား၊ အဲဒါကို ကျုပ်လက်ထဲအပ်ရင် မောင်ရင့်ကျန်းမာရေးအခြေအနေကောင်းကောင်းနဲ့ တစ်သက်တာ စည်းစိမ်နဲ့ နေသွားနိုင်လိမ့်မယ်၊ တကယ်တော့ကျုပ်ရဲ့လုပ်ငန်းပါတနာဦးဘထိုက်သေဆုံးရတာလဲ အဲဒါကြောင့်ပါပဲလေ"

"ဦးဘထိုက်ဟာ ငွေကုန်ကြေးကျခံပြီး ကျွန်တော့်ကို နိုင်ငံခြားစေလွှတ်ပြီး ပညာသင်ပေးခဲ့တယ်၊ သိပ္ပံပညာမှာ ကျွန်တော်ဟာ သာမန်ထက်ပိုမို (EXTRAORDINARY) ထူးခြားတဲ့အဆင့်နဲ့ အောင်မြင်ခဲ့တယ်၊ မြန်မာနိုင်ငံကို ပြန်ရောက်လာတော့ ဦးဘထိုက်ရဲ့မြေတိုက်ခန်းထဲမှာ သုံးနှစ်တိုင်တိုင် တီထွင်စမ်းသပ်မှုသိပ္ပံဖော်မြူလာတစ်ခု ပြုလုပ်ခဲ့တယ်၊ ခတ်ရွဲခန်းမှာ လိုအပ်သမျှဦးဘထိုက်က ဖြည့်ဆည်းပေးခဲ့တယ်၊ သူ့ဆီကို အဖေရေးလိုက်တဲ့ မိတ်ဆက်စာတစ်စောင်နဲ့ တောက်မဲက ရောက်လာတဲ့ အချိန်က ကျွန်တော့်အသက် (၁၄) နှစ်ပဲ ရှိသေးတယ်၊ လူတစ်လုံး သူတစ်လုံးဖြစ်အောင်ပညာထူးချွန်အောင် သင်ပေးခဲ့တာ ဦးဘထိုက်ပါ၊ သူ့လိုလူစားကို သတ်ဖို့မဆိုထားနဲ့ သူနင်းသွားတဲ့မြေကြီးပေါ်က မြေရာတိုတောင်ကျွန်တော် ရှိခိုးထိုက်ပါတယ်"

"တော်စမ်းကွာ၊ အပိုတွေပြောမနေနဲ့၊ အဲဒီဖော်မြူလာ ဘယ်မှာလဲ၊ အခုချက်ချင်း ငါ့လက်ကို အပ်စမ်း"

"ကျွန်တော့်ဆီမှာ မရှိတော့ပါဘူး၊ ကုမ္ပဏီမှာမီးပျက်တဲ့ညကဝါဆိုဖယောင်းတိုင်ကြီးတစ်တိုင် ထွန်းလိုက်တယ်၊ ဦးဘထိုက်ဟာ ဖော်မြူလာစာရွက်ကို ဘယ်နှစ်ဖက်နဲ့ကိုင်ပြီး သဲသဲကွဲကွဲမြင်ရအောင် ဖယောင်းတိုင်ကြီးအလင်းရောင်နဲ့တပ်ကြည့်လိုက်ချိန်မှာ မီးစွယ်နဲ့ညိပြီး ချက်ချင်း မီးတောက် မီးလျှံ အဖြစ်ပြောင်းသွားတယ်၊ သူ့လက်ကို မီးတပ်မှာစိုးလို့ ရုတ်တရက် စာရွက်ကို လွှတ်ချလိုက်ချိန်မှာ လေတစ်ချက်အဝှေ့နဲ့အတူ ပြတင်းပေါက်ကနေ စာရွက်လွင့်ကျသွားတယ်၊ ဦးဘထိုက်ဟာ နမြောတသ ယူကျုံးမရဖြစ်ရှာနဲ့ အပြေးအလွှား စာရွက်နောက်ကိုသာ အာရုံစိုက်ပြီး လိုက်ဖမ်းတယ်၊ အဲဒီညဦးပိုင်းကတည်းက ဝမ်းပြောက်ဝမ်းသာနဲ့ အထိမ်းအမှတ်မျိုးယစ်ရွှေရည်ကို မိုဝဲထားတဲ့အရှိန်ထက်နေတော့ တစ်ခါတည်း ရှစ်ထပ်တိုက်ပြတင်းပေါက်က ထွက်ကျသွားတော့တာပါပဲ၊ အဲဒီအချိန်ကစပြီး ကျွန်တော့်စိတ်ဝိညာဉ်ကို တစ်ခုခုနဲ့ ပိတ်ဆို့လိုက်သလိုမျိုး လွန်ခဲ့တဲ့သုံးနှစ်လုံးလုံးတီထွင်သုတေသနပြုတဲ့အချိန်ကာလတွေကို မမှတ်မိတော့ဘူး"

"ကဲ - အခုမှတ်မိပြီမဟုတ်လား၊ ခင်းရဲ့မှတ်ဉာဏ်ထဲမှာရှိတဲ့ အဲဒီသိပ္ပံဖော်မြူလာကို အခုချက်ချင်း ပြန်ရေးပေးရင် ဒီအခန်းထဲကနေ မင်း အသက်ရှင်လျက် ထွက်သွားနိုင်တဲ့အခွင့်အရေးရမယ်၊ ဒါမှမဟုတ်ရင်တော့ တော့ဒီမှာ"

မိုးကျော်ကျော်၏ လက်ထဲသို့ တိုးဝိလိဝိတာ ပစ္စတိုတစ်လက် ရောက်လာသည်၊ သေနတ်ပြောင်းဝက ကျွန်တော်၏ လက်ဝဲဘက်ရင်အုံနှင့် တည့်မတ်နေသည်၊ သူ့ညာဘက်လက်ညှိုးသည် သေနတ်မောင်းကွင်းထဲသို့ရောက်ရှိနေ

www.burmeseclassic.com

သောကြောင့် စက္ကူနိုင်းအတွင်း မောင်းဖြုတ်နိုင်သောအနေအထားမျိုး ဖြစ်သည်။

"ကျွန်တော်မမှတ်မိတော့ဘူး။ မှတ်မိတဲ့တိုင်အောင်ခင်ဗျားလိုလူစားအတွက် လုံးဝရေးမပေးနိုင်ဘူး"

"ကောင်းပြီလေ၊ ဒါဆို - မင်းရဲ့ကျေးဇူးရှင်ကြီးနောက်ကို လိုက်ပေတော့"

ဦးမိုးကျော်ကျော်၏ စကားအဆုံးတွင် သူ့ကျောဘက်တွင်ကပ်လျက်သားရှိနေသော ဆန်းဆင့်ဆင့်သည် ဆိုဖာဆက်တီ၏စားပွဲပေါ်ရှိ သံမဏိဆေးလိပ်ပြာခွက် (STEEL ASH-TRAY) ကို သွက်လက်ဖျတ်လတ်စွာ ကောက်ယူ၍ ဦးမိုးကျော်ကျော်၏နောက်စေ့ကိုအားရှိပါးရှိ ထုထည့်လိုက်သည်။

ဤသည်ပင်လျှင် ကျွန်တော်ပြောနေသောဖြစ်ရပ်ကို နိဂုံးတံ လိုက်ရပေတော့မည်။ ဆန်းဆင့်ဆင့်သည် ကျွန်တော့်အသက်ကို ကယ်လိုက်ခြင်းမှာ သူမသည် ကျွန်တော်၏ တစ်မိုးအောက်တစ်ယောက်ချစ်သူဖြစ်နေသောကြောင့်ပါတည်း။


➳ ဆွေမြင့်

## မြန်မာအစားအစာများ




**ဒူးခေါင်းကြီးရောဂါ**

ခရာရွက်ကို ဆီသုတ်၍ မီးကင်ပြီး ခပ်နွေးနွေးကပ်၍ စည်းပေးပါ။



**ဒူလာမီးယပ်ဆေး**

သက်ရင်းကြီးမြစ်၊ ဥသျှစ်မြစ်၊ ခင်ပုပ်မြစ်၊ သနပ်ခါးမြစ်တို့ကို ဆတူစပ်၍ ငါးခွက်တစ်ခွက် တင်ကျိုထန်းလျက်ဖြင့် စိမ်သောက်ပါ။



**ဓာတ်ရောင်**

ရောနှယ်ရွက်ကို ရေနွေးဖျော၍ သုပ်စားပါ။




www.burmeseclassic.com